# နိဒါန်း

သမ္မာကျမ်းစာ၌ ယောဘဝတ္ထုရေးသားထားသူကိုဖော်ပြမထားပါ။ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ချို့က မောရှေဖြစ်မည်ဟုဆိုကြသော်လည်း၊ ယောဘကိုယ်တိုင်လည်းဖြစ်နိုင်ပါသည်။ ယောဘက အကြောင်းအရာအများစုကိုရေးသားပြီး၊ ယောဘနှင့်ကောင်းကင်၌ဖြစ်ပျက်သောမြင်ကွင်းကို မိတ်ဆက်သည့်အဖွင့်အမှာစာကို မောရှေရေးသားခြင်းလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း မည်သူက ရေးသားသနည်းဟူသောအချက်၌ ဤကျမ်း၏တန်ဖိုးနှင့်မှန်ကန်မှုသည် တည်မနေပါ။ ဟေဗြဲလူတို့က ယောဘဝတ္ထုကို ဘုရားသခင်မှုတ်သွင်းတော်မူသောကျမ်းဟုမှတ်ယူ၍ ဓမ္မဟောင်းကျမ်းထဲတွင် ထည့်သွင်းခဲ့ကြပါသည်။ ဓမ္မသစ်ကျမ်းထဲတွင် ဤယောဘဝတ္ထုကို ကိုးကားဖော်ပြလျက် သမ္မာကျမ်းစာဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ထင်ရှားလှပါ၏။

ယောဘဝတ္ထုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သောကြောင့် ကျွန်တော်တို့သည် ထိုအကြောင်းအရာတို့ကို မှန်ကန်သောသမိုင်းအဖြစ် ယုံကြည်လက်ခံကြပါ၏။ ယောဘသည် ပရောဖက်ယေဇကျေလ၊ နောဧ၊ ဒံယေလတို့နှင့်အတူ မှတ်တမ်းတင်ခြင်းခံရ၏ (ယေဇ ၁၄း၁၄)။ သူသည် ဓမ္မသစ်ထဲ၌လည်း ဖော်ပြခြင်းခံခဲ့ပါသည် (ယာကုပ် ၅း၁၁)။

ယောဘဝတ္ထုထဲတွင် သင်ယူစရာများစွာရှိပါသည်။ ယုံကြည်သူတိုင်းကြုံတွေ့လေ့ရှိသော ဒုက္ခဆင်းရဲအကြောင်းကို အဓိကဖော်ပြထားပါသည်။ ထို့ပြင် ဘုရားသခင်ကလူသားကိုမည်သို့ ဆက်ဆံကိုင်တွယ်ကြောင်း အထူးသဖြင့် ခရစ်ယာန်အများစုကြုံတွေ့ရသော ရှုပ်ထွေးသည့်အမှုကို ဖော်ပြထားပါသည်။ သို့သော်လည်း ယနေ့ခရစ်ယာန်တို့၌ စုံလင်သောဘုရားသခင်၏နှုတ်ကပတ်တော်ရှိသည်ဖြစ်၍ ထိုတရားက ကျွန်ုပ်တို့ကိုလမ်းပြအသိဉာဏ်ပေးတော်မူ၏။ ယောဘဝတ္ထုသည် ယုံကြည်ခြင်းတရားဖြစ်ပါသည်။ ယောဘသည် ဘုရားသခင်၏တရားသဖြင့်စီရင်ခြင်းနှင့် ကောင်းမြတ်တော်မူခြင်းကို လုံးဝယုံကြည်လျက်အဆုံးတိုင် သည်းခံတော်မူခဲ့ပါသည်။ ခရစ်ယာန်အသက်တာ၌ ထိုသို့သော ယုံကြည်ခြင်းရှိသောအခါ ဘုရားသခင်သည်ကျွန်ုပ်တို့အားဖြင့် ကြီးမားသောအမှုကို ပြုတော်မူလိမ့်မည်။

ကိုယ်တော်အတွက် အောင်မြင်သောအသက်တာပိုင်ဆိုင်ခြင်းငှါ ကျွန်တော်တို့သည် အခက်အခဲကြုံတွေ့ရသောအခါ ဘုရားသခင်၏မစတော်မူခြင်းကျေးဇူးတော်ကို ယုံကြည်ကိုးစားကြပါစို့။

သောကြာ၊ ဧပြီ (၁)
**ဟေဗြဲ ၁၂း၃-၁၁**
ဆာလံ ၉၄း၁၂-၁၉

*"ထာဝရဘုရားသည် မိမိလူတို့ကိုမပယ်. . . "*

# နာမခံခြင်းနှင့်အခက်အခဲဒုက္ခ

ယောဘဝတ္ထုသည် "အဘယ်ကြောင့် ဖြောင့်မတ်သောသူသည်ဒုက္ခကြုံတွေ့ရ၍ ဆိုးသွမ်းသောသူသည် ကြီးပွားနေရသနည်း"ဟူသော မေးခွန်းနှင့်အဖြေတို့ဖြင့် ပြည့်နှက်လျက်ရှိပါသည်။ ဤအရေးကြီးသောအကြောင်းအရာနှင့်ပတ်သက်၍ သမ္မာကျမ်းစာကမည်သို့သွန်သင်ထားသနည်း ဟူသောအချက်ကို ယောဘဝတ္ထုပြင်ဆင်လေ့လာခြင်း၌ ဦးစွာလေ့လာကြပါစို့။

ဘုရားသခင်၏လူတို့ ဒုက္ခဆင်းရဲကြုံတွေ့ရခြင်းအကြောင်းများကို သမ္မာကျမ်းစာကဖော်ပြခဲ့ပြီး၊ ထင်ရှားသောအကြောင်းအရင်းတစ်ခုမှာ နာမခံခြင်းပင်ဖြစ်ပါသည်။ များစွာသောခရစ်ယာန်တို့က ဘုရားသခင်၏လူတို့အခက်အခဲကြုံတွေ့ရခြင်းအကြောင်းအရင်းကို ဤနာမခံခြင်းသာလျှင်ဖြစ်သည်ဟု မှတ်ယူကြ၏။ သို့သော်လည်း သမ္မာကျမ်းစာသွန်သင်ချက်မှုကား နာမခံခြင်းသည် ထိုဒုက္ခဆင်းရဲကြုံတွေ့ရခြင်းအကြောင်းအရင်းများထဲမှ အကြောင်းအရင်းတစ်ခုသာလျှင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဖခင်ကောင်းသည် မိမိသားသမီးတို့ကို အကျင့်ဆိုးမှုကာကွယ်၍ အကျင့်ကောင်းကျင့်လျက်ရင့်ကျက်ကြခြင်းငှါ ဆုံးမတတ်ပါ၏။ ကောင်းကင်ဘုံရှိကျွန်ုပ်တို့၏အဘ ဘုရားသခင်ကလည်း ဆုံးမခြင်းအပါအဝင် ကျွန်ုပ်တို့လိုအပ်သောအရာများကို မစတော်မူ၏(ဟေဗြဲ ၁၂း၆)။ အပြစ်တရားသည် ကျွန်ုပ်တို့ကိုတိုက်ခိုက်၍ ဘုရားသခင်၌ကျွန်ုပ်တို့၏ပျော်မွေ့ခြင်းကို ဖျက်ဆီးတတ်ပါ၏ (၁ ပေ ၂း၁၁)။ ထို့ကြောင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာတော်အားဖြင့် ထိုသို့ဖျက်ဆီးတတ်သောအပြစ်၌ မကျင်လည်မည်အကြောင်း ကျွန်ုပ်တို့ကို ဆုံးမတော်မူတတ်၏။ ဆုံးမခြင်းခံရစဉ် ဘယ်သူမှမပျော်ရွှင်နိုင်ကြပါ။ သို့သော်လည်း ဆုံးမခြင်းက ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းအရပ်သို့ ပို့ဆောင်ကြောင်း သိလျက် ဝမ်းမြောက်ခြင်းရှိသင့်ပါသည် (ဟေဗြဲ ၁၂း၁၁)။

ဖခင်တို့သည် သားသမီးတို့ကိုစိတ်ဆိုး၍သော်၎င်း၊ မှားယွင်းသောအကြောင်းအရင်းကြောင့်၎င်း ဆုံးမတတ်ကြ၏။ ဘုရားသခင်၏ဆုံးမသွန်သင်ပြစ်ဒဏ်ပေးခြင်းသည် မှားယွင်းသောလမ်းမှ ကျွန်ုပ်တို့ကိုပဲ့ပြင်ခြင်းဖြစ်၍ အစဉ်မှန်ကန်တော်မူ၏။ ဆုံးမပြစ်ဒဏ်ပေးခြင်း၏ရည်ရွယ်ချက်ကို နားမလည်လျှင် အကျိုးမရှိပါ။ ခရစ်ယာန်ဖြစ်သောကျွန်တော်တို့သည် အပြစ်ကြောင့် ဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ ဘုရားသခင်ကထိုသို့အပြစ်ဒဏ်ပေးဆုံးမရခြင်းအကြောင်းအရင်းကို ကျွန်ုပ်တို့အား အသိပေးတော်မူတတ်၏။

ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏အလိုတော်ကိုသိခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာလေ့လာကြရပါမည်။ နာခံခြင်းရှိလျက် အပြစ်ကိုဖွင့်ဟဝန်ခံပြီး ဘုရားသခင်၏ ခွင့်လွှတ်ခြင်းတရားကို တောင်းလျှောက်ကြရပါမည်။ သို့မှသာ အသက်တာ၌ကောင်းကြီးမင်္ဂလာ၊ ငြိမ်သက်ခြင်းနှင့်ဝိညာဉ်ရေးရာကြီးထွားမှုကို ရရှိကြပါမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မှန်ကန်သောဆုံးမခြင်းသည် မှန်ကန်သောချစ်ခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ဖြင့် ဆုံးမခြင်းကို ကျွန်တော် ကျေးဇူးတင်ပါ၏။

စနေ၊ ဧပြီ (၂)
**၁ ပေ ၄း၁၂-၁၆**
၂ တိ ၃း၁၂-၁၇

*"ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်မူကား၊ ရှက်ကြောက်ခြင်းမရှိစေနှင့်. . . "*

# ဖြောင့်မတ်ခြင်းနှင့်အခက်အခဲဒုက္ခ

အပြစ်ထဲ၌ကျင်လည်နေသောခရစ်ယာန်တို့ကို ဘုရားသခင်ကဆင်းရဲဒုက္ခအားဖြင့် ဆုံးမခြင်းမှာအံ့သြစရာမရှိပါ။ သို့သော်လည်း သမ္မာကျမ်းစာ၌ရင့်ကျက်ခြင်းမရှိသော အချို့ခရစ်ယာန်တို့သည် နာခံခြင်းရှိသောခရစ်ယာန်တို့အခက်အခဲကြုံတွေ့ရသောအခါ အံ့သြခြင်းရှိတတ်ကြ၏။

ယေရှုက တပည့်တော်တို့အား လောကီလူတို့ကသူတို့ကိုမုန်းတီးခြင်းရှိလျှင် အံ့သြခြင်းမရှိကြခြင်းငှါ မိန့်တော်မူခဲ့၏ (ယောဟန် ၁၅း၁၈-၁၉)။ တမန်တော်ယောဟန်ကလည်း ဤလောကီလူတို့၏နှိပ်စက်ခြင်းနှင့်မုန်းတီးခြင်းအကြား၌ ခရစ်ယာန်တို့သည်အချင်းချင်းချစ်ကြရမည်အကြောင်း အားပေးခဲ့ပါသည် ( ၁ ယော ၂း၁၃)။

တမန်တော်ပေတရုကလည်း ဤတရားကိုသွန်သင်ခဲ့ပါသည်။ လောကီလူတို့သည် ဆိုးသွမ်းကြသည်ဖြစ်၍ ဘုရားသခင်အတွက် ကျွန်တော်တို့အသက်ရှင်သောအခါ ဖြောင့်မတ်ခြင်းကို မုန်းတီးသောသူတို့သည် ဆန့်ကျင်ခြင်းပြုကြ၏။ ထို့ကြောင့် နာခံခြင်းရှိသောခရစ်ယာန်အသက်တာ၌ အခက်အခဲဒုက္ခကြုံတွေ့သောအခါ အံ့သြစရာမဟုတ်ပါ။ ထိုသို့ ဖြောင့်မတ်ခြင်းတရားကြောင့် သခင်ယေရှု၏ဒုက္ခခံခြင်း၌ အနည်းငယ်ပါဝင်ခွင့်ရခြင်း၌ ဝမ်းမြောက်ခြင်းရှိကြပါစို့ (၁ ပေ ၄း၁၂-၁၃)။ ပေါလုက တိမောသေထံပို့သောစာထဲ၌ ဘုရားသခင်အတွက်အသက်ရှင်သောသူတိုင်းသည် ညှင်းပန်းနှိပ်စက်ခြင်းတစ်စုံတစ်ရာကြုံတွေ့ရမည်ဖြစ်ကြောင်း သတိပေးခဲ့ပါသည် (၂ တိ ၃း၁၂)။ ထိုညှင်းပန်းနှိပ်စက်ခြင်းသည် သူငယ်ချင်း၊ အိမ်နီးချင်းတို့၏ပြက်ရယ်ပြုခြင်းလည်းဖြစ်နိုင်ပါသည်။ ထို့ပြင် ပို၍ပြင်းထန်သောအမှု၊ အလုပ်ထုတ်ခံရခြင်း၊ စီးပွားရေးကျရှုံးခြင်းတို့လည်း ဖြစ်နိုင်ပါသည်။

အဘယ်သို့သော အခက်အခဲဖြစ်ပါစေ ကျွန်တော်တို့ကြုံတွေ့ခံစားရသောအခါ အထူးအဆန်းမဟုတ်ကြောင်း ကျွန်တော်တို့သိမှတ်ကြရပါမည်။ ခရစ်တော်၏တရားတော်ကြောင့် ဆင်းရဲဒုက္ခကြုံတွေ့ရလျှင် လုံးဝမရှက်ရပါ။ ထိုသို့ခံထိုက်သောသူဖြစ်ခြင်းအမှု၌ ဘုရားသခင်ကို ချီးမွမ်းကြရပါမည် (၁ ပေ ၄း၁၆)။ ထို့ကြောင့် ဤလောကီလူတို့သည်ဆိုးသွမ်း၍ ဖြောင့်မတ်ခြင်းတရားကို မုန်းတီးကြသောကြောင့် ခရစ်ယာန်တို့သည် အခက်အခဲကြုံတွေ့ခဲ့ရကြောင်းထင်ရှားပါ၏။ ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံရခြင်းသည် ကျွန်ုပ်တို့အတွက် ဘုရားပြင်ဆင်တော်မူသော ထာဝရပျော်ရွှင်ခြင်းနှင့်နှိုင်းယှဉ်၍မရကြောင်း သိခြင်းဖြင့် ဘုရားအတွက်အသက်ရှင်ကြပါစို့ (ရောမ ၈း၁၈)။

**ဆင်ခြင်ရန်** - နာခံခြင်းရှိသောခရစ်ယာန်သည် ကြီးမားသောဒုက္ခဆင်းရဲကို ကြုံတွေ့နိုင်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ဖြောင့်မတ်ခြင်းတရားကြောင့် ဒုက္ခဆင်းရဲကြုံတွေ့ရခြင်းငှါ အသင့်ရှိမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၃)
**ဇဖက် ၆း၁၀-၁၃**
ဗျာ ၂၀း၇-၁၀

*"ဒုက္ခဆင်းရဲခြင်းကိုခံ၍ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏။ . . . ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကိုပြုစုတတ်၏"*

## ဆန့်ကျင်ဖက်တရား

ဤလောကီကမ္ဘာသည် ဆိုးသွမ်းသောနေရာဖြစ်သောကြောင့် ဖြောင့်မတ်သောခရစ်ယာန်တို့သည် ဆင်းရဲဒုက္ခကြုံတွေ့လေ့ရှိကြ၏။ ထိုသို့ဘုရားသခင်အတွက် ဆင်းရဲဒုက္ခခံခြင်း၌ ကောင်းသောအကျိုးဖြစ်ပွားတတ်ပါသည်။ ထိုသို့နာခံခြင်းရှိသောခရစ်ယာန်တို့၏ ဆင်းရဲဒုက္ခခံခြင်း၌ ဝိညာဉ်ရေးရာကြီးထွားခြင်းနှင့် ဝိညာဉ်ခွန်အားဖြစ်ပွားလျက်ရှိကြောင်း သိရပါသည် (ရောမ ၅း၃-၅)။

သို့သော်လည်း ဘုရားသခင်၏စကားကိုနာခံသောခရစ်ယာန်အသက်တာ၌ ဆင်းရဲဒုက္ခခံခြင်း၌ အခြားအကြောင်းအရင်းတစ်ခုရှိပါသည်။ ထိုအချက်သည် ယောဘဝတ္ထု၏ရည်ရွယ်ချက်တစ်ခုလည်းဖြစ်ပါသည်။ ထိုအချက်၏အဖြေကိုဆန့်ကျင်ဖက်တရား နားလည်သဘောပေါက်ခြင်း၌တည်လျက်ရှိပါ၏။ ထိုဆန့်ကျင်ဖက်တရားသည် စာတန်၏မကောင်းမှုနှင့် ဘုရားသခင်၏ကောင်းမှုအောက်၌ဖြစ်ပွားလျက်ရှိသောအရာဖြစ်ပါသည်။ ဤအမှုသည် လူတို့မမြင်မသိသောအရပ်၌ ဝိညာဉ်လောက၌ဖြစ်ပွားလျက်ရှိပါသည်။ အကြောင်းအရင်းမသိရသော်လည်း ထိုအမှု၌ဘုရားသခင်၏လူတို့သည် ပါဝင်တတ်ကြပါ၏။ ဤယောဘဝတ္ထု၏အစပိုင်းတွင် ဤဆန့်ကျင်ဖက်တရားကိုတွေ့ရပါသည်။ ထိုအမှု၌ ယောဘသည်မိမိပြုသောအမှုကြောင့်မဟုတ်ဘဲ မိမိ၏အကျင့်ကြောင့် ဘုရားသခင်၏စကားကို နာခံသောသားဖြစ်သောကြောင့် ပါဝင်ပတ်သက်ခဲ့သည်ကိုတွေ့ရပါ၏။

နိဒါန်း၌ဖော်ပြသည်အတိုင်း ခရစ်ယာန်တို့ဆင်းရဲဒုက္ခခံရခြင်းအကြောင်းအရင်းသုံးခုကိုတွေ့ရပါသည်။ နာခံခြင်းမရှိဘဲ အပြစ်၌ကျင်လည်နေသောသူတို့ကို ဖြောင့်မတ်ခြင်းတရားသို့ပြန်သွားစေခြင်းငှါ ဘုရားသခင်၏ဆုံးမခြင်းကြောင့် ဆင်းရဲဒုက္ခခံတတ်ကြ၏။ ဖြောင့်မတ်သောခရစ်ယာန်တို့သည် သူတို့၏သခင်ကိုဤလောကီလူတို့က မုန်းတီးကြသောကြောင့် ထိုဆိုးသွမ်းသောလောကီလူတို့ကြောင့် ဆင်းရဲဒုက္ခခံရတတ်ပါသည်။ နာခံခြင်းရှိသောခရစ်ယာန်တို့သည် ယောဘကဲ့သို့ ဘုရားသခင်အတွက်အသက်ရှင်နေစဉ် ဆန့်ကျင်ဖက်တရားကြောင့် ထိုသို့ဆင်းရဲဒုက္ခကြုံတွေ့ရတတ်ပါသည်။ ဤအကြောင်းအရင်းတို့ကို သိခြင်းဖြင့် အခက်အခဲကြုံတွေ့သောအခါ ရင်ဆိုင်ကျော်ဖြတ်ခြင်းငှါ အသင့်ဖြစ်ကြပါစို့။ "ကံဆိုးခြင်း" ကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်၏လက်တော်ထဲ၌ ကျွန်တော်တို့ဆင်းရဲဒုက္ခကြုံတွေ့ရကြောင်း ကျွန်တော်တို့သိမှတ်ရပါမည်။ ထို့ပြင် ဘုရားသခင်သည် စာငှက်ကလေးကိုပင် ဂရုစိုက်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ကိုထိုထက်မကပို၍ ဂရုစိုက်တော်မူကြောင်း သိမှတ်ကြပါစို့(မသဲ ၁၀း၂၉-၃၀)။ အခက်အခဲကြုံတွေ့ခြင်းငှါ ဘုရားသခင်ခွင့်ပြုတော်မူသောအခါ အစဉ်အကြောင်းအရင်းရှိပါ၏။ မိမိကိုယ်ကို သေချာစစ်ကြောပါလျှင် ထိုအကြောင်းအရင်းကိုသိမြင်ပါလိမ့်မည်။ ထိုသို့အကြောင်းအရင်းမတွေ့ခဲ့ပါလျှင် ယောဘကဲ့သို့ဆန့်ကျင်ဖက်တရားကြောင့် ထိုသို့ဒုက္ခခံရသည်ဖြစ်သောကြောင့် ဘုရားသခင်ကိုချီးမွမ်းကြပါစို့။

**ဆင်ခြင်ရန်** - နာခံခြင်းရှိသောခရစ်ယာန်သည်လည်း ဆင်းရဲဒုက္ခကြုံတွေ့ရတတ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏လက်တော်သည် အကျွန်ုပ်အပေါ်၌အစဉ်ရှိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဧပြီ (၄)
**ယောဘ ၁း၁-၅**
ရောမ ၁၂း၉-၁၆

*"ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။
ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊
မကောင်းသောအကျင့်ကိုရှောင်သောသူဖြစ်၏"*

# ဖြောင့်မတ်၍ဘုရားသခင်ကိုကြောက်ရွံ့သောယောဘ

ဤအစကျမ်းပိုဒ်(ယောဘ ၁း၁-၅)က ယောဘ၏နောက်ခံသမိုင်းကို ဖော်ပြပါ၏။ သူသည် ဥဇပြည်၌နေထိုင်ခဲ့ပါသည်။ ထိုပြည်သည် အာရဗျသဲကန္တာရ၏အနောက်ဖျား ဗာဗုလုန်အနောက်ဘက်၌တည်ရှိခဲ့ပါသည် (ယေရမိ ၂၅း၂၀၊ မြည် ၄း၂၁)။ ဤအရပ်ဒေသကိုသမ္မာကျမ်းစာမြေပုံ၌ ဧဒုံအရပ်ဟုမှတ်သားခဲ့ပါသည်။

ယောဘသည်ဖြောင့်မတ်သောသူဖြစ်ပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူဖြစ်ပါသည် (ယောဘ ၁း၁)။ ဤကြောက်ရွံ့ခြင်းသည် ရိုသေကြောက်ရွံ့ခြင်းကိုဆိုလိုပါ၏။ ယောဘသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်တန်ခိုးတော်ကို ယုံကြည်ကိုးစားခြင်းရှိခဲ့ပါသည်။ ဘုရားသခင်ကို ရိုသေကြောက်ရွံ့ခြင်းရှိ၍မကောင်းသောအကျင့်ကို ရှောင်ကြဉ်ခဲ့ပါသည် (ယောဘ ၁း၁)။ မကောင်းသောအကျင့်သည် ဘုရားသခင်နှင့်ဆန့်ကျင်သောအမှုအပေါင်းတို့ကိုဆိုလိုပါ၏။ ဘုရားသခင်ထံ ဆက်ကပ်သောသူသည် ဤလောကီဆိုးသွမ်းမှုတရား၌ ပါဝင်ပတ်သက်၍မရပါ။ မကောင်းမှုကိုရှောင်ကြဉ်ခြင်းဖြင့် ယောဘသည်သွေးဆောင်ခြင်းကိုရှောင်လွဲနိုင်ခဲ့၏ (ယောဘ ၁း၁၊ ရောမ ၁၂း၉)။

ဤခေတ်ကာလ၌ ယောဘကဲ့သို့သော ယုံကြည်ခြင်းရှိသောပုဂ္ဂိုလ်တို့သည် မိသားစု၏ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ခဲ့ကြ၏။ သူတို့သည် မိမိကိုယ်ကိုနှင့်မိသားစုအတွက် ယဇ်ပူဇော်ခြင်းကို ပြုခဲ့ကြ၏(ကမ္ဘာ ၁၂း၇)။ ယောဘ၌သားသမီးဆယ်ယောက်ရှိ၍ အလွန်ချမ်းသာကြွယ်ဝ၍ ပျော်ရွှင်သောမိသားစုကိုပိုင်ဆိုင်ထားပါသည်။ သားသမီးတစ်ဦးချင်းစီအတွက် ယဇ်ပူဇော်ခြင်းကိုပြုပေးခဲ့ပါသည်။ မိမိသားသမီးတို့ကိုသန့်ရှင်းစေလျက် ဘုရားဝတ်ကိုပြုတတ်ကြ၏။ သူ၏သားသမီးတို့ကို ဤလောကီအပြစ်တို့မှသီးခြားနေစေလျက်၊ ဖြောင့်မတ်သောဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းရှိစေရန်အလိုရှိခဲ့ပါသည် (နှိုင်း၊ ထွက် ၁၉း၁၀)။

ဤလှပသောယောဘ၏မိသားစုကိုကြည့်ခြင်းဖြင့် ကျွန်ုပ်တို့၏မိသားစုသည်လည်း ထိုသို့ဖြစ်စေခြင်းငှါ အလိုရှိကြပါလိမ့်မည်။ ဘုရားသခင်ပေးတော်မူသောအမွေကို ကျွန်ုပ်တို့၏သားသမီးတို့ထံ ဆက်လက်ပေးကမ်းကြပါစို့။ သို့သော်လည်း ယောဘသည် အခက်အခဲဒုက္ခကိုကြုံတွေ့ရ၍ ပိုင်ဆိုင်သမျှကိုဆုံးရှုံးခဲ့ပါသည်။ ဤယောဘကြုံတွေ့ခဲ့သော အခက်အခဲတို့မှ ကျွန်တော်တို့သင်ယူစရာများစွာရှိပါ၏။ ဤလောက၌ ဘုရားသခင်အတွက်အသက်ရှင်စဉ် ကြုံတွေ့ရမည့်အခက်အခဲကြား၌ မည်သို့ရင်ဆိုင်ကျော်လွှားမည်အကြောင်း ဤသင်ခန်းစာလေ့လာခြင်းဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ကိုပြင်ဆင်မည်အကြောင်း ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - ဖြောင့်မတ်ခြင်းဆိုသည်မှာ အဘယ်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ထံဆက်ကပ်၍ အပြစ်မှသီးခြားနေမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

**ယောဘ ၁း၆-၁၂**
၂ ကော ၄း၁-၆ *"သမ္မာတရားကိုအတည့်အလင်းဘော်ပြ၍ . . . "*

# ကောင်းကင်၌ဖြစ်ပျက်သောအရာ

ဤကျမ်းပိုဒ်တွင် ကောင်းကင်၌ဖြစ်ပျက်သောအရာကို ကျွန်တော်တို့တွေ့ရပါသည်။ ဤအချက်သည် ယောဘဝတ္ထုကိုသဘောပေါက်ခြင်း၏ အဓိကကျသည်သာမက ခရစ်ယာန်တို့ ဆင်းရဲဒုက္ခကြုံတွေ့ရခြင်းအကြောင်းအရင်းကို နားလည်သဘောပေါက်စေပါ၏။ ဤအဖြစ်အပျက်တို့ကို ဖြစ်ပွားနေစဉ် ယောဘသည်နားမလည်ခဲ့သောကြောင့် ဤအကြောင်းအရာကိုနောက်ကြောင်းပြန် ရေးသားခြင်းဖြစ်ပါလိမ့်မည်။

ကောင်းကင်တမန် (ဘုရားသခင်၏သားတို့၊ ယောဘ ၁း၆)တို့သည် သတင်းပို့ခြင်း၄ါ ဘုရားသခင်ရှေ့တော်သို့ရောက်လာကြ၏။ ကောင်းကင်တမန်တို့သည် ဝိညာဉ်များဖြစ်ကြ၍ (ဆာလံ ၁၀၄း၄)၊ သူတို့၏တာဝန်တစ်ခုမှာ ဘုရားသခင်၏လူတို့အား စောင့်ရှောက်အမှုတော်ဆောင်ခြင်းဖြစ်ပါသည် (ဆာလံ ၃၄း၇၊ ဟေဗြဲ ၁း၁၄)။ ဘုရားသခင်ထံသူတို့လာကြစဉ် စာတန်သည်လည်း ရောက်လာခဲ့၏။ ထိုမိုးသောက်ကြယ်ခေါ် စာတန်သည် ထောင်လွှားသောစိတ်ရှိ၍ ဘုရားသခင်နေရာကို လုယူချင်သဖြင့် ကောင်းကင်မှဆွဲချခြင်းခံခဲ့သောသူဖြစ်ပါသည်။ ယခုအခါ သူသည် ဘုရားသခင်နှင့် ဘုရားသခင်လူတို့၏ရန်သူဖြစ်ပါသည် (လုကာ ၁၀း၁၈)။ စာတန်သည် သန့်ရှင်းသောကောင်းကင်တမန်တို့နှင့်အတူတကွ ဘုရားသခင်ရှေ့တော်သို့ဝင်ခွင့်ရှိသောသူမဟုတ်ပါ။ သို့သော်လည်း သူသည် မိုက်မဲခြင်းရှိ၍ လေးစားမှုမရှိ၊ နှိမ့်ချခြင်းစိတ်သဘောမရှိပါ။ ဘုရားသခင်က စာတန်၏အကြံအစည်ကို ဖော်ထုတ်ခြင်း၄ါ မေးခွန်းထုတ်တော်မူ၏။ စာတန်၏အဖြေအားဖြင့် သူသည်လူတို့၏စိတ်ဝိညာဉ်ကို အစဉ်တိုက်ခိုက်ခြင်းရှိ၍ ပျင်းရိခြင်းမရှိကြောင်းထင်ရှားပါ၏ (ယောဘ ၁း၇)။

စာတန်က ဘုရားသခင်သည် ယောဘကိုအခြားသူတို့ထက် ပို၍ကောင်းကြီးပေးကြောင်း ထိုကောင်းကြီးများကိုဘုရားသခင်ရုတ်သိမ်းခဲ့လျှင် ယောဘ၏စစ်မှန်သောအကျင့်ပေါ် လာမည်ဟု စွပ်စွဲခဲ့ပါသည် (ယောဘ ၁း၁၁)။ ဘုရားသခင်က စာတန်၏အဆိုကိုခွင့်ပြုတော်မူခဲ့၏။ ဤအမှု၌ တွေ့ရသည်မှာ စာတန်သည် တန်ခိုးရှိသော်လည်း သူသည်တန်ခိုးသည် ဘုရားသခင်၏ကြီးမြတ်သော တန်ခိုးလက်အောက်၌ ကန့်သတ်ချက်ရှိကြောင်းဖြစ်ပါသည်။ စာတန်သည် ယောဘပိုင်ဆိုင်သော အရာအားလုံးကိုဖျက်ဆီးခွင့်ရှိသော်လည်း ယောဘကိုထိခွင့်မရခဲ့ပါ။

ဘုရားသခင်၏လက်တော်သည် ကျွန်ုပ်တို့အပေါ်၌တည်ကြောင်း သေချာလှပါ၏။ ဘုရားသခင်ခွင့်ပြုတော်မမူလျှင် ဘယ်အရာမျှကျွန်တော်တို့၌ မကျရောက်နိုင်ပါ။ ဖြစ်ပျက်သောအရာတို့၌ ကျော်လွှားရသောခွန်အားကိုပေးသနားတော်မူ၏(၁ ကော ၁၀း၁၃၊ ယောဟန် ၁၀း၂၉)။ ထိုသို့ အပြန်အလှန်ပြောပြီးမှ စာတန်သည် ထိုအရပ်၌နေခွင့်မရှိသောကြောင့်ထွက်သွားခဲ့ပါသည်။

ယောဘသည် ထိုသို့ကောင်းကင်၌ဖြစ်ပျက်သောအမှုကိုမသိ၊ မိမိနှင့်မည်သို့ပတ်သက်သည် ကို မသိခဲ့ပါ။ ဝိညာဉ်တိုက်ပွဲအတွင်း၌ ကျွန်တော်တို့အမြဲတမ်းရှိနေကြကြောင်း သိမှတ်ကြပါစို့ (ဧဖက် ၆း၁၂)။ ကျွန်တော်တို့သည် ဘုရားသခင်၏ကျေးဇူးတော်နှင့်ကယ်တင်ခြင်းတန်ခိုး၏ သက်သေဖြစ်မည် အကြောင်း အစဉ်သတိရှိကြပါစို့။

**ဆင်ခြင်ရန်** - အဘယ်ကြောင့် စာတန်သည် ခရစ်ယာန်တို့အတွက်အန္တရာယ်ဖြစ်ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် အစဉ်သတိရှိ၍ဆုတောင်းလျက်နေမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၆)
**ယောဘ ၁း၁၃-၁၇**
မဿဲ ၆း၁၉-၂၁

*"အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့၏ဘဏ္ဍာရှိ၏"*

# လောကီစည်းစိမ်ဥစ္စာ

ခရစ်ယာန်အတွက် အကြီးမားဆုံးသောအန္တရာယ်တစ်ခုမှာ စည်းစိမ်ဥစ္စာတပ်မက်ခြင်းဖြစ်ပါသည်။ မိသားစုကျွေးမွေးပြုစုခြင်းသည် ခရစ်ယာန်တို့ပြုရမည့်ကျင့်ဝတ်ကောင်းတစ်ခုဖြစ်ပါသည် (၁ တိ ၅း၈)။ သို့သော်လည်း ထိုလောကီစည်းစိမ်တို့က ကျွန်ုပ်တို့စိတ်နှလုံးကိုတဖြည်းဖြည်းလွှမ်းမိုးခြင်းဖြင့် ကျွန်ုပ်တို့ကိုဘုရားသခင်ထံမှ ဝေးကွာစေတတ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးဆန္ဒသည် ကျွန်ုပ်တို့၏ဘဏ္ဍာရှိရာအရပ်၌ရှိတတ်၏ (မဿဲ ၆း၁၉-၂၁)။ ယောဘသည် အလွန်ကြွယ်ဝချမ်းသာသော်လည်း သူ့စိတ်နှလုံးသည် ဘုရားသခင်နှစ်သက်သောအရာ၌တည်စေပြီး ဘုရားသခင်အတွက် အသက်ရှင်ခဲ့ပါသည်။

တိုက်ပွဲသည် ကောင်းကင်၌ဖြစ်ပွားသောဝိညာဉ်တိုက်ပွဲဖြစ်ပြီး ယောဘသည်နေ့စဉ်အသက်တာ၌ ထိုစာတန်၏တန်ခိုးအန္တရာယ်ကို ခံစားခဲ့ရပါသည်။ စာတန်သည် ယောဘအားပြဿနာတစ်ခုပြီးတစ်ခုရောက်စေခြင်းဖြင့် တိုက်ခိုက်ခဲ့ပါသည်။ ပျော်ရွှင်စရာကောင်းသောဘဝ၌ ကြုံလာသော ပထမဆုံးသတင်းဆိုးကြီးမှာ ယောဘ၏တိရစ္ဆာန်အားလုံးကို ရှေဘအမျိုးသားတို့ကလုယူ၍ ထိန်းကျောင်းသောသူတို့ကို သတ်ခဲ့ကြခြင်းဖြစ်ပါသည် (ယောဘ ၁း၁၃-၁၅)၊ (ရှေဘအမျိုးသားတို့သည် အိုးမဲ့အိမ်မဲ့လျှောက်သွားသောသူ၊ ပစ္စည်းဥစ္စာလုယူခြင်းဖြင့်အသက်မွေးသောသူဖြစ်ကြ၏)။ ထို့နောက် အခြားသတင်းပို့သောသူရောက်လာ၍ ယောဘပိုင်ဆိုင်သမျှပျောက်ဆုံးခဲ့ပြီဖြစ်ကြောင်း လာပြောခဲ့ပါသည် - ခါလဒဲအမျိုးသားတို့က သူ၏ကုလားအုတ်သုံးထောင်ကို လုယူ၍ထိန်းကျောင်းသောသူတို့ကိုသတ်ခဲ့ကြ၏ (ယောဘ ၁း၁၆-၁၇)။ ယခုခေတ် ဆူနာမီကြောင့်ပိုင်ဆိုင်သမျှ ဆုံးရှုံးသောသူတို့ကဲ့သို့ ယောဘသည် ပိုင်ဆိုင်သမျှဆုံးရှုံးခဲ့ပါသည်။

ဤယောဘ၏ဆုံးရှုံးမှုက ယနေ့သန်းကြွယ်သူဋ္ဌေးတို့ နေ့ချင်းညချင်းစီးပွားပျက်မှုကို အမှတ်ရစေပါသည်။ သူတို့သည် စိတ်ဓာတ်ကျပြီးမကောင်းမှုကိုလွန်ကျူးတတ်ကြ၏။ အချို့သည် မိမိကိုယ်ကို အဆုံးစီရင်တတ်ကြ၏။ ယောဘမူကား သူဆုံးရှုံးသောပစ္စည်းဥစ္စာထက်ပို၍ တန်ဖိုးကြီးသော ကောင်းကင်ဘဏ္ဍာပိုင်ဆိုင်လျက်ရှိ၏။

ယောဘကဲ့သို့ ကျွန်တော်တို့သည် ပျောက်ကွယ်တတ်သော ဤလောကီစည်းစိမ်ဥစ္စာထက်ပို၍တန်ဖိုးကြီးသောအရာတို့ကို မျှော်ကြည့်ကြပါစို့။ ကောင်းကင်ဘဏ္ဍာသိုထားခြင်းဖြင့် အသက်ရှင်ကြပါစို့ (မဿဲ ၆း၂၀-၂၁)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကြုံတွေ့ရသောအကြီးမားဆုံးအန္တရာယ်ကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ထာဝရတည်သောအရာကို မျှော်ကြည့်ရင်း ကျွန်တော်အသက်ရှင်လိုပါ၏။

# ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်း

ယောဘသည် သူ၏ကြွယ်ဝချမ်းသာမှုအပေါင်းကို ဆုံးရှုံးခဲ့ပါသည်။ သို့သော်လည်း မိမိ၌ မိသားစုရှိသေးသည်ဖြစ်သောကြောင့် ထိုဆုံးရှုံးမှုကို သည်းခံနိုင်ခဲ့သည်ဟုထင်ရပါသည်။ ထိုအချိန်၌ သတင်းပို့သူတစ်ယောက်ရောက်လာပြီး မုန်တိုင်းတိုက်၍ သူ့သားအကြီးဆုံးအိမ်နှင့်တကွ သူ၏သား သမီးအပေါင်းသေခဲ့ကြကြောင်း လာပြောခဲ့ပါသည် (ယောဘ ၁း၁၈-၁၉)။ ပိုင်ဆိုင်သောပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းသည် အံ့ဩတုန်လှုပ်မှုကိုဖြစ်စေ၍ မိသားစုဆုံးရှုံးခြင်းသည် ဖော်ပြ၍မရသော ဝမ်းနည်း ကြေကွဲမှုဖြစ်ကြောင်း ကျွန်တော်တို့သိကြပါ၏။

စာတန်သည် ကောင်းကင်မှမီးကိုကျစေပြီး မုန်တိုင်းဖြစ်ပေါ်စေခဲ့ပါသည်။ စာတန်က သဘာဝတရားကိုမထိန်းချုပ်ကြောင်း ကျွန်တော်တို့သိကြပါ၏။ အရာအားလုံးကိုအုပ်စိုးတော်မူသော သူသည် ထာဝရဘုရားပင်ဖြစ်ပါသည်။ ယေရှုခရစ်တော်က ဤစကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော် မူ၍ မိမိ၏တန်ခိုးတော်ဖြင့် ရွေ့လျားစေတော်မူ၏ (ဟေဗြဲ ၁း၂-၃)။ စာတန်သည်လည်း အချို့သော အံ့ဘွယ်ကိုပြု၍ တန်ခိုးတော်အတုတို့ကိုပြတတ်ပါသည် (၂ သက် ၂း၉)။ ၂ သက် ထဲ၌တွေ့ရသော မုသာအံ့ဘွယ်အမှုတို့က ကန့်သတ်ချက်ရှိသောစာတန်၏တန်ခိုးကို ကန့်သတ်ချက်မရှိသောတန်ခိုး ကဲ့သို့ ပေါ်လွင်စေပါ၏။ သူသည် ဤလောကတစ်ခုလုံးကို မထိန်းချုပ်နိုင်သော်လည်း နေရာဒေသ တစ်ခုအပေါ်၌ အချို့သောတန်ခိုးကိုပြနိုင်ပါသည်။

ယောဘသည် အရာခပ်သိမ်းဆုံးရှုံးခဲ့ပါသည်။ မိမိ၏ဝမ်းနည်းမှုကိုပေါ်လွင်စေခြင်းငှါ မိမိ အဝတ်ကိုဆုတ်၍ ဆံပင်ကိုလည်းရိတ်ခဲ့ပါသည်။ သို့သော်လည်း ယောဘသည် မိမိပိုင်ဆိုင်သမျှသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာဖြစ်ကြောင်းကိုငှင်း၊ ဘုရားသခင်ကထိုအရာတို့ကို ပြန်၍ရုတ်သိမ်း ခွင့်ရှိကြောင်းကိုလည်း သိနားလည်ခဲ့ပါသည်။ ဤဆင်းရဲဒုက္ခကြုံတွေ့ရခြင်းအကြောင်းကို သူနား မလည်သော်လည်း၊ ဘုရားသခင်ကိုချီးမွမ်းခဲ့ပါသည် (ယောဘ ၁း၂၀-၂၁)။

သမ္မာကျမ်းစာက သူသည်ဘုရားသခင်ကိုလည်း အပြစ်မတင်ဘဲနေ၏ဟု ဖော်ပြခဲ့ပါသည် (ယောဘ ၁း၂၂)။ စာတန်သည် ယောဘ၏ဘုရားသခင်ယုံကြည်ကိုးစားခြင်းကို ယုတ်လျော့စေခြင်း ငှါ ကြိုးစားခဲ့သော်လည်းမအောင်မြင်ခဲ့ပါ။ ယောဘသည် အမှုအလုံးစုံကိုနားမလည်သော်လည်း ဘုရားသခင်ထံမှ လမ်းမလွဲခဲ့ပါ။ သူ၏ယုံကြည်ကိုးစားခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှု နားလည်သဘောပေါက်ခြင်း၌မတည်ဘဲ ဘုရားသခင်၏စုံလင်တော်မူသောဖြောင့်မတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတော်၌တည်ပါ၏။

ခက်ခဲသောကာလ၌လည်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်ကွယ်ကာခြင်းကို လုံးဝ ယုံကြည်ကိုးစားလျက်အသက်ရှင်ကြပါစို့။

**ဆင်ခြင်ရန်** - သူ၏ကြီးမားသောဆုံးရှုံးမှု၌ ယောဘမည်သို့တုန့်ပြန်ခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ပြုတော်မူသောအမှုတိုင်းသည် ကောင်းမြတ်တော်မူ ကြောင်းကျွန်တော်ယုံကြည်ပါ၏ (ဆာလံ ၁၈း၃၀)။

သောကြာ၊ ဧပြီ (၈)
**ယောဘ ၂း၁-၆**
၁ပေ ၂း၂၁-၂၅

*"တရားသဖြင့်စီရင်တော်မူသော ဘုရားသခင်ထံ မိမိကိုယ်ကိုဆက်ကပ်ပါလော့"*

# ခန္ဓာကိုယ်ဆင်းရဲဒုက္ခ

စာတန်သည် ထာဝရအရှုံးသမားဖြစ်သော်လည်း ဘုရားသခင်ကိုဆက်လက်တိုက်ခိုက်နေပါသည်။ ကာရာနီ၌ ယေရှုခရစ်တော်အသေခံခြင်း၌ စာတန်၏ထာဝရခံရမည့်ပြစ်ဒဏ်သည် တံဆိပ်ခတ်ထားပြီးဖြစ်ပါသည် (ယောဟန် ၁၂း၃၁)။ နောက်ဆုံးတွင် စာတန်သည် ထာဝရပြစ်ဒဏ်ခံရာ ငရဲမီးပင်လယ်သို့ လွှင့်ပစ်ခြင်းခံရလိမ့်မည် (ဗျာ ၂၀း၁၀)။ သို့သော်လည်း ယခုအချိန်တွင် ဘုရားသခင်ကိုလူတို့ကိုစစ်ကြောသွေးဆောင်ခြင်းငှါ အခွင့်ပေးခြင်းခံရ၏။

စာတန်သည် ပထမအကြိမ် ယောဘအားတိုက်ခိုက်ခြင်း၌ မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ဘုရားသခင်ရှေ့တော်သို့ပြန်ဝင်၍ ယောဘ၏သစ္စာရှိခြင်းအကြောင်းကို ပြန်၍တိုက်ခိုက်ခဲ့ပါသည်။ ဘုရားသခင်က စာတန်အား ယောဘကိုမညှာမတာတိုက်ခိုက်ခဲ့သော်လည်း ဘုရားသခင်ရှေ့တော်၌ မပြောင်းလဲဘဲနေကြောင်း ဖော်ပြတော်မူ၏(ယောဘ ၂း၁-၃)။

အစဉ် စာတန်က ယောဘသည်သူ၏ပိုင်ဆိုင်မှုအပေါင်းကို ဆုံးရှုံးလျှင် ဘုရားသခင်ကိုပစ်ထားမည်ဟုဆိုခဲ့ပါသည် (ယောဘ ၁း၁၁)။ ထိုသို့မအောင်မြင်သောအခါ စာတန်သည်ဘုရားသခင်အား ယောဘကိုအထူးကွယ်ကာသောကြောင့် မိမိမအောင်မြင်ကြောင်း ယောဘအပေါ်၌ နောက်ထပ်တန်ခိုးပြရသောအခွင့်ကိုတောင်းခဲ့ပါသည်။ ခန္ဓာကိုယ်နာကျင်ခြင်းဒုက္ခသည် လူကိုအင်အားလျော့နည်းစေသောကြောင့် စာတန်သည်ယောဘအပေါ်၌ ထိုသို့ပြုရသောအခွင့်ကို ဘုရားသခင်ထံတောင်းခဲ့ပါသည် (တမန်တော်ပေါလုသည်လည်း ခန္ဓာကိုယ်၌ဝေဒနာခံစားရသောကြောင့် ဘုရားသခင်၏ကွယ်ကာမှုကျေးဇူးတော်ကိုအစဉ်ကိုးစားခဲ့ပါသည် - ၂ ကော ၁၂း၇၊ ၉)။ ထိုသို့ခန္ဓာကိုယ်ဝေဒနာခံစား၍ အားနည်းသောအချိန်၌ကျွန်တော်တို့သည် စာတန်ကိုသတိထားကြရပါမည် (ယောဘ ၂း၄-၅)။

ဘုရားသခင်က စာတန်၏တောင်းလျှောက်ချက်ခွင့်ပြုသော်လည်း ယောဘအပေါ်ပြုမည့်အမှု၌ကန့်သတ်ချက်ထားတော်မူ၏။ ကျွန်တော်တို့သည် နာခံခြင်းရှိသောအခါ ဘုရားသခင်၏ခွင့်ပြုချက်မရဘဲ စာတန်သည် ကျွန်ုပ်တို့အပေါ်၌ ဘာမှမလုပ်နိုင်ပါ။ ကျွန်ုပ်တို့၏ထာဝရဘုရားသည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်ပါသည်။ တိုက်ပွဲနယ်ပယ်ကို ဘုရားသခင်သတ်မှတ်တော်မူ၍ အောင်မြင်မှုကို မိမိလူတို့ထံ ပေးတော်မူ၏။ ဘုရားသခင်က ယောဘအား ကွယ်ကာသောအကာအရံကို အနည်းငယ်ဖွင့်ပေးခဲ့ပါသည်။ အစ၌စာတန်သည် ယောဘ၏ကိုယ်ကိုထိခွင့်မရခဲ့သော်လည်း ယခု ရရှိခဲ့ပါသည်။ သို့သော်လည်း ယောဘ၏အသက်ကိုမူ ထိခွင့်မရခဲ့ပါ (ယောဘ ၂း၆)။

ယောဘသည် ဘုရားသခင်ကိုချစ်သောကြောင့် ယခုဆင်းရဲဒုက္ခခံရတော့မည်ဖြစ်ပါသည်။ ထိုနည်းတူ ကျွန်တော်တို့သည်လည်း စစ်ကြောခြင်းခံရသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘယ်တော့မှပစ်ပယ်တော်မမူကြောင်း ဂတိတော်ရှိ၏။ ထိုဂတိတော်အားဖြင့် စာတန်၏တိုက်ခိုက်မှုကို ကျွန်တော်တို့ခုခံတိုက်ခိုက်ကြရပါမည်။

**ဆင်ခြင်ရန်** - စာတန်၏တန်ခိုးကို မည်သို့ကန့်သတ်ခြင်းခံရပါသနည်း။
**ဆုတောင်းချက်-** အဘယ်စစ်ကြောခြင်းဘဲကြုံကြုံ၊ ကိုယ်တော်သည် အကျွန်ုပ်ကိုအောင်မြင်ခြင်းပေးတော်မူနိုင်၏။

စနေ၊ ဧပြီ (၉)
**ယောဘ ၂း၇-၁၀**
ယောဟန် ၁၀း၂၃-၂၉

*"ယခုမူကား၊ သိုးထိန်းတည်းဟူသော သင်တို့၏ဝိညာဉ်တို့ကို အုပ်စိုးကြည့်ရှုတော်မူသော အရှင်ထံသို့ ပြန်ရောက်ကြပြီ"*

# တိုက်ပွဲဆက်လက်ဖြစ်ပွားလျက်ရှိ၏

ယောဘသည် မိမိ၏ကြွယ်ဝချမ်းသာမှုနှင့်သားသမီးတို့ကို ဆုံးရှုံးခဲ့သော်လည်း၊ ဘုရားသခင်ကို ဆက်လက်ချီးမွမ်းခဲ့ပါသည်။ ယခုအခါ စာတန်၏နောက်ဆုံးတိုက်ခိုက်မှုကြောင့် ယောဘသည် ကျန်းမာရေးမကောင်းဖြစ်၍ မခံစားနိုင်လောက်သောဝေဒနာကို ခံစားနေရပါသည်။ အနာစိမ်းဝေဒနာခံစားဖူးသူတို့က သိကြပါလိမ့်မည်။ အနာစိမ်းတစ်လုံးတည်းလျှင်ပင် အလွန်ခံစားရပါသည်။ ယခု ဘုရားသခင်၏အစေခံယောဘသည် တစ်ကိုယ်လုံးအနာစိမ်းနှင့်ပြည့်ခဲ့ပါသည် (ယောဘ ၂း၇)။

ယောဘသည် ထိုသို့ဝေဒနာကိုခံစားခဲ့ပြီး အကူအညီတောင်းခြင်းငှါ မိတ်ဆွေမရှိ၊ သမားတော်ထံပြခြင်းငှါ ငွေကြေးမရှိဖြစ်ခဲ့ပါသည်။ ယောဘသည် ပြာထဲမှာထိုင်လျက် ကိုယ်ကိုအိုးခြမ်းဖြင့်ခြစ်ရပါ၏ (ယောဘ ၂း၈)။

အလွန်ချမ်းသာသောဘဝမှ ယောဘသည် အလွန်သနားစရာကောင်းသောဘဝသို့ ရောက်ခဲ့ပါသည်။ အခက်အခဲဆုံးအရာမှာ ဤသို့ဖြစ်ရခြင်းအကြောင်းအရင်းမသိခြင်းဖြစ်ပါလိမ့်မည်။ ယောဘအမှုမှ ကျွန်တော်တို့သင်ယူရမည်မှာ အကြောင်းအရင်းမသိရဘဲ ကျွန်တော်တို့ဆင်းရဲဒုက္ခခံစားရလျှင် ဘုရားသခင်၏ကျေးဇူးတော်သည် လုံလောက်ခြင်းရှိကြောင်း ယုံကြည်ရမည်ဖြစ်ပါသည်။ ထို့ပြင် ထိုသို့ဒုက္ခဆင်းရဲထဲ၌ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုပစ်ထားမည်မဟုတ်ကြောင်း သေချာလှပါ၏။

ယောဘ၌ သူ့ဇနီးရှိပါသေး၏။ ထိုသို့ သူဒုက္ခဆင်းရဲကြုံတွေ့နေစဉ် သူ့ဇနီးကိုသူအလွန်အားကိုးပါလိမ့်မည်။ သို့သော်လည်း သူ့ဇနီးသည်အကူအညီမပေး၊ နှစ်သိမ့်မှုမပေးပါ။ ယောဘ၏ယုံကြည်ခြင်းကိုနားမလည်ဘဲ ဘုရားသခင်ထံယောဘသစ္စာရှိခြင်းကို ပျက်ရယ်ပြုခဲ့ပါသည်။ ချမ်းသာကြွယ်ဝ၍ ကျန်းမာခဲ့စဉ်၌ ပျော်ရွှင်စွာနေခဲ့သော်လည်း ယောဘဆုံးရှုံးမှုကြီး ကြုံတွေ့သောအခါ ဝိညာဉ်ရေးရာနားလည်သဘောပေါက်ခြင်း သူ့ဇနီး၌မရှိခဲ့ပါ (ယောဘ ၂း၉-၁၀)။

ထိုသို့ ဝေဒနာခံစားနေစဉ်၌ပင် ယောဘသည်နှုတ်ဖြင့်မျှအပြစ်မပြုခဲ့ပါ။ မိမိနှုတ်ကို စောင့်စည်းနိုင်သောသူသည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောသူဖြစ်ပါသည် (ယာကုပ် ၃း၂)။ ယောဘသည် သူ့ဇနီး၏လှောင်ပြောင်ခြင်းကိုခံခဲ့သော်လည်း ဘုရားသခင်၏ဆန့်ကျင်သောစကား သူ့နှုတ်မှမထွက်ခဲ့ပါ။

ဤအချက်၌ ယောဘ၏ဘုရားသခင်အပေါ် ထားရှိသောယုံကြည်ကိုးစားခြင်းတရားသည် ထင်ရှားစွာပေါ်လွင်ခဲ့ပါသည်။ မိမိနားမလည်သောအရာ၌ နှုတ်ကိုမဖွင့်ဘဲနေ၍ ဘုရားသခင်၏အလိုတော်ကိုလက်ခံခဲ့ပါသည်။ သူသည်အမျက်ဒေါသမထွက်ဘဲနေ၍ မိမိ၏အကျင့်တရားကို မပျက်ဆီးဘဲစောင့်ထိန်းခဲ့ပါသည်။

ဘဝ၌အခက်အခဲကြုံတွေ့ရသောအခါ ဘုရားသခင်အတွက် သက်သေကောင်းဖြစ်မည်အကြောင်း ယောဘကဲ့သို့ ဘုရားသခင်ကိုကြောက်ရွံ့လျက် သည်းခံနိုင်သောသူ ကျွန်တော်တို့ဖြစ်ကြပါမည်လော။

**ဆင်ခြင်ရန်** - အဘယ်အချက်၌ ယောဘကိုကျွန်တော်အားကျအတုယူသင့်ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘုန်းအသရေတော်ချီးမွမ်းခြင်းငှါ အကျွန်ုပ်၏နှုတ်ကို အသုံးပြုလိုပါ၏။

**ယောဘ ၂း၁၁-၁၃**
ဆာလံ ၁၀၁ *"စင်ကြယ်သောအကျင့်ရှိသမျှတို့ကို နှလုံးသွင်းကြလော့"*

# စိတ်နှလုံးအတွေးကိုထိန်းချုပ်ခြင်း

ယောဘသည် သူ့ဇနီး၏ပျက်ရယ်ပြုခြင်းကိုသည်းခံလျက် ဝေဒနာခံစားနေစဉ် ဘုရားသခင်ရှေ့တော်၌နှုတ်မဟဘဲနေခဲ့ပါသည်။ သို့သော်လည်း မကောင်းသတင်းသည် အလွန်ပျံ့နှံ့လွယ်သည်ဖြစ်၍ သူကြုံတွေ့ရသောဆင်းရဲဒုက္ခကို သူ့မိတ်ဆွေများကကြားသိခဲ့ကြ၏။ သူတို့သည် ယောဘလောက် မချမ်းသာရင်တောင်မှ ကြွယ်ဝချမ်းသာသောသူများဖြစ်မည်ဟု ယူဆရပါသည်။ ဤသူငယ်ချင်းသုံးယောက်တို့သည် ယောဘနှစ်သိမ့်ခြင်းလိုအပ်သောအချိန်အခါ၌ လာရောက်ခဲ့ကြပါသည် (ယောဘ ၂း၁၁)။

ယောဘကြုံတွေ့နေရသောအခြေအနေသည် စကားလုံးဖြင့် ဖော်ပြမရလောက်အောင်ဆိုးရွားလှပါသည်။ သူ့သူငယ်ချင်းတို့က မမှတ်မိလောက်အောင် ဝေဒနာခံစားရသောကြောင့်ပြောင်းလဲခဲ့ပါသည်။ ထို့ကြောင့် သူတို့သည်ငိုကြွေးမြည်တမ်းခဲ့ကြပါသည် (ယောဘ ၂း၁၂)။ ယောဘခံစားနေရသော နာကျင်ခြင်းဝေဒနာကိုမြင်တွေ့ကြသောအခါ မည်သို့နှစ်သိမ့်ရမည်ကိုမသိဖြစ်ခဲ့ကြပါသည်။ သူတို့ပြင်ဆင်ထားခဲ့သော နှစ်သိမ့်စကားတို့သည် အသုံးမဝင်တော့မှန်း သိခဲ့ကြ၏။ ယောဘခံစားနေရသော ဝေဒနာကို မြင်တွေ့သောအခါ သူတို့သည် ခုနစ်ရက်လုံးလုံးစကားမပြောဘဲထိုင်နေကြ၏ (ယောဘ ၂း၁၃)။

ယောဘသည်လည်း စကားမပြောဘဲ သူ့မိတ်ဆွေသုံးယောက်နှင့်အတူ ထိုင်နေခဲ့ပါသည်။ အချိန်ကြာလာ၍ ခံစားရသောဝေဒနာက သူ့စိတ်နှလုံးကိုလွှမ်းမိုးလာသောအခါ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းနှင့်ဂရုဏာတော်ကို မေ့လျော့လာ၍ မိမိခံစားသောနာကျင်ခြင်းဝေဒနာကို ဦးစားပေးစဉ်းစားလာခဲ့ပါသည်။

စိတ်နှလုံးထဲ၌ပြည့်နှက်သောအရာကို နှုတ်ကပြောထွက်တတ်ပါ၏(လုကာ ၆း၄၅)။ စာတန်က ကျွန်ုပ်တို့အား ဘုရားသခင်ကိုမကြည့်ဘဲ မိမိကိုယ်ကိုကြည့်ခြင်းငှါ အမူပြုနိုင်သောအခါ အခွင့်အရေးရတတ်၏။ တစ်ဖက်တွင် ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်၌တည်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကိုကွယ်ကာပြုစုတော်မူ၏။ ဆာလံဆရာက မိမိစိတ်နှလုံးသည် အခက်အခဲကြောင့် စိုးရိမ်ပူပန်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်က မိမိအား နှစ်သိမ့်မှုပေးကြောင်း ဆိုခဲ့ပါသည် (ဆာလံ ၉၄း၁၉)။ တမန်တော်ပေါလုက ဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှင့် ဘဝ၌ခံစားရသောကောင်းသောအရာတို့ကို စဉ်းစားတွေးတောခြင်း၌ ကျွန်ုပ်တို့ကိုသတိပေးခဲ့ပါသည် (ဖိလိ ၄း၈)။

ခက်ခဲသောကာလ၌ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းနှင့် ထာဝရတည်သောကယ်တင်ခြင်းကျေးဇူးကို သတိရအောက်မေ့ခြင်းဖြင့် ကျွန်တော်တို့သည် ခွန်အားရရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စာတန်၏တိုက်ခိုက်မှုအောက်၌ ယောဘသည်အဘယ့်ကြောင့် အားနည်းလာခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ခက်ခဲသောကာလ၌ပင် ကိုယ်တော်၏ကျေးဇူးတော်ကို ဆင်ခြင်အောက်မေ့ခြင်းက အကျွန်ုပ်ကိုပျော်ရွှင်ခြင်းနှင့်ရောင့်ရဲခြင်းပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဧပြီ (၁၁)
**ယောဘ ၃း၁-၁၀**
ဆာလံ ၉၃

*"ထာဝရဘုရားသည် စိုးစံ၍အာနုဘော်နှင့် တန်ဆာဆင်တော်မူ၏"*

# ပျော်ရွှင်မှုပျောက်ဆုံးခြင်း

ဆင်းရဲဒုက္ခဝေဒနာခံစားနေသော ယောဘ၏စကားများကို ကျွန်တော်တို့လေ့လာတော့မည်ဖြစ်သောကြောင့် ယောဘဝတ္ထုသည် မူရင်းဟေဗြဲ၌ကဗျာအလင်္ကာနှင့်ဆိုင်သောစာအုပ်ဖြစ်ကြောင်း သိမှတ်ဖို့လိုပါသည်။ ကဗျာ၏သရုပ်ကို အင်္ဂလိပ်ကျမ်းစာ၌မတွေ့ရသော်လည်း၊ ဤယောဘဝတ္ထုကို နားလည်သဘောပေါက်ခြင်းငှါ ဟေဗြဲကဗျာအရေးအသားကို အနည်းအကျဉ်းသိဖို့လိုပါသည်။ မှတ်သားစရာအချက်တစ်ချက်မှုကား အလွန်အကျူးဖော်ပြခြင်းပင်ဖြစ်ပါသည်။ ဟေဗြဲကဗျာတို့သည် လိုသည်ထက်ပို၍ဖော်ပြတတ်ကြ၏။ ယောဘ၏စကားကို သူ့မိတ်ဆွေတို့နားထောင်၍ သူ၏ဆိုလိုရင်းကို သဘောပေါက်ကြသည်ဖြစ်၍ ထိုနည်းတူကျွန်တော်တို့လေ့လာသုံးသပ်ကြပါမည်။

ယောဘသည် နာကျင်ခြင်းဝေဒနာခံစားလျက် ကဗျာအလင်္ကာအသွားအလာဖြင့် နှုတ်ကိုဖွင့်ဟအော်ဟစ်ခဲ့ပါသည်။ မိမိဖွားသောနေ့ကိုကျိန်ဆဲ၍ မွေးဖွားမလာခဲ့လျှင်ကောင်းသည်ဟု ဆန္ဒဖော်ပြခဲ့ပါသည်(ယောဘ ၃း၁-၁၀)။ ဝေဒနာပြင်းထန်စွာခံစားနေရသောကြောင့် အတိတ်ကောင်းကြီးမင်္ဂလာကိုမေ့၍ အနာဂတ်ဂတိတော်ကောင်းကြီးမင်္ဂလာတို့ကို မမြင်တော့ဘဲ ဘုရားသခင်အပေါ် မိမိ၏တာဝန်ဝတ္တရားကိုမတွေးမမြင်တော့ပါ။ အခက်အခဲဒုက္ခကြား၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပျော်ရွှင်မှုပေးနိုင်ပါ၏။ သို့သော်လည်း အပြစ်၊ ဝေဒနာကြောင့် ဒေါသထွက်ခြင်းက ထိုပျော်ရွှင်မှုကိုဖယ်ရှားတတ်ပါ၏။ ထို့ကြောင့် ဆာလံဆရာသည် ဆာလံ ၅၁း၁၂ ထဲ၌ ကယ်တင်ခြင်း၊ ဝမ်းမြောက်ခြင်းပြန်ရခြင်းငှါ ဘုရားသခင်ထံတောင်းလျှောက်ခဲ့ပါသည်။

ယောဘ၏ဝေဒနာပြင်းထန်မှုကိုသဘောပေါက်လျှင် ဘုရားသခင်၏ကျေးဇူးတော်လုံလောက်မှုကိုလည်း အောက်မေ့ကြရပါမည်။ ခက်ခဲသောအချိန်၌ ကျွန်တော်တို့သည် သခင်ယေရှုခရစ်တော်ကိုသာ မျှော်ကြည့်ကြရပါမည်။ သီချင်းရေးစပ်သူက ဤသို့ဖွဲ့ဆိုထားပါသည် -

> "ကြောက်ရွံ့ထိတ်လန့်ခြင်းလွှမ်းမိုးလျှက် မိတ်ဆွေအပေါင်းတို့သည် သစ္စာမရှိသောအချိန်၌ပင် ထိုသခင်တစ်ပါးတည်းသာလျှင် သင့်ကိုချစ်ခြင်းနှင့်စောင့်ရှောက်တော်မူ၏"

ထို့ကြောင့် ဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ ယောဘကဲ့သို့တွေဝေမိန်းမောခြင်းရှိ၍ အပြစ်သို့မကျရောက်ခြင်းငှါ ယေရှုသည်ကျွန်ုပ်တို့ကို ဘယ်သောအခါမျှ ပစ်မထားကြောင်း သိမှတ်ကြပါစို့။ စာတန်တိုက်ခိုက်ခြင်းအစ၌ ယောဘသည်မြဲမြံစွာရပ်တည်သကဲ့သို့ ကျွန်တော်တို့သည်လည်း ခိုင်ခံ့မြဲမြံခြင်းရှိကြပါစို့။ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းမရှိလျှင် ကျွန်တော်တို့သည်တွေဝေခြင်းရှိ၍ အားနည်းလာမည်ဖြစ်ကြောင်း သိမှတ်ကြပါစို့။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘသည်ထိုသို့စိတ်အားနည်းလာပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ခက်ခဲသောကာလ၌ ယေရှုကိုသာ ကျွန်တော်မျှော်ကြည့်မည်အကြောင်း မစတော်မူပါ။

အဂ်ါ၊ ဧပြီ (၁၂)

**ယောဘ ၃း၁၁-၁၉**

ဆာလံ ၁၁၉း၉၇-၁၀၄

*"ယခုမျက်မှောက်၌ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်"*

# မှားယွင်းသောအတွေးအမြင်

ပြင်းထန်သောဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ ကျွန်ုပ်တို့၏ခရစ်ယာန်သက်သေသည် အကြီးမားဆုံးစစ်ကြောခြင်းခံရ၏။ ထိုသို့အခက်အခဲဆုံးသောစစ်ကြောမှုတွင် နာတာရှည်ရောဂါသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယောဘသည် ယခုအခါ မိမိ၏နာကျင်ခြင်းဝေဒနာကိုသာကြည့်၍ ထိုဝေဒနာကြောင့် မမွေးဖွားခဲ့လျှင်အကောင်းသာဟု တွေးမြင်ခဲ့ပါသည် (ယောဘ ၃း၁၁-၁၃)။ ထို့ကြောင့် မနက်ဖြန်ဘုရားသခင်ယူဆောင်လာမည့်ပျော်ရွှင်မှုကိုမမြင်ခဲ့ပါ။ ဝေဒနာခံစားရင်း ယောဘသည်မိမိထက်သေသောသူတို့သည် ပို၍ကောင်း၏ဟုအော်ဟစ်ခဲ့ပါသည် (ယောဘ ၃း၁၁-၁၅)။

ယောဘက မိမိမွေးကတည်းက အသေမွေးခဲ့လျှင်ကောင်းလိမ့်မည်ဟု ဆိုခဲ့ပါသည်။ ထိုအခါ ယခုကဲ့သို့ ဆင်းရဲဒုက္ခဝေဒနာကိုခံရမည်မဟုတ်ဟုဆိုပါသည်(ယောဘ ၃း၁၆)။ ကျွန်နှင့်ထောင်သားတို့သည်သေ၍ ဝမ်းနည်းခြင်းမှကင်းလွတ်သကဲ့သို့ ယောဘသည်ဒုက္ခဝေဒနာမှ ချုပ်ငြိမ်းအောင် သေလိုခဲ့ပါသည် (ယောဘ ၃း၁၇-၁၉)။ ထိုသို့ယောဘက ပြင်းထန်သောစကားလုံးတို့ကို အသုံးပြုခြင်းနှင့် တဖက်သက်မတွေးပါနှင့်။ သူ့ခေတ်ကာလ၌ လမ်းပြဆရာဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာမရှိသေးပါ။ ဘုရားသခင်က တစ်ခါတစ်ရံဖွင့်ပြတော်မူသော အာဒံမှအဆင့်ဆင့် လက်ဆင့်ကမ်းသောတရားသာရှိပါလိမ့်မည်။

ယောဘ၏မြည်တမ်းခြင်းတို့ကို နားထောင်သောအခါ သူ၏ဝေဒနာကထိုသို့သောစကားကို ထွက်စေသည်မဟုတ်ဘဲ ဘုရားသခင်၏မိမိကိုပစ်ထားပြီဟု ထင်မှတ်သောကြောင့်သာ ထိုသို့ မြည်တမ်းသည်ဖြစ်ကြောင်း တွေ့ရပါသည်။ ယောဘသည် မိမိထိုသို့ဝေဒနာခံစားရခြင်းအကြောင်း အရင်းကို လုံးဝမသိခဲ့ပါ။ ဤလောက၌ဆင်းရဲဒုက္ခခံခြင်းက ဝိညာဉ်ရေးရာကြီးထွားခြင်းနှင့် ကောင်းကြီးမင်္ဂလာဖြစ်စေကြောင်းကိုမသိခဲ့ပါ။ ထို့ပြင် ယခုခံစားနေရသောဒုက္ခဆင်းရဲသည် ဘုရားသခင်၏လူတို့ခံစားရမည့် အနာဂတ်ဘုန်းတော်နှင့်လုံးဝနှိုင်းယှဉ်၍ရကြောင်း (ရောမ ၈း၁၈)၊ ဓမ္မသစ်ကျမ်းအလင်းကိုသူမမြင်ခဲ့ပါ။

ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်၏ ထိုသွန်သင်ချက်တို့ကို သိကြသဖြင့် ဒုက္ခဆင်းရဲကြုံတွေ့ရသောအခါ ယောဘထက်ပို၍ ကျော်ဖြတ်နိုင်ခြင်းငှါ အဆင်သင့်ရှိသင့်ပါသည်။ ထိုသို့ ဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ ဘုရားသခင်၏လမ်းညွှန်မှုနှင့်ခွန်အားကို သစ္စာရှိစွာ သမ္မာကျမ်းစာ၌ရှာကြပါစို့။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘသည်ထိုသို့သောတုန်လှုပ်စရာစကားကို ဖွင့်ဟခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၏အမှောင်ဆုံးအချိန်၌ပင် ကိုယ်တော်၏နှုတ်ကပတ်တော်က အလင်းပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

# ရည်ရွယ်ချက်နားမလည်ခြင်း

ယောဘသည် မိမိ၏ဆင်းရဲဒုက္ခကိုဟေဗြဲကဗျာဖြင့် ဆက်လက်ဖော်ပြခဲ့ပါသည်။ သူ၏စကားလုံးတို့သည် လွန်ကျူးစွာအသုံးပြုသောကြောင့် အံ့သြစရာကောင်းလေ့ရှိပါသည်။ ယနေ့၌လည်း သခင်ဘုရားကိုမကြည့်ဘဲ မိမိ၏ဒုက္ခဆင်းရဲဝေဒနာကိုသာကြည့်ပြီး ငြီးတွားမြည်တမ်းလျက် အံ့သြစရာကောင်းသောစကားများ ပြောထွက်သည့်ခရစ်ယာန်များလည်းရှိပါသည်။

ယောဘသည် ဒုက္ခဝေဒနာခံစားစဉ် ဘုရားသခင်ကိုမေးခွန်းထုတ်ခြင်းက သူ၏အမှားပင်ဖြစ်ပါသည်။ လူတစ်ယောက်၏ဘဝ၌ ဝမ်းနည်းခြင်းနှင့်ပြည့်၍ အသက်ဆက်မရှင်လိုသောသူကို အဘယ့်ကြောင့် ဘုရားသခင်ကအသက်ဆက်ရှင်စေပါသနည်းဟု မေးခွန်းထုတ်ခဲ့ပါ၏ (ယောဘ ၃း၂၀-၂၂)။ ပြင်းစွာသောဝေဒနာခံစားလျက် သန့်ရှင်းသူတို့သေသောအခါ ရရှိသောဘုရားသခင်၏ငြိမ်သက်ခြင်းကိုလိုချင်ခဲ့ပါသည်။

ယောဘကဲ့သို့ ယနေ့ကျွန်တော်တို့ ကြုံတွေ့ခံစားရပါလျှင် ကျွန်တော်တို့သည်ယောဘထက်ပို၍အမှားပြုမိကြပါလိမ့်မည်။ ယောဘသည် နားမလည်သောကြောင့် မိမိကြုံတွေ့ခံစားရသောဒဏ်သည် မတရားဟုဘုရားသခင်ထံမြည်တမ်းခဲ့ပါသည် (ယောဘ ၃း၂၃)။ ထို့ကြောင့် ပြဿနာတစ်ခုပေါ်၌ နောက်ထပ်ပြဿနာခံစားလျက် ကြောက်ရွံ့ခြင်းနှင့်အသက်ရှင်ခဲ့ရ၏ (ယောဘ ၃း၂၄-၂၆)။ သို့သော်လည်း စာတန်မျှော်လင့်သည့်အတိုင်းမဖြစ်၊ ယောဘသည် ဘုရားသခင်ကိုမကျိန်ဆဲ၊ မငြင်းဆန်ခဲ့ပါ။

ဘုရားသခင်၏ရည်ရွယ်ချက်ကိုသိခဲ့ပါလျှင် ယောဘသည် ဤမျှလောက်စိတ်ဝေဒနာခံစားရလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏သားသမီးတို့သည် အခက်အခဲကြုံတွေ့ရသောအခါ သတိထားကြရပါမည်။ နှုတ်ကပတ်တော်ကိုလေ့လာလျက် ဘုရားသခင်၏အကြောင်းကိုကောင်းကောင်းသိပါလျှင် စစ်ကြောခြင်းခံရသောအခါ ရင်ဆိုင်နိုင်သည့်ခွန်အားရှိမည့်ဖြစ်ပါသည်။ ဆာလံဆရာက ဘုရားသခင်၏ပညတ်တော်ကိုနှစ်သက်၍ နေ့ညမပြတ် ဆင်ခြင်နှလုံးသွင်းခဲ့ပါသည်။ ထို့ကြောင့် သူသည် မိမိ၏ရန်သူတို့ထက်ပို၍ပညာရှိဖြစ်ခဲ့ပါသည်။ ရန်သူသည် စာတန်ပင်ဖြစ်ပါသည် (ဆာလံ ၁၁၉း၉၇-၉၈)။

ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခကိုမကြည့်ဘဲ ဘုရားသခင်နှင့်ပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာတို့ကိုကြည့်ကြပါစို့။ ခံစားခဲ့သောကောင်းကြီးမင်္ဂလာနှင့် ခံစားရမည့်ကောင်းကြီးမင်္ဂလာ ဂတိတော်ကို အောက်မေ့ဆင်ခြင်ကြပါစို့။ သို့ဆိုလျှင် အခက်အခဲရင်ဆိုင်ရသောအခါ စိတ်ဓာတ်မကျဘဲ ကျော်ဖြတ်နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဒုက္ခဝေဒနာခံစားနေရစဉ် ယောဘသည် မည်သည့်အချက်၌အပြစ်မကျူးလွန်ဘဲ နေခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာတို့ကို အစဉ်သတိရအောက်မေ့မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၁၄)
**ယောဘ ၄း၁-၁၁**
ဆာလံ ၅၁း၁-၁၀

*"သာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏"*

# ပထမအကြိမ်ဧလိဖတ်မြွက်ဆိုသည့်စကား

ယောဘ၏ခါးသီးသောစကားလုံးတို့ကြောင့် ခုနစ်ရက်လုံးလုံးစကားမပြောသောသူ၏ သူငယ်ချင်းတို့သည် မခံနိုင်ဘဲ စကားစပြောခဲ့ကြ၏။ သူတို့၏စကားကိုကြည့်ခြင်းဖြင့် သနားကြင်နာ စကားမဟုတ်ဘဲ ဝေဖန်သောစကားဖြစ်ကြောင်းသိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယောဘ၏စကား တို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ သူတို့၏စကားသည် အပြစ်၏ရလဒ်သည် ဆင်းရဲ ခြင်းဝေဒနာဖြစ်၏ဟူသော ထင်မြင်ချက်မှပေါ်ပေါက်ခြင်းဖြစ်ပါ၏။ သခင်ယေရှု၏တပည့်တော်တို့က မွေးစကပင်မျက်စိကန်းသောသူကို မြင်ကြသောအခါ ထိုသို့ဖြစ်ခြင်းသည် မိမိအပြစ်ကြောင့်လော၊ မိဘတို့၏အပြစ်ကြောင့်လောဟု မေးကြ၏။ သို့သော်လည်း၊ ယေရှုကအပြစ်ကြောင့် မဟုတ်ပါ။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ထင်ရှားခြင်းငှါဖြစ်၏ဟု မိန့်တော်မူခဲ့ပါသည် (ယောဟန် ၉း၁-၃)။ ယောဘ၏ပြဿနာသည် အပြစ်ကြောင့်မဟုတ်သည်ကို သူ့မိတ်ဆွေတို့က နားမလည်ကြပါ။

ပထမဆုံးစကားပြောသောသူသည် ဧလိဖတ်ဖြစ်ပါသည်။ ပညာရှိများစွာ နေထိုင်သောမြို့ တေမန်မြို့မှလာသောသူဖြစ်ပါသည်။ ဧလိဖတ်က ယောဘအားမိမိသွန်သင်သောအကျင့်ကို လိုက်မလျှောက်ဟုစွပ်စွဲခဲ့ပါသည်။ ယောဘသည် လူများတို့ကိုဒုက္ခဆင်းရဲကြုံတွေ့သောအခါ ဘုရား သခင်၌ရဲရင့်ခြင်းရှိကြခြင်းငှါ သွန်သင်ခဲ့ပါသည်။ ထိုအမှုကို ဧလိဖတ်က ကြည်ညိုစရာကောင်းသော အရာအဖြစ်မြင်ခဲ့ပါသည် (ယောဘ ၄း၃-၄)။ သို့သော်လည်း၊ လူ့အတွေ့အကြုံ၌အခြေခံလျက်၊ အပြစ်ပြုသောသူသည် ဆင်းရဲဒုက္ခခံရ၍၊ ဖြောင့်မတ်သောသူသည် အောင်မြင်ခြင်းရ၏ဟု ဧလိဖတ် ဆိုခဲ့ပါသည်(ယောဘ ၄း၇-၉)။

သို့သော်လည်း၊ ဘုရားသခင်အကြောင်းနှင့်လူတို့အပေါ် ဘုရားသခင်၏စိတ်သဘောထား ကို အတွေ့အကြုံအားဖြင့် ကျွန်တော်တို့သိကြခြင်းမဟုတ်ပါ။ ဘုရားသခင်မိမိကိုယ်ကိုဖော်ပြရာ သမ္မာတရား၊ သမ္မာကျမ်းစာအားဖြင့်သိကြရ၏။ ဘုရားသခင်ပြုတော်မူသောအမှုကို အတွေ့အကြုံ အားဖြင့် ဘာသာပြန်ခြင်းသည် ကိုယ်တော်မြင်တွေ့ခဲ့သောတမန်တော်ပေတရုကပင် သမ္မာကျမ်းစာ ကို သာ၍မြဲမြံသောအနာဂတ္တိစကားဟု ဆိုခဲ့ပါသည် (၂ ပေ ၁း၁၅-၂၁)။ လူသည် ဘုရားသခင်၏ ရည်ရွယ်ချက်ကိုအတွေ့အကြုံအားဖြင့် နားမလည်နိုင်ပါ။

ယောဘနှင့်သူ့မိတ်ဆွေတို့၏ နားမလည်ခြင်းကိုကြည့်ခြင်းဖြင့်၊ ဘုရားသခင်အကြောင်း သိခြင်းငှါ လူ့အတွေးအခေါ်ကိုငြင်းပယ်၍ သမ္မာကျမ်းစာကိုသာ ကျွန်တော်တို့ယုံကြည်ကိုးစားကြရပါ မည်။

**ဆင်ခြင်ရန်** - ဧလိဖတ်၏အတွေးအခေါ်သည် ဘယ်မှာမှားပါသနည်း။
**ဆုတောင်းချက်-** ဘုရားသခင်၏နှုတ်ကပတ်တော်ကသာလျှင် ဝိညာဉ်ဆိုင်ရာအသိဉာဏ်ကို ပေးတော်မူနိုင်၏။

သောကြာ၊ ဧပြီ (၁၅)

**ယောဘ ၄း၁၂-၂၁**

ဆာလံ ၄၆

*"စိတ်နှလုံးထဲ၌ . . . ထိုအနာဂတ္တိစကားတော်ကို . . . သင်တို့သည်အမှီပြုသင့်ကြ၏"*

# မှားယွင်းသောမှတ်ချက်ချခြင်း

ဧလိဖတ်သည် မိမိ၏အိပ်မက်ဆန်သောဗျာဒိတ်တော်၌ အခြေခံ၍ဘာသာတရားအကြောင်းကို မြွက်ဆိုခဲ့ပါသည်(ယောဘ ၄း၁၂-၁၆)။ ရှေးအခါ၌ လူတို့ကိုဘုရားသခင်က အိပ်မက်ရူပါရုံအားဖြင့် စကားပြောတော်မူကြောင်း ကျွန်တော်တို့သိကြ၏ (ယောဘ ၃၃း၁၄-၁၅)။ သို့သော်လည်း၊ ဧလိဖတ်၏အိပ်မက်သည် အမှားနှင့်အမှန်ရောယှက်နေသည်ဖြစ်သောကြောင့် ဘုရားသခင်၏ ဗျာဒိတ်တော်မဖြစ်နိုင်ပါ။ မိမိ၏အတွေးအထင်နှင့်သူကြားခဲ့သောတရားတို့ကို ရောနှောခြင်းဖြစ်ပါလိမ့်မည်။ ယနေ့၌ ဘုရားသခင်သည်လူတို့အား အိပ်မက်ရူပါရုံအားဖြင့် စကားမပြောတော့ပါ။ ယေရှုခရစ်တော်ကိုယ်တိုင်အားဖြင့်၎င်း၊ သမ္မာကျမ်းစာအားဖြင့်သာ စကားပြောတော်မူ၏ (ဟေဗြဲ ၁း၁-၂)။

ဧလိဖတ်က ဘုရားသခင်၏အကျင့်၊ တရားသဖြင့် စီရင်ခြင်းနှင့်သန့်ရှင်းခြင်းသည် လူသားတို့၏အကျင့်ထက် လွန်စွာကြီးမြတ်ကြောင်းဖော်ပြခဲ့ပါသည်။ မှန်ပါ၏။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းသည် လုံးဝစုံလင်ခြင်းရှိပါ၏ (ဟေရှာ ၅၅း၈-၉၊ တရား ၃၂း၄)။ ထပ်၍ ဧလိဖတ်က ဘုရားသခင်သည်လုံးဝဖြောင့်မတ်သန့်ရှင်းသည်ဖြစ်၍၊ ဖန်ဆင်းခံအရာအားလုံးသည် အလွန်ဆိုးယုတ်ကြောင်းဆိုခဲ့ပါသည်။ ကျွန်တော်တို့သဘောတူပါ၏ (ယောဘ ၄း၁၇-၁၉)။

မိမိမြင်တွေ့ကြုံတွေ့သောအမှု၌အခြေခံ၍ ဧလိဖတ်က လူသည်သေမျိုးဖြစ်ကြောင်း၊ သေ၍ပျောက်ကွယ်ကြကြောင်းဆိုခဲ့ပါသည် (ယောဘ ၄း၂၀-၂၁)။ လူတို့၏အပြစ်ကြောင့်၊ ဆင်းရဲဒုက္ခအပေါင်းတို့သည် လူ့အပေါ်၌ကျရောက်ကြောင်း မှတ်ချက်ချခဲ့ပါသည်။ အပြစ်မကျူးလွန်ဟုဆိုသောသူသည် မုသာပြော၏ဟုဆိုခဲ့ပါသည်။ တဖန်၊ မှန်ပါ၏။ သမ္မာကျမ်းစာက "ကိုယ်အပြစ်မရှိဟုငါတို့သည်ဆိုလျှင်၊ ကိုယ့်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိ" (၁ ယော ၁း၈)ဟု မိန့်တော်မူ၏။ သို့သော်လည်း၊ ဆင်းရဲဒုက္ခမှန်သမျှသည် အပြစ်ကြောင့်ဖြစ်သည်ဟူသောအချက်မှာမမှန်ပါ။ အကြောင်းမှာ ဘုရားသခင်ကသမ္မာကျမ်းစာထဲ၌ ထိုသို့မဖော်ပြသောကြောင့်ဖြစ်ပါသည်။

ထို့ကြောင့်၊ သမ္မာကျမ်းစာသိကျွမ်းခြင်း၏အရေးကြီးမှုကို ကျွန်တော်တို့တွေ့ရပါသည်။ ထိုသို့သမ္မာကျမ်းစာသိကျွမ်းခြင်းအားဖြင့် ဘုရားသခင်နှင့်ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုပို၍ ကျွန်တော်တို့ ယုံကြည်ကိုးစားခြင်းရှိလာ၏။ ဘုရားသခင်သည် မိမိ၏စကားနာခံသောသားသမီးတို့ကိုလည်း တခါတရံဆင်းရဲဒုက္ခခံခြင်း၌ ခွင့်ပြုတော်မူကြောင်း ကျွန်တော်တို့သိမှတ်ကြရပါမည်။ ထိုသို့ခွင့်ပြုတော်မူသောအခါ၊ လိုအပ်သောမိမိ၏ကျေးဇူးတော်ကိုလည်း ချပေးသနားတော်မူတတ်၏။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ဧလိဖတ်၏အတွေးအခေါ်သည် မှားယွင်းပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ "နှုတ်ကပတ်တော်သည် အကျွန်ုပ်၏ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏" (ဆာလံ ၁၁၉း၁၀၅)။ ထို့ကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

စနေ၊ ဧပြီ (၁၆)
**ယောဘ ၆**
ဆာလံ ၁၀၃း၁-၁၃ *"အဘသည် သားတို့ကိုသနားစုံမက်သည်နည်းတူ. . . "*

# အပြစ်နှင့်ဆင်းရဲဒုက္ခ

ယောဘသည် စိတ်နှလုံးပင်ပန်းဝမ်းနည်းခြင်းခံစားလျက်ရှိပါသည်။ သူ့ဝေဒနာမှ လွတ်ငြိမ်းရသောအခွင့်ကိုတောင့်တခြင်းရှိကြောင်း ဧလိဖတ်အားပြက်ဆိုသောအချက်၌ တွေ့ရပါသည်။ သူသည် ဖြောင့်မတ်သောသူဖြစ်သောကြောင့် ဧလိဖတ်၏ပြင်းဖန်သောစကားတို့ကို လက်ခံနိုင်ခဲ့ပါသည်။ သူခံစားနေရသော ဒုက္ခဝေဒနာကြောင့် ပင်ပန်းခြင်းရှိသောကြောင့် နားလည်သဘောပေါက်ခြင်းတောင်းဆိုခဲ့ပါသည် (ယောဘ ၆း ၂-၃)။

ယောဘသည် သူ့သူငယ်ချင်းတို့ဆိုသကဲ့သို့ ဘုရားသခင်၏စီရင်ခြင်းကို ခံရကြောင်း သဘောတူသော်လည်း၊ အဘယ့်ကြောင့် ထိုသို့စီရင်ခြင်းခံရသည်ကို နားမလည်ခဲ့ပါ။ တိရစ္ဆာန်တို့ ပင်လျှင် အော်မြည်ကြသည်ဖြစ်သောကြောင့်၊ မိမိခံစားရသောမတရားသည်ဟု ထင်ရသော၌အမှု၌ မိမိအော်ဟစ်မြည်တမ်းခွင့်ရှိသည်ဟု ယောဘခံယူထားပါသည် (ယောဘ ၆း၄-၅)။ သူခံစားနေရသောဝေဒနာမှ လွတ်မြောက်ခြင်းငှါ ဘုရားသခင်ထံသေခွင့်ကိုတောင်းလျှောက်ပါသည် (ယောဘ ၆း၆-၈)။

မိမိခံစားနေရသောဝေဒနာ၏ပြင်းထန်မှုကို နားလည်ပေးကြရန် ယောဘကတောင်းဆိုခဲ့ပါသည်။ ဧလိဖတ်က ယောဘသည်လူအပေါင်းကြုံတွေ့ခံစားရသည့်ဒုက္ခဝေဒနာကို ခံစားရကြောင်း ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ယောဘက မိမိခံစားနေရသောဝေဒနာသည် ပုံမှန်ဒုက္ခဝေဒနာမဟုတ်ကြောင်း၊ တမင်တကာတိုက်ခိုက်ခြင်းမျိုးဖြစ်ကြောင်း ဆိုခဲ့ပါသည်။ သမ္မာကျမ်းစာအရ ထိုအချက်သည် မှန်ပါ၏။

ယောဘသည် အပြစ်တရားအကြောင်းကိုသိပါ၏။ ထို့ကြောင့် အသွေးသွန်းခြင်းယဇ်ပူဇော်ခြင်းကို ပြုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း မိမိဝေဒနာခံစားရသောအရင်းခံအပြစ်ကို သူမသိသောကြောင့် တစုံတယောက်အားဖော်ပြပေးရန် တောင်းလျှောက်ခြင်းဖြစ်ပါသည် (ယောဘ ၆း ၂၄)။ သူသိခဲ့ပါလျှင် ခွင့်လွှတ်ခြင်းကိုတောင်းလျှောက်လျက် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းကို အရင်ကဲ့သို့ရရှိမည်ဖြစ်ပါသည်။

ဘုရားသခင်သည် နူးညံ့သောဖခင်ကဲ့သို့ ကျွန်ုပ်တို့ကိုချစ်တော်မူ၏။ ကျွန်ုပ်တို့၏အားနည်းချက်ကိုသိတော်မူ၍ ဂရုဏာထားတော်မူ၏ (ဆာလံ ၁၀၃း၁၃-၁၄)။ ကျွန်ုပ်တို့၏ဝန်မခံသောအပြစ်ကို မသိစေဘဲ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုပြစ်ဒဏ်ပေးတော်မမူ။ ထိုအပြစ်ကိုနောင်တရလျက် ဝန်ခံစေလိုသောကြောင့် ပြစ်ဒဏ်ပေးခြင်း၊ ဆုံးမခြင်းဖြစ်ပါသည်။ သို့သော်လည်း ဤအချက်ကိုယောဘနှင့် သူ့မိတ်ဆွေများနားမလည်ခဲ့ကြပါ။ နှိမ့်သိမ့်အားပေးမှုလိုအပ်နေသောအချိန်၌ ယောဘသည်သူ့မိတ်ဆွေတို့၏အားပေးမှုကိုမရခဲ့ပါ။ မိမိအပြစ်ကိုသိမြင်ခြင်းငှါ ပညာနှင့်ယှဉ်သောအကြံပေးမှုကိုသူလိုအပ်ခဲ့ပါသည်။ သို့မှသာသူသည် နောင်တရ၍ဘုရားသခင်၏ဆုံးမခြင်းမှလွတ်မြောက်မည်ဖြစ်၏ (ယောဘ ၆း၁၄-၁၅၊ ၂၂-၂၄)။

ယောဘသည်နားမလည်သောကြောင့် မျှော်လင့်စရာဘုရားသခင်ကိုသာ တောင်းလျှောက်ခဲ့ပါသည်။ ကျွန်တော်တို့သည်သမ္မာကျမ်းစာနှင့်ဂတိတော်တို့ကို သိသဖြင့် ဘုရားသခင်ကိုပို၍ယုံကြည်အားကိုးကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဆုံးမတော်မူခြင်းရည်ရွယ်ချက်ကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တို့အပေါ် ပြုလေသမျှသောအမှုတိုင်း၌ ကိုယ်တော်သည်တရားသဖြင့်ပြုတော်မူသောကြောင့်ကိုယ်တော့်ကို ချီးမွမ်းပါ၏။

တနင်္ဂနွေ၊ ဧပြီ (၁၇)
**ယောဘ ၇**
ဆာလံ ၁၁၉း၈၁-၈၈

*"… ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော်မူ၏"*

## ဘုရားသခင်ထံ ယောဘမြွက်ဆိုချက်

ယောဘသည်သူ့မိတ်ဆွေထံ စကားပြောခဲ့ပြီးမှ ယခုအခါဘုရားသခင်ထံ ဤသို့လျှောက်ခဲ့ပါသည်။ ဝေဒနာခံစား၍ပင်ပန်းလျက်ပင် ယောဘသည် မိမိ၏သိမ်ငယ်မှုကို ဆင်ခြင်အောက်မေ့ခြင်းငှါ ဘုရားသခင်ထံလျှောက်ခဲ့ပါသည်။ မိမိနေ့ရက်တို့သည် လျင်မြန်စွာကုန်ဆုံး၍ ပို၍ကြီးမားသော ဝေဒနာနှင့်ရှုပ်ထွေးမှုကြုံခဲ့ရပါသည် (ယောဘ ၇း၁-၇)။ ဤဘဝဒုက္ခမှလွတ်မြောက်၍ သေခြင်းငြိမ်သက်ခြင်းကိုတောင်းလျှောက်ခဲ့ပါသည် (ယောဘ ၇း၈-၁၀)။ မိမိ၏ဆင်းရဲဒုက္ခကိုမေ့ခြင်းငှါ အိပ်ပျော်မည်ဆိုသော်လည်း အိပ်မက်ထဲ၌ပင်နာကျင်ခြင်းဝေဒနာကိုခံစားရပါ၏ (ယောဘ ၇း၁၁-၁၄)။

ယောဘသည် အဘယ့်ကြောင့် ဘုရားသခင်ကဤသို့သောပြစ်ဒဏ်ကြီးစီရင်သနည်းဟု နားမလည်နိုင်ဖြစ်ရပါသည်။ ထိုသို့မရှင်းမလင်းဒုက္ခဝေဒနာခံစားနေရသောကြောင့် သေခြင်းငှါဆန္ဒရှိခြင်းဖြစ်ရပါသည်။ ဘုရားသခင်က ယောဘကိုအပြစ်ဖော်ပြ၍ ယောဘသည်အပြစ်ဝန်ခံလေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ယခုအခါခွင့်လွှတ်ခြင်းမရှိသကဲ့သို့ခံစားရပြီး နားမလည်ဖြစ်ရပါသည် (ယောဘ ၇း၁၇-၂၁)။

ယနေ့ ကျွန်ုပ်တို့၌ရှိသကဲ့သို့ ယောဘ၌သမ္မာကျမ်းစာမရှိပါ။ မိမိ၏ပူပန်ခြင်းအပေါင်းကို ဘုရားသခင်ထံပုံအပ်ခြင်းငှါ သူမသိခဲ့ပါ(၁ ပေ ၅း၇)။ ယောဘသည် ဘုရားသခင်နှင့်စာတန်အကြား၌ တိုက်ပွဲကိုမသိမြင်ခဲ့ပါ။

ယောဘလောက် ဒုက္ခဆင်းရဲခံစားရသော ကျွန်တော်တို့၌မရှိခဲ့ပါ။ သမ္မာကျမ်းစာလေ့လာသင်ယူခြင်းဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်မိမိလူတို့အပေါ် ပြုတော်မူသောအမှုနှင့် နည်းလမ်းကို ကျွန်တော်တို့နားလည်သဘောပေါက်ကြပါ၏။ ကျွန်ုပ်တို့ကြုံတွေ့ရသောအရာတိုင်း၌ ရည်ရွယ်ချက်ရှိကြောင်း သိရပါသည်။ နာခံသောအသက်တာရှိလျှင် အဘယ်အခက်အခဲမဆိုကျော်ဖြတ်ခြင်းငှါ ဘုရားသခင်မစတော်မူလိမ့်မည်(၁ ကော ၁၀း၁၃)။ ထို့ပြင် အခက်အခဲဆုံးသောအချိန်၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကယ်နှုတ်တော်မူနိုင်၏ (၂ ပေ ၂း၉)။

ယောဘအကြောင်းကို ဆက်လက်လေ့လာရာ၌ သူ၏ဝေဒနာခံစားမှု၌ ကျွန်တော်တို့သနားခြင်းရှိပါ၏။ သို့သော်လည်း သူ့အတွက် သင်ယူစရာဖြစ်ကြောင်းသိရပါ၏။ ကျွန်တော်တို့သည်လည်း အခက်အခဲကြုံတွေ့ခြင်းဖြင့် များစွာသင်ယူခဲ့ကြရ၏။ ထိုသို့သောအချိန်၌ ကျွန်တော်တို့သည် သည်းခံခြင်းရှိလျက် ကြံ့ကြံ့ခံကြရပါမည်။

**ဆင်ခြင်ရန်** - ယောဘ၏အကြီးမားဆုံးသောပြဿနာကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာကျမ်းစာအလင်းတော်ထဲ၌ ကျွန်တော်ကျင်လည်လိုပါ၏။

# မသင့်တော်သောအတွေးအခေါ်

ယောဘ၏ဒုတိယမိတ်ဆွေဗိလဒဒ်ကလည်း ငြင်းခုန်ခဲ့ပါသည်။ သူ့စကားသည် ယနေ့ ကျွန်တော်တို့များစွာတွေ့ရသည်အတိုင်း အမှန်နှင့်အမှားရောယှက်လျက်ရှိ၏။ ထိုသို့သောစကား တွင် အမှန်ကိုကျွန်တော်တို့အလေးထားစဉ် မသိခင်အမှားကလွှမ်းမိုးတတ်၏။ ထိုအခါ ဗိလဒဒ်ကဲ့သို့ မှားယွင်းသောမှတ်ချက်ချမိတတ်ကြ၏။

ဗိလဒဒ်က ယောဘ၏စကားကိုအနှစ်မရှိသောလေကဲ့သို့သောစကားဟု မှတ်ချက်ချခဲ့ပါ သည် - ယောဘသည်မိမိအပြစ်ကင်းကြောင်း ခုခံပြောဆိုနေ၏(ယောဘ ၈း၁-၂)။

ဗိလဒဒ်က မိမိ၏စကားကိုအားဖြည့်ခြင်းငှါ ဘုရားသခင်အကြောင်းကို ထည့်ပြောခဲ့ပါ သည်။ ဘုရားသခင်သည် ပြုသောအမှုတိုင်း၌ တရားသဖြင့်ဖြောင့်မတ်စွာပြုတော်မူ၏ (ကမ္ဘာ ၁၈း၂၅)။ မိမိ၏ဆုံးဖြတ်ချက်ကို ဘယ်တော့မှဘုရားသခင်ပြင်တော်မမူ။ ဘုရားသခင်၏ဥာဏ်တော် သည် စုံလင်သဖြင့် စီရင်ခြင်းအမှုတိုင်းသည် မှန်ကန်၏။ ထို့ကြောင့် ဗိလဒဒ်ကယောဘ၏ သားသမီး တို့သည် အပြစ်ပြုသောကြောင့် သေကြ၏ဟုမဆိုသော်လည်း ထိုသို့ယူဆ၍ရပါသည်။ ဘုရားသခင် သည် တရားသဖြင့် စီရင်တော်မူသောကြောင့် အပြစ်ကြောင့်မဟုတ်လျှင်မသေကြဟု ဗိလဒဒ်ထင် မှတ်ထားပါသည်။ ဤအချက်၌ လူသည် သမ္မာတရားဖြင့်အစပျိုးသော်လည်း မှားယွင်းသောမှတ်ချက် ချမှတ်ကြောင်း တွေ့ရ၏ (ယောဘ ၈း၃-၄)။

မိမိ၏လူ့အတွေးအခေါ်ကိုအမှီပြု၍ ဗိလဒဒ်သည်ယောဘအားဘုရားသခင်ကို ရှာဖွေခြင်း ငှါ တိုက်တွန်းခဲ့ပါသည်။ သူ၏ဆင်းရဲဒုက္ခဝေဒနာခံစားခြင်းသည် သူ့၌ရှိသော အပြစ်တစ်ခုခုကြောင့် ဖြစ်သည်ဟု သတ်မှတ်ခဲ့ပါသည်။ ထိုသို့ဘုရားသခင်ထံ ပြုခဲ့လျှင် ဘုရားသခင်ကလက်ခံလျက် အရင်ကထက် ကောင်းကြီးပေး၍ ကြီးမြတ်စေမည်ဟုဆိုခဲ့ပါသည် (ယောဘ ၈း၅-၇)။

အမှန်နှင့်အမှားရောထွေးခြင်း၏ အန္တရာယ်ကိုတွေ့ရပါသည်။ ဘုရားသခင်သည် နောင်တ ရသောမိမိ၏သားသမီးတို့ကို ပြန်၍လက်ခံမည်မှာ မှန်သော်လည်း ဆင်းရဲဒုက္ခတိုင်းသည် အပြစ် ကြောင့်မဟုတ်ပါ။ ထိုသို့သော ဗိလဒဒ်၏တရားသည် မရင့်ကျက်သောခရစ်ယာန်တို့အဖို့ မဝန်ခံသော အပြစ်မရှိသောခရစ်ယာန်အဖို့ ရှုပ်ထွေးမှုနှင့်မိမိကိုယ်ကို မကျေနပ်မှုဖြစ်စေနိုင်ပါသည်။

ထိုသို့လမ်းမှားမရောက်သင့်ပါ။ ကျွန်ုပ်တို့၏ဘုရားသခင်ယုံကြည်ကိုးစားခြင်းသည် ဘုရား သခင်၏ဖြောင့်မတ်မှန်ကန်ခြင်းနှင့် ကျေးဇူးတော်၌တည်ပါ၏။ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ် တော်မူ၏ (ဆာလံ ၁၀၃း၁၀-၁၁)။ ပြုမိသောအမှားကို ခွင့်လွှတ်လျက် (၁ ယော ၁း၉)၊ သွေးဆောင် မှုထဲမှ ကျွန်ုပ်တို့ကို လုံခြုံစွာကယ်နှုတ်တော်မူလိမ့်မည် (၂ ပေ ၂း၉)။

**ဆင်ခြင်ရန်** - ဗိလဒဒ်၏အတွေးအမြင်သည် ဘယ်မှာမှားပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အကြောင်းသိခြင်းငှါ လူ့အတွေးအခေါ်ကို ကျွန်တော် မကိုးစားလိုပါ။

# ရှေးလူတို့၏အသိဉာဏ်

ဗိလဒဒ်က ဘုရားသခင်ထံမှဗျာဒိတ်တော်ခံရသကဲ့သို့ဆိုသော်လည်း အမှန်မှာ ရှေးလူတို့၏ အယူဝါဒ၌မိမိအမြင်အခြေခံခြင်းဖြစ်ပါသည်။ ဘဝသည် အလွန်တိုတောင်းသောကြောင့် ရှေးလူတို့၏အတွေ့အကြုံမှမသင်ယူလျှင် ကျွန်တော်တို့သင်ရမည့်အချိန်နည်းလှ၏။ ထို့ကြောင့် ရှေးလူတို့၏အသိဉာဏ်မှ ကျွန်တော်တို့လေ့လာသင်ယူရပါမည်(ယောဘ ၈း၈-၉)။

ခေတ်အဆက်ဆက် လူတို့ထံမှ သင်ယူခြင်းသည် အမှန်မှာမှားယွင်းခြင်းမရှိပါ။ သမ္မာကလည်း အသက်ကြီးလျှင်ပညာဉာဏ်ရှိ၏ - အသိဉာဏ်သည် သူတပါးထံမှသင်ယူရ၏ဟု ဆိုထားပါသည် (သုတ္တံ ၁၃း၁-၁၀)။ သို့သော်လည်း၊ ဗိလဒဒ်သည် ဝိညာဉ်ရေးရာပြဿနာကိုဖြေရှင်းခြင်း၌ လူ့အတွေ့အကြုံကိုအသုံးပြုခြင်း၌ တိုက်တွန်းခြင်းဖြစ်၏။ ဤသည်ကား ပို၍ကြီးမားသော ပြဿနာကို ဖြစ်စေတတ်၏။ သမ္မာကျမ်းစာက ဘုရားသခင်နည်းလမ်းသည် လူ့နည်းလမ်းနှင့်အလွန်ခြားနားခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကိုသိခြင်း၌ မိမိကိုယ်ကိုဖော်ပြရာ သမ္မာကျမ်းစာ၌ လေ့လာကြရပါမည် (ဟေရှာ ၅၅း၇-၉)။

ဗိလဒဒ်၏မှတ်ချက်စကားမူကား ဘုရားသခင်သည် ကောင်းသောသူကိုကောင်းကြီးပေး၍ လူဆိုးတို့ကိုပြစ်ဒဏ်ပေးတော်မူ၏ဟူ၍ ဖြစ်ပါသည်။ ဖြောင့်မတ်သောသူတို့သည် ဆင်းရဲဒုက္ခမရှိသော ပျော်ရွှင်ရောင့်ရဲကျေနပ်ခြင်းဘဝပိုင်ဆိုင်မည်ဟု ဂတိတော်ရှိ၏ (ယောဘ ၈း၂၀-၂၂)။ ထို့ကြောင့် ယောဘသည်အမှန်ဖြောင့်မတ်ခြင်းရှိလျှင် ဘုရားသခင်ထံတောင်းလျှောက်၍ ဆင်းရဲခြင်းဝေဒနာပျောက်ကင်းပါလိမ့်မည်။

"သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏" (ယာကုပ် ၅း၁၆)။ သို့သော်လည်း ဘုရားသခင်၏အလိုတော်နှင့်အညီ ဆုတောင်းတတ်ခြင်း၌ ကျွန်တော်တို့သည် သမ္မာကျမ်းစာကိုသိကျွမ်းခြင်းရှိ၍ ဘုရားသခင်၏ထာဝရအစီအစဉ်နှင့် ရည်ရွယ်ချက်ကို သိဖို့လိုပါသည်။ ဝိညာဉ်ရေးရာအကြောင်း၌ လူတို့ကမှန်သည်ဟု ထင်မှတ်သောလမ်းသည် ပျက်စီးခြင်းသို့ပို့ဆောင်သောလမ်းဖြစ်တတ်ပါ၏ (သုတ္တံ ၁၄း၁၂)။

ကျွန်တော်တို့သည် ဘုရားသခင်၏လူဖြစ်သောကြောင့် လမ်းမှားမလျှောက်မိလေအောင် ဝိညာဉ်ရေးရာအကြောင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသာ အဓိကအားကိုးကြပါစို့။ သို့မှသာ ဘဝ၏အခက်အခဲတို့ကို နားလည်သဘောပေါက်ခြင်းနှင့် စိတ်ချလုံခြုံစွာ ကျွန်တော်တို့ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဗိလဒဒ်၏မှတ်ချက်ချခြင်း၌အဘယ်အရာကများပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ဟေရှာယ ၅၅း၉ ၌ ကိုယ်တော်ဖော်ပြသကဲ့သို့ ကိုယ်တော်၏နည်းလမ်းတို့သည် လူတို့၏နည်းလမ်းထက်အလွန်မြင့်တော်မူကြောင်း ကျွန်တော်ယုံကြည်ပါ၏။

ဗုဒ္ဓဟူး၊ ဧပြီ (၂၀)
**ယောဘ ၉း၁-၁၅**
ဆာလံ ၈

*"ဘုရားသခင်၏ဂရုဏာတော်၌ ကာလအစဉ်အမြဲကိုးစားမည်"*

# မျှော်လင့်ခြင်းကင်းမဲ့သောလူ့အခြေအနေ

ယောဘသည် ဗိလဒဒ်၏တိုက်တွန်းမှုဖြစ်သော ဘုရားသခင်သည် အစဉ်မှန်ကန်တော်မူ၍ ဖြောင့်မတ်တော်မူကြောင်းကို သဘောတူပါ၏။ လူသည် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်ရသောအခွင့်မရှိပါ။ ဘုရားသခင်၏ပညတ်တရားက အပြစ်သားသည်မျှော်လင့်ချက်မဲ့သောသူဖြစ်ကြောင်း ဖော်ပြထားပါသည် (ယောဘ ၉း၂၊ ရောမ ၃း၂၀)။ ယောဘသည် အပြစ်ကင်းစင်သောသူဖြစ်သည်ဟု မိမိကိုယ်ကိုမဆိုပါ။ မိမိခံစားရသော ပြင်းထန်သည့်ပြစ်ဒဏ်နှင့်မိမိမထိုက်တန်ဟုသာဆိုပါ၏။

ဘုရားသခင်၏အသိဉာဏ်သည် ကြီးမားကျယ်ပြန့်လှသည်ဖြစ်သောကြောင့် လူသည် ဘယ်လိုမှဘုရားသခင်ကို ငြင်းခုန်အနိုင်မရနိုင်ပါ။ ဝိညာဉ်နှင့်ဆိုင်သောအသိဉာဏ်သည် ဘုရားသခင်ထံမှသာလာ၏။ ဘုရားသခင်ကသာလျှင် အရာခပ်သိမ်းကိုသိတော်မူ၏ (ယောဘ ၉း၃၊ သုတ္တံ ၂း၆)။ ထို့ပြင် ဘုရားသခင်၏တန်ခိုးတော်သည် အလွန်ကြီးမြတ်တော်မူသည်ဖြစ်သောကြောင့် ဘယ်သူမှ ဘုရားသခင်ကိုဆန့်ကျင်၍မရပါ(ယောဘ ၉း၄၊ ဟေရှာ ၄၀း၂၆)။

ထိုတန်ခိုးတော်ကို နောက်ဆုံးတရားစီရင်ခြင်း၌ စုံလင်စွာပြတော်မူလိမ့်မည်။ ထိုအချိန်၌ အပြစ်ကို မိမိမုန်းတီးတော်မူကြောင်းကိုပြသလျှက် ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကို လှုပ်ခတ်စေတော်မူမည်။ မိမိ၏တန်ခိုးအနည်းငယ်ကိုရေလွှမ်းစေခြင်းနှင့် အဲဂုတ္တုပြည်ကိုအမှောင်ကျရောက်စေခြင်း၌ ပြသခဲ့ပါသည်(ယောဘ ၉း၅-၇၊ ဟေရှာ ၁၃း၁၃)။

ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် တန်ခိုးတော်ကိုဖန်ဆင်းခြင်း၌ ထင်ရှားစွာတွေ့ရပါသည် (ဆာလံ ၁၉း၁-၂)။ ထိုဖန်ဆင်းခြင်းအကြောင်းကို ခေတ်သစ်လူတို့သည် ငြင်းပယ်ကြပြီး ရှေးလူတို့သည် အံ့ဩခြင်းရှိခဲ့ကြ၏ (ယောဘ ၉း၈-၁၀)။ မိုက်မဲသောသူကသာလျှင် ဘုရားသခင်မရှိဟုဆို၏ (ဆာလံ ၁၄း၁၊ ၅၃း၁)။

ယောဘသည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကိုသိသဖြင့် လူသား၏မတတ်စွမ်းနိုင်မှုကို သိမှတ်ခဲ့ပါသည်။ ဘုရားသခင်ကဲ့သို့ကြီးမြတ်သောသူမရှိပါ။ လူ့အတွက် မျှော်လင့်စရာဟူမူကား ဘုရားသခင်၏ဂရုဏာတော်ထဲသို့ တိုးဝင်ခြင်းသာဖြစ်ပါသည် (ယောဘ ၉း၁၁-၁၅)။ ဆာလံဆရာက ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကိုဆင်ခြင်လျှက် ဖန်ဆင်းခြင်း၌ပေါ်လွင်ထင်ရှားသော ထိုကြီးမြတ်မှုကြောင့် အလွန်သိမ်ငယ်သောလူသားကို အောက်မေ့တော်မူခြင်းအမှု၌ အံ့ဩခြင်းရှိသကဲ့သို့ ယောဘသည်လည်း ထပ်တူခံစားခဲ့ပါသည် (ဆာလံ ၈း၃-၄)။

ယောဘကဲ့သို့ ကျွန်တော်တို့သည် ဘုရားသခင်၏ဂရုဏာတော်ကြောင့်သာလျှင် မျှော်လင့်ခြင်းရှိကြကြောင်း သိမှတ်ကြရပါမည်။ ဆာလံဆရာနည်းတူ ကျွန်တော်တို့သည် ဘုရားသခင်၏ ထာဝရဂရုဏာတော်၌ ခိုနားခွင့်ရှိပါ၏ (ဆာလံ ၅၂း၈)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ဘုရားသခင်သည် လူကိုဂရုစိုက်အောက်မေ့ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဂရုဏာတော်အစဉ်အမြဲတည်သောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။

ကြာသပတေး၊ ဧပြီ (၂၁)
**ယောဘ ၉း၁၆-၃၅**
ဆာလံ ၁၁၉း၄၉-၅၆

*"အိုထာဝရဘုရား၊ ကိုယ်တော်၌သာ မျှော်လင့်စရာအကြောင်းရှိပါ၏"*

# သန့်ရှင်းသောဘုရားသခင်နှင့်ကင်းကွာသောလူ

ယောဘသည် သူ့မိတ်ဆွေဗိလဒဒ်ကိုဆက်လက်တုန့်ပြန်ခဲ့ပါသည်။ ဘုရားသခင်သည် အလွန်ကြီးမြတ်တော်မူ၍ ဖြောင့်မတ်ခြင်းသည်အဆုံးစွန်ဖြစ်တော်မူသောကြောင့် လူသည်မိမိအစွမ်းအားဖြင့် ဘုရားသခင်ထံမတိုးဝင်နိုင်ပါ။

ယောဘသည် လူ့ပြဿနာကိုဟောပြဲကဗျာအားဖြင့် ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့်တန်ခိုးတော်ကိုဆင်ခြင်မိလျှင်၊ လူသည် မိမိ၏ဆိုးသွမ်းမှုကိုသိမြင်သင့်ပါသည် (ယောဘ ၉း၁၆-၁၈)။ လူသည် အစဉ်သဖြင့် အမှားကျူးလွန်တတ်၏(ယောဘ ၉း၁၉-၂၀)။

ယောဘသည် ယခုခံစားရသောနာကျင်ခြင်းဝေဒနာကြောင့် ခံစားခဲ့သောအတိတ်က ကောင်းကြီးမင်္ဂလာကိုမေ့လျော့ခဲ့ပါသည်။ သန့်ရှင်းတော်မူသော ဘုရားသခင်ရှေ့တော်၌ အပြစ်သားဖြစ်ကြောင်း အောက်မေ့လျက်ပင်၊ မိမိသည် ဝန်မခံသောအပြစ်တစုံတရာမရှိ၊ ကျူးလွန်သောအပြစ်မရှိပါဟုဆက်လက်၍ ယောဘငြင်းခုံခဲ့ပါသည်။ သန့်ရှင်းတော်မူသောဘုရားသခင်သည် လူဆိုးတို့နှင့် ဖြောင့်မတ်သောသူတို့ကိုပြစ်ဒဏ်ပေးတော်မူသည်ဟု ထင်မှတ်ရပါသည်။ ဤလောကကြီးကိုကြည့်ပြီး၊ ယောဘသည် လူဆိုးတို့ကအရာရာတိုင်းကို ထိန်းချုပ်၍ဘုရားသခင်က မဆီးတားဟုထင်မှတ်ခဲ့ပါ၏ (ယောဘ ၉း၂၁-၂၄)။

ယောဘက သိမ်းငှက်၏လျင်မြန်မှုနှင့်လျင်မြန်သောသင်္ဘောတို့ဖြင့် လူ့ဘဝတိုတောင်းမှုနှင့် လျင်မြန်စွာ ကွယ်ပျောက်မှုကိုနှိုင်းယှဉ်ခဲ့ပါသည်။ ယောဘသည် မိမိ၏မြည်တမ်းခြင်းတိုင်း၌ ဝေဒနာခံစားရခြင်းအကြောင်းရင်းမသိသော်လည်း၊ ဘုရားသခင်သည် ဤလောကတခုလုံး၌ အကြီးမြတ်ဆုံးသော၊ တရားသဖြင့် စီရင်သောဘုရားဖြစ်ကြောင်း ဝန်ခံသည်ကိုတွေ့ရပါ၏ (ယောဘ ၉း၂၁-၂၈)။

ယောဘသည် မိမိ၏မျှော်လင့်စရာမဲ့သောအခြေအနေကို နားလည်လျက် ဤသို့မေးခွန်းထုတ်ခဲ့ပါသည်- "ဖြောင့်မတ်စွာနေခြင်းငှါ ကြိုးစားခြင်း၌အဘယ်အကျိုးရှိသနည်း" (ယောဘ ၉း၂၉)၊ အပြစ်မှမိမိကိုယ်ကို သန့်ရှင်းစေခြင်းငှါ ကြိုးစားခြင်းသည် အချည်းနှီးဖြစ်ပါ၏။ အကြောင်းမှာ ဘုရားသခင်ကဆိုးသွမ်းသောသူဟု သတ်မှတ်သောကြောင့်ဖြစ်ပါသည်။ ပရောဖက်ဟေရှာယမိန့်တော်မူသကဲ့သို့ လူအပေါင်းတို့၏ဖြောင့်မတ်ခြင်းသည် သန့်ရှင်းတော်မူသောဘုရားသခင်ရှေ့၌ အဝတ်စုတ်ကဲ့သို့ဖြစ်ပါသည် (ယောဘ ၉း၂၉-၃၁၊ ဟေရှာ ၆၄း၆)။

လူသားအတွက် မျှော်လင့်စရာဟူမူကား ဘုရားသခင်၏ဂရုဏာတော်ကို ချဉ်းကပ်၍ သခင်ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံခြင်းသာလျှင်ဖြစ်ပါသည်။ ခရစ်တော်၌ ကျွန်တော်တို့သည် အပြစ်လွှတ်ခြင်း၊ ထာဝရအသက်နှင့်အဓိပ္ပာယ်ရှိသောဘဝ၊ ပျော်ရွှင်ခြင်းနှင့်ငြိမ်သက်ခြင်းရှိပါ၏။

**ဆင်ခြင်ရန်** - ယခုကဲ့သို့သော ဒုက္ခဝေဒနာကြား၌ ဘယ်အရာကယောဘကိုမစတော်မူနိုင်မည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ဖေက် ၂း၈-၉ ၌တွေ့ရသည့်အတိုင်း ကယ်တင်ခြင်းသည် ကိုယ်တော်၏ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဧပြီ (၂၂)
**ယောဘ ၁၀း၁-၁၂**
ဆာလံ ၁၃၉း၁-၇

*“. . . လူဖြစ်သောယေရှုခရစ်တော်. . . ”*

# ထာဝရဘုရားသည်ကျွန်ုပ်တို့ကိုပစ်ထားမည်မဟုတ်ပါ

ယောဘဝတ္ထုကိုလေ့လာခြင်း၌ ကျွန်တော်တို့သဘောပေါက်နားလည်နိုင်ခြင်းငှါ အရေးကြီးသော အချက်နှစ်ချက်ကျွန်တော်တို့မှတ်သားဖို့ရှိပါသည်။ ပထမအချက်မှာ၊ ယောဘသည် ပြင်းစွာသောဝေဒနာခံစားနေရသည်ဟူ၍ဖြစ်ပါသည်။ ထိုသို့သော နာကျင်ခြင်းဝေဒနာက အသိဉာဏ်ကို ထိခိုက်စေနိုင်ပါသည်။ ယောဘသည် ဘုရားသခင်အားမိမိ၏ဝေဒနာကို ချက်ချင်းဖယ်ရှားပေးခြင်းငှါ တောင်းလျှောက်ခဲ့ပါသည် (ယောဘ ၉း၃၄-၃၅)။ ဒုတိယအချက်ကား ယောဘသည် စိတ်ရှုပ်ထွေးလျက်ရှိပါ၏။ သူသည် မိမိ၏အပြစ်ဇာတိသဘောကိုနားလည်သော်လည်း ဘုရားသခင်က မိမိအား မကျူးလွန်သောအပြစ်တခုခု၊ မဝန်ခံသောအပြစ်တခုခုကြောင့် စီရင်နေသည်ဟု ထင်မှတ်ခဲ့ပါသည်။

ယောဘသည် ဘဝ၌ကြုံတွေ့သောမိမိ၏အခြေအနေကို ရှုံ့ရှာခဲ့ပါသည်။ ထိုသို့စိတ်ပင်ပန်းနေသောကြောင့် မိမိ၏အတွေးအမြင်ကို ဘုရားထံဖော်ပြနေခြင်းဖြစ်ပါသည်။ မတရားသဖြင့် မိမိကို မစီရင်ခြင်းငှါ၊ အကြောင်းရင်းကိုသိခြင်းငှါ ဘုရားထံတောင်းလျှောက်လိုခဲ့ပါသည်။ ယောဘက ဘုရားသခင်သည် အစဉ်မှန်ကန်ကြောင်းသိသော်လည်း၊ သူ၏ဒေါသပါသောစကားလုံးတို့က သူ့ယုံကြည်ချက်နှင့်ဆန့်ကျင်မှုရှိခဲ့ပါသည်။ ထို့ကြောင့် ဘဝ၌ကြုံတွေ့ရသောဒုက္ခဝေဒနာက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုမဆန့်ကျင်စေခြင်းငှါ ကျွန်တော်တို့သတိပြုကြရပါမည် (ယော ၁၀း၁-၂)။

ယောဘက သူ့ဒုက္ခဝေဒနာခံစားခြင်းနှင့်ပတ်သက်၍ မေးခွန်းသုံးခုထုတ်ခဲ့ပါသည်။ ပထမမေးခွန်းကား၊ လူဆိုးတို့ကိုကောင်းကြီးပေးစဉ် အပြစ်မရှိသောမိမိအားညှင်းဆဲခြင်း၌ ဘုရားသခင်ဝမ်းမြောက်ခြင်းရှိနေပါသလားဟူ၍ဖြစ်၏။ ဤမေးခွန်းက ဘုရားသခင်၏ကြင်နာသနားခြင်းကိုငြင်းပယ်ရာရောက်၏ (ယောဘ ၁၀း၃)။ ဒုတိယမေးခွန်းမှာ၊ လူမြင်သကဲ့သို့ ဘုရားသခင်သည် အပြင်ပန်းသဏ္ဍာန်ကိုသာလျှင်ကြည့်မြင်ပါသလားဟူ၍ ဖြစ်ပါသည်။ ဤအရာသည် မမှန်ကြောင်း၊ ယောဘကလည်း သိခဲ့ပါသည်၊ သမ္မာကျမ်းကလည်းဖော်ပြထားပါသည် (ယောဘ ၁၀း၄၊ ၁ ရာ ၁၆း၇)။ တတိယအချက်မှာ၊ အဘယ့်ကြောင့် ဘုရားသခင်သည်မကြာမှီမရှိတော့မည့်လူကဲ့သို့ မိမိ၏အပြစ်ကို အလျင်စလိုစစ်ကြောစေရပါသနည်းဟူ၍ဖြစ်ပါသည်(ယောဘ ၁၀း၅-၇)။ ယောဘက ဘုရားသခင်သည် ထိုကဲ့သို့မဟုတ်ကြောင်း သိခဲ့ပါသည်။

ယောဘသည် လူတို့အပေါ် ထားရှိသောဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် လူသားကိုအံ့ဩဘွယ်ဖန်ဆင်းတော်မူ၍ အစဉ်စောင့်ရှောက်မူ၏ (ယောဘ ၁၀း၈-၁၂၊ ဆာလံ ၁၃၉း၁၄)။ ထို့ကြောင့် ယခု သူပြောသောစကားတို့သည် ဘုရားသခင်၏အတိတ်၌ သူ့အပေါ် ထားရှိသည့်ဂရုစိုက်မှုနှင့်ဆန့်ကျင်နေပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၏။ အခက်အခဲကြုံတွေ့နေသောအချိန်၌ ကျွန်တော်တို့နှင့်အတူ ဘုရားသခင်ရှိတော်မူ၏ (ဟေဗြဲ ၁၃း၅-၆)။ ဤသမ္မာတရားဖြင့် အချင်းချင်းခွန်အားပေးကြပါစို့။

**ဆင်ခြင်ရန်** - ယောဘကိုပြဿနာတတ်စေသောအရာနှစ်ခုကား အဘယ်နည်း။
**ဆုတောင်းချက်-** ကိုယ်တော်သည် အကျွန်ုပ်ကိုဦးစွာချစ်တော်မူကြောင်း သိခြင်းဖြင့် ကိုယ်တော်ကို ကျွန်တော်ချစ်ပါ၏ (၁ ယော ၄း၁၉)။

စနေ၊ ဧပြီ (၂၃)
**ယောဘ ၁၀း၁၃-၂၂**
ဆာလံ ၁၃၀

*"ထာဝရဘုရားကိုငါစောင့်လျက်နေ၏။*
*ငါ့ဝိညာဉ်သည် စောင့်လျက်နေ၏"*

# သန့်ရှင်းတော်မူသောဘုရားသခင်ရှေ့၌မည်သူရပ်နိုင်မည်နည်း

ယောဘသည် တုန်လှုပ်စရာကောင်းသောဤစကားကို မြွက်ဆိုခဲ့ပါသည်။ ယောဘသည် မိန်းမောတွေဝေသောစိတ်ဖြင့် ယခုကျရောက်သောစီရင်ခြင်းသည် အရင်ကဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းတို့ကို ဖုံးလွှမ်းသကဲ့သို့ ဆိုခဲ့ပါသည် (ယောဘ ၁၀း၁၃)။ ယောဘက ယခုအခြေအနေကို မျှော်လင့်ခြင်းမဲ့သော၊ ဘုရားသခင်နှင့်ပြန်၍မိဿဟာယဖွဲ့ခွင့်မရှိတော့သော အခြေအနေဟုထင်မှတ်ခဲ့ပါသည်။ ဘုရားသခင်သည်အပြစ်ကို ဆုံးမခြင်းမပြုဘဲမကျော်လွှားကြောင်း ယောဘသိပါ၏။ သို့သော်လည်း၊ မိမိသည် မှန်ကန်စွာနေ၍အပြစ်မပြုလျှင်ပင် ဤသို့သော ဒုက္ခဝေဒနာကိုခံရပါကြောင်း ဆိုခဲ့ပါသည် (ယောဘ ၁၀း၁၄-၁၅)။

ယောဘက မိမိပျော်ရွှင်စွာနေရန် ကြိုးစားလျှင်ပင် ဘုရားသခင်က မိမိကိုခြင်္သေ့ကဲ့သို့လိုက်ဖမ်းမည်ဖြစ်၍၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်အတူ ရှိတော်မူခြင်းက မိမိကိုသနားစရာအခြေအနေဖြစ်စေမည်ဟု ထင်မှတ်ခဲ့ပါသည်။ မိမိ၏မိတ်ဆွေများထင်မှတ်သကဲ့သို့၊ ယောဘသည် ယခုအခြေအနေကိုအပြစ်နှင့်ဆက်နွယ်သည်ဟု ထင်ထားပါသည်။ မိမိခံစားရသောဝေဒနာ၌ ထပ်၍ထပ်၍ ဝေဒနာပေးကြကြောင်း သူမှတ်ယူခဲ့ပါသည် (ယောဘ ၁၀း၁၆-၁၇)။ တဖန် ယောဘသည် အသေမွေးခဲ့လျှင် ကောင်းသားဟုဆိုခဲ့ပါသည်။ ယခု ခံစားနေရသောဝေဒနာကြောင့် သူသည် မွေးစကပင် သင်္ချိုင်း၌သင်္ဂြိုလ်ခံရလျှင် ပို၍ကောင်းမည်ဟုမှတ်ယူခဲ့ပါသည်(ယောဘ ၁၀း၁၈-၁၉)။ လူ့ဘဝသည် တိုတောင်းလှကြောင်းသိသဖြင့်၊ ယောဘက ဘုရားသခင်အားမသေမီ သက်သာခြင်းအနည်းငယ်ကိုတောင်းလျှောက်ခဲ့ပါသည်(ယောဘ ၁၀း၂၀)။ ရှေးလူတို့အသုံးပြုသော "သေခြင်းအရိပ်"ဟူသောစကားလုံးကို အသုံးပြုခဲ့ပါသည်(ယောဘ ၁၀း၂၁-၂၂)။ သို့သော်လည်း၊ အရင်က သူပြောခဲ့သောစကားအရ ယောဘသည် သေသောအခါ ဤကမ္ဘာလောက၏အခက်အခဲဒုက္ခဝေဒနာမှငြိမ်သက်ခြင်းထာဝရရမည်အကြောင်း သူယုံကြည်ခဲ့ပါသည် (ယောဘ ၆း၉-၁၀)။

ယောဘသည် မိန်းမောတွေဝေခြင်းဖြင့် ဘုရားသခင်၏စီရင်ခြင်းအမှု၌ ပြင်းထန်သောစကားလုံးအသုံးပြုလေ့ရှိပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို မေ့လျော့သော်လည်း သူသည်ဘုရားသခင်၏ဂရုဏာတော်နှင့်တရားမျှတမှုကို ဖော်ပြပါ၏။ ဘုရားသခင်ထံ ဆုတောင်း၍၊ စာတန်ထင်မှတ်မျှော်လင့်သကဲ့သို့ ဘုရားသခင်၌မိမိ၏ယုံကြည်ခြင်းကို မငြင်းပယ်ခဲ့ပါ။

ယောဘ၏ သစ္စာရှိခြင်းနှင့် သည်းခံနိုင်ခြင်း ကျွန်ုပ်တို့၌ရှိပါစေ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းခြင်းနှင့်တကွ သစ္စာရှိခြင်းနှင့်ကြံ့ကြံ့ခံနိုင်ခြင်းရှိသောအခါ ဘုရားသခင်အတွက်အမှန်ရပ်တည်ခြင်းနှင့် ယုံကြည်ခြင်း၌ အားကြီးသောသူဖြစ်လာကြပါသည်။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘသည်စိတ်ရှုပ်ထွေးခဲ့ပါသနည်း။
**ဆုတောင်းချက်-** နှုတ်ကပတ်တော်က ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားသည် လူ့အပြစ်ကိုပေါ်လွင်စေပါသည်ဟု ဖော်ပြထားပါသည်။

*“ထာဝရဘုရား၏စိတ်တော်ကို အဘယ်သူသိသနည်း”*

# ဇောဖာမြွက်ဆို၏

ယောဘ၏တတိယမိတ်ဆွေ၊ ဇောဖာကလည်း ဤသို့တုန့်ပြန်ခဲ့ပါသည်။ သူသည် ယောဘအားအကျိုးမရှိသောစကားကိုပြောသော နှုတ်သီးကောင်းသောသူဟု စတင်တိုက်ခိုက်ခဲ့ပါသည်။ များစွာပြောသောစကားက လူတို့ကိုတိတ်ဆိတ်စေမည်မဟုတ်ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ယောဘသည် တုန့်ပြန်ခြင်းခံရမည်အကြောင်း၊ သူတို့သည် ငြိမ်နေမည်မဟုတ်ကြောင်းဆိုခဲ့ပါသည် (ယောဘ ၁၁း၁-၃)။

မိမိ၏ဆင်းရဲဒုက္ခခံရခြင်းသည် မိမိအပြစ်ပြုသောကြောင့်မဟုတ်ဟု ယောဘတင်းဆိုခြင်းကို ဇောဖာသည်အမျက်ထွက်၍၊ ဤဒုက္ခဝေဒနာခံရချိန်၌ မိမိနှင့်ဘုရားသခင်၏မိဿဟာယဖွဲ့ခြင်းကောင်းမွန်ခဲ့ကြောင်း ယောဘဆိုခြင်းကို မုသားဟုဇောဖာဆိုခဲ့ပါသည် (ယောဘ ၁၁း၃-၄)။ ဇောဖာက ဘုရားသခင်သည် ယောဘအားသူ့အပြစ်အတိုင်း ပြစ်ဒဏ်ပေးခဲ့လျှင်၊ ယခုထက်ပို၍ ဝေဒနာခံရမည်ဟုဆိုခဲ့ပါသည် (ယောဘ ၁၁း၅-၆)။ ယနေ့၌လည်း ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရေး မိဿဟာယဖွဲ့ခြင်းရှိသည်ဟုဆိုခြင်းကို လူတို့သည်ဒေါသထွက်တတ်ကြ၏။ ယောဘ၏မိတ်ဆွေနှစ်ဦးကဲ့သို့ ဇောဖာကလည်း ဘုရားသခင်၏သန့်ရှင်းခြင်း၊ ကြီးမြတ်တော်မူခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ သို့သော်လည်း လူသည်ဘုရားသခင်၏ဇာတိသဘောနှင့်ပြုသောအမှုကို ကြိုးစားအားထုတ်လေ့လာရုံဖြင့် နားမလည်နိုင်ပါ။ ဘုရားသခင်၏ဉာဏ်တော်နှင့်နည်းလမ်းတို့သည် အလွန်ကြီးမြတ်သည်ဖြစ်သောကြောင့် လူ့အသိဉာဏ်ဖြင့်အကုန်အစင်သဘောပေါက် နားလည်ခြင်းမရှိနိုင်ပါ (ရောမ ၁၁း၂၂-၃၄)။

ဘုရားသခင်၏ကြီးမြတ်တော်မူခြင်း မိုးကောင်းကင်အမြင့်၊ မရဏာနိုင်ငံ၏အနက်၊ ကမ္ဘာမြေကြီး၏အကျယ်အဝန်း၊ ပင်လယ်ရေမျက်နှာပြင်ကြီးတို့နှင့်နှိုင်းယှဉ်ခဲ့ပါသည် (ယောဘ ၁၁း၈-၉)။ ဖန်ဆင်းရှင်သည် ဖန်ဆင်းခံအရာတို့အတွက် မိမိအသိဉာဏ်ဖြင့်သဘောပေါက်နားမလည်နိုင်ပါ။ နှုတ်ကပတ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏အသိဉာဏ်အလင်းပေးခြင်းဖြင့်သာ ဘုရားသခင်ကိုကျွန်တော်တို့သိနိုင်ကြ၏။ တမန်တော်ပေါလုက ခရစ်တော်၏ချစ်ခြင်းမေတ္တာကြီးမားမှုကို ကျွန်တော်တို့သိကြခြင်းငှါ ဆုတောင်းခဲ့ပါသည် (ဧဖက် ၃း၁၈-၁၉)။

ယောဘက ဘုရားသခင်သည် မိမိအပေါ်ကြမ်းတမ်းလှ၏ဟုဆိုသောအချက်ကို ဇောဖာကအပြစ်တင်ခဲ့ပါသည်။ ဘုရားသခင်သည် လူ၏ဆိုးသွမ်းမှုအပေါင်းကိုသိတော်မူသည်ဖြစ်၍ ရှေ့တော်၌ ကျွန်တော်တို့သည်နှုတ်ဆိတ်ကြရပါမည်ဟု ဇောဖာကဆိုခဲ့ပါသည် (ယောဘ ၁၁း၁၀-၁၁)။ ဇောဖာဆိုသကဲ့သို့ လူသည်ဘုရားသခင်ကို မိမိဉာဏ်အားဖြင့်မသိနိုင်ပါ။ သို့သော်လည်း ဘုရားသခင်သည် နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကိုဖော်ပြသည်ဖြစ်သောကြောင့် ကျွန်တော်တို့သိနိုင်ပါ၏ (ဟေဗြဲ ၁း၁-၂၊ ၁ ကော ၁း၄-၆)။ ဘုရားသခင်ကိုပို၍သိ၍ ပြုတော်မူသောအမှုကိုပို၍နားလည်နိုင်ခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပို၍လေ့လာကြပါစို့။

**ဆင်ခြင်ရန်** - ယောဘ၏အခိကပြဿနာဖြစ်စေသောအရာနှစ်ခုကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့ကို ကိုယ်တော်ရှေးဦးစွာချစ်တော်မူသောကြောင့် ကိုယ်တော်ကိုကျွန်တော်ချစ်ပါ၏(၁ ယော ၄း၁၉)။

တနင်္လာ၊ ဧပြီ (၂၅)

**ယောဘ ၁၁း၁၃-၂၀**

ဆာလံ ၇၃း၁-၁၂

*"အကယ်စင်စစ် ဘုရားသခင်သည်*
*နှလုံးသန့်ရှင်းသောသူ. . . ၌ ကျေးဇူးကြီးတော်မူ၏"*

## လူ့အတွေးအခေါ် အပေါင်းဘုရားသခင်၏သမ္မာတရား

ဇောဖာ၏မြွက်ဆိုချက်တွင် ဘုရားသခင်အကြောင်း သမ္မာတရားနှင့် သမ္မာကျမ်းစာမှားယွင်းစွာအသုံးပြုခြင်းနှင့်ဆိုင်သောအမှားများ ရောနှောလျက်ရှိကြောင်းတွေ့ရပါသည်။ ဇောဖာမြွက်ဆိုသောစကားတို့သည် မှန်သယောင်ရှိသော်လည်း၊ သူ၏မှတ်ချက်ပြုချက်တို့သည် မှားယွင်း၍ အသိဉာဏ်ကိုမှားယွင်းအသုံးပြုခြင်းဖြစ်ပါသည်။

ဇောဖာ၏မဝန်ခံ၊ နောင်တမရသောအပြစ်အကြောင်းဖော်ပြခြင်းသည် မှန်ပါ၏။ ဘုရားသခင်၏သားသမီးတို့ဘဝ၌အကြီးမားဆုံးသောဝေဒနာကို ခံစားစေသောအရာသည် နောင်တမရသော မဝန်ခံသောအပြစ်ပင်ဖြစ်ပါသည်။ ထိုအပြစ်က ကျွန်ုပ်တို့၏ပျော်ရွှင်ခြင်းနှင့်ဝိညာဉ်ရောင့်ရဲတင်းတိမ်ခြင်းတို့ကို လုယူ၍ ဆုတောင်းခြင်းမပြုနိုင်အောင်ဆီးတားတတ်ပါ၏(ဆာလံ ၆၆း၁၈)။ သို့သော်လည်း၊ ကျွန်တော်တို့သည်အပြစ်ကိုဝန်ခံ၍ ဘုရားသခင်၏ဂရုဏာတော်တို့ကို မှီခိုကိုးစားပါလျှင် ခွင့်လွှတ်ခြင်းနှင့်မိဿဟာယဖွဲ့ခြင်းတို့ကို ဂတိထားတော်မူ၏(၁ ယော ၁း၉)။

ဇောဖာက ယောဘအားမိမိကိုယ်ကိုစစ်ကြော၍ ထိုအပြစ်ကိုနောင်တရရန် တိုက်တွန်းခဲ့ပါသည်။ သို့မှသာ ဝိညာဉ်ရေးရာပြန်လည်ပြုပြင်ခြင်းခံရမည်ဟု ဆိုခဲ့ပါသည် (ယောဘ ၁၁း၁၃-၁၆)။ ဤအချက်၏ပြဿနာသည် သမ္မာတရားမှားယွင်းစွာအသုံးချခြင်းဖြစ်ပါသည်။ ယောဘ၏ပြဿနာသည်နောင်တရ မရသော ထိမ်ဝှက်ထားသောအပြစ်မဟုတ်သော ဘုရားသခင်နှင့်စာတန်အကြား စစ်ပွဲသာလျှင်ဖြစ်ပါသည်။ သူ့သူငယ်ချင်းတို့၌ ထိုအမှုကိုဖော်ပြနိုင်လောက်အောင် ဝိညာဉ်အသိဉာဏ်မရှိခဲ့ကြပါ။

ထို့ပြင် ဇောဖာသည် သမ္မာတရား၌လူတို့တီထွင်သောပုံပြင်ကို ပေါင်းထည့်ခဲ့ပါသည်။ ထိုသို့သောအမှုကို ယနေ့များစွာတွေ့ရပါသည်။ ဇောဖာက လူသည်ဘုရားသခင်ရှေ့၌မှန်ကန်ပါလျှင် အရာခပ်သိမ်းတို့သည် အဆင်ပြေချောမွတ်နေပါမည်ဟု ဆိုပါသည် (ယောဘ ၁၁း၁၇)။ ဘုရားသခင်၏ သားသမီးတို့ကိုဘယ်သူကမှ မကြောက်လန့်စေဘဲ မိတ်ဆွေဖွဲ့ကြပါမည် (ယောဘ ၁၁း၁၈-၁၉)။ တဖက်တွင် လူဆိုးတို့သည် ဆင်းရဲဒုက္ခကြုံရ၍ သူတို့၏မျှော်လင့်ချက်တို့သည် ပျောက်ကွယ်သွားလိမ့်မည်(ယောဘ ၁၁း၂၀)။

ဤသို့သော သွန်သင်ခြင်းကိုယနေ့များစွာတွေ့ရ၏။ ဘုရားသခင်၏ကယ်တင်ခြင်းရ၍ ကောင်းမွန်စွာအသက်ရှင်လျှင် ခန္ဓာကိုယ်ကျန်းမာခြင်း၊ ကြွယ်ဝခြင်းနှင့်အောင်မြင်ရ၍ ဆိုးသောသူတို့သည်ကျရှုံးကြရမည်။ ဤသွန်သင်ချက်သည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်လျက်ရှိ၏။ ဆာလံ ၇၃း၁-၁၂ ထဲတွင် လူဆိုးတို့သည်အောင်မြင်ခြင်းရ၍ ဖြောင့်မတ်သောသူတို့သည် ဒုက္ခဝေဒနာခံရသောကြောင့် ဆာလံဆရာစိတ်ဓာတ်ကျခဲ့ရကြောင်းဖော်ပြခဲ့ပါသည်။ ထာဝရနှင့်ဆိုင်သောအကြောင်းအရာကို နှလုံးသွင်းဆင်ခြင်သောအခါ၌သာ ခွန်အားရလျက် ပျော်ရွှင်ခဲ့ပါသည်။

ယနေ့ခေတ်စားနေသော လူ့မှုရေးတရားသွန်သင်ခြင်းကိုငြင်းပယ်၍ သန့်ရှင်းစင်ကြယ်သောဘုရားသခင်၏နှုတ်ကပတ်တော်နှို့စစ်ကိုသာ လိုချင်တောင့်တကြပါစို့။

**ဆင်ခြင်ရန်** - ဇောဖာ၏သွန်သင်ချက်၌တွေ့ရသောပြဿနာကား အဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ထာဝရတည်သောအရာတို့ကိုသာ စိတ်စွဲလန်းလျက် အသက်ရှင်မည့်အကြောင်းမစတော်မူပါ။

အဂ်ါ၊ ဧပြီ (၂၆)
**ယောဘ ၁၂း၁-၁၀**
ဆာလံ ၄၆း၁-၇

*"ထိုမြို့သည်ဘုရားသခင်ကျိန်းဝပ်တော်မူရာဖြစ်၍ တုန်လှုပ်ခြင်းမရှိရာ"*

# ဘုရားသခင်သည်ထိန်းချုပ်တော်မူ၏

ကျွန်တော်တို့အစဉ်တိုက်ခိုက်ခြင်းခံရသောအခါ မယုံကြည်သောသူတို့၏စိတ်သဘောထား လွယ်ကူစွာဝင်လာတတ်ပါသည်။ ယောဘသည် ဆက်လက်၍ဝေဒနာခံစားနေရသောကြောင့် အားငယ်နေခဲ့ပါသည်။ သူ့သူငယ်ချင်းတို့၏တိုက်ခိုက်မှုကြောင့် စိတ်မရှည်နိုင်ဖြစ်ခဲ့ရပါသည်။ ထိုအခါ ဒေါသထွက်၍သူတို့ကိုဆန့်ကျင်တုန့်ပြန်ခဲ့ပါသည်။ သူ့မိတ်ဆွေသုံးယောက်တို့သည် ထိုခေတ်ကာလ၏ပညာတတ်ဖြစ်ခဲ့ကြပါသည်။ ထိုနည်းတူ ယောဘသည်လည်း ဆင်ခြင်တွေးတောတတ်သော ပညာရှိဖြစ်ကြောင်းတွေ့ရပါသည် (ယောဘ ၁၂း၁-၃)။ ယောဘသည် ယခုအခါ မိမိ၏အခြေအနေကို လောကီလူတို့ကြည့်သကဲ့သို့ တွေးတောကြည့်ခဲ့ပါသည်။ ဤပြဿနာမတိုင်မီ သူသည်ဘုရားသခင်ကိုခေါ်၍ ဘုရားသခင်ထူးတော်မူ၏။ သူသည်ဖြောင့်မတ်မှန်ကန်စွာနေထိုင်ခဲ့ပြီး အပြစ်မပြုခြင်းငှါ သတိထားလျက်နေခဲ့သော်လည်း၊ ယခုအခါ သူသည်လှောင်ပြောင်စရာဖြစ်ခဲ့ပါသည်။ လူများတို့သည်သူ၏ဘုရားတရားကြည်ညိုခြင်းကို ပျက်ရယ်ပြုခဲ့ကြပါလိမ့်မည်(ယောဘ ၁၂း၄)။

အဆင်ပြေသောသူတို့သည် အဆင်မပြေသောသူတို့ကို ရှောင်ရှားတတ်ကြ၏။ အဆင်မပြေမှုကို ကူးစက်တတ်သောအရာကဲ့သို့သတ်မှတ်ကြ၏။ ရှေးလူတို့သည် အဆင်မပြေသောသူတို့ကို ရှောင်ရှားကြ၏။ သူတို့၏ကံမကောင်းမှုကို သူတို့ထံကူးစက်မည်ကိုကြောက်ကြ၏(ယောဘ ၁၂း၅)။

ယောဘက ဇောဖာ၏သွန်သင်ချက်သည် မှားယွင်းကြောင်းတုန့်ပြန်ခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကိုသိမြင်ခြင်းငှါ ဖန်ဆင်းသောအရာကိုကြည့်ရပါမည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုထိန်းချုပ်တော်မူ၏။ ထို့ပြင် ဖြောင့်မတ်သောသူသည်ဒုက္ခဆင်းရဲမကြုံနိုင်ဟု အာမခံချက်မရှိပါ။ ထိုနည်းတူ ဆိုးသွမ်းသောသူလည်းဆင်းရဲဒုက္ခကြုံကိုကြုံရမည်ဟူ၍မပြောနိုင်ပါ။ ဘုရားသခင်ခွင့်ပြုမှသာလျှင် ဖြစ်ပျက်ကြခြင်းဖြစ်ပါသည် (ယောဘ ၁၂း၆-၁၀)။

ယောဘသည် အံ့ဘွယ်ဖန်ဆင်းခြင်းကိုကြည့်၍ ဘုရားသခင်၏ဘုန်းအာနုဘော်တို့ကို သိမြင်လျက်ဘုရားသခင်အား ယေဟောဝါဟုခေါ်ခဲ့ပါသည်။ ဤဘုရားသခင်၏နာမတော်ကို ယောဘဝတ္ထုထဲ၌ ဤတစ်ကြိမ်သာတွေ့ရပါ၏ (ယောဘ ၁၂း၉)။ ယောဘသည် မိမိခံစားနေရသောဝေဒနာ၏အကြောင်းအရင်းကို နားမလည်သော်လည်း ဘုရားသခင်သည် ထိန်းချုပ်တော်မူကြောင်းသိမှတ်ခဲ့ပါသည်။

ယောဘ၏သူငယ်ချင်းတို့၏အတွေးအခေါ်သည် မှန်သောတရား၌အခြေမခံဘဲ လူ့အမြင်သက်သက်ဖြစ်သောကြောင့် ယောဘကမှားယွင်းကြောင်းကိုထောက်ပြခဲ့ပါသည်။ သူ၏အခြေအနေကြောင့် စိတ်ရှုပ်ထွေးမှုရှိခဲ့သော်လည်း မှန်ကန်သောတွေးခေါ်မှု သူ့၌ရှိခဲ့ပါသည်။ ထို့ကြောင့် လူ့အတွေးအခေါ်မှားယွင်းမှုနှင့်သွန်သင်ချက်တို့ကိုသိမြင်ခြင်းငှါ ကျွန်တော်တို့လည်း အသိဉာဏ်ရှိဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ယောဘသည် အဘယ်နည်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကိုသိမြင်ခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် ဤစကြဝဠာတစ်ခုလုံးကိုဖန်ဆင်းထိန်းချုပ်တော်မူသောဘုရားဖြစ်ကြောင်း ကျွန်တော်ယုံကြည်ပါ၏။

ဗုဒ္ဓဟူး၊ မေ (၂၇)
**ယောဘ ၁၂း၁၁-၂၅**
ဟေရှာ ၄၀း၁၀-၁၅

*"ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည် . . . ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏"*

# ဘုရားသခင်သည်စစ်မှန်သောအသိဉာဏ်၏အရင်းအမြစ်ဖြစ်တော်မူ၏

ယောဘသည် သူ့မိတ်ဆွေ၏ငြင်းခုံမှုကို ဆက်လက်၍တုန့်ပြန်ခဲ့ပါသည်။ ဇောဖာက ဘုရားသခင်အကြောင်းနှင့်ပြုတော်မူသောအမှု၌ ရှေးလူတို့၏အသိဉာဏ်ဖြင့်ဖော်ပြချက်ကို မငြင်းသင့်ဟုဆိုခဲ့ပါသည်။

ယောဘကလည်း အသက်ကြီးလာသောအခါ အသိဉာဏ်တိုးပွား၍ဘိုးဘေးတို့၏လက်ဆင့်ကမ်းပေးသောအသိဉာဏ်သည် တန်ဖိုးရှိကြောင်း မှတ်ယူခဲ့ပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် ထိုအသိဉာဏ်ကိုစစ်ကြောဖို့လိုပါသည်။ ရှောလမုန်က အဆိုးအကောင်းခွဲခြားတတ်ခြင်းငါ ဘုရားသခင်ထံ ဉာဏ်ပညာတောင်းခဲ့ပါသည် (၃ ရာ ၃း၉)။ ဘုရားသခင်သည်အလုံးစုံသောဉာဏ်ပညာကိုပိုင်ဆိုင်သောကြောင့် အနည်းငယ်သာသိကြသောရှေးလူတို့၏အသိဉာဏ်နှင့် လုံးဝနှိုင်း၍မရပါ (ယောဘ ၁၂း၁၁-၁၃)။

ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့်ပတ်သက်၍ ယောဘက ဇောဖာအားသိစေသည်မှာ ဘုရားသခင်ပြုသောအမှုတိုင်းသည် မှန်ကန်၍ အဘယ်သူမှငြင်းဆန်၍မရပါဟူ၍ဖြစ်ပါသည်။ သဘာဝတရားကိုအစိုးရ၍ အမိန့်ပေးသည်သာမက အစွမ်းသတ္တိနှင့်အသိဉာဏ်အပေါင်းတို့သည် ဘုရားသခင်၌ရှိကြ၏။ ထို့ကြောင့် ကောင်းသောအရာ၊ မကောင်းသောအရာ ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထိန်းချုပ်မှုအောက်၌ရှိကြ၏ (ယောဘ ၁၂း၁၄-၁၆)။

ဤလောက၌ရှိသောကြီးမြတ်သောပုဂ္ဂိုလ်တို့ကို ယောဘဆင်ခြင်တွေးတောခဲ့ပါသည်။ အာဏာရှိသောသူ၊ အသိဉာဏ်ရှိသောသူအပေါင်းတို့သည် အလုံးစုံကိုသိတော်မူသော အဆုံးစွန်အာဏာရှိတော်မူသောဘုရားသခင်ရှေ့၌ သူတို့သည်မိုက်မဲသောသူဖြစ်ကြ၏။ ရှင်ဘုရင်နှင့်ယဇ်ပုရောဟိတ်တို့ပင်လျှင် စစ်မှန်သောဘုရားသခင်ရှေ့၌ ဘာမှမဟုတ်ကြပါ။ ယခုခေတ် ပညာရှိတို့သည်လည်း ဘုရားသခင်ရှေ့၌ သူတို့၏ပညာသည်ဘာမှမဟုတ်ပါ။ အပြောကောင်းသောသူတို့ကလည်း ဘုရားသခင်၏အကြံအစည်တော်ကိုမပြောင်းလဲနိုင်ကြပါ။ ဤလောကရှိအဘယ်သူမျှ ဘုရားသခင်ရှေ့တော်၌မရပ်တည်နိုင်ကြပါ (ယောဘ ၁၂း၁၇-၂၁)။

ဆိုးသွမ်းသောသူတို့သည် အာဏာရခြင်းငှါ ကြိုးစားအားထုတ်ကြပြီး သူတပါးကိုလှည့်စားတတ်ကြ၏။ သူတို့၏လျှို့ဝှက်အကြံအစည်တို့သည် ဘုရားသခင်ရှေ့၌ဖုံး၍မရပါ (ယောဘ ၁၂း၂၂)။ သမိုင်းကိုကြည့်လျှင် အားကြီးသောနိုင်ငံတို့သည်လည်း ပျောက်ကွယ်ခဲ့ကြ၏။ သူရဲကောင်းတို့သည်လည်းပေါ်ထွန်းလာပြီးပျောက်ကွယ်ခဲ့ကြပါသည်။ ထိုအရာအားလုံးသည် ဘုရားသခင်၏အမိန့်တော်နှင့်အခွင့်တော်အားဖြင့် ပေါ်ထွက်လာကြခြင်းဖြစ်ပါသည်(ယောဘ ၁၂း၂၃-၂၅)။

ယောဘက ငြင်းဆန်၍မရသောသမ္မာတရားကိုဖော်ထုတ်ခဲ့ပါသည်။ ဘုရားသခင်ပြုတော်မူသောအမှုကို လူသည်အမြဲတမ်းနားလည်သဘောမပေါက်နိုင်ပါ။ သို့သော်လည်း အရာခပ်သိမ်းတို့သည် ဘုရားသခင်လက်ထဲ၌ရှိကြ၏။ ကျွန်တော်တို့သည်ဘုရားသခင်၏ဂရုဏာတော်နှင့် ကျေးဇူးတော်သို့ မိမိကိုယ်ကို တိုးဝင်ဆက်ကပ်ကြရပါမည်။

**ဆင်ခြင်ရန်** - ယောဘသည် ဘုရားသခင်၏တန်ခိုးတော်ကို မည်ကဲ့သို့သိမြင်ခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည်စကြဝဠာတစ်ခုလုံးကိုဖန်ဆင်းတော်မူ၍ အုပ်စိုးတော်မူသောထာဝရဘုရားဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဧပြီ (၂၈)
**ယောဘ ၁၃း၁-၁၁**
ဆာလံ ၁၁၃

*"ထာဝရဘုရားသည် လူမျိုးတကာတို့အပေါ်၌ . . . မြင့်တော်မူ၏"*

# ဘုရားသခင်ကိုကြောက်ရွံ့ရပါမည်

ယောဘသည် ထိုသို့တုန့်ပြန်စကားအကြာကြီးပြောခြင်းကြောင့် သူ့ဝေဒနာပို၍ခံစားလာမည်ဟုထင်ရပါသည်။ သူ့မိတ်ဆွေတို့ကို တုန့်ပြန်ပြောဆိုခြင်း၌ရဲရင့်ခြင်းရှိ၍ သူတို့ကသာ ဘုရားသခင်အကြောင်း သိသလိုပြောကြသည်ကို ပျက်ရယ်ပြုခဲ့ပါသည်။ ယောဘကလည်း မိမိ၏အတွေ့အကြုံနှင့်သူတပါး၏သွန်သင်ခြင်းအားဖြင့် ဘုရားသခင်၏ကြီးမြတ်မှုကိုသိခဲ့ပါသည် (ယောဘ ၁၃း၁-၂)။

ထိုသို့ သူ့သူငယ်ချင်းတို့နှင့် ငြင်းခုံခြင်းကိုယောဘပင်ပန်းလာပြီး မိမိအမှုကိုဘုရားသခင်ထံလျှောက်ခြင်းငှါတောင့်တခြင်းရှိလာ၏ (ယောဘ ၁၃း၃)။ သူ့မိတ်ဆွေတို့က အမှန်တရားမပြောဟု ယောဘဆိုခဲ့ပါသည်။ သူတို့သည် သမားတော်မဟုတ်ကြသောကြောင့် ယောဘ၏ဝိညာဉ်ရေးရာအနာရောဂါကိုမကုစားနိုင်ကြပါ။ သူတို့သည် စကားမပြောဘဲတိတ်ဆိတ်စွာနေခဲ့ကြလျှင် ပို၍ကောင်းလိမ့်မည်။ မိုက်မဲသောသူပင်လျှင် စကားမပြောဘဲနေသောအခါပညာရှိ၏ဟု ထင်မှတ်ရကြောင်း ယောဘဆိုခဲ့ပါသည် (ယောဘ ၁၃း၄-၅၊ သုတ္တံ ၁၇း၂၈)။ ထိုသို့တိတ်ဆိတ်စွာနေလျှင် ယောဘ၏စကားကိုနားထောင်ရသောအခွင့်ရကြပါလိမ့်မည်။ ယောဘက မိမိ၏အခြေအနေကိုပြောရသောအခွင့်ရှိသည်ဟု ထင်မှတ်ထားပါသည် (ယောဘ ၁၃း၇-၈)။

ယောဘ၏သူငယ်ချင်းတို့သည် ဘုရားသခင်ဘက်၌ရပ်တည်၍ပြောကြသည်ဟု ထင်ရသော်လည်း သမ္မာတရားအတိုင်း မပြုကြပါ။ ယောဘကသူတို့အားအမှန်တရားကို မှားယွင်းအသုံးချသောသူဟု စွပ်စွဲခဲ့ပါသည်(ယောဘ ၁၃း၇-၈)။

ဇောဖာက သမ္မာတရားကိုမပြောသောကြောင့် ယောဘကဘုရားသခင်သည် သူ့စကား၌နှစ်သက်ခြင်းရှိမည်မဟုတ်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်ကိုလူကဲ့သို့လှည့်စား၍မရပါ (ယောဘ ၁၃း၈-၉)။ ဘုရားသခင်ပြုတော်မူသောအမှုကို မှားယွင်းစွာပြောဆိုသောသူတို့ကို ဘုရားသခင်က စီရင်ဆုံးမတော်မူလိမ့်မည်။ မိမိသည်ဘုရားသခင်ကြောက်ရွံ့ခြင်းရှိမရှိကို သူ့မိတ်ဆွေအားယောဘမေးခဲ့ပါသည် (ယောဘ ၁၃း၁၀-၁၁)။

လူတို့သည် ဝိညာဉ်ရေးရာအမှု၌ သူတပါးကိုအကြံပေးလျက် ဘုရားသခင်ကိုမူ အလေးမထားကြကြောင်းတွေ့ရပါသည်။ မိမိတို့၏အတွေးအခေါ်နှင့်ယူဆချက်၌ အခြေခံ၍ ဘုရားသခင်အကြောင်းသိဖို့ကြိုးစားခြင်းသည် အန္တရာယ်ကြီးလှပါသည်။ ဘုရားသခင်နှင့်ပြုတော်မူသောအမှုတို့ကို အလေးထားသယောင်ရှိကြ၏။ ထိုသို့ ဘုရားသခင်အားလေးစားရိုသေခြင်းမရှိခြင်းသည် မယုံကြည်ခြင်းနှင့်ဆန့်ကျင်ခြင်းသဘောရှိခြင်းဖြစ်ကြောင်း ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း၌ တွေ့ရပါသည် (ဆာလံ ၃၆း၁၊ ရောမ ၃း၁၈)။ ထိုသူတို့နှင့်သမ္မာကျမ်းစာကို ဆန့်ကျင်၍ သွန်သင်သောသူတို့ကို သတိပြု၍ရှောင်ကြရပါမည်။

**ဆင်ခြင်ရန်** - ဇောဖာအပေါ် ယောဘ၏စွပ်စွဲချက်က အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏သမ္မာတရားသည် ထာဝရတည်သောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ ဧပြီ (၂၉)
**ယောဘ ၁၃း၁၂-၂၈**
ဆာလံ ၅း၁-၇

*"အို ထာဝရဘုရား၊ အကျွန်ုပ်ကိုတရားတော်လမ်းထဲသို့ ပို့ဆောင်တော်မူပါ"*

# ဘုရားသခင်ကိုကိုးစားမြဲကိုးစားပါ၏

ယောဘသည် ဇောဖာနှင့်ဧလိဖက်တို့ကို ဆက်လက်တုန့်ပြန်၍ သူတို့မြွက်ဆိုသောစကားသည် ပညာနှင့်ယှဉ်သောစကားမဟုတ်ဘဲ အကျိုးမရှိသောပြာကဲ့သို့ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ သူတို့၏မှားယွင်းသောမှတ်ချက်စကားသည် လူကိုအကူအညီမရစေပါ။ ယောဘက မိမိ၏အကြောင်းကိုဘုရားသခင်ထံလျှောက်ရခြင်းငှါ သူတို့အား တိတ်ဆိတ်စွာနေခြင်းငှါ ဆိုခဲ့ပါသည်။ အဘယ်အမှုဘဲဖြစ်ဖြစ် ယောဘသည်မိမိယုံကြည်သောအရာ၌တည်နေပါမည် (ယောဘ ၁၃း၁၂-၁၃)။

ယခုအခါ ယောဘ၏ရပ်တည်ချက်ကိုပို၍နားလည်ခြင်းငှါ ရှင်းလင်းသောကျမ်းပိုဒ်တို့ကိုတွေ့ရမည်ဖြစ်ပါသည်။ သူသည် ရှုပ်ထွေးခြင်းရှိ၍အလွန်စိတ်ခွန်အားနည်းသော်လည်း ဘုရားသခင်၌တည်သောသူ၏ယုံကြည်ခြင်းကိုမူ မစွန့်လွှတ်လိုပါ။ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းရှိ၏။ မိမိအတွက် အသက်အန္တရာယ်ရှိမည်ဆိုလျှင်လည်း ဘုရားသခင်ပြုတော်မူသောအမှု၌ မိမိ၏သဘောပေါက်နားလည်မှုကိုဖော်ပြလို၏။ သမ္မာတရားကိုစွန့်ပစ်လောက်အောင် လူ့အသက်ကို ကွယ်ကာဖို့မထိုက်တန်ပါ (ယောဘ ၁၃း၁၄)။

ဘုရားသခင်၏အလွန်သစ္စာရှိသော အစေခံကျွန်တို့ကပင်လျှင် တစ်ခါတစ်ရံဘုရားသခင်ပြုသောအမှုကိုနားမလည်ခဲ့ကြပါ။ ဘုရားသခင်၏နည်းလမ်းတို့သည် လူ့အသိဉာဏ်ဖြင့်နားမလည်နိုင်လောက်အောင် မြင့်မားလှပါသည်။ ဘုရားသခင်၏ဉာဏ်တော်သည် အလွန်ကြီးမြတ်အံ့ဘွယ်ကောင်းလှပါသည် (ရောမ ၁၁း၃၃)။ ကျွန်ုပ်တို့သည်အသက်တာသည် ယုံကြည်ခြင်းနှင့်ဆိုင်သောအရာဖြစ်ပါသည်။ ယောဘသည် မိမိ၏တည်မြဲသောယုံကြည်ခြင်းကို ဖော်ပြခဲ့ပါသည် (ယောဘ ၁၃း၁၅)။

ဘုရားသခင်အပေါ်ထားရှိသောယုံကြည်ကိုးစားခြင်းက မိမိကိုကွယ်ကာမည်ဟု လုံးဝယုံကြည်ခဲ့ပါသည်။ ဘုရားကိုအားကိုးယုံကြည်ခြင်းမရှိဘဲ ဘုရားသခင်ရှေ့၌ဘယ်သူမျှမရပ်တည်ရဲကြပါ (ယောဘ ၁၃း၁၆)။ ယောဘက မိမိသူငယ်ချင်းတို့အား မိမိ၏ယုံကြည်ခြင်းအကြောင်းကို နားထောင်စေလို၏။ မိမိ၌နောင်တမရမဝန်ခံသောအပြစ်ရှိကြောင်း မစွပ်စွဲနိုင်ကြပါ။ အခြားသူ၏အားနည်းချက်တို့ကို ဘုရားသခင်ကသာလျှင် တာဝန်ယူဖြေရှင်းပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏ ဂရုဏာတော်ထဲသို့တိုးဝင်လျက် မိမိခံစားနေရသောဤဆုံးမခြင်းဝေဒနာကို ဖယ်ရှားပေးရန်နှင့် မိမိပြုမိသောအမှားကိုဖော်ပြပေးရန် ယောဘကတောင်းလျှောက်ခဲ့ပါသည်။ ဤဆုံးမခြင်းကိုဖြစ်စေသော မသိခဲ့သောအပြစ်လွန်ကျူးခြင်းအမှုရှိခဲ့လျှင် ထိုအပြစ်ကိုဝန်ချတောင်းပန်၍ ဘုရားသခင်က ခွင့်လွှတ်တော်မူမည်ကို လုံးဝယုံကြည်ခဲ့ပါသည်(ယောဘ ၁၃း၁၇-၁၈)။

ယောဘသည် စိတ်ရှုပ်ထွေးခြင်းရှိ၍ အကျိုးအကြောင်းကောင်းကောင်းမသိသော်လည်း ဘုရားသခင်အပေါ် မိမိ၏ယုံကြည်ခြင်းကိုမစွန့်လွှတ်ခဲ့ပါ။ ယောဘထက် ဘုရားသခင်နှင့်နှုတ်ကပတ်တော်အကြောင်း ပို၍သိခွင့်ရခဲ့သောကျွန်တော်တို့သည် ယောဘကဲ့သို့ခိုင်ခံ့မြဲမြံသည်းခံခြင်းရှိပါမည်လား။

**ဆင်ခြင်ရန်** - ယောဘ၏အကြီးမြတ်ဆုံးခွန်အားက အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အသိဉာဏ်တော်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းငှါ မစတော်မူပါ။

စနေ၊ ဧပြီ (၃၀)

**ယောဘ ၁၄း၁-၁၂**

ဆာလံ ၁၄

*“ဘုရားသခင်မရှိဟု မိုက်သောသူသည်ထင်တတ်၏”*

# ဂရုဏာတော်မရှိလျှင်မျှော်လင့်စရာမရှိ

ကျွန်တော်တို့လေ့လာခဲ့သောယောဘအကြောင်း၌ ယောဘ၏အမြင် အချင်းချင်းဆန့်ကျင်သကဲ့သို့တွေ့ရပါသည်။ တစ်ဖက်တွင် ဘုရားသခင်အပေါ် မိမိ၏ယုံကြည်ခြင်းမစွန့်လွှတ်လိုခဲ့ပါ။ အခြားတစ်ဖက်တွင် ဘုရားသခင်အားမတရားသကဲ့သို့ဆိုခဲ့ပါသည်။ ယောဘက မိမိ၌နောင်တမရ၊ မဝန်ခံသောအပြစ်မရှိသော်လည်း မိမိအားဘုရားသခင်ကဆုံးမလျက်ရှိသည်ဟု သူမှတ်ယူခဲ့ပါသည်။

ကျွန်တော်တို့သိထားရမည်မှာ ယောဘ၌ဘုရားသခင်၏နှုတ်ကပတ်တော် ယနေ့၌ရှိသကဲ့သို့မရှိခဲ့ပါ။ မိမိခံစားနေရသောဒုက္ခဝေဒနာသည် အပြစ်ကြောင့် ဖြစ်သည်ဟုယောဘထင်သောကြောင့် သူ့စိတ်ရှုပ်ထွေးခဲ့ခြင်းဖြစ်ပါသည်။ သူသည် ဘုရားသခင်နှင့်စာတန်၏တိုက်ပွဲထဲ၌ ကျရောက်ကြောင်းကိုသူနားမလည်ခဲ့ပါ(ယောဘ ၁း၆-၁၂၊ ၂း၁-၆)။

လူသည် မွေးဖွား၍အသက်ကြီးလာပြီး သေသွား၏။ ဘဝ၌ခက်ခဲ၍မိမိအလိုတိုင်းပြောင်းလဲ၍မရပါ။ သို့သော်လည်း ထိုသိမ်ငယ်သောလူထဲမှ ယောဘကဲ့သို့သောလူကို ဘုရားသခင်က အမှုထဲသို့ကျရောက်စေ၍ ထိုအခြေအနေ၌ ယောဘတွင်သည်းခံနိုင်ခြင်းနှင့်ဆိုင်သော မျှော်လင့်စရာအနည်းသာရှိ၏ (ယောဘ ၁၄း၁-၃)။

မပြည့်စုံသောလူထဲ၌ ဘုရားသခင်၏စီရင်ခြင်းအမှုတွင် စုံလင်သောသူတစ်ဦးတစ်ယောက်ရှိခဲ့ပါလျှင် အံ့သြစရာကောင်းလှမည်ဖြစ်ပါသည်။ သို့သော်လည်း ယောဘက အပြစ်ကင်းသောသူတစ်ယောက်မျှမရှိကြောင်းသိခဲ့ပါသည်(ယောဘ ၁၄း၄)။ လူသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုမှီနိုင်သောအခွင့်မရှိသောကြောင့် ယောဘကဘုရားသခင်၏ဂရုဏာတော်ကို တောင်းလျှောက်ခဲ့ပါသည်(ယောဘ ၁၄း၅-၆)။

သစ်ပင်ကဲ့သို့ လူသည်မွေးရာမှသေသည်အထိ ပြုစုမွေးမြူခြင်းခံရပြီး သူ၏နောက်ဆုံးခရီးကိုမူ ပြောင်းလဲ၍မရပါ (ယောဘ ၁၄း၇၊ ၉)။ သို့သော်လည်း သစ်ပင်တွင်မူ မျှော်လင့်ချက်ရှိပါ၏။ သစ်ငုတ်ပင်လျှင် ရေကြောင့်ပြန်လည်ရှင်သန်နိုင်ပါ၏။ လူသည် သစ်ပင်ထက်နှစ်သက်စရာမကောင်းပါ။ သေသွား၍ဘာမျှချန်ထားခြင်းမရှိပါ။ မိမိခံစားနေရသောဝေဒနာကြောင့် ဘုရားသခင်၏ဂတိတော်တို့ကို မဆင်ခြင်နိုင်ဘဲရှိ၍ သချိုင်းတစ်ဖက်၌ရှိသောမျှော်လင့်ချက်ကို မမြင်နိုင်ခဲ့ပါ (ယောဘ ၁၄း၁၀-၁၂)။

သခင်ယေရှုခရစ်တော်ပြုတော်မူသောအမှု၌ ထင်ရှားသောဘုရားသခင်၏ဂရုဏာတော်နှင့်ကျေးဇူးတော်မရှိလျှင် လူ၌အဘယ်မျှော်လင့်ချက်မျှမရှိကြောင်း ယောဘဖော်ပြခဲ့ပါသည်။ သို့သော်လည်း ခရစ်တော်၌ သချိုင်းတစ်ဖက်အလွန် ထာဝရမျှော်လင့်ချက် ကျွန်တော်တို့၌ရှိပြီး ထိုမျှော်လင့်ချက်က ခက်ခဲသောကာလ၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကြံ့ခိုင်စေ၍ သည်းခံခြင်းကိုဖြစ်စေတတ်ပါသည် (၁ ကော ၁၅း၅၁-၅၃၊ ၅၈)။

**ဆင်ခြင်ရန်** - ယောဘသည် အဘယ့်ကြောင့် ထိုမျှလောက်သောစိတ်အားငယ်တွေးဝေမိန်းမောခြင်းကို ခံရပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့ကိုအလင်းပေးတော်မူသော ကိုယ်တော်၏နှုတ်ကပတ်တော်ကြောင့် ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ မေ (၁)
**ယောဘ ၁၄း၁၃-၂၂**
ဆာလံ ၂၇း၁-၅

*"ထာဝရဘုရားသည်*
*ငါ၏အသက်ခိုလှုံရာဖြစ်တော်မူ၏"*

# လူ့ဘဝအသက်ရှင်ခြင်းအကြောင်းလူ့အမြင်

ယောဘသည် ဆက်လက်၍မိမိ၏ပြဿနာကိုဖော်ပြခဲ့ပါသည်။ ဘုရားသခင်က မိမိအား ပစ်ထားခဲ့သည်ဟုယောဘထင်မှတ်ခဲ့သော်လည်း၊ မိမိ၏တစ်ခုတည်းသောမျှော်လင့်စရာသည် ဘုရားသခင်သာလျှင်ဖြစ်ကြောင်း သိမှတ်သဖြင့်ဘုရားသခင်ထံ ချဉ်းကပ်တောင်းလျှောက်ခြင်းပြုခဲ့၏ (နှိုင်း ဆာလံ ၄၆း၁)။

ယောဘသည် တဖန်သေခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။ မိမိအပေါ် ဘုရားသခင်၏ အမျက်ထွက်တော်ခြင်းကိုနားမလည်ခဲ့သောကြောင့်၊ ထိုဘုရားသခင်၏ဆုံးမခြင်းကို ရှောင်လွှဲခြင်းငှါ အကောင်းဆုံးနည်းလမ်းသည် သေခြင်းဟုသူထင်မှတ်ခဲ့ပါသည် (ယောဘ ၁၄း၁၃)။ ယောဘက သေခြင်းတဘက်၌ မျှော်လင့်စရာရှိသေးသလောဟုမေးခွန်းထုတ်ခဲ့ပါသည်။ လူ့အမြင်အားဖြင့် ကြည့်လျှင် မျှော်လင့်စရာမရှိတော့ဟု ဖြေရပါမည်။ သို့သော်လည်း၊ ဘုရားသခင်၏ကျေးဇူးတော်၌ မျှော်လင့်ခြင်းထားရှိသောသူတို့အဖို့ သင်္ချိုင်းတဖက်၌ အံ့ဖွယ်အနာဂတ်တည်းဟူသော အံ့ဖွယ်ပြောင်းလဲမှု ရှိနေသေးကြောင်း တွေ့ရပါ၏ (ယောဘ ၁၄း၁၄-၁၅၊ ဖိလိ ၃း၂၀-၂၁)။

လူသည် အပြစ်ကြောင့်ခံရမည့်အပြစ်ဒဏ်မှ မလွတ်မြောက်နိုင်ပါ။ ယောဘက မိမိသည် အပြစ်သားဖြစ်၍ ထိုပြစ်ဒဏ်ကိုခံရမည်အကြောင်း သိပါ၏ (ယောဘ ၁၄း၁၇-၁၉)။ သို့သော်လည်း ရှင်ပြန်ထမြောက်ခြင်းတရားကိုယုံကြည်ခဲ့ပါ၏။ သို့သော်လည်း၊ ယခုပြဿနာမှုကား သူယခုခံစား နေရသောဝေဒနာမှ သက်သာခြင်းကိုတောင့်တခြင်းဖြစ်ပါသည်။ ထိုသက်သာခြင်းကို ပေးတော်မူနိုင်သော မျှော်လင့်စရာတစ်ခုတည်းသော ဘုရားသခင်ပင်လျှင်ငြိမ်သက်စွာနေခြင်းဖြစ်ပါသည်။ ယောဘ ယခုဖော်ပြသောအချက်မှာ လူသည်ခန္ဓာကိုယ်သေခြင်းခံရသောအခါ ဤအစ၌ မိမိခံရသောနာကျင်ခြင်းဝေဒနာလည်း ပြီးဆုံးကြောင်း ဆိုလိုခြင်းဖြစ်ပါသည်(ယောဘ ၁၄း၂၀-၂၂၊ ဒေ ၉း၅-၆)။

ယောဘသည် သူ့မိတ်ဆွေသုံးယောက်တို့ကိုတုန့်ပြန်ခဲ့ပါသည်။ ယောဘသည် စစ်မှန်သော ငြိမ်သက်ခြင်းတရားကိုသိသော်လည်း၊ မိမိယခုခံစားနေရသောအမှု၌ ဘုရားသခင်သည် မှန်သော အမှုပြုသည်ဟု သူမထင်သဖြင့်စိတ်ရှုပ်ထွေးခြင်းရှိနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် သေခြင်းငှါ တောင့်တခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်နှင့်အတိတ်က မိမိ မိဿဟာယဖွဲ့ခြင်းကို နောင်တမရသည့်အပြင် ဆက်လက်၍ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းရှိခဲ့၏။

ယောဘခေတ်ကဲ့သို့မဟုတ်ဘဲ ယခုခေတ်တွင် ကျွန်တော်တို့ဒုက္ခဆင်းရဲကြုံတွေ့နေရသော အချိန်၌ ကျွန်ုပ်တို့ကိုခွန်အားပေးမည့် သမ္မာကျမ်းစာ ကျွန်ုပ်တို့လက်ထဲ၌ရှိပါ၏။ မိမိ၏အသိဉာဏ်ကို မကိုးစားဘဲဘုရားသခင်ကိုသာ ယုံကြည်ကိုးစားခြင်းငှါ တိုက်တွန်းထားပါသည်(သုတ္တံ ၃း၅-၆)။ ထိုသို့ပြုလျှင် ယောဘကဲ့သို့ကျွန်တော်တို့သည် "ငါ့ကိုသတ်တော်မူလျှင်လည်း ဆက်လက်၍ ကိုယ်တော်ကိုယုံကြည်ကိုးစားပါမည်" (ယောဘ ၁၃း၁၅)ဟုဆိုနိုင်ကြပါမည်။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘသည်စိတ်ရှုပ်ထွေးခဲ့ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုယုံကြည်ကိုးစားခြင်းက စုံလင်သောငြိမ်သက်ခြင်းကို ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ မေ (၂)
**ယောဘ ၁၅:၁-၁၃**
ယာကုပ် ၃:၁-၁၀

*"စကားအားဖြင့် မှားခြင်းမရှိသောသူ မည်သည်ကား၊ စုံလင်သောသူဖြစ်၏"*

## သတိမထားဘဲပြောသောစကား

ယောဘ၏ သူငယ်ချင်းသုံးဦးတွင် အသက်အကြီးဆုံးနှင့်ပညာအရှိဆုံးဟု ထင်ရသော ဧလိဖတ်က ယောဘကိုတုန့်ပြန်ခဲ့ပါသည်။ ယောဘအား ဘုရားသခင်ပြုသောအမှုကိုမေးခွန်းထုတ်သောကြောင့် မရိုသေမလေးစားသောစကား၊ အချည်းနှီးသောစကားကိုပြောသောသူဟု စွပ်စွဲခဲ့ပါသည်။ ဧလိဖတ်က ယောဘအား "မိမိဝမ်းကိုအရှေ့လေနှင့်ပြည့်စေသင့်သလော" (ယောဘ ၁၅:၂) ဟု ဆိုခဲ့ပါသည်။ ဤစကားသည် ရှေးအသုံးအနှုန်းဖြစ်၍ ဒေါသထွက်ခြင်းဖြင့်မိမိ၏စိတ်နှလုံးအတွေး အချည်းနှီးဖြစ်စေခြင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ "အချည်းနှီးသောစကား" (ယောဘ ၁၅:၂)ဆိုသည်မှာ အဓိပ္ပာယ်မရှိသော၊ အကျိုးမရှိသောစကားရှည်ကြီးကိုဆိုလိုပါ၏။

ယောဘသည် ဘုရားသခင်ထံဝတ်ပြုဆုတောင်းခြင်းကို ထိုသို့စကားပြောခြင်းဖြင့် ဆီးတားခြင်းပြုသည်ဟု စွပ်စွဲခြင်းခံရပါသည်။ ယောဘသည် ဒေါသထွက်၍ဘုရားသခင်အား မတရားသကဲ့သို့ စွပ်စွဲခြင်းအမှုကြောင့် ထိုသို့စွပ်စွဲခံရခြင်းမှာ မှန်ပါ၏။ စိတ်မကျေနပ်ခြင်းရှိသောအခါ စကားအားဖြင့်လွယ်ကူစွာအပြစ်ပြုတတ်ကြ၏ (ယောဘ ၁၅:၁-၆၊ မသဲ ၁၅:၁၁)။

ဧလိဖတ်က ယောဘအားပညာကိုအကုန်အစင်ပိုင်ဆိုင်သလောဟု မေးခွန်းထုတ်ခဲ့ပါသည်။ "သင်သည် အဦးဆုံးဘွားသောလူဖြစ်သလော" (ယောဘ ၁၅:၇)။ ဤအသုံးအနှုန်းကို ဘုရားသခင်ထံမှ ဉာဏ်ပညာရရှိသည်ဟုဆိုသောပုဂ္ဂိုလ်တို့ကို ရည်ညွှန်းသောစကားဖြစ်ပါသည်။ ယောဘအား သူတို့၌မရှိသောလျှို့ဝှက်သောအသိဉာဏ်အချို့ပိုင်ဆိုင်သလောဟု မေးခဲ့ပါသည်။

ဧလိဖတ်က ယောဘအားမိမိတို့၏နှိမ့်သိမ့်မှုကို ဒေါသစကားဖြင့်တုန့်ပြန်သည်ဟု စွပ်စွဲခဲ့ပါသည်။ ဤသည်ကား၊ မမှန်ပါ။ သူတို့သည်ယောဘအား ကြီးမားသောလျှို့ဝှက်အပြစ် သူ့၌ရှိကြောင်း မတရားစွပ်စွဲခဲ့ကြ၏ (ယောဘ ၁၅:၇-၁၀)။

ယောဘ၌ မိမိကိုလမ်းပြမည့်သမ္မာကျမ်းစာမရှိသောကြောင့် သနားစရာကောင်းလှပါသည်။ သူ၏ဒေါသကြောင့် သူပြောသောစကားတို့ကို သူ့သူငယ်ချင်းတို့ကမယုံကြည်နိုင်ခဲ့ကြပါ။ ယောဘသည် မိမိ၏ပြဿနာကိုအဓိကမထားဘဲ၊ ဘုရားသခင်နှင့်မိမိ၏မိဿဟာယဖွဲ့ခြင်းကို ပို၍အဓိကဖော်ပြခဲ့ပါလျှင်၊ သူ့သူငယ်ချင်းတို့နှင့်ဤအမှု၌ ပို၍အဆင်ပြေနားလည်ခဲ့ကြမည်ဟု ထင်ရပါသည်။

ဒုက္ခဆင်းရဲကြုံတွေ့နေရသောအခါ၊ ယောဘကဲ့သို့ အမှားမကျူးလွန်မိစေရန် သတိထားကြပါစို့။ ခံစားရသောဒုက္ခပြဿနာကို မကြည့်ဘဲ ဘုရားသခင်ကိုစေ့စေ့ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်ထင်ရှားပါလိမ့်မည်။ ကျွန်ုပ်တို့၏ပြောစကားသက်သေခံချက်ကို အသက်တာဖြင့်ထင်ရှားပြသကြရပါမည် (ယာကုပ် ၁:၂၂)။

**ဆင်ခြင်ရန်** - ယောဘ၏ အဓိကပြဿနာကားအဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ဘဝ၌ကြုံတွေ့ရသောစစ်ကြောခြင်းတို့သည် အကျွန်ုပ်ဝိညာဉ်ရေးရာကြီးထွားခြင်းကို ဖြစ်စေကြပါစေသော်။

အင်္ဂါ၊ မေ (၃)
**ယောဘ ၁၅း၁၄-၂၄**
ဟေရှာ ၆း၁-၇

*"ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည်ညစ်ညူးသောနှုတ်ခမ်းရှိလျက်. . . "*

# မပြည့်စုံသောလူ့အသိဉာဏ်

ဧလိဖတ်သည် လူသား၏ဆိုးသွမ်းမှုအကြောင်းကို ကောင်းကောင်းသိပါသည်။ ထို့ကြောင့် ဘုရားသခင်ရှေ့၌ မှန်ကန်သည်ဟုမိမိကိုယ်ကိုဆိုသော ယောဘအား မတရားသောသူဟုပြစ်တင်ခဲ့ပါသည်။ ဖန်ဆင်းရှင်ရှေ့၌အဘယ်လူသားမျှ ဖြောင့်မတ်သောသူဟု မရပ်တည်နိုင်ကြပါ။ ဘုရားသခင်ရှေ့တော်၌ကောင်းကင်တမန်တို့ပင်လျှင် စုံလင်ခြင်းမရှိလျှင်၊ လူ၌မျှော်လင့်စရာမရှိပါ (ယောဘ ၄း၁၈၊ ၅း၁၊ ၁၅း၁၄-၁၆)။

ယောဘဝတ္ထု၏အဓိကအချက်ဖြစ်သောလူသည် ဘုရားသခင်ထံလျှောက်တင်ပေးမည့် သံတမန်လိုအပ်ကြောင်းကိုထပ်၍တွေ့ရပါသည် (ယောဘ ၉း၃၃)။ လူသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုသိမြင်သောအခါ မိမိ၏ဆိုးသွမ်းမှုကိုမြင်တွေ့ရတတ်၏ (ဟေရှာ ၆း၁-၅)။

ဧလိဖတ်က လူဆိုးတို့ကသာလျှင် ဒုက္ခဆင်းရဲခံရကြောင်း ထပ်၍ဆိုပြန်၏။ သူ၏ပထမ မြွက်ဆိုမှုတွင် မိမိရရှိခဲ့သောအိပ်မက်ရူပါရုံကိုအခြေခံခဲ့၏။ ယခုအခါ ရှေးလူကြီးတို့၏ဉာဏ်ပညာ၌ အခြေခံ၍ ထိုသို့ဆိုခဲ့ပါ၏။ ထိုရှေးလူကြီးတို့၏ ဉာဏ်ပညာသည် အခြားသူတို့၏ပညာနှင့် မရောနှောသော၊ သူတို့ကြုံတွေ့သောအရာ၌ အခြေခံသောမှန်သောတရားဟု ဆိုခဲ့ပါသည် (ယောဘ ၁၅း၁၇-၁၉)။

ဧလိဖတ်က ဆိုးသောသူသည်တသက်လုံးဒုက္ခဆင်းရဲခံစားရမည်ဟုဆို၏။ အဆင်ပြေသောအချိန်၌ပင် "သူသည်ကြောက်မက်ဘွယ်သောအသံကို ကြားလျက်နေရ၏" (ယောဘ ၁၅း၂၁)။ ဆိုလိုသည်မှာ ငြိမ်သက်ခြင်းမရှိဘဲ၊ စိတ်ချောက်ချားနေသည်ဟူ၍ဖြစ်ပါသည်။ ဆာလံဆရာက လူဆိုးတို့၏ ကြွယ်ဝချမ်းသာမှုအကြောင်းကိုဖော်ပြ၍ (ဆာလံ ၇၃း၃)၊ လုကာ ၁၆ ထဲတွင် ကြွယ်ဝချမ်းသာခြင်းက ကျေနပ်ရောင့်ရဲမှုမပေးကြောင်းဖော်ပြထားပါသည်။ ဒုက္ခဆင်းရဲကြုံတွေ့ရသောအချိန်၌ ထိုအချက်သည် မှန်ကန်ကြောင်းတွေ့ရပါ၏ (ဟေရှာ ၅၅း၂၊ သုတ္တံ ၂၈း၂၂)။

ကယ်တင်ခြင်းမခံရသော၊ ကြွယ်ဝချမ်းသာသောသူတို့ ရေးဆွဲထားသော ဆိုးယုတ်သည့်ဘဝသင်ခန်းစာတို့ကိုတွေ့ရပါ၏။ သူတို့သည် ဆင်းရဲမည်ကိုကြောက်ရွံ့သဖြင့်ပို၍များပြားသော စည်းစိမ်ကြွယ်ဝချမ်းသာမှု၊ အာဏာနှင့်ကျော်ကြားမှုကို ရှာဖွေတတ်ကြ၏။ ထိုသူတို့ပြုမူသောအမှုက စိတ်ကျေနပ်ရောင့်ရဲမှုကို ထိုအရာတို့က မပေးနိုင်ကြောင်းပြသလျက်ရှိ၏(ယောဘ ၁၅း၂၀-၂၄)။

ထို့ကြောင့်၊ ယောဘသည် အပြစ်ကြောင့်ဒုက္ခဝေဒနာခံစားနေရကြောင်း ဧလိဖတ်၏မှတ်ချက်သည်မှားပါ၏။ ထိုသို့မှတ်ချက်ပေးရာ၌ ကယ်တင်ခြင်းမရသောသူ၊ ရောင့်ရဲခြင်းမရှိသော ထိုသူကို ဥပမာအဖြစ်အသုံးပြုသေး၏။ လောကီလူတို့ရှာဖွေသောကျော်ကြားမှုနှင့် ကြွယ်ဝချမ်းသာမှုနောက်မလိုက်ဘဲ၊ ဆာလံဆရာကဲ့သို့ ဘုရားသခင်၌ငြိမ်သက်ခြင်းကိုရှာဖွေကြပါစို့(ဆာလံ ၆၂း၁-၂)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝမှုက စိတ်ကျေနပ်ကိုမပေးပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကောင်းကြီးမင်္ဂလာကသာလျှင် ကျေနပ်ရောင့်ရဲမှုကို ပေးကြောင်း ကျွန်တော်ယုံကြည်ပါ၏။

ဗုဒ္ဓဟူး၊ မေ (၄)
**ယောဘ ၁၅:၂၅-၃၅**
ဟေရှာ ၅၉:၁-၈

*"ထာဝရဘုရားသည်မကယ်မတင်နိုင်အောင်
လက်တော်တိုသည်မဟုတ်"*

## အစမ္မလူ့သွားရာလမ်း

ဧလိဖတ်၏အခြေခံတရားသည် မမှန်သော်လည်း၊ သူပြောသောအရာတစ်ချို့မှာ မှန်ပါ၏။ ယခုကျမ်းပိုဒ်တွင် ကယ်တင်ခြင်းမခံရသောသူအကြောင်းကို ကောင်းစွာဖော်ပြထားပါသည်။

ဧလိဖတ်က လူဆိုးတို့ခံရသောပြစ်ဒဏ်၏အခြေခံအပြစ်နှစ်ချက်ကိုဖော်ပြခဲ့ပါသည်။ ပထမအပြစ်ကား၊ အနန္တတန်ခိုးရှင်ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သော မာနထောင်လွှားခြင်းဖြစ်၏။ "ကိုယ်ကိုခိုင်ခံ့စေ၏" (ယောဘ ၁၅:၂၅)ဟူသော အဓိပ္ပာယ်မှာ မိမိမဟုတ်ဘဲလျက်၊ ဟုတ်သကဲ့သို့ ဟန်ဆောင်ခြင်းဖြစ်ပါသည်။ ကြွယ်ဝချမ်းသာမှုက လူကိုစည်းစိမ်ဥစ္စာအားကိုးစေလျက်၊ ဘုရားသခင်ကိုဆင်ခြင်အောက်မေ့ခြင်းမရှိအောင် ပြုတတ်၏ (ယောဘ ၁၅:၂၆-၂၇၊ ဆာလံ ၇၃:၁၀)။ ကယ်တင်ခြင်းမခံရသောသူသည် ဘုရားသခင်ကိုဆန့်ကျင်သောသူဖြစ်၍၊ သမ္မာကျမ်းစာက ထိုသူကို ဘုရားသခင်၏ရန်သူဟုဖော်ပြထားပါသည် (ရောမ ၅:၁၀)။

ဒုတိယအပြစ်မှုကား၊ ဘုရားသခင်ကပြစ်ဒဏ်ပေးတော်မူကြောင်းကို လူတို့လက်မခံခြင်းပင်ဖြစ်ပါသည် - လူတို့အပြစ်ကြောင့် ဘုရားသခင်ဖျက်ဆီးခဲ့သောမြို့၌ သူသည်ကျေနပ်စွာနေခဲ့၏ (ယောဘ ၁၅:၂၈)။ ထိုသို့သောမြို့ကို ပြန်၍တည်ထောင်ခွင့်မပြုပါ (တရား ၁၃:၁၂-၁၆)။ ယနေ့တွင်၊ ဘုရားသခင်ကပြစ်ဒဏ်ပေး၏ဟူသောတရားကို လူတို့ကပြက်ရယ်ပြုကြ၏။ ထို့ကြောင့် လူဆိုးတို့၏ သားသမီးတို့သည် ပြစ်ဒဏ်ခံရာလမ်းသို့ ဆက်လက်လျှောက်လှမ်းနေကြရပါသည် (ယောဘ ၁၅:၂၉-၃၀)။

သမ္မာကျမ်းစာက ကယ်တင်ခြင်းမခံရသောသူတို့အားအပြစ်ကြောင့် ယခုဘဝကြုံတွေ့ရမည့်အန္တရာယ်နှင့်ထာဝရပြစ်ဒဏ်ခံရခြင်းအကြောင်းကို သတိပေးလျက်ရှိ၏။ လူဆိုးတို့အား ဤလောကီစည်းစိမ်ဥစ္စာကို မတည်မြဲသောအရာကို မကိုးစားကြရန် သတိပေးခဲ့ပါသည် (ယောဘ ၁၅:၃၁၊ ဟေရှာ ၅၉:၄)။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်ကိုဆန့်ကျင်လျက် မိမိကိုယ်ကိုအားကိုးသောသူတို့သည်အသက်တိုကြကြောင်း ဖော်ပြခဲ့ပါသည်။ သေပြီးနောက်ပြစ်ဒဏ်စီရင်ခြင်းရှိကြောင်းကို ကျွန်တော်တို့သိထားကြပါ၏ (ယောဘ ၁၅:၃၂၊ ဟေဗြဲ ၉:၂၇)။

ဘုရားသခင်နှင့်ကင်းကွာလျက် နေထိုင်သောသူသည် အချည်းနှီးပျောက်ကွယ်မည်ဖြစ်၍ သူ့သားသမီးတို့သည်လည်း ထိုလမ်းသို့လျှောက်သွားကြပါလိမ့်မည် (ယောဘ ၁၅:၃၃-၃၅)။ တဖက်တွင်၊ ဘုရားသခင်ကိုသိသောကျွန်တော်တို့သည် ကျွန်ုပ်တို့သားသမီးတို့က ဘုရားသခင်ကိုသိ၍ ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ လျှောက်ကြမည်ဟု မျှော်လင့်ချက်ရှိကြ၏။

ဘုရားသခင်အတွက် ကျွန်တော်တို့အမှန်အသက်ရှင်ကြပါစို့။

**ဆင်ခြင်ရန်** - ဖော်ပြထားသောအဓိကအပြစ်နှစ်ခုကားအဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ဘဝ၌အပြစ်ကိုသတိပြုမည့်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ မေ (၅)
**ယောဘ ၁၆း၁-၁၁**
ဆာလံ ၁၀၉း၂၁-၂၆

*"သနားခံခြင်းဂရုဏာ၏အဘ. . .*
*ဘုရားသခင်သည်မင်္ဂလာရှိတော်မူစေသတည်း"*

# အချည်းနှီးနှိမ့်သိမ့်ခြင်း

ယောဘသည် သူ့မိတ်ဆွေသုံးယောက်တို့၏ရှည်လျားလှသောစကားကို နှုတ်ဆိတ်၍နားထောင်ခဲ့ပါသည်။ သူတို့သည် လူ့အတွေးအခေါ်တို့နှင့်ပြည့်နှက်ကြ၏။ ထိုသူငယ်ချင်းတို့သည် သနားကြင်နာခြင်းအနည်းသာပြ၍၊ ယောဘ၏ပြင်းထန်သောဝေဒနာကို နားမလည်ကြဟုထင်ရပါသည်။ ဤအမှုကို အခွင့်အရေးယူ၍ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်လျက်ယောဘကို ရဲရင့်စွာဆုံးမခဲ့ကြပါသည်။ ယောဘက မိမိအပြစ်မကျူးလွန်ကြောင်း ပြောကြားချက်ကိုသူတို့ကလုံးဝလက်မခံဘဲငြင်းဆိုကြ၏။

နောက်ဆုံးတွင် ယောဘသည်ငြိမ်မနေနိုင်တော့ဘဲ သူတို့သည် အကူအညီမပေးကြကြောင်းဖော်ထုတ်ခဲ့ပါသည်။ သူတို့နေရာ၌နေလျှင် သူ့၌လည်းပြောစရာစကားများစွာရှိကြောင်း ယောဘဆိုပြီး၊ အနည်းဆုံးသူတို့၏ဝေဒနာကို သနားခြင်းရှိလိမ့်မည်အကြောင်း ဖော်ထုတ်ခဲ့ပါသည် (ယောဘ ၁၆း၁-၅)။ ယောဘ၏ပြောစကားကိုကြည့်လျှင် သူသည် ရှုပ်ထွေးလျက်ရှိကြောင်းသိနိုင်ပါသည်။ ဘယ်လိုနေနေ သက်သာခြင်းမရှိကြောင်းတွေ့ရပါ၏ (ယောဘ ၁၆း၆)။

ယောဘသည် မိသားစုတခုလုံးဆုံးရှုံးခဲ့ပြီး၊ ခံစားနေသောရောဂါအနာကြောင့် ပင်ပန်းလျက်ရှိပါ၏။ မိမိကိုယ်ကိုဖြောင့်မတ်ကြောင်းနှင့်သစ္စာရှိကြောင်းဆိုနေခြင်းသည် သူ၏လက်တွေ့အခြေအနေနှင့်ဆန့်ကျင်ဘက်ဖြစ်နေသကဲ့သို့ ပေါ်လွင်ပါ၏။ လူတို့က ပေါ်တင်ပြက်ရယ်ပြုကြပြီး၊ သူ့ဝေဒနာခံစားရခြင်းအကြောင်းအရင်းသက်သေကို ရှာကြ၏။ ယောဘအတွက်အခက်ခဲဆုံးသောအမှုဟူမူကား၊ အဘယ့်ကြောင့် ဘုရားသခင်သည်မိမိကိုလူဆိုးတို့ကဲ့သို့ ဆက်ဆံလျက်၊ ပစ်ပယ်ထားသကဲ့သို့နေပါသနည်းဟူသောအချက်ဖြစ်ပါသည် (ယောဘ ၁၆း၇-၁၁)။ ယောဘ၏စကား၌တွေ့ရသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကျမ်းစာမရှိဘဲ အသက်ရှင်ခြင်း၏ခက်ခဲမှုပင်ဖြစ်ပါသည်။ သူခံစားရသောပြဿနာ၏အကြောင်းအရင်းကို သိခြင်းငှါစိတ်ချရသောသတင်းစကားမိမိ၌မရှိခဲ့ပါ။

ယောဘ၏အသက်တာမှသင်ယူရသောသင်ခန်းစာတခုမှာ သနားကြင်နာခြင်းမရှိဘဲ သူတပါးကိုကျွန်တော်တို့နှိမ့်သိမ့်ခြင်းမပေးနိုင်ဟူသောအချက်ဖြစ်ပါသည်။ ထို့အပြင် မှားယွင်းသောအကြောင်းအရင်းကိုမပေးမိခြင်းငှါ ဘုရားသခင်မည်ကဲ့သို့အမှုပြုတော်မူသည်ကို သမ္မာကျမ်းစာအားဖြင့် နားလည်သဘောပေါက်ခြင်းရှိဖို့လိုအပ်ပါသည်။ ခက်ခဲသောအချိန်၌ ဘုရားသခင်က ကျွန်ုပ်တို့ကို နှိမ့်သိမ့်သကဲ့သို့ သူတပါးကိုကျွန်တော်တို့နှိမ့်သိမ့်လိုခြင်းရှိရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသိသောအခါ ထိုအမှုကိုကျွန်တော်တို့ပြုနိုင်ပါသည် (၂ ကော ၁း၃-၄)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘ၏သူငယ်ချင်းသုံးယောက်တို့၏နှိမ့်သိမ့်ခြင်းကြိုးစားအားထုတ်မှုသည် အချည်းနှီးဖြစ်ခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ဒုက္ခရောက်သောသူကို ကျွန်တော်နှိမ့်သိမ့်ခြင်းငှါ မစတော်မူပါ။

သောကြာ၊မေ (၆)
**ယောဘ ၁၆း၁၂-၂၂**
ဆာလံ ၆၆း၁၆-၂၀

*"အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊
ကိုယ်တော်သည်အလွန်ကြီးမြတ်တော်မူ၏"*

# ဘုရားသခင်မရှိလျှင်မျှော်လင့်စရာမရှိ

ယောဘသည် မိမိအပေါ်ဘုရားသခင်စီရင်သောပြစ်ဒဏ်အကြောင်း ပြောကြသောသူ့သူငယ်ချင်းသုံးယောက်တို့၏စွပ်စွဲချက်တို့ကို ဆက်လက်တုန့်ပြန်ခဲ့ပါသည်။ သူသည် ရောင့်ရဲတင်းတိမ်စွာနေထိုင်လျက် အရာရာအဆင်ပြေနေသောအချိန်၌ ဘုရားသခင်ကဒေါသတကြီး မိမိကိုတိုက်ခိုက်လာသည်ဟု မြည်တမ်းခဲ့ပါသည်။ ကြိုတင်သတိပေးခြင်းမရှိဘဲ၊ အကြောင်းရင်းသေချာမရှိဘဲ ထိုသို့ပြုခဲ့ပါသည်။ ယောဘသည် ဘုရားသခင်နှင့်စာတန်တို့၏တိုက်ပွဲထဲ၌ မိမိရောက်ရှိနေကြောင်းကို မသိခဲ့ပါ။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားသခင်ရှေ့၌ယောဘဖြောင့်မတ်စွာနေထိုင်၍ သစ္စာရှိသောကြောင့်ဖြစ်ပါသည် (ယောဘ ၁း၈-၁၂၊ ၂း၃-၅)။ ထိုသို့ပြင်းထန်သောအမှုဖြစ်နေသောအချိန်၌ ယောဘသည်ထိုအကြောင်းရင်းကို လုံးဝမသိခဲ့ပါ။

ယောဘသည်အလွန်ဝမ်းနည်းခြင်းရှိ၍၊ ထိုကာလအချိန်၌ပြုကြသကဲ့သို့ လျှော်တေအဝတ်ကိုဝတ်၍ မိမိခေါင်းပေါ်၌မြေမှုန့်ကိုတင်ခဲ့ပါသည် (ကမ္ဘာ ၃၇း၃၄)။ သူခံရသောဝမ်းနည်းကြေကွဲခြင်းသည် အမှန်နာကျင်ခြင်းရှိကြောင်း ထိုသို့ပြုခြင်းအမှုနှင့်သူ၏မျက်နှာနှင့်မျက်စိတို့အားဖြင့် ထင်ရှားခဲ့ပါသည် (ယောဘ ၁၆း၁၅-၁၆)။

ထိုသို့သော ဒုက္ခဝေဒနာခံရ၍ စိတ်ရှုပ်ထွေးမှုရှိသော်လည်း၊ ယောဘသည် မိမိလက်ဖြင့်အပြစ်မကျူးလွန်ကြောင်း ရိုးသေစွာမြွက်ဆိုပြီး၊ ဘုရားသခင်ထံမစခြင်းကို ဆက်လက်တောင်းလျှောက်ခဲ့ပါသည် (ယောဘ ၁၆း၁၇)။ ထိုသို့စိတ်ရှုပ်ထွေးခြင်းရှိသော်လည်း၊ ဘုရားသခင်ရှေ့၌ ယောဘသစ္စာရှိခြင်းသည် အံ့ဩစရာကောင်းလှပါသည်။ ခန္ဓာစိတ်ဝိညာဉ်ခံစားနေရသောဝေဒနာတို့ကြောင့် အော်ဟစ်မြည်တမ်းခြင်းပြုခြင်းကို နားလည်၍ရပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်နှင့်စိတ်နှလုံးနာကျင်ခြင်းဝေဒနာခံရသောအခါ သည်းခံလျက်နူးညံ့သောစိတ်ရှိဖို့ရန် အရေးကြီးလှပါသည်။

ယောဘ၌မဝန်ခံ နောင်တမရသောအပြစ်မရှိ၊ သူသည်အပြစ်ကင်းကြောင်း ဆက်လက်ဖော်ပြခဲ့ပါသည်။ သူတောင့်တသောအရာမှာ မိမိနှင့်ဘုရားသခင်ကြား၌ရပ်တည်လျက် သံတမန်အမှုပြုမည့်သူပင်ဖြစ်ပါသည် (ယောဘ ၉း၃၃)။ သူသည် သေ၍ယခုခံစားသောဝေဒနာမှ သက်သာခြင်းကိုတောင့်တလျက်ရှိ၏ (ယောဘ ၁၆း၁၉-၂၂)။

သမ္မာကျမ်းစာအားဖြင့် ထိုသံတမန်အမှုကို သခင်ယေရှုခရစ်တော်က ပြည့်စုံစေခဲ့ပြီဖြစ်ကြောင်း ကျွန်တော်တို့သိခဲ့ပြီး၊ ခက်ခဲသောကာလတွင် ခရစ်တော်၌ကျွန်တော်တို့ခွန်အားယူ၍ မကြာမီကြွလာတော်မူမည့်အကြောင်း၌ မျှော်လင့်ခြင်းရှိကြပါ၏။

**ဆင်ခြင်ရန်** - ယောဘတောင့်တသောအရာကားအဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ချိန်းချက်သောအချိန်၌ ကိုယ်တော်၏ထာဝရအကြံစည်တော်ကိုကျွန်ုပ်တို့ထံရှင်းလင်းစွာ ဖော်ပြမည်အကြောင်း ကျွန်တော်ယုံကြည်ခြင်းရှိပါ၏။

စနေ၊ မေ (၇)
**ယောဘ ၁၇း၁-၉**
ဆာလံ ၈၈း၁-၇

*"ဘုရားသခင်ကိုကြောက်ရွံ့သောသူအပေါင်းတို့ လာ၍နားထောင်ကြလော့"*

# ဘဝ၏အမှောင်ဆုံးအချိန်

ယောဘသည် တဖြည်းဖြည်းမိမိသေမည့်ရက်ကို ချဉ်းကပ်လျက်ရှိကြောင်းရှိပါ၏။ ဤသို့ ဒုက္ခဝေဒနာခံရလောက်အောင် မိမိ၌နောင်တမရသောအပြစ်မရှိကြောင်း ပြောကြားချက်ကို သူ့မိတ်ဆွေတို့က ပြက်ရယ်ပြုခဲ့ကြပါသည် (ယောဘ ၁၇း၁-၂)။

ယခုအခါ ယောဘသည်သူ့သူငယ်ချင်းတို့ထံမှလှည့်၍ ဘုရားသခင်ထံစကားပြောခဲ့ပါသည်။ သူသည်ခံထိုက်သောပြစ်ဒဏ်ကို ခံနေရသောအပြစ်သားကဲ့သို့ ဆက်ဆံခြင်းခံခဲ့ရပါသည်။ ယောဘက ဘုရားသခင်အား "အာမခံပေးပါလော့" (ယောဘ ၁၇း၃) ဟု တောင်းလျှောက်ခဲ့ပါသည်။ မိမိအတွက် ဘယ်သူမှလုပ်ပေးမည့်သူမရှိခဲ့ပါ။ တနေ့တွင် ကယ်တင်ရှင်သည်ကြွလာ၍ မိမိလူတို့အပေါင်းအပေါ်၌ ထာဝရတံဆိပ်ခတ်တော်မူလိမ့်မည် (ယောဘ ၁၇း၃၊ ဟေဗြဲ ၇း၂၂)။

ယောဘသည် ဘုရားသခင်ကသူ့မိတ်ဆွေနှင့်သူတို့၏ မှားယွင်းသောအမြင်ကို အောင်နိုင်ခြင်းပေးတော်မူမည်မဟုတ်ကြောင်း သေချာသိခဲ့ပါသည်။ သူတို့သည်မိမိတို့၏မိတ်ဆွေကို ရက်စက်စွာတိုက်ခိုက်ကြပြီး၊ ဘုရားသခင်ကို ဆန့်ကျင်သောသူဟုစွပ်စွဲခဲ့ကြပါသည် (ယောဘ ၁၇း၄-၅)။

ဘုရားသခင်က ယောဘအားဤလောကီလူတို့အလယ်၌ ထူးခြားသောသူဖြစ်စေခြင်းငှါ ထိုသို့ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ သူသည် ကျိန်ခြင်းခံရသောသူကဲ့သို့ဖြစ်ပါ၏။ ထို့ကြောင့် သူ၏ဝမ်းနည်းခြင်းကိုမျက်နှာ၌ ပေါ်လွင်ပြီး၊ သူ့ခန္ဓာကိုယ်သည် ဝေဒနာကြောင့်ကွဲကြေလျက် ရှိခဲ့ပါသည်။ ဖြောင့်မတ်သောသူတို့သည် ယောဘ၏ဒုက္ခဝေဒနာခံရခြင်း၌ အံ့ဩတွေဝေမိန်းမောခြင်းရှိခဲ့ကြ၏ (ယောဘ ၁၇း၆-၉)။

လူအပေါင်းတို့၏ ဆန့်ကျင်ခြင်းခံရသောအချိန်၌ သမ္မာတရားအတွက်ရပ်တည်ခြင်းသည် အလွန်ခက်ခဲလှပါ၏။ မိမိစိတ်နှလုံးထဲမှ မိမိသည်ဘုရားသခင်ကိုချစ်ကြောင်း ယောဘသိခဲ့ပါသည်။ မိမိအပေါ် ဘုရားသခင်အလိုမကျသောအရာကို ယောဘသည် မရှင်းပြတတ်သော်လည်း မိမိ၏ယုံကြည်ခြင်းကိုမြဲမြံစွာစွဲကိုင်ခဲ့ပါသည်။ ယောဘသည် မိမိ၏အမှောင်ဆုံးသောဘဝအချိန်၌ပင် သစ္စာရှိခဲ့ပါသည်။

ယခုနောက်ဆုံးကာလ၌ ကျွန်တော်တို့သည်လည်း ယောဘကဲ့သို့သစ္စာရှိကြပါစို့။ ထိုအခါ ကိုယ်တော်ကြွလာတော်မူသောအခါ ကျွန်တော်တို့သည် မျှော်လင့်ခြင်း၌ဝမ်းမြောက်လျက်၊ ခက်ခဲသောကာလ၌ သည်းခံလျက်၊ အစဉ်အမြဲဆုတောင်းလျက်နေသည်ကို ကိုယ်တော်တွေ့ရပါလိမ့်မည် (ရောမ ၁၂း၁၂)။

**ဆင်ခြင်ရန်** - စစ်ကြောခြင်းက ဖြောင့်မတ်သောသူအပေါ် မည်သည့်အကျိုးကိုဖြစ်စေပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အဖို့ ဒုက္ခဝေဒနာခံရခြင်းကို အခွင့်ထူးအဖြစ် ခံယူနိုင်ခြင်းငှါမစတော်မူပါ။

တနင်္ဂနွေ၊ မေ (၈)

**ယောဘ ၁၇း၁၀-၁၆**

ဆာလံ ၁၃၉း၁-၆

*"ထိုသို့သောဉာဏ်သည် အံ့ဩဘွယ်ဖြစ်၍ အကျွန်ုပ်မမှီနိုင်ပါ"*

## သမ္မာကျမ်းစာမရှိလျှင် စိတ်အားငယ်မှုသာဖြစ်၏

ယောဘသည် မိမိထံလာ၍ သူတို့၏ယုံကြည်ချက်အတိုင်း စွပ်စွဲပြောဆိုကြသောသူငယ်ချင်းတို့ကို စိတ်ရှုပ်လျက်စိန်ခေါ်ခဲ့ပါသည်။ အပြစ်ကြောင့်သာလျှင် လူ့အသက်တာ၌ ဒုက္ခဆင်းရဲရောက်လာကြောင်း ဘယ်လိုပြောပြော ယောဘသည်ထိုသို့လက်မခံခဲ့ပါ။ သူတို့သည် ပညာရှိဖြစ်၍ ယောဘ၏အခြေအနေမှန်ကို သူတို့သိခဲ့ကြပါလျှင် မှန်ကန်သောအကြံကိုပေး၍ ယောဘကိုကူညီပေးကြပါလိမ့်မည်။ သို့သော်လည်း၊ သူတို့၌ပညာမရှိပါ(ယောဘ ၁၇း၁၀)။

ယောဘသည် မိမိဘဝအသက်တာကို ဆင်ခြင်သုံးသပ်သောအခါ တုန်လှုပ်ခြင်းရှိခဲ့ပါသည်။ သူ့အစီအစဉ်တို့သည်ပျက်သုဉ်း၍ သူ့ပိုင်ဆိုင်မှု၊ ကျော်ကြားမှုနှင့် မိသားစုဆုံးရှုံးခဲ့ပါ၏။ ယခုအခါ ဘယ်အရာကိုမျှ သူမတောင့်တတော့ဘဲ ဤဒုက္ခဝေဒနာပြည့်နှက်သောဘဝကို ချုပ်ငြိမ်းဖို့သာတောင့်တပါ၏။ ထိုအချိန်၌ သူ့သူငယ်ချင်းတို့က ဘုရားသခင်၏တရားနှင့်ဆန့်ကျင်သော အကြံတို့ကိုပေးခဲ့ကြပြီး သူ့ဘဝကိုပို၍ရှုပ်ထွေးစေခဲ့ကြ၏(ယောဘ ၁၇း၁၁-၁၂)။ ယောဘ၌ ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာမရှိခဲ့သောကြောင့် ဝိညာဉ်နှင့်ဆိုင်သောတရားများစွာကို ကောင်းစွာနားမလည်ခဲ့ပါ။ ထို့ကြောင့် ဝေဒနာခံစားခြင်းမှငြိမ်သက်ခြင်းကိုရခြင်းငှါ သေခြင်းကိုတောင့်တခဲ့ပါ၏။ အသက်ရှင်ခြင်း၏အဓိပ္ပာယ်ကွယ်ပျောက်ခဲ့ပြီး ဤဘဝ၌ဘာမျှော်လင့်ခြင်းမှ မရှိတော့ပါ (ယောဘ ၁၇း၁၂-၁၆)။

ယောဘ၏စကားလုံးတို့၌ ဘုရားသခင်သည်အရာခပ်သိမ်းကိုအစိုးရတော်မူ၏ ဟူသောအချက်ကိုမသိသောသူတို့၏အဆုံးသတ်ကိုတွေ့ရပါသည်။ ဤကဲ့သို့ ယောဘဒုက္ခခံစားနေရသောအချိန်၌ ဓမ္မဟောင်းကျမ်းများစွာမရှိသေး၊ ဓမ္မသစ်ကျမ်းလုံးဝမရှိသေးပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့မခံနိုင်သောဒုက္ခဆင်းရဲကို မခံရမည်အကြောင်းဖော်ပြခဲ့ပါသည် (၁ ကော ၁၀း၁၃)။ ကျွန်ုပ်တို့၏ဘဝအမှောင်ဆုံးအချိန်၊ စိတ်ဓာတ်အလွန်ကျနေချိန်၌ ဤသို့သော ဂတိစကားကြားရခြင်းသည် အလွန်အံ့ဩဝမ်းမြောက်စရာကောင်းလှပါသည်။ ဖြောင့်မတ်ခြင်းတရားကြောင့် ဒုက္ခဆင်းရဲခံရခြင်းသည် ခရစ်ယာန်၏အသက်တာတစ်စိတ်တစ်ပိုင်းဖြစ်ပါသည် (၁ ပေ ၃း၁၄)။ ထိုသို့သောအချိန်၌ ကျွန်ုပ်တို့၏ခွန်အားသည် ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာကျမ်းစာပင်ဖြစ်ပါသည်။

ခက်ခဲသောအချိန်၌ သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့လိုအပ်သမျှကို ဖြည့်ဆည်းပေးတော်မူမည်အကြောင်းသိလျက် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဂတိတော်ကို ဖက်တွယ်ကြပါစို့။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘသည် ထိုသို့သောစိတ်ဓာတ်ကျခြင်းကို ခံစားနေရပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည် အဆုံးစွန်အာဏာရှိတော်မူသောဘုရားဖြစ်ပါ၏။ အဘယ်ဒုက္ခမျှ ကိုယ်တော်ခွင့်မပြုဘဲ အကျွန်ုပ်ဘဝ၌ရောက်မလာကြပါ။

တနင်္လာ၊ မေ (၉)
**ယောဘ ၁၈း၁-၁၁**
ဆာလံ ၇၃း၂၂-၂၈

*"ကိုယ်တော်နှင့်ဝေးဝေးနေသောသူတို့သည်
ပျက်ဆီးခြင်းသို့ ရောက်ကြရပါ၏"*

# ဗိလဒဒ်သည် တဖန်မြွက်ဆို၏

ဗိလဒဒ်သည် ယောဘအား ဒုတိယအကြိမ်တုန့်ပြန်ခဲ့ပါသည်။ သူက ယောဘအား ကောင်းကောင်းဆင်ခြင်လျက် သူတို့နှင့်သဘောတူမှုတစုံတရာရှိခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ဗိလဒဒ်သည် ယောဘက သူတို့အားပညာမရှိသောသူ၊ နားလည်သဘောပေါက်ခြင်းမရှိသောသူ၊ တောရိုင်းတိရစ္ဆာန်ထက်အနည်းငယ်သာ သာလွန်သောသူဟုစွပ်စွဲခြင်းကို ဒေါသထွက်ခဲ့ပါသည်(ယောဘ ၁၈း၁-၃)။ ပုံမှန်ယုံကြည်ချက်နှင့်ဆန့်ကျင်လျက်ရှိသော သမ္မာတရားကို ခရစ်ယာန်တို့ကဟောပြောသောအခါ သူတို့ကို သင်းခွဲသောသူ၊ ချစ်ခြင်းမရှိသောသူဟု သတ်မှတ်တတ်ကြ၏။

ဗိလဒဒ်က မိမိ၏ခံယူချက်တို့သည် မှန်ကန်သည်ဟုသတ်မှတ်ခဲ့ပါသည်။ ထာဝရတည်သောတရားကို ဒေါသတကြီးတိုက်ခိုက်ဆန့်ကျင်ခြင်းဖြင့် ပြောင်းလဲသွားခြင်းမရှိနိုင်ဟု သူဆိုခဲ့ပါသည်။ ဗိလဒဒ်၏ထာဝရတည်သောတရားမူကား ဒုက္ခဆင်းရဲခြင်းသည် အပြစ်ကြောင့်သာလျှင်ဖြစ်သည်ဟူ၍ဖြစ်ပါသည် (ယောဘ ၁၈း၄)။

ယခုတွင် ဗိလဒဒ်သည် လူဆိုးတို့၏အခြေအနေကိုဖော်ပြခဲ့ပါသည်။ အပြစ်ကြောင့် ဒုက္ခဆင်းရဲခြင်းဘယ်တော့မှရောက်မလာဟု ယောဘမဆိုခဲ့ပါ။ မိမိအမှု၌ ဤဒုက္ခဆင်းရဲခြင်းဝေဒနာကိုဖြစ်စေမည့် နောင်တမရ၊ ဝန်မခံသောအပြစ် မိမိ၌မရှိဟုသာဆိုခြင်းဖြစ်ပါသည်။

ဗိလဒဒ်မြွက်ဆိုသောအချက်သည် မှန်ပါ၏။ သို့သော်လည်း ယောဘအမှုနှင့်သက်ဆိုင်မှုမရှိပါ။ လူဆိုးတို့သည် သူတို့၏ဆီမီးကိုချုပ်ငြိမ်းစေကြလိမ့်မည်။ ဤသည်ကား ဆိုရိုးစကားဖြစ်၍ ဆီမီးငြိမ်းခြင်းဆိုသည်မှာ အနွေးဓာတ်မရတော့ခြင်းနှင့် အမှောင်ကျရောက်ခြင်းဟူသော ဒုက္ခပြဿနာကိုဆိုလိုခြင်းဖြစ်ပါသည်။ အပြစ်သားသည် ကြိုးစားအားထုတ်၍အသက်ရှင်ခြင်းကို ရှာဖွေသော်လည်း မကြာမီသူ့ယုံကြည်ချက်သည် အားလျော့လာပါလိမ့်မည် (ယောဘ ၁၈း၅-၇)။

ဆိုးသွမ်းသောသူသည် အပြစ်ကျော့ကွင်း၌ကျပါလိမ့်မည်။ လွတ်မြောက်ရာလမ်းမရှိပါ။ သေခြင်းကို တစ်ကိုယ်တည်းရင်ဆိုင်ရပါမည်၊ မစမည့်သူမရှိပါ။ ဆာလံဆရာက ဘုရားမသိသောသူတို့သည် မိမိတို့တူးသောတွင်းထဲသို့ကျပါလိမ့်မည်ဟု ဆိုထားပါသည် (ဆာလံ ၉း၁၅)။ ဘုရားသခင်ကိုမသိသောသူတို့၏ဝမ်းနည်းစရာဘဝနိဂုံးကို သမ္မာကျမ်းစာက ဖော်ပြထားခြင်းဖြစ်ပါသည် (ယောဘ ၁၈း၈-၁၁)။

သခင်ယေရှုခရစ်တော်ကိုသိခြင်းနှင့် ကိုယ်တော်လမ်းပြမှုအောက်၌ကျင်လည်ခြင်းသည် ဝမ်းမြောက်စရာအလွန်ကောင်းလှပါ၏။ ဘဝ၌ကြုံတွေ့ရသောသူအပေါင်းတို့ထံသို့ ထိုပျော်ရွှင်စရာသတင်းစကားကိုမျှဝေကြပါစို့။

**ဆင်ခြင်ရန်** - ဗိလဒဒ်၏စကားသည် မည်သို့မှန်ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၌အံ့ဘွယ်မိတ်ဆွေယေရှုရှိသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

*"တရားသဖြင့်ပြုတော်မူသော ထာဝရဘုရားသည် တရားသောအမှုကိုနှစ်သက်တော်မူ၏"*

# အဓမ္မလူတို့၏ဆင်းရဲဒုက္ခ

ဗိလဒဒ်ကဘုရားသခင်ကိုဆန့်ကျင်သောသူတို့၏ အခြေအနေကိုထင်ရှားစွာဖော်ပြခဲ့ပါသည်။ ဆိုးသွမ်းသောသူတို့သာလျှင်ဆင်းရဲဒုက္ခခံရ၍ ဖြောင့်မတ်သောသူတို့သာလျှင်ကြွယ်ဝချမ်းသာ၍အဆင်ပြေကြကြောင်းယောဘအား သက်သေပြခြင်းငှါသူကြိုးစားအားထုတ်ခဲ့ပါသည်။

ဤလောက၌လူဆိုးတို့သည်ကြွယ်ဝချမ်းသာကြကြောင်း ကျွန်တော်တို့တွေ့ရပါ၏။ ထို့ကြောင့်ဗိလဒဒ်သည်မှားပါ၏။ ဆာလံဆရာကလူဆိုးတို့ကြွယ်ဝချမ်းသာကြကြောင်းကို မြင်တွေ့သောအခါ အားလျှော့လျှက်ရှိကြောင်းဖော်ပြခဲ့ပါသည်။ သို့သော်လည်းဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းရှိသောအခါသူတို့ခံရမည့် ထာဝရပြစ်ဒဏ်အကြောင်းကို ဆာလံဆရာသိခဲ့ပါသည်(ဆာလံ ၇၃း၂-၃၊၁၇)။

ဤလောက၌ဖြောင့်မတ်သောသူတို့သည် ကြီးမားသောဒုက္ခဆင်းရဲကိုကြုံတွေ့ခဲ့ကြကြောင်း ကျွန်တော်တို့သိကြပါ၏။ ထို့ကြောင့် ဗိလဒဒ်သည်မှားပါ၏(ဟေဗြဲ ၁၁း၃၆-၃၈၊၁ ပေ ၁း၆)။

သို့သော်လည်း၊ လူဆိုးတို့သည်ချမ်းသာ၍ အာဏာရှိကြသောအချိန်၌လည်း စိတ်နှလုံးငြိမ်းချမ်းမှုမရှိဘဲ၊ စိုးရိမ်ပူပန်ခြင်းရှိလျက် ဒုက္ခခံစားရကြ၏။ ထို့ကြောင့် ဗိလဒဒ်ဖော်ပြသောလူဆိုးတို့၏ အကြောင်းသည် တခါတရံမှန်ကန်ပါ၏။ ဘုရားသခင်မပါသောဘဝသည် အလွန်ထိတ်လန့်စရာကောင်းလှပါ၏။

ယနေ့ကျမ်းပိုဒ်၌တွေ့ရသော ဟေဗြဲကဗျာအရေးအသားသည် အဓမ္မလူတို့၏အလုံးစုံပျက်စီးခြင်းအကြောင်းကို ဖော်ညွှန်းထားပါသည်။ သေခြင်းကိုချဉ်းကပ်စဉ် ခြေလှမ်းတိုင်း၌ကြုံတွေ့ရမည့်ဒုက္ခဆင်းရဲကို ပုံဖော်ထားပါသည် (ယောဘ ၁၈း၁၂-၁၃)။ သူတို့ကို ပျော်ရွှင်စေသောသူတို့၏ အိမ်၊ မိသားစုနှင့်ပိုင်ဆိုင်မှုစည်းစိမ်ဥစ္စာတို့သည် တခဏအတွင်းပျောက်ကွယ်နိုင်ပါ၏။ ထို့ပြင် သူ့သားသမီးတို့ကပင်လျှင် သူ့ကိုသတိရခြင်းရှိမည်မဟုတ်ပါ (ယောဘ ၁၈း၁၄-၁၉)။ နောက်ဆုံးတွင်၊ ဗိလဒဒ်က ထိုသို့သောလူဆိုးတို့၏နောက်ကို လိုက်သောသူတို့သည် သူတို့၏ပြစ်ဒဏ်ကို ဘုရားသခင်က ခံစေမည်ဟုဖော်ပြခဲ့ပါသည် (ယောဘ ၁၈း၂၀-၂၁)။

ကယ်တင်ခြင်းမရသောသူ၏ ဤအဆုံးသတ်နိဂုံးအကြောင်း ပုံဖော်ခြင်းသည် မှန်ကန်ပါ၏။ သို့သော်လည်း၊ ယောဘနှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ယောဘ၏သူငယ်ချင်းတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်းနှင့်တကွ ဖြောင့်မတ်ခြင်းတရားရောက်လာခြင်းကိုမသိခဲ့ကြပါ။ ခက်ခဲသောကာလ၌ ဘုရားသခင်၏သားသမီးတို့သည် မိမိတို့၏ အပြစ်များမှာ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အပြစ်လွှတ်ခြင်းခံရပြီးဖြစ်ကြောင်း သိခြင်းမှာ ဝမ်းမြောက်စရာကောင်းလှပါ၏။

**ဆင်ခြင်ရန်** - လူဆိုးတို့ခံစားရသောဆင်းရဲဒုက္ခအချို့ကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်ကြောင့်သာ ကျွန်တော်ထာဝရကယ်တင်ခြင်းခံရကြောင်း ကျွန်တော်သိရှိဝန်ခံပါ၏။

**ယောဘ ၁၉း၁-၁၅**
ဆာလံ ၃၅း၂၄-၂၈ *“. . . ထာဝရဘုရားသည်ဘုန်းကြီးတော်မူစေသတည်း”*

# အထီးမကျန်ပါ

ဝေဒနာခံစားနေစဉ် ယောဘသည်သူ့မိတ်ဆွေတို့၏စကား၌ နှိမ့်သိမ့်မှုမရဘဲ၊ သူတို့၏စကားက သူ့ကိုပို၍နာကျင်စေကြောင်းဆိုခဲ့ပါသည်။ “ဆယ်ကြိမ်မြောက်အောင် ငါ့ကိုကဲ့ရဲ့ကြပြီ” (ယောဘ ၁၉း၃)ဆိုသည်မှာ တကယ့်ဆယ်ကြိမ်ကိုမဆိုလိုဘဲ၊ လိုသည်ထက် ပိုအောင်ပြုကြခြင်းကိုဆိုလိုပါ၏။ သူ့မိတ်ဆွေတို့သည် လိုသည်ထက်ပိုသောစကားကို ပြောကြပြီးဖြစ်သောကြောင့်၊ သူ့ကိုအဘယ်ကြောင့် ဆက်လက်၍နှောင့်ယှက်နေကြပါသနည်း (ယောဘ ၁၉း၁-၄)။

နာကျင်စွာဝေဒနာခံစားရသောကြောင့် ယောဘသည်အဘယ့်ကြောင့် ဘုရားသခင်က မိမိကိုမတရားစီရင်ပါသနည်းဟု အော်ဟစ်ခဲ့ပါသည်။ ဂရုဏာတော်ကိုတောင်းလျှောက်သော်လည်း၊ အဖြေမရခဲ့ပါ။ ယခုမှာသူသည်အပြစ်မကျူးလွန်သော်လည်း အရာရာတိုင်းဆုံးရှုံးခဲ့ပြီ။ ဘုရားသခင်သည် မှန်ကန်တော်မူ၍ မိမိကိုယုံကြည်သောသူတို့အား ဖြောင့်မတ်စေတော်မူသောသူဖြစ်သည်ဟူသော ယောဘ၏ယုံကြည်မှုကိုကျမ်းပိုဒ်အချို့၌ဖော်ပြခဲ့ပါသည်။ မိမိအပေါ် ဘုရားသခင်မတရားပြုသည်ဟု တခါတရံအော်ဟစ်မြည်တမ်းခြင်းသည် ယောဘ၏ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ဝေဒနာခံစားမှုနာကျင်ခြင်းကိုပြသသည်ဟု မှတ်ယူရပါမည် (ယောဘ ၁၉း၅-၁၁)။

ယောဘသည် ဘုရားသခင်ကမိမိကိုတိုက်ခိုက်သည်ဟု ထင်မှတ်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏မိတ်ဆွေဖြစ်သော်လည်း၊ ရန်သူကဲ့သို့ဆက်ဆံခြင်းခံရခဲ့၏ (ယောဘ ၁၉း၁၂)။ မိမိကိုယ်ကိုအထီးကျန်သည်ဟု ခံယူခဲ့ပါသည်။ သူ့ညီအစ်ကို၊ အသိမိတ်ဆွေတို့က သူ့ကိုရှောင်ကြပြီး၊ ယခု သူ့သူငယ်ချင်းသုံးဦးတို့ကလည်း ဖြောင့်မတ်ခြင်းမရှိသောအပြစ်သားဟု တိုက်ခိုက်ခဲ့ကြပါသည် (ယောဘ ၁၉း၁၃)။ ထို့ပြင် သူ့ဆွေမျိုးသားချင်းတို့က သူ့ကိုပစ်ထားကြပြီး (ယောဘ ၁၉း၁၄)၊ မိမိအပေါ်၌ ကျေးဇူးတင်ရှိသောအိမ်က အလုပ်သမားတို့ကပင်လျှင် ဝေဒနာခံစားရသောကြောင့် မြည်တမ်းခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုသိသောသူတို့သည် ဘယ်တော့မှအထီးကျန်သောသူမဟုတ်ကြပါဟူသောတရားကို ယောဘကတခဏမေ့လျော့ခဲ့ပါသည်။

အခက်အခဲဒုက္ခကြုံတွေ့ရသောအခါ၊ ဘုရားသခင်၏လူကျွန်တော်တို့သည် ကျွန်ုပ်တို့၏ပြဿနာနှင့်ဒုက္ခကိုမကြည့်ဘဲ ဘုရားသခင်ကိုသာမျှော်ကြည့်ကြရပါမည်။ ထိုအခါ၊ ဘုရားသခင်သည် မစတော်မူ၍ ကျေးဇူးတော်လုံလောက်မှုကို ကျွန်တော်တို့နားလည်လာပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဤကျမ်းပိုဒ်၌ ယောဘ၏အဓိကမြည်တမ်းခြင်းကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုသိခြင်းဖြင့် ကျွန်တော်သည် ဘယ်သောအခါမျှ အထီးမကျန်ကြောင်း သိသဖြင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

ကြာသပတေး၊ မေ (၁၂)
**ယောဘ ၁၉း၁၆-၂၉**
ဆာလံ ၂၇း၁၀-၁၄

*"ထာဝရဘုရားသည် အကျွန်ုပ်ကိုချီယူတော်မူမည်"*

# အကျွန်ုပ်၏ကယ်တင်ရှင်သည် အသက်ရှင်တော်မူ၏

ယောဘသည် သူ့မိတ်ဆွေသူငယ်ချင်းအပေါင်းကိုဆုံးရှုံးခဲ့ပြီး၊ သူ့ဇနီးသည်ပင်လျှင် သစ္စာမရှိတော့ဘဲ၊ သူ့ကိုရွံရှာခဲ့ပါသည်။ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းပျက်စီးခဲ့ပြီး၊ အရိုးပေါ်အရေတင်ဘဝကိုရောက်ခဲ့ပါသည်။ သူသည်ဒုက္ခဝေဒနာခံစားလျက် အထီးကျန်ခဲ့ပါသည်။ ဘုရားသခင်သည် တရားမျှတတော်မူသောဘုရားဖြစ်သည်ဟူသော ယောဘ၏ယုံကြည်မှုသည် မိမိ၏ဝေဒနာခံစားခြင်းနာကျင်မှုက ခဏတာဖုံးလွှမ်းခဲ့ပါသည်။ အမှန်မှာ ဘုရားသခင်သည် မိမိလူတို့အား၊ သူတို့၏မိတ်ဆွေသူငယ်ချင်းနှင့်မိသားစုဝင်တို့က ပစ်ထားသည့်တိုင်၊ ဘယ်တော့မှစွန့်ပစ်တော်မမူခဲ့ပါ (ယောဘ ၁၉း၁၃-၂၀၊ ဆာလံ ၂၇း၁၀)။

ယောဘသည် မိမိမိတ်ဆွေတို့အား မိမိအပေါ် သနားကြင်နာမှုရှိကြရန် တဖန်တောင်းဆိုခဲ့ပါသည်။ ဘုရားသခင်က မိမိအပေါ်ပြစ်ဒဏ်စီရင်ရခြင်းအကြောင်း မသိသည့်အပြင်၊ သူ့မိတ်ဆွေတို့က သူ့ကိုထပ်၍နှောင့်ယှက်လျက် အေးဆေးမနေစေကြပါ။ ယောဘသည် ယခုအချိန်၌မိမိ၏အပြစ်မကျူးလွန်ခြင်းအကြောင်းကို ဘယ်သူမှမယုံကြည်ကြသောကြောင့် နောင်လာနောက်သားတို့သိစေခြင်းငှါ ကျောက်စာထိုးလျက်ထားရစ်လိုသောဆန္ဒရှိခဲ့ပါသည် (ယောဘ ၁၉း၂၁-၂၄)။

ခန္ဓာစိတ်ဝိညာဉ်နာကျင်ခြင်းဝေဒနာခံစားနေရသော်လည်း ယောဘ၏စိတ်ကြည်လင်မှုရှိ၍ သူ၏ယုံကြည်ခြင်းသည် ညို့မှိုင်းသောတိမ်ကိုနေရောင်ထိုးခွင်းသကဲ့သို့ တောက်ပလျက်ရှိပါ၏။ များစွာသောအရာကို ယောဘမသိနားမလည်သော်လည်း၊ ဤတခုကိုကောင်းကောင်းသိပါ၏။ သူ့ကိုကယ်တင်သောအရှင်သည်အသက်ရှင်တော်မူ၍ တနေ့တွင်ဤကမ္ဘာပေါ်၌ ကြွလာတော်မူလိမ့်မည်ဟူသောအချက်ကို သိမြင်ယုံကြည်ခဲ့ပါသည်။ ထို့ကြောင့်၊ ဤဝေဒနာခံစားနေသောခန္ဓာကိုယ်သည် သချိုင်း၌ဆွေးမြည့်ပျက်စီးသည့်တိုင်၊ ကယ်တင်ရှင်ခေါ်တော်မူသောအသံ၌ အသစ်သောခန္ဓာကိုယ်ဖြင့် ထမြောက်၍ဖန်ဆင်းရှင် ဘုရားသခင်ကို မိမိမြင်တွေ့ရလိမ့်မည်ဟု ယုံကြည်ထားပါသည် (ယောဘ ၁၉း၂၅-၂၇)။

ယောဘသည် ယခုလက်ရှိအချိန်၌ များစွာသောအကြောင်းအရာကိုမသိခဲ့သော်လည်း၊ သူ၏မျှော်လင့်ချက်သည် ထာဝရဘုရား၏အနန္တတန်ခိုးတော်၌တည်လျက်ရှိပါ၏။ သူ့သူငယ်ချင်းများက မိမိအားဖုံးကွယ်သောအပြစ်ရှိသည်ဟု စွပ်စွဲနေကြသော်လည်း သူသည်ဘုရားသခင်၌ ခိုနားလျက်ရှိပါ၏ (ယောဘ ၁၉း၂၈-၂၉)။ ယောဘထက် ကျွန်ုပ်တို့၌ ဘုရားသခင်၏နှုတ်ကပတ်တော်ပို၍ရှိသည်ဖြစ်သောကြောင့်၊ ခက်ခဲသောကာလ၌ ယောဘ၏တည်မြဲသောယုံကြည်ခြင်းမျိုးကို ကျွန်တော်တို့ပြသကြပါစို့။

**ဆင်ခြင်ရန်** - ဒုက္ခကြုံတွေ့ရစဉ် ယောဘသည်သစ္စာရှိသကဲ့သို့ ကျွန်တော်တို့သစ္စာရှိကြပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ မစခြင်းလိုအပ်သောအချိန်၌ ကိုယ်တော်၌တည်သော အကျွန်ုပ်၏ယုံကြည်ခြင်းက အကျွန်ုပ်ကိုမြဲမြံစွာစောင့်ထိန်းပါစေသော်။

သောကြာ၊ မေ (၁၃)
**ယောဘ ၂၀း၁-၁၆**
ဆာလံ ၉၃

*"သက်သေခံတော်မူချက်တို့သည်
အလွန်မြဲမြံကြပါ၏"*

# ဒုတိယအကြိမ်ဇောဖာမြွက်ဆိုချက်

လျှို့ဝှက်သောအပြစ်ရှိသည်ဟု မိမိအားနောက်ထပ်မစွပ်စွဲခြင်းငှါ ယောဘတောင်းလျှောက်မှုကိုဇောဖာကြားသိခဲ့ပါ၏။ သို့သော်လည်း၊ ဇောဖာက ယောဘ၏စကားတို့ကိုမမှန်ဟုမှတ်ယူသောကြောင့် မတုန့်ပြန်ဘဲမနေချင်ခဲ့ပါ။ ကယ်တင်ရှင် (သို့) နောင်ဘဝအကြောင်းကို ဇောဖာစိတ်မဝင်စားပါ။ အသက်ရှင်ခြင်းနှင့်ပတ်သက်၍ ဇောဖာကမိမိ၏ခံယူချက်ကို ယောဘအားနားထောင်စေလိုခဲ့ပါသည် (ယောဘ ၂၀း၁-၃)။

ဆင်းရဲဒုက္ခအကြောင်းကို ရှေးအတွေ့အကြုံနှင့်ရှေးဆိုရိုးစကားတို့ဖြင့် ယောဘမသိခဲ့ပါသလောဟုဇောဖာက မေးခွန်းထုတ်ခဲ့ပါသည်။ လူဆိုးတို့သည်ပျော်ရွှင်စရာကြုံတွေ့ရသော်လည်း ခဏတာသာဖြစ်ပါ၏။ လူဆိုးတို့သည် အာဏာရှိသောသူဖြစ်လျှင်လည်း မကြာမီတရားစီရင်ခြင်းခံရကြလိမ့်မည် (ယောဘ ၂၀း၄-၆၊ ဩ ၃-၄)။

ဇောဖာက ယောဘအားလူ့ဘဝသက်တမ်းတိုတောင်းမှုနှင့် လူဆိုးတို့ခံရမည့်ပြစ်ဒဏ်သေချာမှုကို ဖော်ပြခဲ့ပါသည်။ လူသည်မီးတောက်ကဲ့သို့ ချက်ချင်းပျောက်ကွယ်၍ အိပ်မက်ရူပါရုံကဲ့သို့ ချက်ချင်းကွယ်ပျောက်တတ်ပါ၏။ သူ့ကိုနောက်ထပ်မတွေ့ရတော့ပါ။ လူ့အကြောင်း ဇောဖာဆိုသမျှမှန်ပါ၏။ ဆာလံဆရာက လူဆိုးတို့သည်ကြွယ်ဝချမ်းသာသော်လည်း၊ ခဏသာဖြစ်၍စီရင်ခြင်းကိုအမှန်ခံရကြမည်ဟုဖော်ပြထားပါသည် (ယောဘ ၂၀း၇-၉၊ ဆာလံ ၃၇း၁-၂)။

လူဆိုးတို့သည် ဆင်းရဲသားတို့ကိုနှိပ်စက်လေ့ရှိပါသည်။ မတရားသဖြင့်ရရှိသော ကြွယ်ဝချမ်းသာမှုနှင့်ပစ္စည်းဥစ္စာသည် မျိုချစဉ်ချို၍ဗိုက်ထဲ၌ချဉ်သောအစားအစာကဲ့သို့ ဖြစ်ပါသည်။ စည်းစိမ်ဥစ္စာကကျေနပ်ရောင့်ရဲခြင်းမပေးနိုင်ကြောင်း သိကြပါ၏။ မျိုချထားသော ကြွယ်ဝချမ်းသာမှုတို့ကို တဖန်အန်ထုတ်ကြပါလိမ့်မည်။ လူ့ဘဝ၏မတည်မြဲမှုကို ဘုရားသခင်က သိမြင်စေတော်မူလိမ့်မည် (ယောဘ ၂၀း၁၀-၁၆)။

ဇောဖာမြွက်ဆိုသောအချက်တို့ကို ယောဘငြင်းခုံခြင်းမပြုပါ။ သမ္မာကျမ်းစာက ဘုရားသခင်ဆန့်ကျင်လျက် နေထိုင်သောသူတို့၏ဘဝသည်အချည်းနှီးသက်သက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့သော်လည်း၊ ယောဘက မိမိသည်အပြစ်သားကဲ့သို့ ဒုက္ခဝေဒနာခံရသော်လည်း မိမိ၌နောင်တမရသော၊ ဝန်မခံသောအပြစ်တစုံတရာမရှိကြောင်းဆိုခဲ့ပါသည်။ အမှန်တရားကိုသိလျက်ပင်၊ ဝေဖန်သောသူကိုသက်သေမပြနိုင်ခြင်းသည် အလွန်မခံချိမခံသာဖြစ်ရပါ၏။ ယောဘနည်းတူ၊ ကျွန်တော်တို့လည်း ထိုအခြေအနေ၌ရှိပါလျှင်၊ နောက်ဆုံးနေ့၌ဘုရားသခင်က မိမိလူတို့ဘက်၌ရပ်တည်လျက် ကွယ်ကာပြောဆိုလိမ့်မည်အကြောင်းနှင့် ဘုရားသခင်၏သမ္မာတရားသည် ထာဝရတည်တော်မူကြောင်းဟူသောအချက်၌ ခိုနားကြပါစို့။ ကျွန်ုပ်တို့အသက်တာနှင့် သွန်သင်သော တရားတို့ကို ဤလောကီလူတို့က လက်မခံကြသော်လည်း ဘုရားသခင်၌ကျွန်တော်တို့သစ္စာရှိကြပါစို့။

**ဆင်ခြင်ရန်** - တဦးတည်းဆိုလျှင်လည်း ဘုရားသခင်နှင့်အတူရှိသောသူသည် လူများစုဖြစ်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌အစဉ်ခိုင်ခံ့မြဲမြံစွာရပ်တည်လိုပါ၏။

စနေ၊ မေ (၁၄)
**ယောဘ ၂၀း၁၇-၂၉**
ယေရမိ ၁၇း၇-၁၁

*"ထာဝရဘုရားကိုမှီခိုးစားရာအကြောင်း ဖြစ်စေသော သူသည် ကောင်းကြီးမင်္ဂလာကိုခံအပ်သောသူဖြစ်၏"*

## လျှင်မြန်စွာပျောက်ကွယ်သောချမ်းသာကြွယ်ဝမှုပျော်ရွှင်ခြင်း

ဇောဖာက လူဆိုးတို့သည်မတရားသောနည်းလမ်းဖြင့် စည်းစိမ်ဥစ္စာနှင့်အာဏာကိုရရှိခဲ့ကြသော်လည်း ပျော်ရွှင်မှုမရှိခဲ့ကြကြောင်း တဖန်ဖော်ပြခဲ့ပါသည်။ လူဆိုးတို့သည် "နို့နှင့်ပျားရည်စီးသောမြစ်" (ယောဘ ၂၀း၁၇) ကိုမြင်ကြလိမ့်မည်မဟုတ်ပါ။ ဆိုလိုသည်မှာ သူတို့ပိုင်ဆိုင်သောအရာကိုပျော်ရွှင်စွာမသုံးဆောင်နိုင်ကြပါ။ မတရားသောနည်းဖြင့် ရရှိသောစည်းစိမ်ဥစ္စာဖြစ်သောကြောင့်အကျိုးမရှိကြပါ။ ထို့ကြောင့်လူဆိုးတို့သည် ဤလောက၌အကျိုးမရှိ ဒုက္ခဆင်းရဲကြုံတွေ့ရမည်ဖြစ်ပါသည် (ယောဘ ၂၀း၁၇-၂၂)။ သို့သော်လည်း သူဌေးကြီးအကြောင်း၌တွေ့ရသကဲ့သို့ ထိုအမှုသည်အစဉ်မမှန်ပါ။ စည်းစိမ်ဥစ္စာကစစ်မှန်သော ရောင့်ရဲကျေနပ်ခြင်းမပေးနိုင်ဟူသောအချက်သည်မှန်သော်လည်း အချို့သောဘုရားမသိသောလူချမ်းသာတို့သည် ဤလောက၌ကျေနပ်ရောင့်ရဲခြင်းရှိတတ်ကြသည်ဟုထင်ရပါသည်။ ဤဘဝ၌အပြစ်စီရင်ခြင်းမခံရသော်လည်း၊ အပြစ်စီရင်ခြင်းခံရမည်မှာ သေချာလှပါ၏ (လုကာ ၁၂း၁၆-၂၀)။

ဇောဖာအဆိုအရ လူဆိုးတို့သည်ကြွယ်ဝချမ်းသာခြင်းရှိသော်လည်း စီရင်ခြင်းခံရကြပါလိမ့်မည်။ သူသည်ရန်သူလက်မှရှောင်ပြေးသောစစ်သားကဲ့သို့ ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းမခံရအောင် ကြိုးစားထွက်ပြေးပါလိမ့်မည်။ ဆိုလိုသည်မှာ လူဆိုးတို့သည် ခန္ဓာကိုယ်ဆင်းရဲဒုက္ခချက်ချင်းကြုံတွေ့ရမည်ဟူ၍ဖြစ်ပါသည်။ ဤနေရာ၌ဇောဖာကြိုးစားဖော်ပြသောအချက်ဟူမူကား ယောဘသည် မိမိနောင်တမရသောအပြစ်ကြောင့် ဘုရားသခင်က ဤခန္ဓာကိုယ်နာကျင်ခြင်းဝေဒနာကို ခံစားစေကြောင်းပေါ်လွင်စေလိုခြင်းဖြစ်ပါသည်။ မှန်ပါ၏၊ အချို့ကြွယ်ဝချမ်းသာသောလူဆိုးတို့သည် ချက်ချင်းစီရင်ခြင်းခံရ၍ အချို့မှာစီရင်ခြင်းမခံရသော်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိကြပါ။ သို့သော်လည်း ဤအဖြစ်အပျက်တရားသည် ယုံကြည်ခြင်းဖြင့်ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောယောဘနှင့်သက်ဆိုင်ခြင်းမရှိပါ (ယောဘ ၂၀း၂၂-၂၅)။ လူဆိုးတို့ခံရမည့်ထာဝရပြစ်ဒဏ်စီရင်ခြင်းမူကား သေချာသောအမှုဖြစ်ပါသည်။ ပရောဖက်ဟေရှာယက ကောင်းကင်မှဘုရားသခင်သည်ကြွလာ၍ ဤကမ္ဘာသူကမ္ဘာသားတို့ကို စီရင်မည့်နေ့ရောက်လာမည်အကြောင်းဖော်ပြထားပါသည် (ယောဘ ၂၀း၂၆-၂၉၊ ဟေရှာ ၂၆း၂၁)။

ဤကျမ်းပိုဒ်ကိုဖတ်ကြားခြင်းဖြင့် ဘုရားသခင်မသိဘဲ ကြွယ်ဝချမ်းသာသောသူဖြစ်မည့်အစား ဘုရားသခင်ကိုသိလျက် ဆင်းရဲဒုက္ခခံသောသူ၊ ယောဘကဲ့သို့ဖြစ်ခြင်းသည်ပို၍ ကောင်းကြောင်းတွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုသိခြင်းသည် စစ်မှန်သောပျော်ရွှင်မှုကို သိမြင်ခြင်းဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ဤလောကီလူတို့တွေးတောသကဲ့သို့ မတွေးတောမည်အကြောင်း အကျွန်ုပ်ကိုစောင့်ရှောက်တော်မူပါ။

တနင်္ဂနွေ၊ မေ (၁၅)
**ယောဘ ၂၁း၁-၁၁**
ဆာလံ ၇၃း၁-၉

*"အကယ်စင်စစ် ဘုရားသခင်သည်နှလုံးသန့်ရှင်းသော သူတည်းဟူသော လူတို့၌ကျေးဇူးကြီးတော်မူ၏"*

# ယောဘက တဖန်တုန့်ပြန်ခဲ့ပါသည်

ယောဘက မိမိသူငယ်ချင်းတို့အား မိမိကိုအနည်းငယ်စိတ်သက်သာခြင်းပေးရန် ငြိမ်သက်စွာနေကြခြင်းငှါဂုဏ်၊ မိမိပြောမည့်စကားကိုနားထောင်ကြခြင်းငှါ ဆိုခဲ့ပါသည်။ ထိုသို့ မိမိကိုစာနာခြင်းရှိလျှင် သူတို့၏ပြက်ရယ်ပြုခြင်းကိုဆက်လက်ခံယူမည်ဟု ဆိုခဲ့ပါသည်။ သူ့သူငယ်ချင်းတို့သည် သူ့ကိုစာနာသနားခြင်းမရှိကြောင်း သူသိပါ၏။ သူတို့သည်နှုတ်ဆိတ်နေကြသော်လည်း၊ အမှန်မှာ ဆက်လက်၍ငြင်းခုံခြင်းငှါ အချက်အလက်စုဆောင်းကြခြင်းပင်ဖြစ်ပါသည်(ယောဘ ၂၁း၁-၃)။ ယောဘမြွက်ဆိုသောတရားကို ဆင်ခြင်ကြပါစို့။ လူဆိုးတို့သည် ကြွယ်ဝချမ်းသာခြင်းရှိကြပြီး ယောဘသူငယ်ချင်းတို့ဆိုသကဲ့သို့ တခါတရံ၌သူတို့၏ကြွယ်ဝချမ်းသာမှုသည် ခဏတာမျှသာမဟုတ်ခဲ့ပါ။ အချို့သည် သူတို့၏စည်းစိမ်ဥစ္စာတို့ကို သားသမီးတို့ထံအမွေပေးခဲ့ပြီး ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းမခံရဟုထင်မှတ်ရပါသည် (ယောဘ ၂၁း၄-၁၁)။

ယောဘသည် မှန်သောတရားကိုမြွက်ဆိုသော်လည်း သူ့မိတ်ဆွေတို့ကအလေးမထားခဲ့ကြပါ။ ငြင်းခုန်ခြင်းငှါတွေးတောနေကြသောကြောင့် ယောဘ၏စကားကိုမသိကြခြင်းဖြစ်နိုင်ပါသည်။ ယုံကြည်သူအချို့သည် ဘုရားသခင်ထံအမြဲတမ်းတောင်းလျှောက်ခြင်းပြု၍ မိမိပြဿနာကို မိမိကိုယ်တိုင် ဖြေရှင်းခြင်းငှါ ကြိုးစားနေကြသောကြောင့် ဘုရားသခင်၏စကားကိုမကြားဘဲနေရကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသေသေချာချာ စနစ်တကျမလေ့လာလျှင် ဘုရားသခင်၏အလိုတော်ကို ကျွန်တော်တို့ဘယ်လိုမှသိနိုင်မည်မဟုတ်ပါ။ သမ္မာကျမ်းစာလေ့လာသင်ယူခြင်းအားဖြင့်သာလျှင် ဘုရားသခင်အကြောင်းနှင့်ဘုရားသခင်၏အလိုတော်ကို သိနိုင်ပါ၏။ ဤဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်သာလျှင် ကျွန်တော်တို့သည်အခက်အခဲပြဿနာရင်ဆိုင်နိုင်သောခွန်အားကို ရရှိတတ်ကြ၏ (ဟေရှာ ၄၀း၂၈-၃၁)။ သမ္မာကျမ်းစာမှဘုရားသခင်၏အကြောင်းသိခြင်းဖြင့် ယုံကြည်စိတ်ချမှုကိုရရှိတတ်ကြ၏။ ပြဿနာဖြေရှင်းခြင်းငှါ မိမိကိုယ်ကိုအားမကိုးဘဲ ဘုရားသခင်ကိုယုံကြည်ကိုးစားသောအခါ အဖြေကိုတွေ့ရှိရတတ်၏။ ယောဘနှင့်သူ၏သူငယ်ချင်းတို့ကိုကြည့်ခြင်းဖြင့် သူတို့၏ပြဿနာအကြောင်းအရင်းကိုသိရပါ၏။ ဘုရားသခင်သွန်သင်တော်မူသောအရာကို မကြားမသိနိုင်လောက်အောင် သူတို့သည်စကားပြောလျက်နေခဲ့ကြ၏။

ယောဘဝတ္ထုမှသင်ခန်းစာယူကြပါစို့။ ဘုရားသခင်ကိုသည်းခံလျက် စောင့်မျှော်ကြပြီး ကိုယ်တော်၏အလိုတော်ကိုသိခြင်းငှါ သမ္မာကျမ်းစာကိုလေ့လာသင်ယူကြပါစို့။ သို့မှသာလျှင် ဘုရားသခင်က ကျွန်ုပ်တို့ကိုမိမိ၏ထာဝရအကြံအစည်တော်အမှုပြုခြင်း၌ အသုံးပြုလျက်ပျော်ရွှင်ခြင်းနှင့် ကောင်းကြီးမင်္ဂလာပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ယောဘက မိမိမိတ်ဆွေတို့ကို မည်သို့တုန့်ပြန်ခဲ့ပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏စကားကိုမကြားနိုင်လောက်အောင် အခြားအမှု၌ ကျွန်တော်အချိန်မပေးခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ မေ (၁၆)

**ယောဘ ၂၁း၁၂-၂၁**

ဆာလံ ၈၄း၁-၅

*"ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ"*

## ဘုရားကိုကြောက်ရွံ့ခြင်းမရှိသော်လည်း တခါတရံအဆင်ပြေတတ်ပါသည်

ယောဘသည် လူဆိုးတို့၏အသက်တာ၌မိမိတွေ့ရှိခဲ့သောအရာများကို ဆင်ခြင်ခဲ့ပါသည်။ သူတို့သည် စည်းစိမ်ဥစ္စာကို ပျော်ရွှင်စွာသုံးဖြုန်းကြပြီး၊ ဘာမှပူပင်စရာမရှိဘဲ နေထိုင်လေ့ရှိကြ၏။ အချို့သည် ထိုသို့ဘဝကိုပျော်ရွှင်စွာကျော်ဖြတ်ပြီး သေဆုံးခဲ့ကြသည်ဟုထင်ရပါ၏။ ဤအမှုသည် ယောဘမိတ်ဆွေတို့၏မြွက်ဆိုချက်ဖြစ်သော၊ လူဆိုးတို့သည် ဤဘဝ၌ဒုက္ခဆင်းရဲကြုံတွေ့ရကြ၏ဟူသောအချက်နှင့်ဆန့်ကျင်ဘက်ရှိပါ၏ (ယောဘ ၂၁း၁၂-၁၃)။

ဤလောကီလူတို့သည် ဘုရားသခင်ကိုစိတ်မဝင်စားကြပါ။ ဘုရားသခင်ကိုပြက်ရယ်ပြုကြ၍ တန်ခိုးတော်ကိုစိန်ခေါ်တတ်ကြ၏။ မိမိလိုအပ်ချက်ကိုမိမိဘာသာဖြည့်ဆည်းနိုင်ဟု ထင်မှတ်ကြပြီး၊ နှုတ်ကပတ်တော်လေ့လာခြင်းနှင့်ဆုတောင်းခြင်း၌ အကျိုးမရှိဟုထင်ကြပြီး၊ ဘုရားသခင်၏နည်းလမ်းတို့ကိုမသင်ယူလိုကြပါ (ယောဘ ၂၁း၁၄-၁၅)။

သူတို့၏စည်းစိမ်နှင့်ပျော်ရွှင်သောဘဝကို မိမိတို့ကြိုးစားမှုဖြင့် ရရှိသည်ဟုမှားယွင်းစွာ ထင်မှတ်ကြ၏။ လူဆိုးဖြစ်စေ၊ ဖြောင့်မတ်သောသူဖြစ်စေ သူတို့ခံစားရသောကောင်းကြီးမင်္ဂလာအပေါင်းတို့သည် ဘုရားသခင်ထံမှလာခြင်းဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ဖြစ်၍၊ မိမိ၏ရန်သူတို့ကိုပင်လျှင် ဘုရားသခင်ဂရုစိုက်တော်မူ၏ (မသဲ ၅း၄၃-၄၅)။ ထို့ကြောင့် ယောဘက မှားယွင်း၍ထာဝရပြစ်ဒဏ်စီရင်ခြင်းသို့ ပို့ဆောင်တတ်သောလူဆိုးတို့၏အကြံပေးမှုကို မိမိလက်မခံဟုဆိုခဲ့ပါသည် (ယောဘ ၂၁း၁၆၊ သုတ္တံ ၁း၁၀)။

အပိုဒ်ငယ် ၁၇ သည် အမှန်မှာရှင်းပြချက်မဟုတ်ဘဲ မေးခွန်းသဏ္ဍာန်ဖြစ်ပါ၏။ လူဆိုးတို့၏မိုက်မဲမှုနှင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို လျစ်လျူရှုခြင်းပြုကြသော်လည်း သူတို့၏အသက်မီးစာသည် ချုပ်ငြိမ်းခြင်းချက်ချင်းမခံရကြပါ။ ဘေးဥပဒ်သည် မကြာခဏမကျရောက်သော်လည်း လူသည်လေမုန်တိုင်းတိုက်သွားသော ဖွဲကဲ့သို့လွင့်စင်တတ်ကြပါ၏ (ယောဘ ၂၁း၁၇-၁၈)။

တဖန် ယောဘသည်ဘုရားသခင်အား လူကဲ့သို့မှားယွင်းစွာမှတ်ယူခဲ့ပါသည်။ ဘုရားသခင်သည် လူတစ်ဦး၏ပြစ်ဒဏ်ကိုမခံစေဘဲထားလျက် သူ့သားအပေါ် ကျရောက်စေ၍ စီရင်တော်မူ၏ဟု ယောဘကမြည်တမ်းခဲ့ပါသည်။ ဤအမှုသည်မမှန်ဟုယောဘမှတ်ယူ၏။ မိမိသားသမီးတို့ကို ဂရုမစိုက်သောလူဆိုးတို့အား ဘုရားသခင်၏ဖျက်ဆီးခြင်းတန်ခိုးတော်ကို သူတို့ကိုယ်တိုင် ယောဘခံစားစေလို၏ (ယောဘ ၂၁း၁၉-၂၁၊ ထွက် ၂၀း၅)။

ယောဘသည် မိမိ၏စိတ်ငြိမ်သက်ခြင်းကိုအောက်မေ့ရမည်အကြောင်း မေ့လျော့ခဲ့ပါသည်။ ဘုရားသခင်၏နည်းလမ်းသည် လူ့နည်းလမ်းနှင့်မတူကြဘဲ အစဉ်မှန်ကန်ကြပါ၏။ ဤသမ္မာတရား၌ ခိုနားကြပါစို့ (ဟေရှာ ၅၅း၈-၉)။

**ဆင်ခြင်ရန်** - လူဆိုးတို့၏အသက်တာနှင့်ပတ်သက်၍ ယောဘ၏ခံယူချက်မှန်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နည်းလမ်းတိုင်းသည် အကောင်းဆုံးဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

အင်္ဂါ၊ မေ (၁၇)
**ယောဘ ၂၁း၂၂-၃၄**
ဟေရှာ ၄၀း၉-၁၅

*"အကျွန်ုပ်နှလုံးနှင့်ကိုယ်ခန္ဓာကိုယ်သည် အသက်ရှင်တော်မူသောဘုရားသခင်ကို အလိုရှိ၍ကြွေးကြော်ပါ၏"*

# စစ်၍မကုန်နိုင်သောဘုရားသခင်၏အကြံစည်တော်

ယောဘ၏သူငယ်ချင်းသုံးယောက်တို့က လူဆိုးတို့သည်ဤလောက၌အစဉ်ဆင်းရဲဒုက္ခကြုံတွေ့ရကြ၏ဟု ဆိုကြပါသည်။ သို့သော်လည်း ဘုရားသခင်သည်ထိုသို့အမှုပြုတော်မမူသည်မှာ ထင်ရှားလှပါသည်။ ထို့ကြောင့် ယောဘကသူ့သူငယ်ချင်းတို့အား ဘုရားသခင်ကိုသင်တို့သွန်သင်လိမ့်မည်လောဟု မေးခွန်းထုတ်ခဲ့ပါသည် (ယောဘ ၂၁း၂၂၊ ဟေရှာ ၄၀း၁၄)။

လူဆိုးအချို့သည် သူတို့ဘဝတလျှောက်လုံးစည်းစိမ်ခံစား၍ နေထိုင်ခဲ့ကြပြီး၊ အချို့မဆိုးသွမ်းသောသူတို့သည် ဆင်းရဲစွာနေထိုင်ခဲ့ရကြ၏။ သို့သော်လည်း၊ သူတို့အားလုံးသည် နောက်ဆုံး၌ သေကြပြီး သင်္ချိုင်း၌ဆွေးမြည့်သွားကြ၏ (ယောဘ ၂၁း၂၃-၂၆)။ ဤတရားသည် မှန်သောတရားဖြစ်သောကြောင့်၊ သူ့သူငယ်ချင်းတို့သည် လက်ခံ၍သူတို့၏ခံယူချက်အမှားကို လက်လွှတ်သင့်ပါ၏ (သုတ္တံ ၃း၇)။

နောင်တမရသောအပြစ်ကြောင့် မိမိဆင်းရဲဒုက္ခခံနေရသည်ဟု သူ့မိတ်ဆွေတို့သည်လုံးဝယုံကြည်ခဲ့ကြကြောင်း ယောဘသိခဲ့ပါသည်။ သူတို့သည်ယောဘ၏စကားကိုနားမထောင်ဘဲ၊ မည်သို့ဆက်လက်ငြင်းခုံမည်ကိုသာ တွေးတောနေခဲ့ကြ၏။ ခရီးသွားတို့ယူဆောင်လာသောစကားဟူမူကား၊ များစွာသောလူဆိုးတို့သည် ကြွယ်ဝချမ်းသာကြပြီး၊ သူတို့၏ဆိုးသွမ်းမှုကို ဘယ်သူမှအပြစ်မတင်ခဲ့ကြပါ။ ထိုသို့ သေခဲ့ကြပြီးနောက်၌လည်း သူတို့၏ဂုဏ်သတင်းကို အောက်မေ့ခဲ့ကြ၏။ သို့သော်လည်း၊ ယောဘ၏မိတ်ဆွေတို့သည် သူတို့၏ခံယူချက်ကိုမပြောင်းလိုကြပါ (ယောဘ ၂၁း၂၇-၃၃)။

အချို့လူတို့သည် သူတို့မှားကြောင်းသိပြီးနောက်၌လည်း ဆက်လက်၍ထိုလမ်းသို့သွားတတ်ကြပါ၏။ သူတို့သည် အမှန်တရားကိုလက်မခံသော၊ အန္တရာယ်ရှိသောသူများဖြစ်ပါသည်။ ထိုသို့သောသူတို့နှင့်ဝေးဝေးနေ၍ သူတို့အတွက်ဆုတောင်းပေးခြင်းသာ ပြုသင့်ပါ၏ (သုတ္တံ ၁၄း၇)။ သို့သော်လည်း၊ ယောဘသည် ထိုသို့ထွက်ပြေး၍မရ၊ သူတို့၏မမှန်သောခံယူချက်ကို ဆက်လက်နားထောင်ဖို့သာရှိပါ၏။

ထို့ကြောင့် ယောဘကသူ့မိတ်ဆွေတို့အား အဓိပ္ပာယ်မရှိသောစကားပြောဆိုခြင်းဖြင့် မိမိကိုမည်သို့နှိမ့်သိမ့်နိုင်မည်နည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။ နှိမ့်သိမ့်မည့်သူလိုအပ်သောအချိန်၌ တစ်ယောက်မျှမရှိခြင်းသည် ဝမ်းနည်းစရာကောင်းလှပါ၏။ ထို့ကြောင့် မအားသည့်ကြားမှာပင်၊ ဘုရားသခင်၏လူတို့သည် အချင်းချင်းခွန်အားပေး၍၊ ကောင်းသောအမှုပြုခြင်းငှါ တိုက်တွန်းနိုးဆော်လျက်၊ ခက်ခဲသောကာလ၌ အချင်းချင်းနှိမ့်သိမ့်ခြင်းငှါ မိဿဟာယဖွဲ့ခြင်းသည် အရေးကြီးလှပါ၏ (ယောဘ ၂၁း၃၄၊ ဟေဗြဲ ၁၀း၂၄-၂၅)။

**ဆင်ခြင်ရန်** - ယောဘ၏သူငယ်ချင်းတို့သည် အဘယ်ကြောင့်နှိမ့်သိမ့်မှုမပေးနိုင်ကြပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ နာကျင်ခံစားသောအချိန်၌ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်၏နှိမ့်သိမ့်စရာဖြစ်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

# ဘုရားသခင်၏ဂရုဏာတော်၌ခိုနားခြင်း

ဧလိဖတ်က ယောဘအားဘုရားသခင်၏ကြီးမြတ်တော်မူခြင်းအကြောင်းကို ပြောပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကိုတည်ရှိတော်မူသောဘုရားဖြစ်၍ အဘယ်သူထံမှတန်ခိုးကို မလိုအပ်ပါ။ မိမိ၌အနန္တတန်ခိုးတော်ရှိတော်မူ၏။ ထို့ကြောင့်၊ ဘုရားသခင်သည် ဖြောင့်မတ်သောသူ လိုအပ်ခြင်းမရှိပါ။ ဧလိဖတ်ဆိုလိုသည်မှာ လူသည်ဖြောင့်မတ်သည်မဖြောင့်မတ်သည်ကို ဘုရားသခင်ဂရုစိုက်တော်မမူဟု ဆိုလိုပါ၏။ ထို့ပြင် ဘုရားသခင်သည်အပြစ်သားကြောင့် ကြောက်လန့်ခြင်းမရှိပါ။ ထို့ကြောင့်၊ ဧလိဖတ်က ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောကြောင့်အပြစ်ကို စီရင်ဖို့လိုအပ်သည်နှင့်အညီ လူကိုပြစ်ဒဏ်ပေးခြင်းဖြစ်သည်ဟု မှတ်ချက်ချခဲ့ပါသည် (ယောဘ ၂၂း၁-၄)။

ဧလိဖတ်သည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့်တန်ခိုးတော်ကိုသိသော်လည်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ဂရုဏာတော်ကိုမူ အနည်းငယ်သာသိခဲ့ပါသည်။ ထို့ကြောင့် ယောဘ၏ဆင်းရဲဒုက္ခဝေဒနာခံရခြင်း၌ မှားယွင်းစွာသုံးသပ်ခဲ့ပါသည်။

ဧလိဖတ်သည် ယောဘအားလျှို့ဝှက်သောအပြစ်တခုခုကြောင့် ဤသို့ဝေဒနာခံရခြင်းဖြစ်ကြောင်း လက်ခံခြင်းငှါကြိုးစားပြောဆိုခဲ့ပါသည်။ ယောဘကျူးလွန်မည်ဟု သူထင်သောအပြစ်များကို ဖော်ပြခဲ့ပါသည်။ သင်သည်ညီအစ်ကိုပေါင်ထားသောဥစ္စာ (သို့) ဆင်းရဲသောသူ၏အဝတ်ကိုယူခဲ့ပြီမဟုတ်လော။ ထိုအမှုသည် ဘုရားသခင်၏ပညတ်တရားကိုချိုးဖောက်ခြင်းဖြစ်၏ (ယောဘ ၂၂း၅-၆၊ တရား ၂၄း၆၊ ၁၇)။ ထို့ပြင် ဆာလောင်သောသူကိုအစားအစာမပေး၊ ရေဆာသောသူကို သောက်စရာရေမပေးဘဲနေခဲ့ပြီမဟုတ်လော။ ထို့ပြင် အပြစ်တို့သည်ကိုယ်ကျိုးနှင့်ပတ်သက်သော အရာများဖြစ်၍၊ ဧလိဖတ်ကိုယ်တိုင်ကျူးလွန်ခဲ့သောအပြစ်များ ဖြစ်နိုင်ပါသည်။ ဤစွပ်စွဲချက်တို့သည် ယောဘနှင့်ကိုက်ညီမှုမရှိပါ။ အကြောင်းမှာ ဘုရားသခင်ကစာတန်ထံသို့ ယောဘသည် ဖြောင့်မတ်သောသူဟုမိန့်တော်မူခဲ့၏။

ဧလိဖတ်သည် ထပ်၍ယောဘအားဤသို့ဝေဒနာခံစားရခြင်းသည် ဝန်မခံသောအပြစ်ကြောင့်ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ “ပြင်းစွာစီးသောရေသည် လွှမ်းမိုးရ၏”ဆိုသည်မှာဝန်ပိနေခြင်းကို ဆိုလိုပါ၏ (ယောဘ ၂၂း၁၀-၁၁၊ ဆာလံ ၆၂း၂)။

တခါတရံကျွန်တော်တို့ ပြဿနာကြုံတွေ့ရခြင်းအကြောင်းရှင်းနားမလည်သောအချိန် ရှိနိုင်ပါ၏။ သို့သော်လည်း၊ ဘုရားသခင်သည်ဂရုဏာတော်ရှင်ဘုရားဖြစ်၍ ကျွန်ုပ်တို့ကိုနေ့တိုင်းအစဉ် ဂရုစိုက်တော်မူကြောင်းသိ၍ ထိုတရား၌ခိုနားကြရပါမည်။ ထိုတရားကို ယောဘ၏သူငယ်ချင်းတို့သည် မသိခဲ့ကြပါ။

**ဆင်ခြင်ရန်** - ဧလိဖတ်မသိသောဘုရားသခင်၏အကြောင်းကားအဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ရှုပ်ထွေးသောအချိန်၌ ကိုယ်တော်၏ဂရုဏာတော်၌ ခိုနားခွင့်ရသောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ မေ (၁၉)
**ယောဘ ၂၂း၁၂-၂၀**
ဆာလံ ၃၂း၁-၅

*“ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏”*

# အလုံးစုံကိုမြင်တော်မူသောဘုရားသခင်

ဘုရားသခင်သည် အစိုးရတော်မူ၏။ အရာခပ်သိမ်းကိုသိမြင်တော်မူသည်ဖြစ်၍၊ ဘုရားသခင်ရှေ့၌အဘယ်သူမှပုန်း၍မရနိုင်ပါ။ ကမ္ဘာဦးအစ၌ အပြစ်သားသည်ဘုရားသခင်ထံမှ ပုန်းဖို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ (ကမ္ဘာ ၃း၈)။ ထာဝရတရားသူကြီးရှေ့၌ အပြစ်သား၏အပြစ်များကို အမှောင်ဆုံးသောတိမ်ထုကပင် မဖုံးအုပ်နိုင်ပါ (ယောဘ ၂၂း၁၁-၁၇၊ ဆာလံ ၆၉း၅)။

ဧလိဖတ်က ယောဘအားလူဆိုးတို့၏လမ်းသို့မလိုက်ခြင်းငှါ တောင်းဆိုခဲ့ပါသည်။ သူတို့၏အဆုံးသတ်သည် သေချာလှပါ၏။ အချိန်မတန်ဘဲသေခဲ့ကြပြီး၊ ဘယ်သူမှမအောက်မေ့ကြတော့ပါ။ ဘုရားသခင်ကသူတို့ကိုကောင်းကြီးပေး၍ ကြွယ်ဝစေသော်လည်း သူတို့ကဘုရားသခင်ကို မထီမဲ့မြင်ပြုကြ၏။ ဤလူဆိုးတို့၏ပျက်စီးခြင်းသည် သေချာကြောင်းသိသဖြင့် ဖြောင့်မတ်သောသူသည် ကျေနပ်ခြင်းရှိပါ၏ (ယောဘ ၂၂း၁၅-၂၀)။ ယောဘက မိမိအားသူတို့နှိမ့်သိမ့်မှုမပေးနိုင်ဟု ဆိုခြင်းကိုဧလိဖတ်သည် မတရားဟုထင်မှတ်ထားပါသည်။ ယောဘသည် အပြစ်သားဖြစ်သောကြောင့် သူခံစားနေသောဝေဒနာသည် သင့်လျော်ခြင်းရှိကြောင်း ဖြောင့်မတ်သောသူတို့က သတ်မှတ်ခြင်းငှါ မျှော်လင့်ခဲ့ပါသည်။

ဧလိဖတ်သည် ယောဘ၏စကားကိုလုံးဝမဆင်ခြင်ဘဲ မိမိ၏ခံယူချက်မှန်ကန်သည်ဟု လုံးဝထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ဧလိဖတ်အသက်တာ၌ ဒုက္ခဆင်းရဲကျရောက်ခဲ့ပါလျှင် အလွန်စိတ်ပျက်စရာကောင်းပါလိမ့်မည်။ ဧလိဖတ်သည် ဝေဒနာမခံစားရသောကြောင့်သာလျှင် ဤကဲ့သို့ဆိုနေခြင်းဖြစ်ကြောင်း ယောဘဆိုခဲ့ပြီးဖြစ်ပါသည်။ ဧလိဖတ်သာ ဆင်းရဲဒုက္ခခံရပါလျှင် ဤသို့မိမိထင်မှတ်ချက်ကို စွဲကိုင်နိုင်မည်မဟုတ်ပါ။

ဧလိဖတ်မြွက်ဆိုသောစကား၌ မှန်သောစကားအချို့တွေ့ရပါသည်။ အမှန်နောင်တရသောသူကို ဘုရားသခင်ခွင့်လွှတ်တော်မူကြောင်း သူသိခဲ့ပါသည်။ အပြစ်ကြောင့်ဆင်းရဲဒုက္ခခံရသောအခါ ပြုရမည့်အမှုကို သူနားလည်သော်လည်း၊ အခြားအကြောင်းကြောင့် ရောက်လာသောဆင်းရဲဒုက္ခကိုမူ သူမသိခဲ့ပါ။

ယောဘဝတ္ထုသည် ဆင်းရဲဒုက္ခခံရခြင်းအကြောင်းနှင့် သွန်သင်ဆုံးမ၍မရသောသူများအကြောင်းဖြစ်သဖြင့် လေ့လာခြင်းငှါ နှစ်သက်စရာအလွန်ကောင်းသောကျမ်းမဟုတ်ပါ။ သို့သော်လည်း၊ အပြစ်ကြောင့်သာလျှင် ဆင်းရဲဒုက္ခရောက်လာခြင်းမဟုတ်ကြောင်းသိခြင်းဖြင့်၊ ဒုက္ခဆင်းရဲခံရသောအခါ ဘုရားသခင်ကိုမျှော်ကြည့်၍ ကြံ့ကြံ့ခံနိုင်ခြင်းရှိခြင်းငှါ သင်ယူရပါ၏။ ထို့ပြင်၊ သွန်သင်ဆုံးမမှုကိုလက်ခံခြင်းငှါလည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် စကားပြောသောသန့်ရှင်းသောဝိညာဉ်တော်၏စကားကို နာခံတတ်ခြင်းငှါ ကျွန်တော်တို့သင်ယူရပါသည်။

**ဆင်ခြင်ရန်** - ယောဘဝတ္ထုမှ ဘယ်အရာကိုကျွန်တော်တို့သင်ယူရပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ထံမှကျွန်တော်ထွက်ပြေးပုန်းရှောင်၍မရကြောင်း ကျွန်တော်သိပါ၏။

သောကြာ၊ မေ (၂၀)
**ယောဘ ၂၂း၂၁-၃၀**
ဆာလံ ၁၁၃း၁-၅

*"ဆင်းရဲသောသူကိုမြေမှုန့်ထဲကကြွလျက် . . . နေရာပေးတော်မူ၏"*

# စစ်မှန်သောနောင်တရခြင်း

အပြစ်ကြောင့် ယောဘသည်ဒုက္ခဝေဒနာခံရကြောင်း ဆက်လက်၍ဧလိဖတ်ဆိုပြန်၏။ ထိုစွပ်စွဲချက်သည် မမှန်သော်လည်း၊ ဧလိဖတ်ကစစ်မှန်သောနောင်တရခြင်း၏အကျိုးကို ကောင်းစွာဖော်ပြခဲ့ပါသည်။

ဘုရားသခင်နှင့်သင့်မြတ်လိုသောသူသည် ဘုရားသခင်ထံမိမိကိုယ်ကိုဆက်ကပ်ရပါမည်။ ထိုအခါ ဘုရားသခင်ကသူ့ကိုပညာဉာဏ်ပေးလျက် ဘဝကိုမှန်ကန်စွာကိုင်တွယ်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည် (ယောဘ ၂၂း၂၁-၂၂၊ သုတ္တံ ၂း၆-၇)။

ဘုရားသခင်နှင့်စစ်မှန်သောမိဿဟာယဖွဲ့ခြင်းရှိခြင်းငှါ၊ ကျွန်တော်တို့သည်အပြစ်ကို ဝန်ခံရုံသာမက၊ အပြစ်ကိုရှောင်ရှားကြရပါမည်။ သမ္မာကျမ်းစာက မိမိစိုက်သောအရာကိုရိတ်ရမည်ဟု သတိပေးခဲ့ပါသည် (ဂလာတိ ၆း၇)။ စစ်မှန်သောနောင်တရခြင်းသည် အပြစ်ကြောင့်ဝမ်းနည်းရုံမျှမဟုတ်ပါ။ ထိုအပြစ်ကိုဘုရားသခင်ထံဝန်ခံလျက်၊ ဆက်လက်မပြုတော့ခြင်းဖြစ်ပါသည် (ယောဘ ၂၂း၂၃)။

ဤလောကီစည်းစိမ်ဥစ္စာ၌ အပျော်ရှာလျက် ဘုရားသခင်ထံချဉ်းကပ်၍မရပါ။ "ဩဖိရရွှေ" (ယောဘ ၂၂း၂၄) သည် ကမ္ဘာပေါ်ရှိအသန့်ရှင်းဆုံးသောရွှေဟု သတ်မှတ်ကြပါ၏။ ဤကျမ်းပိုဒ်က တန်ခိုးအာဏာနှင့်စည်းစိမ်ဥစ္စာများစွာတို့သည် စိတ်ကျေနပ်မှုကိုမပေးနိုင်ကြောင်း ဖော်ပြထားပါသည်။ ဘုရားသခင်နှင့်စစ်မှန်သောမိဿဟာယဖွဲ့ခြင်းရှိခြင်းငှါ ထိုအရာတို့ကိုဖယ်ရှားဖို့လိုပါသည် (ယောဘ ၂၂း၂၄)။ ဤလောကီအရာတို့ကို ကျွန်တော်တို့အားမကိုးဘဲနေသောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ဘဝ၌ တည်တော်မူလျက်၊ ကောင်းကြီးမင်္ဂလာနှင့် ပျော်ရွှင်ခြင်းအရင်းအမြစ်ဖြစ်လာတော်မူ၏ (ယောဘ ၂၂း၂၅-၂၆)။

ဧလိဖတ်၏တုန့်ပြန်မှုသည် ဒီအထိ သမ္မာကျမ်းစာနှင့်ကိုက်ညီမှုရှိပါ၏။ သို့သော်လည်း၊ ယခုအခါ လောကီလူတို့၏ခံယူချက်သို့ပြောင်း၍၊ ယောဘအားသင်နောင်တရပါလျှင် ဘုရားသခင်သည် သင့်ဆုတောင်းသံကိုနားညောင်းတော်မူ၍ ပျော်ရွှင်မှုပေးတော်မူမည်ဟု ဆိုခဲ့ပါသည်။ ဤစကားသည် အချို့မှန်သော်လည်း၊ အကုန်လုံးမမှန်ပါ။ ထို့ပြင် ဧလိဖတ်ကယောဘအား ဘဝ၌ကြိုးစားအားထုတ်မှုတိုင်းအောင်မြင်၍၊ ဆုတောင်းပေးသောသူတို့သည်လည်း အောင်မြင်မှုရကြမည်ဟု ဆိုခဲ့ပါသည် (ယောဘ ၂၂း၂၇-၃၀)။

ယောဘ၏သူငယ်ချင်းများကဲ့သို့ ကျွန်တော်တို့အမှားမပြုသင့်ပါ။ သူတို့သည်ကြွယ်ဝချမ်းသာမှုကို ဘုရားသခင်၏ကောင်းကြီးဟုဆို၍၊ ဆင်းရဲဒုက္ခကိုဘုရားသခင်၏မျက်နှာသာ မပေးခြင်းဟုဆိုကြပါသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့လိုအပ်သောအရာကို ဖြည့်ဆည်းပေးတော်မူ၍ နာခံမှုရှိသောအခါ ကျွန်ုပ်တို့အသက်တာ၌ ပျော်ရွှင်ခြင်းကိုပေးတော်မူ၏။ ထိုပျော်ရွှင်ခြင်းကိုကျွန်တော်တို့ ကြွယ်ဝသောအချိန်၌၎င်း၊ အခက်အခဲကြုံတွေ့ရသောအချိန်၌၎င်း ပေးတော်မူတတ်၏။ ဤတရား၌ လုံခြုံစွာခိုနားကြပါစို့။

**ဆင်ခြင်ရန်** - ဧလိဖတ်၏ခံယူချက်ဘယ်အချက်သည် မှားပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ဘယ်အချိန်၌မဆို ကိုယ်တော်ကိုနာခံမည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

စနေ၊ မေ (၂၀)

**ယောဘ ၂၃း၁-၁၀**

ဆာလံ ၃၁း၁-၅

*"အိုထာဝရဘုရား၊ ကိုယ်တော်ကိုအကျွန်ုပ်ခိုလှုံပါ၏"*

# ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်း

ယောဘသည် သူ့မိတ်ဆွေတို့၏စွပ်စွဲချက်များကို လျစ်လျူရှုပြီး၊ မိမိစိတ်နှလုံးထဲရှိသည့်အရာကို ပြောဆိုခဲ့ပါသည်။ သူခံစားနေရသောဒုက္ခဝေဒနာသည် မခံနိုင်လောက်အောင်ဖြစ်၍ သူသည်ဒေါသထွက်ခဲ့ပါ၏။ သူသည်ဘုရားသခင်ကိုရှာနေလျက်ပင် မတွေ့နိုင်ဟုထင်မှတ်ခံစားခဲ့ပါသည်။ ဘုရားသခင်နှင့်တွေ့ခွင့်ရှိခဲ့ပါလျှင် မိမိ၏တောင်းလျှောက်မှုကို ဘုရားလက်ခံခဲ့မည်ဟုသူယုံကြည်ခဲ့ပါသည်။ ဘုရားသခင်က မိမိအားစစ်ကြောတော်မူလျှင်လည်း မိမိသည်ဖြောင့်မတ်ကြောင်း သိမြင်မည်ဟုထင်မှတ်ခဲ့ပါသည်။ ထိုအခါ ယောဘသည် မိမိခံစားရသောဝေဒနာမှသက်သာခြင်းကိုရရှိမည်ဟုထင်ရပါ၏ (ယောဘ ၂၃း၁-၇)။

ယောဘသည် နေရာတိုင်း၌ဘုရားသခင်ပြုသောအမှုကိုတွေ့သော်လည်း၊ ဘုရားသခင်ကိုရှာသောအခါ ထိုအရပ်၌မရှိခဲ့ပါ။ ယောဘသည် မိမိခံစားနေသောနာကျင်ခြင်းဝေဒနာက သူ့စိတ်နှလုံးကို လွှမ်းမိုးထားသောကြောင့်၊ မိမိစိတ်နှလုံးထဲမှ အမှန်ယုံကြည်ချက်ကိုမဖော်ပြကြောင်း ထင်ရှားပါ၏။ ဘုရားသခင်သည် မိမိအားစွန့်ပစ်၍၊ မိမိဆုတောင်းသံကိုနားညောင်းတော်မမူဟု သူထင်ထားပါ၏ (ယောဘ ၂၃း၈-၉)။ ဆာလံကျမ်းထဲ၌ ဘုရားသခင်သည်နေရာတိုင်း၌ ရှိတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ကို ဘယ်တော့မှစွန့်ပစ်တော်မမူကြောင်း တွေ့ရပါ၏ (ဆာလံ ၁၃၉း၇-၁၀)။

ယောဘသည် မိမိ၏ခြေလှမ်းတိုင်းကို ဘုရားသခင်သိတော်မူကြောင်းနားလည်ခဲ့ပါသည်။ (ဤတရားကိုဒါဝိတ်ကလည်း သိခဲ့ပြီး၊ ထိုတရား၌ ယုံကြည်မှုရှိခဲ့ပါသည် - ဆာလံ ၁၇း၃)။ ဘုရားသခင်က မိမိအားအမှန်စီရင်တော်မူလျှင်၊ မိမိ၌ဝန်မခံသောအပြစ်မရှိကြောင်းနှင့် မိမိသည် ဘုရားအတွက် အသက်ရှင်ကြောင်းတွေ့ရမည်ဟု ယောဘလုံးဝယုံကြည်ခဲ့ပါသည် (ယောဘ ၂၃း၁၀)။

ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှပုန်းရှောင်ခြင်းမရှိဘဲ၊ ကျွန်ုပ်တို့ဆုတောင်းခေါ်သောအခါ သူသည်အစဉ်နားထောင်တော်မူကြောင်း သမ္မာကျမ်းစာအားဖြင့်သိရပါ၏ (ဆာလံ ၄း၃)။ သို့သော်လည်း၊ တခါတရံယောဘကဲ့သို့ ဂရုမစိုက်သကဲ့သို့ရှိသောအချိန်ရှိတတ်ပါ၏။ ထိုသို့သောအချိန်တွင် သမ္မာကျမ်းစာမှဂတိတော်ကို ကျွန်တော်တို့သတိရအောက်မေ့ဖို့လိုပါသည်။ ထိုဘုရားသခင်ထံမှလာသောစစ်မှန်သောဂတိတော်၌ ခိုနားကြရပါမည်။ ကျွန်တော်တို့သည် အဆုံးသတ်ကိုနားမလည်သော်လည်း၊ ရှင်းပြ၍မရသောခက်ခဲဒုက္ခကြား၌ နေရသောအချိန်၌လည်း ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ ထာဝရဘုရား၌တည်နေဖို့လိုပါသည်။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ယောဘကဘုရားသခင်သည်မိမိထံမှပုန်းရှောင်နေသည်ဟု ထင်မှတ်နေရပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည်နေ့ရာတိုင်း၌ ရှိတော်မူ၏။ အကျွန်ုပ်တို့နှင့်အတူ အစဉ်ရှိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ယောဘ ၂၃း၁၁-၁၇**
ဆာလံ ၇၀ *"ထာဝရဘုရားသည် ဘုန်းကြီးတော်မူစေသတည်း"*

# ယောဘသည်တရားမျှတမှုကိုတောင်းလျှောက်၏

ဧလိဖတ်က ယောဘအားဘုရားသခင်၏နှုတ်ကပတ်တော်ကိုလက်ခံ၍ ဆင်ခြင်ခြင်းငှါ စိန်ခေါ်ခဲ့ပါသည် (ယောဘ ၂၂း၂၂)။ ယောဘကလည်း မိမိသည်ဘုရားသခင်၏စကားကိုနာခံလျက်၊ ဘုရားသခင်နှင့်အတူ မိဿဟာယဖွဲ့လျက်ရှိကြောင်းဆိုခဲ့ပါသည်။ မိမိကိုယ်ကို စုံလင်သောသူဟု ဆိုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဖြောင့်မတ်စေခြင်းကိုခံရသောသူဟု ဆိုလိုခြင်းဖြစ်ပါသည်။ မိမိစိတ်နှလုံးသည် ဘုရားသခင်ရှေ့၌မှန်ကန်ခြင်းရှိ၍၊ မိမိအပြစ်အပေါင်းကိုဝန်ချတောင်းပန်ခဲ့ကြောင်း ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ယခုခံစားနေသောပြင်းထန်သည့်ဝေဒနာကြောင့် သူသည်စိတ်ရှုပ်ထွေးခြင်းရှိ၍၊ ဘုရားသခင်၏တရားမျှတမှုနှင့်ဖြောင့်မတ်ခြင်းတရား၌ မတည်နိုင်ခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်၌ခိုနားခြင်းကို သူပြုနိုင်ခဲ့ပါလျှင်၊ မိမိအမှားကြောင့် ဤသို့ဆင်းရဲဒုက္ခဝေဒနာခံစားရခြင်းမဟုတ်ကြောင်း သူနားလည်ခဲ့ပါလိမ့်မည် (ယောဘ ၂၃း၁၁-၁၂)။ ဆာလံဆရာက ဘုရားသခင်၏နှုတ်ကပတ်တော်သိက္ခာမ်းခြင်းနှင့်နာခံခြင်းရှိသောယုံကြည်သူ၏တန်ဖိုးအကျိုးကို ဖော်ပြခဲ့ပါသည် (ဆာလံ ၁၁၉း၁၁)။

ဖြစ်ပျက်သောအမှုကိုကြည့်လျက်၊ ယောဘသည်ဘုရားသခင်က တခါတရံ၌လူဆိုးတို့ကို ကြွယ်ဝချမ်းသာခွင့်ပြု၍ ဖြောင့်မတ်သောသူတို့ကိုဒုက္ခဝေဒနာခံရသောအခွင့်ပြုတော်မူကြောင်း တွေ့ရှိခဲ့ပါသည်။ အကြောင်းရင်းကို ယောဘနားမလည်သော်လည်း၊ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသည်ဖြစ်၍၊ ပြုတော်မူသောအမှုကို လူတို့ပြောင်းလဲ၍မရကြောင်း သိနားလည်ခဲ့ပါသည်။ သူ့မိတ်ဆွေတို့သည် ဘုရားသခင်အားပြုသောအမှုနှင့်တွေးတောသောအရာ၌ လူကဲ့သို့ပြုမူတွေးတောသည်ဟု ထင်မှတ်ကြပါ၏။ ထိုအချက်သည် မှားယွင်းကြောင်းယောဘသိခဲ့ပါသည်။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်တန်ခိုးတော်ကို သိမြင်သောအခါ မိမိအံ့ဩကြောက်ရွံ့ခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ရှေ့တော်၌ မိမိသည်ဒုက္ခတွေ့၍ထိတ်လန့်ခြင်းရှိကြောင်း ဆိုခဲ့ပါသည် (ယောဘ ၂၃း၁၅)။ သမ္မာကျမ်းစာက စစ်မှန်သောဘုရားသခင်ကြောက်ရွံ့ခြင်းသည် ပညာဉာဏ်၏အချုပ်အခြာဖြစ်ကြောင်း ဆိုခဲ့ပါသည် (ယောဘ ၂၃း၁၃-၁၇၊ သုတ္တံ ၉း၁၀)။

ယောဘသည် ဤသို့ဝေဒနာခံစားရ၍ ဘုရားသခင်က မိမိအားပစ်ထားသည်ဟု ယုံကြည်ခဲ့သော်လည်း၊ ဤကမ္ဘာလောက၌ တရားမျှတမှုမရှိကြောင်းဖော်ပြခဲ့ပါသည်။ ယောဘသာလျှင် ထိုသို့ခံစားထင်မှတ်သည်မဟုတ်ပါ။ များစွာသောဘုရားသခင်၏လူတို့လည်း ခေတ်အဆက်ဆက် ထိုသို့ထင်မှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ဆာလံဆရာက ဘုရားသခင်ပြုတော်မူသောအမှုကို ကောင်းကောင်းသိသဖြင့်၊ လူဆိုးတို့ကြောင့် ထိတ်လန့်ခြင်းမရှိခြင်းငှါ တိုက်တွန်းထားပါသည်။ ဘုရားသခင်က မိမိအချိန်၌ သူတို့ကိုစီရင်တော်မူလိမ့်မည် (ဆာလံ ၃၇း၁-၂)။

**ဆင်ခြင်ရန်** - ယောဘ၏ ကြောက်ရွံ့ထိတ်လန့်ခြင်းမှ သင်ဘာသင်ခန်းစာရပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော်ဆုတောင်းသောအခါ ကိုယ်တော်နားညောင်းတော်မူသောကြောင့် ကျေးဇူးတင်ပါ၏ (ဆာလံ ၄၀း၁)။

တနင်္လာ၊ မေ (၂၃)
**ယောဘ ၂၄း၁-၁၂**
ဆာလံ ၇၉း၁-၆

*"အိုဘုရားသခင်၊ တပါးအမျိုးသားတို့သည် အမွေတော်ထဲသို့ဝင်ပြီးလျှင်. . . "*

# ဘုရားသခင်၏တရားစီရင်ခြင်းကိုတောင့်တခြင်း

ယောဘက ဘုရားသခင်သည်အဘယ့်ကြောင့် လူဆိုးတို့ကိုစီရင်မည့်အချိန်ကို မသတ်မှတ်ပါသနည်းဟု ဆိုခဲ့ပါသည်။ ထိုစီရင်မည့်အချိန်ကိုဖြောင့်မတ်သောသူသည် အချည်းနှီးစောင့်ခဲ့ပါ၏။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်အားဘယ်အချိန်ထိ ဤလူဆိုးတို့ကိုကြွယ်ဝချမ်းသာစွာ နေခွင့်ပြုပါမည်နည်းဟု ရှေးအချိန်၌မေးခွန်းထုတ်ခဲ့ကြပါသည် (ယောဘ ၂၄း၁၊ ဆာလံ ၇၉း၆-၇)။

ယောဘ၏သူငယ်ချင်းတို့သည် ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းကို ဤကမ္ဘာလောကနေရာတိုင်း၌ တွေ့ရကြောင်းဆိုကြ၏။ သို့သော်လည်း ဤအမှုသည်မမှန်ဟုယောဘသိခဲ့ပါသည်။ လူဆိုးတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိဘဲ ပညတ်တရားကိုချိုးဖောက်လျက်နေ၍၊ ဆင်းရဲသားတို့ကိုနှိပ်စက်လျက်နေကြသော်လည်း ပြစ်ဒဏ်စီရင်မခံရဘဲနေကြကြောင်း ယောဘဖော်ပြခဲ့ပါသည်။ ယောဘကမြေမှတ်တိုင်ရွှေ့သောသူတို့အကြောင်းကို ဖော်ပြခဲ့ပါသည်။ ထိုသို့ပြုခြင်းကို သမ္မာကျမ်းစာကခွင့်မပြုခဲ့ပါ (တရား ၁၉း၁၄၊ သုတ္တံ ၂၂း၂၈)။ ထိုသို့သော လူတို့သည်ပိုင်ရှင်မရှိသောအချိန်၌ သိုးနှင့်ပစ္စည်းဥစ္စာတို့ကိုခိုးယူတတ်ကြ၏။ ထို့ပြင် မိဘမဲ့နှင့်မုဆိုးမတို့ကို သူတို့သည်အနိုင်ကျင့်ကြ၏။ ဆင်းရဲသားနှင့်ငတ်မွတ်သောသူတို့ကို အော်ငေါက်လွှတ်ကြပြီး ထိုသို့သောအပြစ်ကျူးလွန်ကြသော်လည်း၊ ပြစ်ဒဏ်စီရင်ခြင်းမခံရဘဲ နေကြ၏ (ယောဘ ၂၄း၂-၄)။

ကျွန်တော်တို့သည် ရိုးသားသောဆင်းရဲသူတို့ကိုဂရုဏာထားကြရပါမည် (ဆာလံ ၄၁း၁)။ ယောဘက လူဆိုးတို့သည်မိမိကိုယ်ကျိုးအတွက် ဆင်းရဲသားတို့ကို နှိပ်စက်ကြကြောင်းဖော်ပြခဲ့ပါသည်။ ဆင်းရဲသားတို့သည် ကြာမြင့်စွာအလုပ်လုပ်ခဲ့ကြသော်လည်း၊ သူတို့လုပ်အားခအမှန်ကို မရခဲ့ကြပါ။ သင့်လျော်သောအဝတ်အစားမရှိ နေစရာမရှိဖြစ်ကြ၏။ သမ္မာကျမ်းစာက အလုပ်ရှင်တို့အား အလုပ်သမားတို့ကို ခေါင်းပုံမဖြတ်ဘဲကောင်းမွန်စွာ ဆက်ဆံခြင်းငှါသတိပေးခဲ့ပါသည်။ ထိုက်သင့်သောလုပ်အားခကို အချိန်မှီပေးရပါမည်။ မိဘမဲ့နှင့်မုဆိုးမတို့ကို အမြတ်မထုတ်ဘဲ၊ ကူညီမစကြရပါမည် (ယောဘ ၂၄း၅-၉၊ တရား ၂၄း၁၄-၁၅၊ ၁၇)။

ယောဘခေတ်နည်းတူ၊ ယခုအချိန်၌လည်း ကြွယ်ဝချမ်းသာပြီးအာဏာရှိသောလူဆိုးတို့သည် မိမိကိုယ်ကျိုးအတွက် ဆင်းရဲသားတို့ကိုနှိပ်စက်နေကြသော်လည်း၊ အပြစ်စီရင်ခြင်းမခံရဘဲနေနေကြသည်ကိုတွေ့ရပါ၏ (ယောဘ ၂၄း၁၀-၁၂)။ သို့သော်လည်း၊ သူတို့ခံရမည့်ပြစ်ဒဏ်သည်သေချာလှကြောင်း ကျွန်တော်တို့သိပါ၏။ ခရစ်ယာန်အလုပ်ရှင်တို့သည် ခရစ်ယာန်အကျင့်ကိုကျင့်လျက်၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်း၊ ဂရုဏာတော်နှင့်တရားမျှတမှုကို ပေါ်လွင်စေကြရပါမည်။

**ဆင်ခြင်ရန်** - ပြစ်ဒဏ်စီရင်ခြင်းမခံရဟုဖော်ပြသောအချို့အပြစ်တို့ကိုဖော်ပြပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်နှစ်သက်တော်မူသောအကျင့် အကျွန်ုပ်၌ရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မေ (၂၄)
**ယောဘ ၂၄း၁၃-၁၇**
သုတ္တံ ၁၄း၉-၁၂

*"ဖြောင့်မတ်သောသူတို့မူကား၊
တယောက်ကိုတယောက်ကျေးဇူးပြုကြ၏"*

# အမှောင်ထဲ၌ရှိသောလူများ

ယောဘက ဘုရားသခင်ကိုဆန့်ကျင်လျက် ဆင်းရဲသားနှင့်အားကိုးရာမဲ့သောသူတို့ကို နှိပ်စက်သောလူဆိုးတို့၏အကြောင်းကို ဖော်ပြခဲ့ပါသည်။ သူတို့သည် ပို၍ကြွယ်ဝချမ်းသာလျက် အာဏာရှိလာကြပြီး၊ ကျရောက်လာမည့်တရားစီရင်ခြင်းကို ဂရုမစိုက်ဘဲနေကြ၏။

သမ္မာကျမ်းစာထဲတွင် ဘုရားသခင်နှင့်နှုတ်ကပတ်တရားတော်ကို အလင်းနှင့်နှိုင်းယှဉ်ဖော်ပြတတ်ပါ၏။ လူဆိုးတို့သည် အလင်းကိုလျစ်လျူရှုလျက် ဆန့်ကျင်ခြင်းပြုပြီး၊ ဘုရားသခင်၏လမ်းသို့လျှောက်မသွားကြပါ (ယောဘ ၂၄း၁၃၊ ယောဟန် ၁း၅၊ ဆာလံ ၁၁၉း၁၀၅၊၁၃၀)။ မှန်သောလမ်းသို့မလိုက်ကြသောကြောင့်၊ မိမိမှန်သည်ဟုထင်မှတ်သောလမ်းသို့လိုက်၍ အဆုံးတွင်သေခြင်းရှိပါ၏။ ဘုရားသခင်ဆန့်ကျင်ခြင်းအမှုပြုခြင်း၌ ကျေနပ်ခြင်းရှိခဲ့ကြပါသည် (သုတ္တံ ၁၄း၁၂၊ မသဲ ၇း၁၃-၁၄)။

ဘုရားသခင်ကိုဆန့်ကျင်သောသူတို့၏အချို့သောအပြစ်တို့ကို ယခုတွေ့ကြရပါမည်။ သူတို့သည် လူ့အသက်သတ်သောသူဖြစ်ကြ၍၊ ဆင်းရဲသားနှင့်အားနည်းသောသူတို့ကို အမြတ်ထုတ်သောသူဖြစ်ကြ၏။ သူတို့သည်မတရားသောမေထုန်နှင့်လျှို့ဝှက်သောအပြစ်များပြုခြင်း၌ အစဉ်သဖြင့်ပါဝင်တတ်ကြ၏။ မိမိဥစ္စာမဟုတ်သောအရာတို့ကို မိမိဥစ္စာအဖြစ်သို့ လုယူသောသူခိုးများဖြစ်ကြပါသည် (ယောဘ ၂၄း၁၄-၁၆)။

လူသည် ဘုရားသခင်ကိုဆန့်ကျင်သောအခါ၊ သွားစရာမြေမရှိ၊ အမှောင်ထဲသို့ကျရောက်တတ်၏။ ယောဘက သူတို့အတွက်အလင်းသည်သေခြင်းကဲ့သို့ဖြစ်ပါ၏ဟု ဖော်ပြခဲ့ပါသည်။ သူတို့၏ ဒုစရိုက်အပြစ်ဖော်ထုတ်ခံရမည်ကိုစိုးရိမ်ထိတ်လန့်လျက်ရှိကြ၏။ သူတို့ပြုသောအမှုသည် အဓမ္မအမှုဖြစ်သောကြောင့် အလင်းထက်အမှောင်ကို သူတို့ကြိုက်နှစ်သက်ကြ၏ဟု ကျမ်းစာဖော်ပြထားပါသည် (ယောဘ ၂၄း၁၇၊ ယောဟန် ၃း၁၉)။

ကျွန်တော်တို့သည် ဘုရားသခင်၏လူဖြစ်ကြသောကြောင့်၊ ဘုရားသခင်ကိုဆန့်ကျင်သော၊ အမှောင်၌ကျင်လည်သောထိုသူတို့နှင့် မိဿဟာယမဖွဲ့ခြင်းငှါ သတိပေးခြင်းခံရပါသည်။ ဘုရားကိုသိသောကျွန်တော်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို သိနားလည်သည်ဖြစ်သောကြောင့် တင့်တယ်လျှောက်ပတ်စွာ၊ ဘုရား၏နည်းလမ်းအတိုင်း ကျင့်ကြရပါမည်။ ထို့သို့ဖြင့်၊ ခရစ်ယာန်ဖြစ်သောကျွန်တော်တို့သည် ဘုရားသခင်၏အလင်းကိုသူတပါးထံပြသလျက်၊ ဘုရားသခင်ကိုသူတို့သိလာကြပါလိမ့်မည်ဖြစ်ပါသည် (၂ ကော ၅း၁၄-၁၅၊ မသဲ ၅း၁၆)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် လူဆိုးတို့သည်အလင်းကိုမုန်းတီးကြပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ဤဆိုးသွမ်းသောကမ္ဘာ၌ကိုယ်တော်၏အလင်းကို လင်းလက်တောက်ပစေခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

*"သန့်ရှင်းသောပရောဖက်တို့သည်၊
အထက်ကဟောပြောသောစကားများကိုငင်း . . .
သင်တို့သည်အောက်မေ့စေခြင်းငှါ . . . "*

# တရားစီရင်ခြင်းရောက်လာလိမ့်မည်

ဤကျမ်းပိုဒ်တွင်၊ ယောဘသည် သူ့သူငယ်ချင်းတို့နှင့်သဘောတူသည်ဟု ထင်ရပါသည်။ ထိုသို့ဖြစ်လျှင် သူ၏ခံယူချက်ပြောင်းလဲသည်ဟု ဆိုနိုင်ပါလိမ့်မည်။ ယခု သူပြောသောစကားသည် ရှေ့အနာဂတ်၌ဖြစ်ပျက်မည့်အရာဖော်ပြခြင်းဖြစ်သည်ဟု ကျွန်တော်တို့နားလည်ရပါသည်။ အမှုအချို့၌ ယခုလက်ရှိအချိန်တွင် တရားစီရင်ခြင်းမကျရောက်သော်လည်း၊ လူဆိုးတို့သည် နောက်ဆုံးတွင်အမှန်စီရင်ခြင်းခံရကြပါလိမ့်မည်။

"ရေပေါ်မှာပေါ့ပါးကြ၏" (ယောဘ ၂၄း၁၈) ဆိုသည်မှာ ရေမြှုပ်တို့သည်ချက်ချင်းပျောက်ကွယ်တတ်သကဲ့သို့ လူဆိုးတို့၏ဘဝသည် လျင်မြန်စွာပျောက်ကွယ်လိမ့်မည်ဟု ဆိုလိုပါသည်။ လူဆိုးတို့သည်ကွယ်ပျောက်ကြမည်ဖြစ်၍ သူတို့ပိုင်ဆိုင်မှုတို့သည်လည်း ပျက်စီးခြင်းသို့ရောက်ပါလိမ့်မည်။ သူတို့၏မျှော်လင့်ချက်နှင့်အစီအစဉ်ကို မည်သူမျှအောက်မေ့ခြင်းမရှိ သိကြမည်မဟုတ်ပါ။ သူ့ကြွယ်ဝချမ်းသာမှုနှင့်အာဏာကိုထားခဲ့ပြီး၊ သူသည်သင်္ချိုင်းတွင်း၌ဆွေးမြည့်သွားပါလိမ့်မည်။ သူ့ပစ္စည်းဥစ္စာတို့သည်လည်း ပျောက်ကွယ်ကြပါလိမ့်မည်။ နောင်လာနောက်သားတို့က သူတို့ကိုအောက်မေ့ကြမည်မဟုတ်ပါ (ယောဘ ၂၄း၁၈-၂၀)။

လူဆိုးတို့သည် အကူအညီမဲ့သောသူတို့ကိုနှိပ်စက်၍ သနားကြင်နာမှုမရှိဘဲပြုမူလျက်နေကြမည်ဖြစ်၏။ သို့သော်လည်း သူတို့ခံရမည့်ထာဝရပျက်စီးခြင်းသည် သေချာသောအမှုဖြစ်ပါသည်။ သူတို့တဖက်၌ဘုရားသခင်သည်ပြစ်ဒဏ်ကိုသိုထားလျက်ရှိ၏။ မိမိအသက်ရှင်ခြင်းနှင့်အာဏာကို မိမိလက်ထဲ၌ရှိသည်ဟု ထင်မှတ်ကြသော်လည်း၊ အမှန်မှာသေခြင်းရှင်ခြင်းတရားသည် ဘုရားသခင်လက်ထဲ၌ရှိတော်မူ၏။ ဘုရားသခင်သည် လူဆိုးတို့၏လမ်းကိုသိတော်မူသည်ဖြစ်၍ လွတ်မြောက်ကြမည်မဟုတ်ပါ။ ပြစ်ဒဏ်စီရင်ခြင်းခံရကြပါမည်။ ဘုရားသခင်ချိန်းချက်တော်မူသောအချိန်၌ ခံရကြပါမည် (ယောဘ ၂၄း၂၁-၂၅၊ သုတ္တံ ၁၅း၃၊ ၂ ပေ ၂း၉၊ ၃း၇)။

လူဆိုးတို့အပေါ်၌ ဘုရားသခင်သည်အာဏာရှိတော်မူသည်ဖြစ်၍၊ ပြစ်ဒဏ်စီရင်ခြင်းအတွက် ခွဲခန့်ထားတော်မူ၏။ ထိုဘုရားသခင်၏တန်ခိုးတော်ကပင် ဖြောင့်မတ်သောသူတို့အား ဘဝအခက်အခဲနှင့်သွေးဆောင်ခြင်းမှကယ်နှုတ်တော်မူလိမ့်မည် (၂ ပေ ၂း၉)။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ခြင်းငှါ သတိပြုကြပါစို့။ ထိုအခါ၊ ကျွန်တော်တို့သည် အလင်းတော်နှင့် ဘုရားသခင်၏မိဿဟာယဖွဲ့ခြင်း၌ ကျင်လည်သဖြင့်၊ ကိုယ်တော်သည်ကျွန်ုပ်တို့ကိုလမ်းပြ၍ နေ့စဉ်ကွယ်ကာတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကအမှန်ပြစ်ဒဏ်စီရင်မည်အကြောင်း ကျွန်တော်ဘယ်လိုသိပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုကျွန်တော်ချစ်ပါ၏။ ကိုယ်တော်၏စကားကိုနာခံခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

ကြာသပတေး၊ မေ (၂၆)

**ယောဘ ၂၅**

ဆာလံ ၁၄

*"လူသည်အဘယ်သို့သောသူဖြစ်၍၊*
*ကိုယ်တော်သည်အောက်မေ့တော်မူရသနည်း"*

## ဗိလဒဒ်၏နောက်ဆုံးစကား

သူ့သူငယ်ချင်းအတွက် အသစ်သောအကြံဗိလဒဒ်၌မရှိပါ။ သူပြောသမျှစကားတို့သည် ယောဘကိုမတုန်လှုပ်စေခဲ့ပါ။ ယောဘက ဤပြင်းထန်သောဝေဒနာကိုခံခြင်းငှါ ဘုရားသခင်ရှေ့၌ ဝန်မခံသောအပြစ်မိမိ၌မရှိကြောင်း ထပ်၍ပြောခဲ့ပါသည်။ ထို့ကြောင့် ဗိလဒဒ်သည်မိမိ၏နောက်ဆုံး စကားတွင် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့် လူ၏အားနည်းမှုကိုအဓိကဖော်ပြခဲ့ပါသည်။

ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီး၌ဖန်ဆင်းသမျှသောအရာတို့အထက်၌ ဘုန်းတန်ခိုးအဆုံးစွန်ပိုင်ဆိုင်တော်မူ၏။ သူသည်ကောင်းကင်ဗိုလ်ခြေအရှင်သခင်ဖြစ်၍ ကောင်းကင် တမန်အပေါင်းတို့ကကြည်ညိုခြင်းရှိကြ၏။ ဘုရားသခင်၏တန်ခိုးတော်အောက်၌ မရှိသောအရပ် ဒေသဟူ၍မရှိပါ (ယောဘ ၂၅း၁-၃၊ ဟေရှာ ၄၀း၂၆၊ ဆာလံ ၁၁၅း၃)။

လူသည်ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းအပေါင်းကို သိမြင်သောအခါ မိမိသည် အပြစ်သားဖြစ်ကြောင်းသိ၍၊ အနန္တတန်ခိုးရှင်ဖန်ဆင်းရှင်ရှေ့တော်၌ သိမ်ငယ်လှသောသူဖြစ်ကြောင်း မိမိကိုယ်ကိုသိမြင်လာ၏။ မိမိ၏အကြောင်းကို ဘုရားသခင်ထံလျှောက်တင်ခြင်းငှါ မချဉ်းကပ်နိုင်ပါ။ ထို့ကြောင့် ခေတ်အဆက်ဆက်အော်ဟစ်သံဖြစ်သော၊ "လူသည် ဘုရားသခင့်ရှေ့တော်၌ကုသိုလ်ကို အဘယ်သို့ရနိုင်သနည်း" (ယောဘ ၂၅း၄-၆၊ ဟေရှာ ၆၄း၆၊ ရောမ ၅း၁၂)ဟု ဗိလဒဒ်မြည်တမ်းခဲ့ ပါသည်။

ထိုသို့ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်လူ၏ဆိုးသွမ်းမှုကို နှိုင်းယှဉ်ပြခြင်းအားဖြင့် ယောဘသည်ဘုရားသခင်ရှေ့၌ နှိမ့်ချသောစိတ်ရှိလာမည်ဟု ဗိလဒဒ်မျှော်လင့်ခဲ့ပါသည်။ ဗိလဒဒ်၏ ဤနောက်ဆုံးစကားတို့သည် အခြေခံအားဖြင့်မှန်ကြပါ၏။ သို့သော်လည်း ယောဘ၏ပြဿနာ အတွက် အဖြေမဟုတ်ခဲ့ပါ။

မှန်ပါ၏- လူသည်ဖြောင့်မတ်သောဘုရားသခင်ရှေ့၌ မျှော်လင့်စရာကင်းမဲ့သောအပြစ် သားသာလျှင်ဖြစ်ပါ၏။ လူသည် မိမိကိုယ်ကိုဘာမှမလုပ်နိုင်ပါ။ သို့သော်လည်း၊ ဘုရားသခင်က ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့အတွက် အသေခံရန်ယေရှုခရစ်တော်ကို စေလွှတ်တော်မူသောအမှု၌ မျှော်လင့်ခြင်းရှိပါ၏။ ကျွန်ုပ်တို့ကိုယ်စား အကြွေးဆပ်ပေးတော်မူသောယေရှုကို ယုံကြည်ခြင်းဖြင့် လက်ခံသောအခါ ကျွန်တော်တို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုခံရ၍ ဘုရားသခင်ရှေ့၌ရပ် တည်နိုင်ကြပါ၏။ ဤဖြောင့်မတ်ခြင်းကိုကောင်းမှုကုသိုလ်ပြုခြင်းနှင့်အလှူဒါနပြုခြင်းဖြင့် မရနိုင်ပါ။ ဤဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့် သာရရှိနိုင်ပါ၏ (ရောမ ၅း၁၊ ၈-၁၁)။

ဤကယ်တင်ခြင်းဝမ်းမြောက်ခြင်းကို သိမြင်သောကျွန်တော်တို့သည် ခရစ်တော်၌ကျွန်တော် တို့ပိုင်ဆိုင်သောဖြောင့်မတ်ခြင်းကို သူတပါးထံပြခြင်းငှါ ဘုရားသခင်အတွက်အသက်ရှင်ကြပါစို့။

**ဆင်ခြင်ရန်** - အပြစ်သား၏တခုတည်းသောမျှော်လင့်စရာကား အဘယ်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ သားတော်ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့် ပေးတော်မူသော ကိုယ်တော်၏ထာဝရအသက်ဆုကျေးဇူးကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ မေ (၂၇)
**ယောဘ ၂၆း၁-၇**
ဆာလံ ၈၉း၁-၇

*"အကျွန်ုပ်သည်ထာဝရဘုရား၏ဂရုဏာတော်ကို အစဉ်အမြဲသီချင်းဆိုပါမည်"*

# ယောဘ၏ဒုတိယအကြိမ်တုန့်ပြန်မှု

ဗိလဒဒ်၏စကားသည် မည်မျှပင်လှပပါစေ၊ ပြင်းထန်သောဝေဒနာခံစားနေရသောသူအဖို့ အကူအညီမရပါ။ ထို့ကြောင့်၊ ယောဘက သူ့မိတ်ဆွေတို့ထံမှအဘယ်နှိမ့်သိမ့်မှုအကူအညီမျှမရကြောင်းမှတ်ချက်ပြုခဲ့ပါသည်။ သူ့သူငယ်ချင်းတို့က ယောဘအားဘုရားသခင်ပြုသောအမှုမသိဟုစွပ်စွဲခဲ့ကြသော်လည်း၊ အမှန်မှာ ယောဘသည်သူတို့ထက်ပို၍သိပါ၏။ ဗိလဒဒ်၏ပြောစကားတို့သည် ယောဘ၏ပြဿနာနှင့်သက်ဆိုင်မှုမရှိသောကြောင့် ယောဘအတွက်အကျိုးမရှိခဲ့ပါ။ သူတို့သည် ယောဘပြောသောစကားကိုငြင်းခုံဖို့သာ တွေးတောကြသောကြောင့် ယောဘကိုအကူအညီပေးရမည့်အခွင့်မရခဲ့ကြပါ။ ယောဘက ဗိလဒဒ်သည်မိမိအသိဉာဏ်ဖြင့် စကားပြောသည်မဟုတ်ဘဲ၊ ဧလိဖတ်ထံမှရရှိသောစကားကို ပြန်ပြောခြင်းသာဖြစ်ကြောင်းဆိုခဲ့ပါသည် (ယောဘ ၂၆း၁-၄)။

ယောဘသည် ဗိလဒဒ်ပြုသကဲ့သို့ဘုရားသခင်၏ဘုန်းအာနုဘော်နှင့်တန်ခိုးတော်ကို ချီးမြှောက်ခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် မြေကြီးအောက်အရပ်၊ သေရွာအထိတိုင် ကျယ်ပြန့်ရောက်ရှိကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်သည် နေရာတိုင်း၌ တည်ရှိတော်မူကြောင်းဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည်လူတို့အကြောက်ဆုံးသော အရာဖြစ်သောနောက်ဆုံးပျက်စီးခြင်းနှင့်သင်္ချိုင်းအပေါ်၌လည်း သက်ရောက်တည်တော်မူ၏ (ယောဘ ၂၆း၅-၆၊ ဆာလံ ၁၃၉း၈၊ သုတ္တံ ၁၅း၁၁)။

ယနေ့ခေတ်သစ်လူသည် အဝေးကြည့်မှန်ပြောင်းအားဖြင့် မိုးကောင်းကင်ရှိအရာတို့ကို ကြည့်မြင်နိုင်ပါ၏။ ထိုအခါ ဘုရားသခင်ဖန်ဆင်းတော်မူသောအရာ၏ကြီးမြတ်မှုကြောင့် အံ့သြခြင်းရှိခဲ့ပါသည်။ ဆာလံဆရာက ဤစကြဝဠာဖန်ဆင်းခြင်းအမှုက ဘုရားသခင်တည်ရှိတော်မူခြင်း၊ ဘုန်းအာနုဘော်တော်နှင့်တန်ခိုးတော်ကိုပြသလျက် ရှိကြောင်းဖော်ပြခဲ့ပါသည် (ဆာလံ ၁၉း၁-၄)။ မိမိတည်ရှိတော်မူကြောင်းကို ဖန်ဆင်းခြင်းအရာအားဖြင့်ဖော်ပြသော်လည်း၊ ဘုရားသခင်ကို လျစ်လျူရှု၍ မထီမဲ့မြင်ပြုသောသူ၊ မိမိကိုယ်ကိုရပ်တည်နိုင်သည်ဟု ဆိုသောလူဆိုးတို့အပေါ်၌ ဘုရားသခင်၏ အမျက်တော်သည်တည်လျက်ရှိပါ၏ (ရောမ ၁း၂၀-၂၁)။

ကျွန်ုပ်တို့ကို ကယ်တင်တော်မူ၍ဂရုဏာတော်နှင့်ကျေးဇူးတော်အားဖြင့် စောင့်ရှောက်တော်မူသော ဤမျှလောက်ကြီးမြတ်တော်မူသော ဖန်ဆင်းရှင်၏လက်တော်ထဲ၌ ကျွန်ုပ်တို့၏အသက်တာတည်ရှိကြောင်းသိခြင်းသည် အလွန်ထူးမြတ်လှပါသည်တကား။

**ဆင်ခြင်ရန်** - ဘုရားသခင်က မိမိတည်ရှိခြင်းအကြောင်းကို ကယ်တင်ခြင်းမရသောသူတို့ထံ မည်သို့ဖော်ပြခဲ့ပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ဖန်ဆင်းသောအရာတို့သည် ကိုယ်တော်၏ဘုန်းအာနုဘော်နှင့်တန်ခိုးတော်ကို ပြသလျက်ရှိ၏။ ကိုယ်တော်၏နာမတော်ကြီးမြတ်ပါစေသော်။

စနေ၊ မေ (၂၈)

**ယောဘ ၂၆း၈-၁၄**

ဆာလံ ၈၆း၁၀-၁၇

*"အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုမစ၍ ချမ်းသာပေးတော်မူ၏"*

# ကိုယ်တော်သည်အလွန်ကြီးမြတ်တော်မူ၏

ဆာလံဆရာက ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းအကြောင်းကိုဖော်ပြခဲ့ပါသည်။ "ကိုယ်တော်သည် ကြီးမြတ်၍. . . ကိုယ်တော်တပါးတည်းသာလျှင် ဘုရားသခင်ဖြစ်တော်မူ၏" (ဆာလံ ၈၆း၁၀)။ ယောဘသည် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကို မေ့လျော့သဖြင့်၊ မိမိကြုံတွေ့နေရသောအခြေအနေကို နားမလည်ခဲ့ပါ။ စိတ်ထဲ၌ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းသိမှတ်ခြင်းက အပြစ်မပြုခြင်း၌ မစတော်မူတတ်၏ (ဟေရှာ ၆း၁-၅)။

ယောဘက သဘာဝတရား၌မြင်တွေ့ရသော ဘုရားသခင်၏တန်ခိုးတော်ကိုပြသခဲ့ပါသည်။ ဘုရားသခင်သည် မိုးတိမ်၌ရေကိုသိမ်းထားတော်မူ၍၊ နောဧခေတ်၌ဖြစ်ပျက်သကဲ့သို့ ဤကမ္ဘာကို ဖျက်ဆီးခြင်းမပြုရန် တခါတည်းတချိန်တည်း၌အကုန်လုံးမသွန်းလောင်းခဲ့ပါ (ယောဘ ၂၆း၈)။ မိမိပလ္လင်တော်ကိုမိုးကောင်းကင်၌တည်လျက် ဖန်ဆင်းသောအရာတို့ကိုအစိုးရတော်မူလျက်၊ အချိန်တန်မှမိုးကို ရွာသွန်းစေတော်မူ၏ (ယောဘ ၂၆း၉၊ ဝတ် ၂၆း၄)။ မြေကြီးပေါ်၌ရှိသောရေထက်၊ ပတ်ပတ်လည်၌ရှိသောရေသည် ပို၍များပြားသော်လည်း၊ ထိုရေတို့ကိုဘုရားသခင်ထိန်းချုပ်တော်မူသဖြင့်၊ လူသည်နေစရာရှိခြင်းဖြစ်ပါသည် (ယောဘ ၂၆း၁၀၊ ဆာလံ ၁၀၄း၉၊ ကမ္ဘာ ၁း၉-၁၀)။

ယောဘဝတ္ထု၏ကဗျာအရေးအသားအရ၊ တောင်တို့ကိုမိုးကောင်းကင်ထောက်တိုင်ဟုခေါ်ပါသည်။ ထိုထောက်တိုင်တို့သည် ဘုရားသခင်၏စကားသံ၌ တုန်လှုပ်ခြင်းရှိကြ၏။ ဘုရားသခင်၏တန်ခိုးတော်သည် သဘာဝစွမ်းအားအပေါင်းနှင့်ပင်လယ်သမုဒ္ဒရာရှိ သတ္တဝါအပေါင်းတို့ကို ထိန်းချုပ်တော်မူ၏ (ယောဘ ၂၆း၁၁-၁၃၊ ဆာလံ ၉၅း၅၊ မာကု ၄း၃၉)။

ထိုသဘာဝစွမ်းအားပေါင်းကို ထိန်းချုပ်သောဘုရားသခင်၏တန်ခိုးတော်သည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်း၏သေးငယ်သောအစိတ်အပိုင်းတခုသာဖြစ်ပါသည်။ ဤစကြဝဠာ၌တွေ့ရသောအရာတို့သည်၊ စကားတော်အသံအနည်းငယ်ကဲ့သို့၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းအစိတ်အပိုင်းလေးတခုပင်ဖြစ်ပါသည် (ယောဘ ၂၆း၁၄)။

ဤမျှလောက်ကြီးမြတ်တော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့ကိုကယ်တင်၍စောင့်ရှောက်တော်မူသောဘုရားဖြစ်ပါ၏။ ခက်ခဲသောအချိန်၌ ကျွန်ုပ်တို့ကိုစုံလင်သောငြိမ်သက်ခြင်းပေးတော်မူ၏။ ကိုယ်တော်အတွက် နေ့စဉ်အသက်ရှင်လျက်၊ ကိုယ်တော်၌ခိုလှုံခြင်းသည် ဝမ်းမြောက်စရာပင်ဖြစ်ပါသည် (ဆာလံ ၂၉း၁၁)။

**ဆင်ခြင်ရန်** - လူသည် ဘုရားသခင်၏တန်ခိုးတော်ကိုမည်သို့နည်းဖြင့် မြင်တွေ့နိုင်ပါသနည်း။

**ဆုတောင်းချက်-** ဖန်ဆင်းရှင်ဘုရားသခင် ကိုယ်တော်ကကျွန်ုပ်ကိုစောင့်ရှောက်တော်မူကြောင်းသိခြင်းသည်အလွန်ဝမ်းမြောက်စရာကောင်းလှပါသည်တကား။ ကိုယ်တော်သည်ကြီးမြတ်တော်မူ၏။

တနင်္ဂနွေ၊ မေ (၂၉)
**ယောဘ ၂၇း၁-၁၀**
ဆာလံ ၃၇း၁-၁၀ *"လူဆိုးတို့အကြောင်းကြောင့် စိတ်မပူနှင့်"*

# ယောဘ၏ဖြောင့်မတ်သောသဘော

ယောဘ၏သူငယ်ချင်းတို့က ဘုရားသခင်ရှေ့၌ ဘယ်သူမျှဖြောင့်မတ်သောသူမဖြစ်နိုင်ဟု ဆိုကြပါသည်။ ထို့ကြောင့်၊ ဤအချက်ကိုသိမှတ်လျက်ယောဘကလည်း မိမိသည် အပြစ်သားဖြစ်ကြောင်းဝန်ခံရပါမည်။ ယောဘကလူတိုင်းအပြစ်ရှိကြောင်းသိသော်လည်း၊ မိမိဆင်းရဲဒုက္ခခံရခြင်းသည်ထိုအပြစ်ကြောင့်မဟုတ်ဟု ထင်မှတ်ထားပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်၊ လူသည်ဖြောင့်မတ်သောသူဖြစ်ကြောင်း ယောဘသိပါ၏။ မိမိ၌ဝန်မခံသောအပြစ်မရှိကြောင်းထပ်၍ ယောဘမြွက်ဆိုခဲ့ပါသည်။ ထိုသို့ဆင်းရဲဒုက္ခခံစားရသော်လည်း မိမိ၏ခံယူချက်လုံးဝပြောင်းလဲမသွားပါ။

ဘုရားသခင်နှင့်မိမိ၏မိသာဟာယဖွဲ့ခြင်းအမှုကို ပြန်၍ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် အသက်ရှင်တော်မူသည်အတိုင်း၊ မည်သို့ပင်မိမိဆက်ဆံရပါစေမိမိသည် အပြစ်မရှိကြောင်းဆိုခဲ့ပါသည်။ သူသည်မုသားမပြောသောကြောင့် မိမိခံယူချက်မပြောင်းလဲနိုင်ကြောင်းဆိုခဲ့ပါသည်။ ဘုရားသခင်နှင့်မိမိ၏ဆက်ဆံရေးကောင်းမွန်ခဲ့ကြောင်းယောဘက အစမှပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ယခုခံစားနေရသောဒုက္ခဝေဒနာသည် အပြစ်ကြောင့်မဟုတ်ဟု သိမှတ်ထားပါသည်။ ထို့ကြောင့် နောက်ဆုံး၌လည်း ထိုတရားကိုထပ်၍ ဆိုခဲ့ပါသည် (ယောဘ ၂၇း၁-၇)။

ယောဘသည် ဘုရားသခင်၌ ယုံကြည်ခြင်းမရှိဘဲ ယုံကြည်သူကဲ့သို့နေထိုင်လျက်၊ အပြစ်၌ကျင်လည်နေသော၊ ဟန်ဆောင်သောသူတို့၏ထာဝရနိဂုံးကို ကြိုမြင်ခဲ့ပါသည်။ ဘုရားသခင်ကသူ့အသက် ဝိညာဉ်ပြန်ရုပ်သိမ်းသောအချိန်ရောက်လိမ့်မည် (လုကာ ၁၂း၂၀)။ ဤလောက၌ သူတို့ငြင်းပယ်ခဲ့ သော ဘုရားသခင်ကို ယုံကြည်ခြင်းငှါ အခွင့်မရတော့ပါ (မသဲ ၇း၂၁-၂၃)။ မိမိအသက်တာသည်ခက် ခဲသော်လည်း၊ ဘုရားသခင်နှင့်ကောင်းမွန်သော မိဿဟာယဖွဲ့ခြင်းရှိခြင်း၌ ယောဘသည်ခွန်အားယူ လေ့ရှိ၏။ မယုံကြည်သူတို့၌ ထိုသို့သောအခွင့်အရေးမရှိကြပါ။

လူဆိုးတို့သည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်၌ အမှန်ပျော်မွေ့ခြင်းမရှိပါ။ ယောဘသည်ဘုရားသခင်၌ ပျော်မွေ့၍ ခက်ခဲသောအချိန်၌ပင် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်း၌ ခွန်အားယူခဲ့ပါသည်။

ဘုရားသခင်၏လူ ကျွန်တော်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ပညတ်တော်နာခံလိုက်လျှောက်ခြင်း၌ ပျော်မွေ့ခြင်းရှိသောအခါ စစ်မှန်သော စိတ်ငြိမ်သက်ခြင်းပိုင်ဆိုင်ရကြ၏(ဆာလံ ၄၃း၃-၅)။

**ဆင်ခြင်ရန်** - ယောဘသည် အဘယ်အမှု၌ စိတ်ငြိမ်သက်ခြင်းရရှိပါသနည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၌သာ အစဉ်မျှော်လင့်ခြင်းရှိမည်အကြောင်းမစတော်မူပါ။

တနင်္လာ၊ မေ (၃၀)
**ယောဘ ၂၇း၁၁-၁၈**
ဆာလံ ၆၂း၁-၅

*"ဘုရားသခင်သည်. . . ငါ့ခိုလှုံရာဖြစ်တော်မူ၍ ငါ၌လှုပ်ရှားခြင်းများစွာမရှိရာ"*

# အဓမ္မလူတို့သွားရာလမ်း

ယောဘ၏သူငယ်ချင်းတို့က ဘုရားသခင်အမှုပြုခြင်းအကြောင်းကို သူတို့၏လောကီပညာအားဖြင့် ယောဘအားသွန်သင်ပြောပြခဲ့ကြ၏။ ယခုတွင် ယောဘကလည်းသူတို့မြင်တွေ့ခဲ့သောအရာမှဘုရားသခင်အမှုပြုခြင်းအကြောင်းကို သွန်သင်ခဲ့ပါသည်။ သူတို့၏ခံယူချက်တို့သည် မိမိတို့၏အမှုနှင့်တိုက်ဆိုင်မှုရှိကြောင်း ယောဘကပြန်ထောက်ပြခဲ့ပါသည်။ လူတို့သည် မိမိတို့ခံယူချက်နှင့်ဆန့်ကျင်နေသောဘဝ၏စစ်မှန်သောတရားကို လက်မခံလိုကြပါ(ယောဘ ၂၇း၁၁-၁၂)။

ယောဘက လူဆိုးတို့၏နိဂုံးကိုရှင်းပြခဲ့ပါသည်။ သူတို့၌သားသမီးများစွာရှိ၍ ကြွယ်ဝချမ်းသာခြင်းရှိသော်လည်း၊ သူ့သားစဉ်မြေးဆက်တို့သည် စစ်ပွဲဒဏ်ခံရ၍ဆာလောင်မွတ်သိပ်ခြင်းနှင့်ရောဂါကြုံတွေ့ကြပါလိမ့်မည်။ ဤသည်ကား လူဆိုးတို့အပေါ် ဘုရားသခင်စီရင်မည့်ပြစ်ဒဏ်ဖြစ်၍ဘုရားသခင်ချိန်းချက်တော်မူသောအချိန်၌ ကျရောက်လိမ့်မည်ဖြစ်ပါသည်။ လူဆိုးတို့၏သားစဉ်မြေးဆက်တို့ကိုပြစ်ဒဏ်စီရင်ခြင်းသည် လူအချို့အဖို့မတရားဟု ထင်မှတ်နိုင်ပါသည်။ သို့သော်လည်း၊ အမှန် မှာ ဘုရားသခင်သည်သူတို့အပေါ် သို့ ဘယ်အမှုမျှပြုဖို့မလိုပါ။ ဘုရားသခင်ကိုဆန့်ကျင်လျက်နေထိုင် သောသူတို့သည် မိမိတို့အပေါ် သို့မကောင်းမှုကို ကျရောက်စေ၍ ထာဝရပြစ်ဒဏ်ပါ ခံရကြပါလိမ့်မည်။ လူဆိုးတို့သည် ဘုရားသခင်ပေါ်၌မကောင်းသောအကျင့်ရှိကြသောကြောင့် ထိုသို့ပြစ်ဒဏ်ကိုခံရကြ လိမ့်မည် (ယောဘ ၂၇း၁၄-၁၅)။ သို့သော်လည်း၊ အပြစ်မပြုဘဲ သတိပြုသောသူတို့သည်ဆုးငြောင့် ခလုတ်မှလုံခြုံမှုရရှိကြပါလိမ့်မည် (သုတ္တံ ၂၂း၅)။

လူဆိုးတို့သည် မြေမှုန့်လောက်များပြားသောပစ္စည်းဉစ္စာကိုသိုထားကြ၍၊ များစွာသောအဝတ်အစားရှိကြသော်လည်း၊ နောက်ဆုံးတွင် အကုန်လုံးကွယ်ပျောက်ကြပါလိမ့်မည်။ လူဆိုးတို့တည်ဆောက်သောအရာတိုင်းသည် ခဏတာဖြစ်၍အကုန်လုံးပြိုလဲပျက်စီးကြပါလိမ့်မည်။ လူဆိုးတို့ပိုင်ဆိုင်သောအရာမှန်သမျှ ထာဝရနှင့်ဆိုင်သောတန်ဖိုးလုံးဝမရှိပါ (ယောဘ ၂၇း၁၆-၁၈)။

ဘုရားသခင်နှင့်လူဆိုးတို့အကြား၌ ကြီးမားသောချိုင့်ဝှမ်းရှိသကဲ့သို့၊ ဘုရားသခင်နှင့်သူ့လူတို့အကြားတွင် ခိုင်မာသောဆက်ဆံရေးရှိပါ၏။ ဘယ်တော့မှမေ့ငိုက်ခြင်းမရှိသောဘုရားသခင်သည် ကျွန်ုပ်တို့နှင့်နီးတော်မူ၍၊ ဆုတောင်းသောအခါ နားညောင်းတော်မူ၏ဟူသော ဂတိတော်၌ခိုနားကြပါစို့ (သုတ္တံ ၁၅း၂၉)။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် လူဆိုးတို့၏သားသမီးတို့သည်ဆင်းရဲဒုက္ခကြုံတွေ့တတ်ကြပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ တန်ဖိုးမရှိသောအရာ၌ ကျွန်ုပ်ဘဝအချိန်မဖြုန်းမည်အကြောင်းမစတော်မူပါ။ ထာဝရတန်ဖိုးရှိသောအရာတို့ကို အစဉ်ဆင်ခြင်ရင်းကျွန်တော်အသက်ရှင်လိုပါ၏။

အင်္ဂါ၊ မေ (၃၁)

**ယောဘ ၂၇း၁၉-၂၃**

ဆာလံ ၂၃

*“တရားဆုံးဖြတ်တော်မူရာကာလ၌ မတရားသောသူတို့သည်မတည်မနေရကြ”*

# အစမ္ပလူတို့၏သေဆုံးခြင်း

သမ္မာကျမ်းစာမှာ တွေ့ရသည့်ကြောက်လန့်ထိတ်လန့်စရာအကောင်းဆုံးသောအရာသည် ဘုရားသခင်၏ကယ်တင်ခြင်းကိုငြင်းပယ်သောသူတို့၏သေခြင်းပင်ဖြစ်ပါသည်။ လူဆိုးတို့သည် စည်းစိမ်ဥစ္စာကိုသိုလျက် မိမိကြမ္မာကိုမိမိလက်ထဲ၌ရှိသည်ဟု ထင်တတ်ကြပါသည်။ သူတို့သည် အာဏာရှိပြီး၊ ကျော်ကြားမှုရှိလျက် ပျော်ရွှင်စွာနေထိုင်ကြရသည်ဟု ထင်ရသော်လည်း၊ ဤကမ္ဘာလောက၌သူတို့ခံထိုက်သောပြစ်ဒဏ်မခံရသည့်တိုင်၊ နောင်ဘဝဟုခေါ်သောသေပြီးမှ သူတို့ထာဝရပြစ်ဒဏ်ကိုခံကိုခံရမည်ဖြစ်ပါသည်။ ကြွယ်ဝချမ်းသာသောလူဆိုးတို့သည် ဤဘဝအတွက်သာကြည့်၍ ပျော်ရွှင်မှုရှာကြသော်လည်း၊ ဘုရားသခင်က သူတို့အသက်ဝိညာဉ်အပေါ် တရားစီရင်ပါလိမ့်မည်။ လူဆိုးသည် ကြွယ်ဝချမ်းသာမှုကိုခံစား၍ တညတာပျော်ရွှင်စွာဖြတ်သန်းရသော်လည်း၊ သူနိုးထလာသောအခါ ထာဝရပြစ်ဒဏ်စီရင်ခြင်းခံလျက် သူ၏ကြောက်ရွံ့ထိတ်လန့်စရာနိဂုံးကို ကြုံတွေ့ရပါလိမ့်မည် (ယောဘ ၂၇း၁၉-၂၁၊ ဆာလံ ၃၇း၁-၂)။

အဘယ့်ကြောင့် အချို့သောလူဆိုးတို့သည် ဤကမ္ဘာလောက၌ ပြစ်ဒဏ်ခံလျက်ဆင်းရဲဒုက္ခကြုံရပြီး၊ အချို့သည် ဤသို့ဤကမ္ဘာ၌ မခံရဘဲထာဝရပြစ်ဒဏ်ကိုသာခံရသနည်းဟူသော မေးခွန်း၏ အဖြေသည် ဘုရားသခင်၏လျှို့ဝှက်ချက်ထဲ၌ရှိပါ၏။ အဘယ့်ကြောင့် ထာဝရဘုရားက ထိုသို့ပြုသည်ကို အကုန်လုံးမဖော်ပြထားသော်လည်း၊ ကျွန်တော်တို့သိထားသည်မှာ ဘုရားသခင်သည် ဖြောင့်မတ်တော်မူ၍ သူပြုသောအမှုတိုင်းသည် တရားသဖြင့်ပြုတော်မူကြောင်း သိထားကြပါ၏။

လူဆိုးတို့သည် သေသောအခါ သူတို့စုဆောင်းထားသောစည်းစိမ်ဥစ္စာနှင့်အာဏာမှန်သမျှ ဆုံးရှုံးခဲ့ကြရ၏။ ထိုသို့ ဘုရားသခင်ကိုဆန့်ကျင်လျက် နေထိုင်ခဲ့ကြသောကြောင့် ဘုရားသခင်၏စီရင်ခြင်းကိုခံရမည်ဟု သိခဲ့ကြပါ၏ (ရောမ ၁း၃၂)။ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသောသူဖြစ်စေ၊ ခရစ်တော်မပိုင်ဆိုင်သောသူတို့သည် သေခြင်းကြုံတွေ့ပြီးမှ ထာဝရပြစ်ဒဏ်စီရင်ခြင်းကို ခံရကြလိမ့်မည် (ဟေဗြဲ ၉း၂၇)။ သူတပါးကို အပြစ်သားဟုဆိုလျက် မိမိကိုယ်ကိုဖြောင့်မတ်သောသူဟု ထင်မှတ်သောသူတို့သည်လည်း ဤဘုရားသခင်၏နောက်ဆုံးပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်ကြမည်မဟုတ် (ရောမ ၂း၃)။

လူသား၏ကယ်တင်ခြင်းမျှော်လင့်ချက်သည် ယေရှုခရစ်တော်၌သာတည်၏။ ယေရှုကိုသိသောသူတို့သည် သေခြင်းကိုရဲရင့်စွာရင်ဆိုင်နိုင်ကြ၏။ ယောဘသည် စိတ်ရှုပ်ထွေးမှုရှိ၍ တခါတရံ ဒေါသထွက်ခဲ့သော်လည်း၊ ဘုရားသခင်၏ဂရုဏာတော်နှင့်ဖြောင့်မတ်ခြင်းတရားအားဖြင့် မိမိ၏ဖြောင့်မတ်ခြင်းအကြောင်းကို သိရှိစွဲကိုင်ခဲ့ပါသည် (ဆာလံ ၇၁း၅)။

ကျွန်တော်တို့ မိမိကိုယ်ကိုမေးကြပါစို့၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းဘယ်မှာတည်ပါသနည်း။ ကျွန်တော်တို့သည် ပစ္စည်းဥစ္စာကိုကိုးစားပါလျှင်၊ ထိုအရာက ကယ်တင်ခြင်းမပေးနိုင်ပါ။ မိမိကိုယ်ကိုယုံကြည်ကိုးစားပါလျှင်၊ နောက်ဆုံးတရားစီရင်ရာနေ့၌ ကျဆုံးကြပါလိမ့်မည်။ သို့သော်လည်း၊ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းရှိလျှင်၊ ယေရှုခရစ်တော်၌တည်သောထာဝရကယ်တင်ခြင်းကို ရရှိပိုင်ဆိုင်ကြပါလိမ့်မည် (ဆာလံ ၄၉း၆-၇၊ ၁၃-၁၅၊ ရောမ ၄း၅)။

**ဆင်ခြင်ရန်** - ယောဘသည်မည်သို့နည်းဖြင့် မိမိ၏ဖြောင့်မတ်ခြင်းကိုဖော်ပြပါသနည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အပြစ်၏အခကားသေခြင်းဖြစ်၍ ကိုယ်တော်ပေးတော်မူသောဆုကျေးဇူးမူကား ထာဝရအသက်ဖြစ်ကြောင်း ကျွန်တော်သိပါ၏။ သားတော်ယေရှုခရစ်တော်အားဖြင့် အကျွန်ုပ်ကိုကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏ - အဖဘုရား။

ဗုဒ္ဓဟူး၊ ဇွန် (၁)
**ယောဘ ၂၈း၁-၁၂**
၁ ကော ၁း၁၇-၂၁ *“. . . ပညာသည်ပတ္တမြားထက်သာ၍မြတ်၏. . . ”*

# လူ၏အသုံးမဝင်သောရှာဖွေမှု

ယောဘ၏သူငယ်ချင်းသုံးယောက်သည် ယောဘဒုက္ခဆင်းရဲရောက်ချိန်၌ နှစ်သိမ့်ဖို့ရန်သာလာကြ၏။ သို့ရာတွင်၊ သူတို့သည် သူ့ကိုနှစ်သိမ့်ပေးရမည့်အစား သူတို့၏စွပ်စွဲချက်များဖြင့် သူ့ဝေဒနာကိုပိုမိုခံစားစေကြသည်။ ဤသူတို့က ဘုရားသခင်သည်ဖြောင့်မတ်၍စုံလင်သောသူဖြစ်သောကြောင့် အပြစ်ကိုချက်ချင်းအပြစ်ပေးလေ့ရှိပြီး၊ ထိုအရာကြောင့် ဆင်းရဲဒုက္ခအားလုံးသည် ဝန်ချမတောင်းပန်သောအပြစ်ကြောင့်ဖြစ်သည်ဟု အခိုင်အမာဆိုကြသည်။ ထို့ကြောင့် ယောဘသည်ဖုံးကွယ်ထားသောအပြစ်ကိုဝန်ခံမည်ဆိုပါက ဆင်းရဲဒုက္ခငြိမ်းပြီး ဘုရားသခင်ကသူ့ကိုပြန်လည်ထူထောင်ပေးမည်ဖြစ်သည်။

တစ်ဖက်တွင်မူ၊ တခါတရံတွင် ဖြောင့်မတ်သောသူတို့သည် ဆင်းရဲဒုက္ခခံရပြီး၊ မတရားသောသူတို့သည် ကြီးပွားသည်မှာ ထင်ရှားကြောင်းကို ယောဘယူဆထားခဲ့သည်။ ဤအရာများသည် ဘုရားသခင်လက်တော်၌ရှိပြီး ဤအချက်၌ ယောဘသည်ဤအချိန်တွင် ဘုရားသခင်ကိုနားမလည်နိုင်ခဲ့ပေ။ သို့သော်၊ မတရားသောသူတို့ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သန့်ရှင်းသောဘုရားသခင်ကိုရင်ဆိုင်ပြီး နောက်ဆုံးတွင်တရားသဖြင့်အပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်ကြောင်း ယောဘသိရှိသည်။ ယောဘသည် မိမိကိုယ်ကိုဖြောင့်မတ်သောသူ၊ မတရားသဖြင့် ခံရသူအဖြစ်ရှုမြင်ပြီး ယင်းကိုနားမလည်နိုင်ခဲ့ပေ။ ယောဘသည် ဤဘဝတွင်ရှင်းရှင်းလင်းလင်းသိဖို့မျှော်လင့်ခဲ့သော်လည်း၊ ထိုသို့မဟုတ်လျှင် သူ၏ကယ်တင်ရှင်ဖြစ်သောဘုရားသခင်က နောင်တမလွန်ဘဝ၌ သူ့ကိုရှင်းရှင်းလင်းလင်းဖြစ်စေလိမ့်မည်။

ယောဘသည် သူ၏အခြေအနေကိုနားမလည်နိုင်သောကြောင့် အလွန်ဆိုးရွားစွာစိတ်ပျက်နေကြောင်းပြသခဲ့သည်။ ဤနေရာတွင် လူသည် ရွှေ၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့် အခြားသတ္တုများကိုမြေကြီးအတွင်း နက်ရှိုင်းစွာ မည်သို့တူးဖော်ရမည်ကို အသေးစိတ်ဖော်ပြထားသည်။ ရှေးကာလ၌ လူသည်မြေကြီးမှစည်းစိမ်ဥစ္စာကို ထုတ်ယူရန်နည်းလမ်းအမျိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့သည်မှာ အံ့သြစရာဖြစ်သည် (ယောဘ ၂၈း၁-၁၁)။ လူသည် မြေကြီးထဲမှစည်းစိမ်ဥစ္စာများကို ထုတ်ယူနိုင်စွမ်းရှိလင့်ကစား ဝိညာဉ်ရေးဆိုင်ရာအသိပညာကို ဆည်းပူးရန်ဘယ်သောအခါမှ မလေ့လာခဲ့ကြောင်း၊ ထိုအသိပညာကိုမည်သည့်အရပ်တွင် ရှာတွေ့နိုင်သည်ကို မသိကြောင်းယောဘမှတ်ချက်ချခဲ့သည် (ယောဘ ၂၈း၁၂)။

ဒါဝိတ်မင်းကြီးသည် သားတော်ရှောလမုန်အား မိန့်တော်မူခဲ့သည့်အတိုင်း၊ စစ်မှန်သောဉာဏ်ပညာနှင့်နားလည်ခြင်းကို ပေးစွမ်းနိုင်သောသူမှာ ဘုရားသခင်သာလျှင်ဖြစ်သည် (၁ ရာ ၂၂း၁၂)။ ဘုရားသခင်သည် ကျွန်ုပ်တို့အား နေ့စဉ်လမ်းပြနိုင်စေရန် ဝှက်ထားသောစည်းစိမ်ဥစ္စာကို ရှေးလူတို့သည် လုံ့လရှိစွာရှာဖွေသကဲ့သို့ ဘုရားသခင်ထံမှဉာဏ်ပညာကိုကျွန်ုပ်တို့ရှာဖွေကြပါစို့။

**ဆင်ခြင်ရန်** - ယောဘ ၂၈း၁-၁၁ တွင်ဘယ်အရာဖော်ပြသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ စစ်မှန်သောချမ်းသာခြင်းသည် ကိုယ်တော်၏ဉာဏ်ပညာတော်ကို နာခံခြင်းမှဆင်းသက်လာသည်ကို ကျွန်ုပ်အားနားလည်စေတော်မူပါ။

ကြာသပတေး၊ ဇွန် (၂)
**ယောဘ ၂၈း၁၃-၂၈**
သုတ္တံ ၃း၁၃-၂၁

*"ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏"*

# ပညာသည် ဘုရားသခင်ထံမှလာ၏

ဤအခန်း၏အစောပိုင်းအခန်းငယ်များတွင် ယောဘသည် မြေကြီးထဲ၌ဝှက်ထားသောစည်းစိမ်များကိုရှာဖွေသည့် လူသားအကြောင်းကိုပြောပြခဲ့သည်။ လူသည် ဤအရာကိုလုပ်ဆောင်ရာတွင် ကျွမ်းကျင်သော်လည်း၊ ဝိညာဉ်ရေးရာဉာဏ်ပညာနှင့်နားလည်မှုတို့ကို မရှာတွေ့နိုင်ခဲ့ပါ။ သို့ရာတွင်၊ ဤအရာများသည် လူတို့ပိုင်ဆိုင်ဖို့ရန်ခက်ခဲစွာလုပ်ဆောင်ရမည့်ပစ္စည်းဥစ္စာကြွယ်ဝခြင်းထက် များစွာအဖိုးတန်၏။ အကယ်စင်စစ်၊ လူ၏စည်းစိမ်ဥစ္စာရှိသမျှသည် ပညာကိုမဝယ်နိုင်သလို၊ လူကငင်းကို သူ့ဘာသာသူရှာမတွေ့နိုင်ပေ (ယောဘ ၂၈း၁၃-၂၁၊ သုတ္တံ ၃း၁၃-၁၅)။

ဘုရားသခင်တပါးတည်းသာလျှင် စစ်မှန်သောဝိညာဉ်ရေးရာပညာ၏ ရင်းမြစ်ဖြစ်သည်။ ထာဝရအတိတ်မှထာဝရအနာဂတ်အထိ အရာခပ်သိမ်းကိုသူသိတော်မူ၏ (ယောဘ ၂၈း၂၃-၂၇)။ ဤအရာများထဲမှ အချို့သောအရာများကိုလူတို့သိရန်မဖွင့်ထားဘဲ ဘုရားသခင်၏စိတ်တော်၌ ဝှက်ထား၏ (ဒေ ၃း၁၁)။ အခြားတဖက်တွင်၊ ဘုရားသခင်သည်သူ၏လူတို့အား ဖော်ပြထားသော ဝိညာဉ်ရေးရာသမ္မာတရားလည်း ရှိသည်။ ဤသမ္မာတရားများကို ကျွန်ုပ်တို့အတွက်သာမက ကျွန်ုပ်တို့၏သားမြေးများလက်သို့ အပ်နှံပြီးကမ္ဘာမြေအနှံ့သယ်ဆောင်သွားရန်ဖြစ်၏ (ယောဘ ၂၈း၂၈၊ တရားဟော ၂၉း၂၉)။

ပထမတစ်ချက်တွင်၊ ယောဘသည် အကြောင်းအရာမှထွက်ခွာသွားပုံရသော်လည်း၊ ၎င်း၏စိတ်ရှုပ်ထွေးမှုများမှကင်းစင်သွားသောအခါတွင် ဘုရားသခင်အပေါ် သူ၏သွယ်ဝိုက်သော ယုံကြည်ခြင်းမှာထွန်းတောက်ခဲ့သည်။ ငြင်းခုံမှုများတိုးလာသည်နှင့်အမျှ သူ့အမှုကိုပိုမိုရှင်းလင်းစွာတင်ပြလာခဲ့သည်။ သူ့ပြဿနာ၏အဖြေသည် လူတို့ဆွေးနွေးမှုများထဲတွင်မဟုတ်ဘဲ ဘုရားသခင်၏ဉာဏ်ပညာထဲတွင်ရှိကြောင်း သူကြေညာခဲ့သည်။

ကျွန်ုပ်တို့ဘဝဖြတ်သန်းခြင်း၌ ယောဘဖြည်းဖြည်းချင်းသင်ယူခဲ့သည့် ဤသင်ခန်းစာကို ကျွန်ုပ်တို့လည်းသင်ယူနိုင်ကြပါစေ။ ဘဝ၏ပြဿနာများနှင့်အခက်အခဲများအားလုံး၏ စစ်မှန်သောအဖြေသည်လူ၏ဉာဏ်ပညာ (သို့မဟုတ်) ၎င်းနှင့်ပတ်သက်ပြီးရှည်လျားသောဆွေးနွေးခြင်းအပေါ်မတည်ပါ။ သို့သော် ဘဝ၏ပြဿနာများနှင့်အခက်အခဲများအတွက်အဖြေသည် ဘုရားသခင်ဖော်ပြသည့်သန့်ရှင်းသောသူ့နှုတ်ကပတ်တော်တွင်တည်ရှိ၏။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို လေ့လာပြီး ဘုရားသခင်ကိုနှစ်သက်စေ၍ သူ၏ကောင်းကြီးမင်္ဂလာများကိုလက်ခံရရှိသူများဖြစ်နိုင်ဖို့ အသက်ရှင်နေထိုင်ရန် သင့်လျော်သောနည်းလမ်းကို ရှာဖွေတွေ့ရှိကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားနေ့စဉ်နေ့တိုင်း ကောင်းကြီးပေး၍လမ်းပြစေဖို့ရန်အတွက် ကျွန်ုပ်တို့သည် သူ့နှုတ်ကပတ်တော်၏စစ်မှန်သောကျောင်းသားများဖြစ်ကြပါစေ။

**ဆင်ခြင်ရန်** - လူသည်ဉာဏ်ပညာကို မည်သို့ရှာတွေ့သနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏အသက်တာတွင် ကိုယ်တော့်ကိုပထမနေရာ၌ထားဖို့ရန် ကူညီတော်မူပါ။ ကျွန်ုပ်၏အသက်တာကို ကောင်းကြီးမင်္ဂလာလမ်းသို့ ပို့ဆောင်ပေးမည်ဟု ဂတိပေးသည့်အတွက်ကျေးဇူးတင်ပါ၏။

သောကြာ၊ ဇွန် (၃)
**ယောဘ ၂၉း၁-၁၁**
ဆာလံ ၄၆း၁-၇

*"မင်းများမှစ၍မကယ်တင်နိုင်သော လူသားကိုမကိုးစားကြနှင့်"*

# အနားယူလိုစိတ်

တေးရေးဆရာတစ်ဦးရေးသားခဲ့သောစကားတို့မှာ "လမ်းကြမ်းတမ်း၍ မတ်စောက်သောအခါ ယေရှုကိုမျက်မှောက်ပြုလော့"။ တခါတရံတွင်၊ ဘဝ၏အခက်အခဲပြဿနာများသည် ကျွန်ုပ်တို့ခံနိုင်ရည်ထက်ပင် ပိုနေပုံရသည်။ ဤအရာက ယောဘအတွက်မှန်ကန်ကြောင်း သေချာ၏။ မယုံကြည်နိုင်လောက်သော သူ့ဝေဒနာခံစားနေရပြီး အဘယ်ကြောင့်ဖြစ်သည်ကို သူမသိရှိခဲ့ပေ။ ယောဘတွင် သူ့ဒုက္ခရောက်ချိန်၌မှီခိုအားထားနိုင်သည့် ဘုရားသခင်၏ဂတိတော်များကို သူထံထုတ်ဖော်ပြသနိုင်သောသမ္မာကျမ်းစာမရှိခဲ့ပါ။ ယောဘသည် ဘုရားသခင်ကိုမျှော်ကြည့်ခြင်းနှင့်ပတ်သက်သည့် အံ့ဖွယ်ရာသမ္မာတရားကို သူမသိရှိခဲ့ပါ။ ရေးထားသောနှုတ်ကပတ်တော်မရှိဘဲ၊ သူ၏ဆင်းရဲဒုက္ခတွင် ဘုရားသခင်ကိုမျှော်ကြည့်ခြင်းမှ ရောက်လာသည့်အံ့ဖွယ်ရာနှစ်သိမ့်ခြင်းနှင့် ဘုရားသခင်၏အစဉ်တရားမျှတမှုနှင့်ကျေးဇူးတော်အပေါ် တွင် မှီခိုခြင်းတို့ကို ယောဘမေ့လျော့ခဲ့သည်။

ဘုရားသခင်သည် သူ၏လူများနှင့်အတူအမြဲရှိနေသည်ဟူသော ကြီးမြတ်သောသမ္မာတရားကို ယောဘနားမလည်ခဲ့ပါ။ ကျွန်ုပ်တို့သည် သူလုပ်နေသောအရာကို အမြဲနားမလည်သော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကြင်နာယုယမှုနှင့်ဂရုဏာကို အမြဲအားကိုးနိုင်ပါသည်။ ဘဝ၏အမှောင်မိုက်ဆုံးအချိန်၌၊ ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်အတူရှိ၍ လမ်းပြမည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိ၏ (ဆာလံ ၂၇း၁၀-၁၁)။ ထိုအချက်ကိုမသိဘဲ ဘုရားသခင်သည် သူနှင့်အတူမရှိတော့သည့်အတွက် သူ့ဒုက္ခရောက်လာသည်ဟု ယောဘယူဆခဲ့သည်။ ဘုရားသခင်သည် သူနှင့်အတူရှိပြီး လမ်းပြပို့ဆောင်ကြောင်း သေချာစွာသိမြင်ခဲ့သည့်နေ့ရက်တို့ကို ယောဘတောင့်တခဲ့သည် (ယောဘ ၂၉း၁-၅)။

ယောဘသည်သူ့ပတ်ဝန်းကျင်တွင် ဒုက္ခပြဿနာနှင့်ပျက်စီးခြင်းများကို မြင်သောအခါ၊ အတိတ်ကကောင်းကြီးမင်္ဂလာများကို သူတောင့်တခဲ့သည်။ ထိုကာလတို့၌၊ သူသည်စည်းစိမ်ဥစ္စာ၊ မိသားစုနှင့်သူ့လူတို့၏လေးစားမှုကို ပိုင်ဆိုင်ထားခဲ့သော်လည်း၊ ယခုမူကား ဤအရာများမရှိတော့ဘဲ၊ ဤအရာများကိုဆုံးရှုံးခြင်းထက်ပင် ပို၍ဆိုးသည်မှာ၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများလည်း ပျောက်ကွယ်သွားပြီဟု အမှန်ခံစားရသည် (ယောဘ ၂၉း၆-၁၁)။

ယောဘသည် သူ၏စည်းစိမ်သာမက သူ့မိသားစုနှင့်သူ့ကျန်းမာရေးကိုပါ ဆုံးရှုံးခဲ့ရကြောင်း ကျွန်ုပ်တို့သတိရရပါမည်။ ဘုရားသခင်၏လူမျိုးတော်များစွာကို ဆင်းရဲဒုက္ခခံရန် တောင်းဆိုထားသည်။ ချစ်မြတ်နိုးရသူတို့ကို ကျွန်ုပ်တို့ထံမှခေါ် သွားနှင့်၊ ကျွန်ုပ်တို့၏ကျန်းမာရေးယိုယွင်းလာသည်ကို မြင်တွေ့ရနိုင်သည်။ သို့သော် ကျွန်ုပ်တို့တွင် ယောဘနှင့်မတူဘဲ၊ ပြည့်စုံသောသမ္မာကျမ်းစာ၌ ရေးထားသော ဂတိတော်များရှိ၏။

"... ငါသည်သင့်ကိုမစွန့်၊ သင့်ကိုပစ်၍မထား" (ယောရှု ၁း၅)ဟူ၍ ယောရှုကိုငင်း၊ နောက်ပိုင်းတွင် ကျွန်ုပ်တို့ကိုငင်း ပေးသောဤစကား၌ ကျွန်ုပ်တို့သည် ငြိမ်ဝပ်စွာနေကြကုန်အံ့။ ဘုရားသခင်သည် ကျွန်ုပ်တို့အားဘယ်သောအခါမှ စွန့်ပစ်၍ (သို့မဟုတ်) ချန်ရစ်၍ထားမည်မဟုတ်သောကြောင့် ဘုရားသခင်သည်ကျွန်ုပ်တို့၏ ကူမရှင်ဖြစ်ကြောင်းကို ဘဝကိုအမှောင်မိုက်ဆုံးအချိန်ကို သတ္တိရှိရှိပြောနိုင်၏ (ဟေဗြဲ ၁၃း၆၊ ဆာလံ ၄၆း၁-၅)။

**ဆင်ခြင်ရန်** - ဘုရားသခင်က သူ့ကိုထားသွားပြီဟုအဘယ့်ကြောင့် ယောဘထင်ခဲ့သနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အခြားသောသူတို့သည် ကျွန်ုပ်ကိုစွန့်ပစ်သော်လည်း ကိုယ်တော်ကို အစဉ်အမြဲအားကိုးနိုင်ကြောင်း ကျွန်ုပ်အမြဲသတိရပါစေ။

စနေ၊ ဇွန် (၄)

**ယောဘ ၂၉း၁၂-၂၅**

၂ ကော ၄း၁၃-၁၈

*“ထာဝရနှင့်ဆိုင်သောတန်ဖိုးများကို ကြည့်ရှုခြင်းဖြင့်အသက်ရှင်လော့”*

# ဘုရားတရားကြည်ညိုသောအသက်တာ

ခရစ်ယာန်အစစ်များသည် ၎င်းတို့၏ယုံကြည်ခြင်းကို မိမိတို့၏အသက်တာဖြင့်ထင်ဟပ်စေမည်ဖြစ်ကြောင်း သမ္မာကျမ်းစာကသွန်သင်သည်။ ခက်ခဲသောအခြေအနေများတွင်ရှိသူများကို ထောက်ထားစာနာခြင်းသည် ဘုရားတရားကြည်ညိုသောမေတ္တာ၏ပုံသက်သေဖြစ်သည်။ ပညတ်တရားတော်ကိုပေးခဲ့သောကာလမှ သမ္မာကျမ်းစာတို့၌ မိဘမဲ့များ၊ မုဆိုးမများနှင့်ဒုက္ခရောက်သောအခြားသူများကို ဂရုစိုက်ဖို့ကျွန်ုပ်တို့ကိုတာဝန်ထား၏(ထွက် ၂၂း၂၂၊ ယာကုပ် ၁း၂၇)။

ယောဘသည် သူ့ကိုယ်ကိုဘုရားသခင်၏ ကောင်းကြီးပေးခဲ့သည့်အဖြစ်ကို မြင်တွေ့ခဲ့သည့်အချိန်၊ ယခင်ဘဝအကြောင်းကိုပြန်တွေးခဲ့သည်။ မိဘမဲ့၊ မုဆိုးမများနှင့်လိုအပ်နေသောအခြားသူများကို ပြုစုစောင့်ရှောက်ခြင်းတွင် ဘုရားသခင်ကိုနာခံခဲ့ကြောင်း သက်သေခံခဲ့သည်။ ပြည်တော်၌တရားမျှတမှုကို အလေးထား၍ဆင်းရဲသားတို့ကိုအခွင့်ကောင်းယူမည့်သူများလက်မှ ကာကွယ်ပေးခဲ့သည် (ယောဘ ၂၉း၁၂-၁၇)။

သမ္မာကျမ်းစာသည် “လူမှုရေးဧဝံဂေလိတရား” ဖြစ်သည့်ကောင်းသောအကျင့်ကိုကျင့်ခြင်းဘာသာတရားကိုမသွန်သင်ပါ။ သို့သော်လည်း၊ သူ၏သားသမီးတို့သည် အခြားသူများကိုဂရုစိုက်ရမည့်အကြောင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်ကရှင်းလင်းစွာသွန်သင်ထားပြီး ယောဘသည်သူ၏ဘဝတစ်လျှောက်လုံး ဤအရာကိုလုပ်ဆောင်ခဲ့သည်။ သူ၏အကျင့်အားဖြင့် သူ၏ယုံကြည်ခြင်းကိုပြသခဲ့ပြီး ကျွန်ုပ်တို့လည်းထိုနည်းတူပြုသင့်သည်(ယာကုပ် ၂း၁၈)။

ယောဘသည် သူ၏နာခံမှုကြောင့်ဘုရားသခင်ပေးထားသောကောင်းကြီးမင်္ဂလာနှင့်စည်းစိမ်ဥစ္စာတို့ဖြင့်အသက်ရှင်ပြီးမှ သေဆုံးလိမ့်မည်ဟုယုံကြည်ခဲ့သည်။ သူ၏ကြင်နာပြီးသိမ်မွေ့သောအပြုအမူတို့က သူ့မိတ်ဆွေများ၏လေးစားကြည်ညိုမှုကို ထိန်းထားနိုင်မည်ဟုသူယူဆခဲ့သည်။ ဘုရားသခင်သည်သူ့အပေါ် မည်သည့်ဘေးဆိုးမျိုးမှကျရောက်ခြင်းကိုဎင်း၊ သူ့အပေါ်၌ကျရောက်လာသောမယုံနိုင်စရာပျက်စီးခြင်းမျိုးကို ခွင့်ပြုမည်ကိုဎင်း၊ ဘယ်သောအခါမှ သူမျှော်လင့်မထားခဲ့ပေ (ယောဘ ၂၉း၁၈-၂၅)။

ဤအရာအားလုံးတွင် သူ၏တစ်စိတ်တစ်ပိုင်းနှင့်ပတ်သက်ပြီး ဘုရားသခင်၏ထာဝရရည်ရွယ်ချက်တွင် ယောဘ၏နားလည်မှုလွဲမှားခြင်းကို ကျွန်ုပ်တို့တွေ့မြင်ရ၏။ သူ၏ရုပ်ပိုင်းဆိုင်ရာများသည် အမှန်စင်စစ်ဘုရားသခင်ထံမှ ရရှိခြင်းဖြစ်သော်လည်း၊ သူ၏ဆင်းရဲဒုက္ခခံစားရခြင်းကြောင့် ရရှိမည့်ထာဝရနှင့်ဆိုင်သောဆုလာဘ်လောက် အရေးမပါကြောင်းကို ယောဘနားမလည်ခဲ့ပေ။ ကျွန်ုပ်တို့သည်လည်း ယောဘကဲ့သို့ပင် ဘုရားသခင်၏ထာဝရရည်ရွယ်ချက်ကို ပြီးမြောက်စေရန် ခဏတာဒုက္ခခံရန်တောင်းဆိုခံရနိုင်သည်။ ထိုသို့သောအချိန်တွင် ကျွန်ုပ်တို့၏အခက်အခဲများသည် ခဏတာမျှသာကြာမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ကောင်းကြီးများသည် ထာဝရဖြစ်လိမ့်မည်ကို သတိရခြင်းဖြင့် ခွန်အားယူကြပါစို့ (၂ ကော ၄း၁၇)။

**ဆင်ခြင်ရန်** - ယောဘသည်အဘယ့်ကြောင့် သူ့ပြဿနာများကိုနားမလည်ခဲ့သနည်း။

**ဆုတောင်းချက်-** အဖ၊ ခရစ်တော်ကိုသိကျွမ်းပြီး ဒုက္ခဆင်းရဲခံရခြင်းသည် ခရစ်တော်မပါဘဲ သက်သောင့်သက်သာရှိသောအသက်တာထက် သာ၍ကောင်းကြောင်း အကျွန်ုပ်အမှန်တကယ် နားလည်စေတော်မူပါ။

*“ထာဝရဘုရားသည် ညှင်းဆဲခြင်းကို ခံရသောသူတို့၏ခိုလှုံရာ. . . ဖြစ်တော်မူ၏”*

# ယောဘ၏မြည်တမ်းခြင်း

တစ်ချိန်ကသြဇာကြီးပြီး အိမ်နီးချင်းများ၏ရိုသေလေးစားခြင်းခံရသောယောဘသည် အခု အခါ တန်ဖိုးမဲ့သောလူများ၏လေးစားမှုကိုပင် မရရှိတော့ပေ။ ရည်မှန်းချက်မရှိသော၄င်းလူများသည် ဆား၊ ဟင်းသီးဟင်းရွက်များ(ဆင်းရဲမွဲတေသူများသာစားရသောတောရိုင်းအပင်) ကိုစားခဲ့ရသည်။ ထိုသို့သောလူတို့သည် အခွင့်အရေးရလျှင် ခိုးယူတတ်၍အခြားသူများ၏လှောင်ပြောင်ခြင်းခံရသည့် ကလေကချေများဖြစ်ကြသည်။ သူတို့သည်အခြားလူတို့၏လေးစားမှုကိုရရှိရန် မျှော်လင့်ချက်မရှိကြပေ (ယောဘ ၃၀း၁-၈)။

တဖန် ယောဘသည်သူ့ကိုကဲ့ရဲ့ရှုံ့ချ၍ရှောင်ကြဉ်သော ၄င်းဆင်းရဲမွဲတေသောသူများ၏ သားများအကြောင်းကို ပြောဆိုထားသည်။ ယခင်က ယောဘကသူတို့ကိုမြင်တွေ့လျှင်ပင် ဂုဏ်ယူခဲ့ကြသော်လည်း၊ ယခုတွင်ယောဘ၏ဂုဏ်သိက္ခာနှင့် အားကိုးစရာကောင်းသောသူဖြစ်မှုအားလုံး ပျောက်ကွယ်သွားခဲ့သည်။ ထိုခေတ်က တိုင်ကြားရန် ရဲ (သို့မဟုတ်) စစ်တပ် မရှိသောအခါ အမျိုးသားများသည် ၎င်းတို့၏မိသားစုလုံခြုံရေးကိုစောင့်ရှောက်ကြရသည်။ မကြာခဏဆိုသလို အမျိုးသားများသည် ချမ်းသာကြွယ်ဝသူ၏ဦးဆောင်မှုနှင့်အကာအကွယ်အောက်တွင် ၎င်းတို့၏မိသားစုများကို စုရုံးစေကြသည်။ ယောဘသည် သူ၏ကျွန်များ၊ မိသားစုဝင်များနှင့်အတူ ဆိုးသွမ်းသောလူဆိုးများကို ဆန့်ကျင်သည့်ကြောက်ရလောက်သော အုပ်စုအဖြစ် အသွင်ဆောင်၏။ ကျော်ကြားသူတစ်ဦးအနေဖြင့် သူသည်တိုက်ခိုက်ခံရခြင်းမှ အတော်ပင်လုံခြုံခဲ့ပေလိမ့်မည်။ သို့သော် ယခုအခါ၄င်းလုံခြုံမှုမရှိတော့ပေ။ သူ၏စည်းစိမ်နှင့်ရာထူးသာမက လုံခြုံမှုကိုပါ ဆုံးရှုံးခဲ့ရသည် (ယောဘ ၃၀း၉-၁၅)။

ကျွန်ုပ်တို့သည် ယောဘ ၂၉း၂၀ ကို ၃၀း၁၁ နှင့်ယှဉ်ကြည့်နိုင်၏။ ယခင်က ယောဘသည် သူ၏ “လေး” ကိုဘုရားသခင်သက်တမ်းတိုးပေးမည်ဟု ယုံကြည်ခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဘုရားသခင်သည် ၎င်းကိုသက်တမ်းတိုးပေးခြင်းအစား ၎င်းကိုကြိုးမဲ့ (သို့) အသုံးမဝင်စေရန်ပြုလုပ်ခြင်းအဖြစ် ရှုမြင်သည်။ ဓမ္မဟောင်းကျမ်းတွင် လေးသည်နိုင်ငံတစ်ခု၏တန်ခိုးကို မကြာခဏရည်ညွှန်းထားသောကြောင့် ဘုရားသခင်သည်ယောဘ၏ရှေးကခင်ကာလ အသက်တာ၌သူ၏ခွန်အားကို အဆက်မပြတ် ပြန်လည်ရှင်သန်စေခဲ့သည်။ သို့သော်လည်း၊ ယခုတွင်ယောဘက ဘုရားသခင်သည် သူ၏ရှိသမျှတို့ကိုသိမ်းသွားပြီး သူ့ကိုယ်သူကာကွယ်နိုင်စွမ်းမရှိသောအနေအထားဖြင့် ထားသွားခဲ့သည်ဟု ရှုမြင်၏။

ယောဘအပေါ် အဆက်မပြတ်နာကျင်ခြင်းနှင့် ဒုက္ခပြဿနာများ၏အကျိုးသက်ရောက်မှုကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကို ဂရုမစိုက်ပါက အခက်အခဲများ ရောက်လာသောအခါ ကျွန်ုပ်တို့၏မျက်လုံးသည် ထိုအခက်အခဲများကိုဘဲကြည့်နေလိမ့်မည်။ ထိုသို့ဖြစ်လာသောအခါ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရေးသည်ယိုယွင်းလာလိမ့်မည်။ သမ္မာကျမ်းစာကိုသိသောကျွန်ုပ်တို့သည် ဘုရားသခင်ကကျွန်ုပ်တို့နှင့်အတူ အမြဲရှိတော်မူကြောင်းကို သိရှိနားလည်၍အခက်အခဲရောက်လာသောအခါ ကျွန်ုပ်တို့မြင်တွေ့ရန်လိုအပ်သမျှတို့ကို သူဖြည့်ဆည်းပေးလိမ့်မည် (၂ ကော ၁၂း၇-၉)။

**ဆင်ခြင်ရန်** - ဒုက္ခများရောက်လာသောအခါ အဘယ်သင်ခန်းစာကိုသင်ယူလေ့ရှိသနည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည်ဘယ်သောအခါမှ ကျွန်ုပ်ကိုစွန့်ပစ်မည်မဟုတ်ကြောင်း အမြဲတမ်းစိတ်ချနိုင်ပါရစေ။

*"စာတန်သည်စုံစမ်းသွေးဆောင်၍ သံသယစိတ်နှင့် ကြောက်ရွံ့ခြင်းဖြင့် တိုက်ခိုက်သောအခါ၊ ဘုရားသခင်၏ သိုးသငယ်ကို ကြည့်ရှုလော့"*

# စိတ်ရှုပ်ထွေးမှုနှင့်စိတ်ပျက်အားငယ်မှု

အသက်တာ၏စမ်းသပ်မှုများနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးကာစိတ်ပျက်လက်ပျက်ဖြစ်နေသော ခရစ်ယာန်တစ်ဦးကိုတွေ့ရခြင်းမှာ ဝမ်းနည်းစရာဖြစ်သည်။ ဤဖြစ်စဉ်ကိုဖွင့်ဟသောအခါ၊ ၎င်းမှာယောဘ၏အခြေအနေဖြစ်၏။ သို့သော်၊ ယောဘ၌ဘုရားသခင်ဖွင့်ပြထားသော ကျမ်းစာအုပ်မရှိခဲ့ကြောင်းကို ကျွန်ုပ်တို့ကိုယ့်ကိုကိုယ် သတိပေးကြရန်လို၏။ မည်သို့ပင်ဆိုစေကာမူ၊ ယောဘသည် သူ၏ဆင်းရဲဒုက္ခများကို သူ့စိတ်ထဲမထားဘဲ၊ လူ၏ဆင်ခြင်တုံတရားအတိုင်း စိတ်ရှုပ်ထွေးမသွားဘဲ ရှိလျှင် သူ့ကိုဘုရားသခင်နှစ်သိမ့်ပေးလိမ့်မည်။ ထို့အတွက်ကြောင့် ယောဘသည်နှစ်သိမ့်မှုရနိုင်သည့် ဘုရားသခင်၏ဂတိတော်များအပေါ်တွင် မနေထိုင်နိုင်ပေ။

ဘုရားသခင်၏လူမျိုးအနေဖြင့် ကျွန်ုပ်တို့သည်ဤအရာအားလုံးကို ကျွန်ုပ်တို့ထံဖြစ်ရန် ခွင့်မပြုဖို့သတိထားရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာ ကျွန်ုပ်တို့သည်ခက်ခဲမှုကြီးစွာသောအချိန်များကို ဖြတ်သန်းပြီးစိတ်ရှုပ်ထွေးကာ စိတ်ဓာတ်ကျနေသောဘုရားသခင်၏သားသမီးများကို ကြင်နာရပါမည်။ သူတို့သည်ဘုရားသခင်၏ဂတိတော်များဖြစ်သော သမ္မာတရားကိုမြင်တွေ့ပြီး၊ ဘုရားသခင်၏လက်ရာများနှင့်တန်ခိုးတော်ကို နားလည်ကြဖို့ရန် သူတို့ကိုကူညီပေးဖို့ ကျွန်ုပ်တို့ကြိုးစားရပါမည်။

ယောဘသည် သူဖြတ်လျှောက်နေသည့်ကြောက်မက်ဖွယ်ကောင်းသော ရုပ်ပိုင်းဆိုင်ရာဝေဒနာခံစားရခြင်းအကြောင်းကိုပြောရင်း သူ၏မြည်တမ်းခြင်း၏ဤအပိုင်းကို စတင်ခဲ့သည်။ သူ၏အသက်တာမှိန်သွားသည်ကိုမြင်ခဲ့ပြီး သူ၏ခန္ဓာကိုယ်ထဲရှိအရိုးများတွင် နာကျင်မှုခံစားခဲ့ရသည် (ယောဘ ၃၀း၁၆-၁၇)။ သို့သော်၊ အားလုံးထဲတွင်အဆိုးဆုံးမှာ ဘုရားသခင်ကသူ၏ကြီးမားသောတန်ခိုးတော်အားဖြင့် သူ့ကိုချိုးနှိမ်ထားပုံပေါက်၏။ တစ်ချိန်က သူ့ကိုယ်စားလုပ်ဆောင်ခဲ့သော ထိုတန်ခိုးတော်ကို ယခုအခါတွင် ကြေကွဲစရာတစ်ခုပြီးတစ်ခုဖြင့် သူ့ကိုနှိပ်စက်နေပုံရသည်။

ဆာလံကျမ်းတွင် ရံဖန်ရံခါဘုရားသခင်၏လူမျိုးတို့ကို ဖျက်ဆီးခံရမည့်အန္တရာယ်မျိုးရှင်ဘုရင်ဒါဝိတ်ကြုံခဲ့ပုံရသည်။ ယောဘကဲ့သို့ပင် သူဟစ်အော်၍ပြောဆိုသည်မှာ "အိုထာဝရဘုရား၊ ကိုယ်တော်သည်သိမြင်တော်မူ၏။ အိုဘုရားရှင်၊ တိတ်ဆိတ်စွာနေတော်မမူပါနှင့်။ အကျွန်ုပ်နှင့်ဝေးဝေးနေတော်မမူပါနှင့်။ အကျွန်ုပ်၏ဘုရားသခင်၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်ရောက်သောအမှုကို စီရင်တော်မူမည်အကြောင်း ကိုယ်ကိုနိုးဆော်၍မစတော်မူပါ (ယောဘ ၃၀း၁၈-၁၉၊ ဆာလံ ၃၅း၂၂-၂၃)။

ကျွန်ုပ်တို့၏စိတ်ကို ကျွန်ုပ်တို့၏အခက်အခဲများပေါ်တွင် မထားဘဲဘုရားသခင်၏ဂတိတော်များနှင့်သစ္စာရှိမှုများအပေါ်တွင် အာရုံစိုက်ထားဖို့သေချာစေရပါမည်။ ထိုအရာက ကျွန်ုပ်တို့အား ဤသို့သောစိတ်ပျက်အားငယ်မှုထဲသို့ နှစ်မြုပ်ခြင်းမှတားဆီးနိုင်မည်ဖြစ်ပြီး ကြီးစွာသောအခက်အခဲများကြားတွင်ပင် စိတ်ချယုံကြည်မှုနှင့်ပျော်ရွှင်စွာ နေထိုင်နိုင်စေရမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ယောဘသည် အဘယ့်ကြောင့် ထိုကဲ့သို့စိတ်ပျက်လက်ပျက်ဖြစ်သနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည်သခင်ယေရှုကိုကြည့်ရှုလျက် နေ့ရက်တိုင်းအသက်ရှင်စေတော်မူပါ။

အဂၤါ၊ ဇွန် (၇)
**ယောဘ ၃၀း၂၀-၃၁**
ဆာလံ ၁၀၂း၁-၁၁

*"ငါ၏ကျန်းမာခြင်းအရှင်. . . ဘုရားသခင်ကို မျှော်လင့်လော့. . ."*

# ဘဝ၏အမှောင်ဆုံးနာရီ

သူသည်ဘုရားသခင်ထံအော်ဟစ်ခဲ့သော်လည်း ဘုရားသခင်ကဘာမှမလုပ်ပေးခဲ့ကြောင်း ယောဘပြောဆို၏။ သူ၏အသနားခံချက်များကို ဖြေကြားမည့်အစားဘုရားသခင်သည် သူ့အား အဖန်ဖန်ရှောင်ရှားသွားပုံရ၏။ ဤအချက်တွင်၊ ဘုရားသခင်သည်သူ့ကိုဆန့်ကျင်ရုံသာမက နောက်ဆုံးတွင်သူ့ကိုသင်္ချိုင်းတွင်းသို့ ဆက်လက်ပို့ဆောင်မည်ဟု ယောဘယုံကြည်ခဲ့၏ (ယောဘ ၃၀း၂၀-၂၃)။

ကြီးစွာသောဒုက္ခခံရသူများအား နှစ်သိမ့်ပေးခြင်းမပြုခြင်းသည် တရားမျှတမှုမရှိဟု ယောဘကြွေးကြော်ခဲ့သည်။ ပိုကောင်းသောနေ့ရက်များက ယောဘကိုယ်တိုင်ဒုက္ခရောက်နေသော တခြားသူများကိုနှစ်သိမ့်ပေးခဲ့သည်။ ယခုမူ ယောဘသည်အကောင်းကိုရှာသော်လည်း အဆိုးကိုသာ မြင်ရ၏။ သူ့ခန္ဓာကိုယ်သည်နာကျင်ခြင်းများဖြင့် ပြည့်နှက်နေပြီး စိတ်ပျက်အားငယ်နေသဖြင့်၊ သူ့ကိုယ်သူသနားစရာအကောင်းဆုံးနှင့်စက်ဆုပ်ရွံရှာဖွယ်အကောင်းဆုံးသော တိရစ္ဆာန်များ၏အဖော် အဖြစ်မြင်နေ၏။ သူသည် ပျော်ရွှင်မှုကိုမခံစားနိုင်တော့ဘဲ သူ၏တစ်ခုတည်းသောသီချင်းမှာ ငိုကြွေး ညည်းတွားသံဖြစ်သည်။ သူ၏ကယ်တင်ရှင်ဘုရားသခင်အပါအဝင်၊ မည်သူမျှ သူ့ကိုဂရုစိုက်ပုံမပေါ် ပေ (ယောဘ ၃၀း၂၃-၃၁)။

ဘဝ၏အမှောင်မိုက်ဆုံးအချိန်၌၊ ကျွန်ုပ်တို့သည်ဘုရားသခင်၏ဂတိတော်များအကြောင်းကို မိမိကိုယ်ကိုအမြဲသတိပေးရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၍သူ့ကို သမ္မာတရားဖြင့်ခေါ်သောသူအပေါင်းတို့နှင့် အနီးအပါး၌ရှိတော်မူသည်ဖြစ်၍၊ သူ့ကိုကိုးကွယ်သောသူ အပေါင်းတို့၏အလိုဆန္ဒကိုပြည့်စုံစေပြီး၊ သူ့ကိုချစ်သောသူအပေါင်းတို့ကို ကာကွယ်စောင့်မတော်မူ မည် (ဆာလံ ၁၄၅း၈-၉)။ ရံဖန်ရံခါတွင် ယောဘ၏စကားများမှ၊ မူအရအားဖြင့် ဤသမ္မာတရားကို သူအသိအမှတ်ပြုကြောင်းကို ကျွန်ုပ်တို့မြင်တွေ့နိုင်သည်။ သို့သော်လည်း ဤအချိန်တွင်သူ၏ဆိုးရွား သောဒုက္ခကြောင့် သူလုံးဝရှုံးနိမ့်ခဲ့သည်။

ဆာလံ ၁၀၂ တွင် ဆာလံဆရာသည်ကြီးစွာသောဒုက္ခ သူရောက်ခဲ့သောအချိန်ကို ပြောဆို ခဲ့သည်။ ၎င်းသည် အဘယ်သူကမှ ဂရုမစိုက်ပုံရပြီး ဝမ်းနည်းပူဆွေးရသောဘဝဟာ အသက်ရှင်ဖို့ မထိုက်တန်ခဲ့ပါ။ သူသည် ဘုရားသခင်၏စုံလင်သောကယ်တင်ခြင်းအတွက် ကာလကြာရှည်စွာ စောင့်မျှော်မှုတွင် ကျရှုံးနိုင်သည်ဟုခံစားခဲ့ရသော်လည်း၊ ထိုအချိန်တွင်သူသည်ဘုရားသခင်၏နှုတ်က ပတ်တော်၌ သူ၏ယုံကြည်ခြင်းကိုလုံးလုံးလျားလျားထားပြီး၊ ဘုရားသခင်၏ဂတိတော်များကို ယုံကြည် ခဲ့သည်။ ဆာလံ ၁၁၉း၈၁ "ကျွန်ုပ်၏ဝိညာဉ်သည် ကယ်တင်တော်မူခြင်းကျေးဇူးကို တောင့်တ လျက်နှင့် ခွန်အားလျော့ပါ၏။ သို့သော်လည်း၊ နှုတ်ကပတ်တော်ကိုမျှော်လင့်ပါ၏"။

ဘုရားသခင်၏ဂတိတော်များမှာ အနားယူဖို့ရန်လည်း သင်ယူကြပါစို့။ ဤနည်းအားဖြင့် ဘဝ၏အမှောင်မိုက်ဆုံးအချိန်၌ပင် ဘုရားသခင်သည် သူ၏သားသမီးများကို ဂတိပြုထားသော ရွှင်လန်းမှုနှင့်ငြိမ်သက်မှုကို ကျွန်ုပ်တို့သိရှိနိုင်ပြီး၊ သခင်ဘုရားသည် ကျွန်ုပ်တို့အားသူနှင့်အတူရှိရန် ခေါ်တော်မူပြီးဆင်းရဲဒုက္ခများပြီးဆုံးမည့်နေ့ကို ကျွန်ုပ်တို့စောင့်မျှော်နေနိုင်မည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်ဘာလုပ်သင့်သနည်း။
**ဆုတောင်းချက်-** အဖ၊ ဘဝရဲ့အမှောင်မိုက်ဆုံးနာရီတွင် ကိုယ်တော်သည်ကျွန်ုပ်ကိုလက်တော်ဖြင့် ကိုင်ထားမည်ဟုဂတိတော်ကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇွန် (၈)
**ယောဘ ၃၁း၁-၂၃**
ဆာလံ ၈၆း၁-၇

*"ကိုယ်တော်သည်အကျွန်ုပ်၏အကွယ်အကာ၊ အကျွန်ုပ်၏ဒိုင်းလွှားဖြစ်တော်မူ၏။ နှုတ်ကပတ်တော်ကို မြော်လင့်လျက်နေပါ၏"*

# နာခံခြင်းအသက်တာ

ဘုရားသခင်သည် ယောဘကိုစာတန်၏အာရုံစိုက်စရာဖြစ်စေသောအခါ၊ ယောဘသည် မိမိသွားရာလမ်းတိုင်း၌ ဖြောင့်မတ်သောသူဖြစ်သည်ဟု ဘုရားသခင်မိန့်ဆိုခဲ့သည် (ယောဘ ၁း၈)။ သူ့အပြစ်ကို ဖုံးကွယ်ထားသည်ဟုသူငယ်ချင်းများ၏စွပ်စွဲမှုကို ခုခံကာကွယ်ဖို့ ကြိုးစားရာတွင် ယောဘသည်ထိုဖြောင့်မတ်သောအသက်တာကို သက်သေခံခဲ့သည်။ သူ့ကိုဒုက္ခဖြစ်စေသောအရာမှာ ထိုဖြောင့်မတ်ခြင်းကြောင့်ဖြစ်သည်ကို ထိုအချိန်ကယောဘနားမလည်ခဲ့ပေ။ ဘုရားသခင်ကိုနာခံသော သူအပေါင်းတို့သည် တနည်းမဟုတ်တနည်းအားဖြင့်ဆင်းရဲခံရမည်ဟူသော သမ္မာတရားကို သူမသိခဲ့ပါ (၂ တိ ၃း၁၂)။

သူ့သူငယ်ချင်းများ၏မှားယွင်းသော စွပ်စွဲချက်ကိုခုခံကာကွယ်ရာတွင် ဘုရားသခင်သည် အရာခပ်သိမ်းကိုသိရှိကြောင်း ယောဘပြောဆိုခဲ့သည်။ ထို့ကြောင့်၊ သူသည်ဘုရားသခင်၏ ဖြောင့်မတ်သောအမိန့်တော်အောက်တွင် အပြစ်ဒဏ်ပေးဖို့ကို ဆိုးသွမ်းမှုတစ်ခုခုတွင် ပါဝင်ပတ်သက်ခဲ့မည်ဟု ဆိုလျှင်၊ ၎င်းကိုဘုရားသခင်သိပေလိမ့်မည်။ သူသည်အပြစ်ကိုကျူးလွန်၍ ဝန်မခံဘဲ၊ ထိုအပြစ်ကို အမှန်ဖြစ်စေလျှင်၊ ၎င်းကိုလည်း ဘုရားသခင်သိတော်မူလိမ့်မည် (ယောဘ ၃၁း၁-၆)။

ယောဘသည် လူတစ်ဦး၌အပြစ်ရှိနိုင်သောအပြစ်အမျိုးအစားအမျိုးမျိုးကို ဖော်ပြခဲ့သည်။ ၎င်းတို့ကို စာရင်းပြုစုပြီးနောက်၊ ထိုသို့သောအပြစ်များအတွက် သတ်မှတ်ထားသောပြစ်ဒဏ်ကို မှတ်သားခဲ့သည်။ သူ၏စာရင်းတွင် ရှိသောအကျင့်ယိုယွင်းမှု၊ မတရားမှု၊ ဆင်းရဲသားတို့အပေါ် သနားကြင်နာခြင်းကင်းမဲ့မှု၊ အစရှိသောအပြစ်များတွင် တစ်ခုခုကျူးလွန်ကြောင်း ဘုရားသခင်တွေ့ရှိလျှင် ယောဘသည် သာမာန်အပြစ်ဒဏ်ထက်ပို၍ခံရဖို့ဆန္ဒရှိခဲ့ပြီး၊ ဤအပြစ်များတစ်စုံတစ်ခု၌ တစ်ခါမျှ မပါဝင်ခဲ့ဖူးကြောင်း ပြောဆိုသည်။ တရားစီရင်ရာနေ့သည် ဘုရားသခင်၏ကယ်တင်ခြင်းကို ငြင်းပယ်သောသူတို့အတွက် ကြောက်မက်ဖွယ်ကောင်းသောအရာဖြစ်သည်ကို ယောဘသည်သိရှိ၍ နာခံသော အသက်တာဖြင့် အသက်ရှင်ခဲ့သည် (ယောဘ ၃၁း၇-၂၃၊ ဟေဗြဲ ၁၃း၆)။

ယောဘသည် သူ၏အခက်အခဲများနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများကိုထပ်မံပြသခဲ့သည်။ စာတန်သည် ဘုရားသခင်၏နာခံမှုရှိသောသား၏ ဘဝထဲသို့ဆင်းရဲဒုက္ခဖြစ်ပေါ်စေနိုင်ကြောင်းကို ယောဘမသိရှိခဲ့ပါ။ ယောဘ(ယနေ့ သင်နှင့်ကျွန်ုပ်တို့ပင်)သည် ဘုရားသခင်၏သူ့သားသမီးတို့အပေါ် ဆက်ဆံပုံကိုများစွာလေ့လာသင်ယူဖို့ရန်လို၏။

အခက်အခဲတွေ့ကြုံရသည့်အခါ ယောဘ၏ဒုက္ခပြဿနာများနှင့် စိတ်ရှုပ်ထွေးမှုများကို တွေးတောနိုင်ပါစေ။ ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲကာလတွင် ကျွန်ုပ်တို့အားဉာဏ်အလင်းပေးရန်နှင့် ဘဝလမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့ကိုကူညီပေးရန် သူ၏ရေးသားထားသော နှုတ်ကပတ်တော်ရှိသည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ကြပါစို့။

**ဆင်ခြင်ရန်** - ယောဘ၏အတွေ့အကြုံက ကျွန်ုပ်တို့ကိုမည်သို့ကူညီပေးနိုင်သနည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်နှင့်ကိုယ်တော်၏နှုတ်ကပတ်တော်တို့ကို နေ့တိုင်းကြည့်ရှုရန် အကျွန်ုပ်ကိုကူညီတော်မူပါ။

*"ထာဝရဘုရားကို ကြောက်ရွံ့သောသဘောကား၊
ဒုစရိုက်ကိုမုန်းသောသဘောတည်း။
မာနထောင်လွှားခြင်း၊ စော်ကားခြင်း. . . "*

# ဘုရားသခင်၏နည်းလမ်းကိုချစ်ခြင်း

ယောဘသည် ဖြောင့်မတ်ခြင်းတရားကိုချစ်မြတ်နိုးပြီး မကောင်းမှုကိုမုန်းတီးကာ သူ့ဘဝတစ်လျှောက်လုံးဘုရားသခင်ကို နှစ်သက်စေမည့်နည်းလမ်းဖြင့် အသက်ရှင်နေထိုင်ရန် ကြိုးစားခဲ့သည်ဟူသောအချက်ကို ယောဘဆက်ပြောခဲ့သည်။

တစ်ချိန်က စည်းစိမ်ဥစ္စာသည် အလွန်ကြီးမားသော်လည်း ထာဝရနှင့်ဆိုင်သော တန်ဖိုးတစုံတရာကို ထိုစည်းစိမ်ဥစ္စာကဝယ်ယူ၍ မရနိုင်ကြောင်း ယောဘသိလာသောကြောင့် သူ၏စည်းစိမ်ဥစ္စာအပေါ်၌ အားကိုးယုံကြည်မှုမထားရန် သူသတိထားခဲ့၏ (ယောဘ ၃၁း၂၄-၂၅)။ ထို့အပြင်၊ သူသည်သူ့ပတ်ဝန်းကျင်တွင် ရုပ်တုကိုးကွယ်ခြင်းဖြစ်ပျက်နေသည့်တိုင် ထိုအမှုတွင် သူမပါဝင်ခဲ့ပေ။ ဤအခန်းငယ်များသည် မှားယွင်းသော၊ ဘာသာတရားအနက် ရှေးအကျဆုံးဖြစ်သော နေ၊ လ၊ ကြယ်တာရာ၊ ဂြိုလ်များကို ကိုးကွယ်ခြင်းကိုရည်ညွှန်း၏။ ဤအရာများက သူတို့၏လက်ကိုသူတို့ထံသို့ လှည့်၍နမ်းရှိုက်ခြင်းအားဖြင့် မကြာခဏအရိုအသေပေးခဲ့ကြသည် (ယောဘ ၃၁း၂၆-၂၈၊ တရား ၄း၁၉)။ ဤလောက၏အပြစ်များနှင့်ရုပ်တုကိုးကွယ်ခြင်းမှန်သမျှသည် ဘုရားသခင်ကို စော်ကားရာရောက်သောကြောင့် ယောဘသည်၎င်းတို့ကို ရှံရှာခဲ့သည် (ကောလော ၃း၅)။

အပြစ်သည် ဘုရားသခင်ကိုစော်ကားခြင်းဖြစ်သောကြောင့် ၎င်းကိုသူမုန်းကြောင်းကို ယောဘဆက်လက်ပြောဆိုခဲ့သည်။ သူ၏ရန်သူများကို လက်စားချေရန်သူမရှာခဲ့ပေ။ အကြောင်းမှာ လက်စားချေခြင်းသည် ဘုရားသခင်နှင့်သာဆိုင်၍ ဘုရားသခင်၏သားသမီးတို့သည် ဤသမ္မာတရား၌ အနားယူသင့်၏(ယောဘ ၃၁း၂၉-၃၁၊ တရားဟော ၃၂း၃၅၊ ရောမ ၁၂း၁၉)။ သူသည် သူစိမ်းများကို ဧည့်ဝတ်ကျေပွန်ပြီး၊ အပြစ်နှင့်ပတ်သက်၍ ဘယ်သောအခါမျှလျှို့ဝှက်သူမဖြစ်ခဲ့ပေ။ သူ၏အဆင့်အတန်းမြင့်သော်လည်း အပြစ်ကိုစိတ်နှလုံးထဲတွင် ဖုံးကွယ်ထားရန်ခွင့်မပြုဘဲ၊ ဝန်ခံခဲ့သည် (ယောဘ ၃၁း၃၂-၃၄)။ ယောဘသည် သူ့သားသမီးများတွက် အပတ်စဉ်ယဇ်ပူဇော်ပေးခြင်းကိုသတိရပြီး၊ သူကိုယ်တိုင်အတွက်လည်း ယဇ်ပူဇော်ခြင်းများပြုခဲ့ကြောင်း ကျွန်ုပ်တို့လက်ခံရပါမည် (၁ ယော ၁း၈-၉)။

ယခုတွင်၊ ယောဘ၏ဆန္ဒမှာ ဘုရားသခင်သည်သူ့အား စကားပြောဆိုကာ ရှေ့ခရီးအတွက် လိုအပ်သောနားလည်မှုကိုပေးရန်ဖြစ်သည် (ယောဘ ၃၁း၃၅)။ ဤတွင် ယောဘသည် ဘုရားသခင်နှင့်လူသား၏ဆက်ဆံရေးအကြောင်းအရာများစွာကို နားလည်ကြောင်းကိုကျွန်ုပ်တို့တဖန်မြင်တွေ့ရသည်။ အကြောင်းမူကား၊ ကျွန်ုပ်တို့အား အသက်ရှင်နေထိုင်ရန် နည်းလမ်းမှန်ကိုပြသပြီး ကျွန်ုပ်တို့၏ ပြဿနာအားလုံးကိုအဖြေပေးစွမ်းနိုင်သောသူမှာ ဘုရားသခင်တပါးတည်းသာဖြစ်သောကြောင့်တည်း။

**ဆင်ခြင်ရန်** - ယောဘသည် အဘယ်ကြောင့်အပြစ်ကိုမုန်းသနည်း။
**ဆုတောင်းချက်-** အဖ၊ စစ်မှန်သောခရစ်ယာန်တစ်ဦးအနေနှင့် ကျွန်ုပ်သည် သာသနာပလူတို့၏ ဝတ်ပြုခြင်းတွင် မပါဝင်ရမည်အကြောင်း အမြဲတမ်းသတိရစေတော်မူပါ။

သောကြာ၊ ဇွန် (၁၀)

**ယောဘ ၃၂**

ဆာလံ ၃၇း၁-၇

*"မိမိနှုတ်ကိုမချုပ်တည်း. . . သူ၏သီလသည် အချည်းနှီးသက်သက်ဖြစ်၏"*

# ဧလိဟု၏စကား

ဆွေးနွေးမှုအားလုံးတွင် လူငယ်တစ်ဦးသည်သူ့ထက်အသက်ကြီးသော အဖော်များ၏မှတ်ချက်များကို ငြိမ်သက်စွာထိုင်နားထောင်နေ၏။ နောက်ဆုံးတွင်၊ အခြားသောသူအပေါင်းတို့သည် ပညာစကားကုန်ဆုံးသောအခါ ဧလိဟုသည်မိန့်ဆိုခဲ့၏။

ယောဘနှင့်သူ့မိတ်ဆွေသုံးဦးတို့သည် ဧလိဟုကိုအမျက်ထွက်စေကြ၏။ ယောဘသည် ဘုရားသခင်၏တရားမျှတမှုထက် သူ့အပြစ်ကင်းစင်မှုကို ပို၍အလေးထားသောကြောင့် ဧလိဟုကို ဒေါသထွက်စေ၏။ သူတို့သည် ယောဘ၏ပြဿနာအတွက် အဖြေမရှိသော်လည်း ယောဘကိုပြစ်တင်ရှုတ်ချကြသောကြောင့် ဧလိဟုကိုအမျက်ထွက်စေကြသည် (ယောဘ ၃၂း၁-၃)။

ဧလိဟုသည် သူ့ထက်အသက်ကြီးသူများစကားပြောနေစဉ် စိတ်ရှည်စွာနှုတ်ဆိတ်နေခဲ့သည်။ သို့သော်၊ တခါတရံတွင်ဉာဏ်ပညာသည် ကြီးမြတ်ခြင်း (သို့မဟုတ်) အသက်အရွယ်ကြီးခြင်းတို့နှင့်အမြဲတမ်းမသက်ဆိုင်ကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုရပါမည်။ ဧလိဟုဟူသောအမည်သည် "သူသည်ကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူ၏" ဟူသောအဓိပ္ပာယ်ကို ဤနေရာတွင်မှတ်သားထားရန်စိတ်ဝင်စားဖွယ်ကောင်းသည်။ သူသည်ဘုရားသခင်နှင့်အတွေးအခေါ်နှင့်ဆိုင်သော ခံယူချက်မျှသာရှိခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံရေးရှိခဲ့သည်မှာ ထင်ရှားလှသည်။ ယခုတွင် သူသည် ပြဿနာအကြောင်းကိုပြောဆိုလို၏(ယောဘ ၃၂း၄-၉)။

ဧလိဟုသည် ရှည်လျားသောငြင်းခုံချက်များကို တိတ်တဆိတ်နားထောင်ခဲ့သည် (ယောဘ ၃၂း၁၁-၁၄)။ ယခုတွင်သူ့ထံတွင် မစဉ်းစားရသေးသည့် အမှန်တရားတွေ့ရှိသောကြောင့် သူ့စကားပြောဆို၏။ ယောဘက သူတို့ပြောတာမမှန်ကြောင်း သက်သေပြထားပြီးနောက်တွင် တူညီသောအကြောင်းအရာကို ထပ်ခါတလဲလဲငြင်းခုံသောသူငယ်ချင်းသုံးယောက်ကဲ့သို့ပင် တစ်ခြားသူကြားရုံသာ ပြောဆိုခြင်းကို လူအချို့သည်နှစ်သက်ကြသော်လည်း ဧလိဟုသည် အချည်းနှီးဖြစ်သောစကားများ၏အန္တရာယ်ကိုသတိချပ်မိပါသည်။ သူသည်သူ့သူငယ်ချင်းသုံးယောက်၏စကားများကို ထပ်ခါတလဲလဲပြောပြီး (သို့မဟုတ်) သူတို့၏စိတ်ကူးများကို တနည်းအားဖြင့်လုပ်ကြံဖန်တီးပြခြင်းဖြင့် ယောဘကိုပြန်မဖြေဆိုခဲ့ပါ (ယောဘ ၃၂း၁၄၊ မသဲ ၁၂း၃၆၊ ဆာလံ ၁၃၉း၄)။

မည်သူ့ကိုမျှ မျက်နှာသာပေးခြင်းဖြစ်စေ၊ မြှောက်ပင့်ပေးခြင်းဖြစ်စေ၊ ဘေးဖယ်ထားခြင်းဖြစ်စေ မရှိဘဲလျက် သူသွန်သင်မည်ဟု ဧလိဟုပြောခဲ့သည်။ တစ်စုံတစ်ဦးသည် ဘုရားသခင်၏သမ္မာတရားကိုပေးခြင်းမှစ၍ ရိုးသားဖို့ဆိုလျှင် ၎င်းကလိုအပ်၏။ ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှ ထောက်တော်မမူသောကြောင့် သူ၏အစေခံကျွန်တို့သည် မျက်နှာလိုက်ခြင်း (သို့) ခွဲခြားဆက်ဆံခြင်းမရှိဘဲ သူ၏နှုတ်ကပတ်တော်များကိုသွန်သင်ရာတွင် သစ္စာရှိရပါမည် (ယောဘ ၃၂း၂၁-၂၂၊ ၁ သက် ၂း၅၊ ၂ ကော ၂း၁၇)။

ကျွန်ုပ်တို့သည် ဧလိဟုကဲ့သို့ပင် လူတို့၏ဉာဏ်ပညာထက် ဘုရားသခင်၏ဉာဏ်ပညာကိုပြောဆိုပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားပေါ်ထွန်းလာစေရန်အတွက် ရှင်းလင်း၍ ရိုးသားသောနည်းလမ်းဖြင့် ၎င်းကိုလုပ်ဆောင်ကြပါစို့။

**ဆင်ခြင်ရန်** - ဧလိဟုသည် မည်သည့်ကောင်းကွက်များကို ပြသခဲ့သနည်း။

**ဆုတောင်းချက်-** အဖ၊ ကြောက်ရွံ့ခြင်း (သို့မဟုတ်) မျက်နှာလိုက်ခြင်းမရှိဘဲ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်ဟောပြောနိုင်ပါစေ။

**ယောဘ ၃၃း၁-၁၃**

၂ သက် ၂း၅-၁၁

*"မှန်သောစကားကိုပြောသောသူသည်*
*ဖြောင့်မတ်ခြင်းတရား. . . ကို ပြသတတ်၏"*

# လူသည်ဘုရားသခင်အတွက်စကားပြော၏

ဧလိဟုသည် ယောဘကိုကူညီရန်မျှော်လင့်ချက်ဖြင့် ရိုးသားစွာပြောဆိုရန် ဆန္ဒရှိခဲ့ပြီး၊ သူသည် ဘုရားသခင်ဖန်ဆင်းထားသောလူတစ်ဦးသာဖြစ်ကြောင်း လက်ခံထားသည်။ သူသည် ခြောက်လှန့်ခြင်း(သို့)ရှုံ့ချခြင်းကိုမပြုလိုဘဲ ဉာဏ်အလင်းပြရန်သာဖြစ်သည်။ သူ့မှာမှန်ကန်သည့် အဖြေရှိသည်ဟု ခံစားမိပြီး ယောဘကိုမတ်တပ်ရပ်ပြီး သူ၏မှတ်ချက်များကို တိုက်ရိုက်အဖြေပေးဖို့ တောင်းဆိုခဲ့၏(ယောဘ ၃၃း၁-၇)။

ဧလိဟု၏သဘောထားသည် ယောဘ၏သူငယ်ချင်းသုံးယောက်နှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ ဤလူများသည် ဘုရားသခင်၏အမှန်တရားကို အတိုင်းအတာတစ်ခုအထိရှိသော်လည်း၊ လူဆင်ခြင်တုံတရားဖြင့် ပြဿနာကိုရင်ဆိုင်ရန်ကြိုးစားကြသည်။ ထိုသို့သောကျိုးကြောင်းဆင်ခြင်းသည် ဝိညာဉ်ရေးရာနားလည်မှုကို မည်သည့်အခါမျှမဖြစ်စေဘဲ ရှုပ်ထွေးမှုများသာဖြစ်စေသည် (၁ ကော ၃း၁၉၊ ၂ ကော ၅း၇)။ သူတို့သည် ၎င်းတို့၏ဘာသာရေးအယူဝါဒတွင် လွှမ်းမိုးစွာစွဲလမ်းနေသောကြောင့် နောက်ထပ်သင်ကြားခွင့်မပေးခဲ့ကြပေ။ ယောဘ၏သူငယ်ချင်းများကဲ့သို့ပင် ခရစ်ယာန်များစွာသည် ဝိညာဉ်ရေးဆိုင်ရာ သမ္မာတရားအားလုံးကို ပိုင်ဆိုင်သည်ဟုခံစားမိသောကြောင့် သူတို့၏ဝိညာဉ်ရေးကြီးထွားမှုမှာ ရပ်တန့်နေ၏။

သူငယ်ချင်းသုံးယောက်၏အယူဝါဒအတွက် အဓိကအခြေခံမှာ သူတို့သည်လူများကိုတိကျစွာ၊ စီရင်နိုင်သည်ဟု ၎င်းတို့၏သေချာမှုဖြစ်၏။ သို့သော်၊ လူသည် အပြင်ပန်းသဏ္ဌာန်ကိုသာ ကြည့်မြင်နိုင်သောကြောင့် ဤအရာကို မလုပ်နိုင်ပါ။ တစ်ဖက်တွင်၊ ဘုရားသခင်သည် အတွင်းလူကို ကြည့်မြင်နိုင်သောကြောင့် လူကိုမှန်ကန်စွာတရားစီရင်နိုင်၏ (၁ ရာ ၁၆း၇)။

ဘုရားသခင်၏ပြစ်ဒဏ်ဟာမေးခွန်းထုတ်စရာလုပ်ရပ်တစ်ခုလို့ ယောဘစောင်းမြောင်းပြောဆိုသည့်အခါ ယောဘမှားကြောင်း ဧလိဟုပြောခဲ့သည်။ သူသည်ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သော်လည်း ဘုရားသခင်ကသူ့ကိုပြင်းပြင်းထန်ထန်အပြစ်ပေးခဲ့သည်ဟု ယောဘပြောဆို၏။ ဧလိဟုက ဤအရာသည်ဘုရားသခင်၏တရားမျှတမှုကို ပုတ်ခတ်ပြောဆိုခြင်းဖြစ်စေသောကြောင့် မှားယွင်းသည်ဟုဆိုလေ၏။ ယောဘက ဘုရားသခင်နှင့်သင့်လျော်သောဆက်ဆံရေးရှိခြင်းကို ဖော်ပြသောအခါ၊ ယောဘလိမ်ညာသည်ဟု ဧလိဟုမဆိုခဲ့သော်လည်း၊ ဘုရားသခင်၏ဆက်ဆံပုံနှင့်ပတ်သက်၍ အဆက်မပြတ်ညည်းညူခြင်းမှာ ယောဘသည်မှားကြောင်းကို ပြောဆိုခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဘုရားသခင်သည်မှားယွင်းစွာပြုမူသည်ဟု ယောဘကသွယ်ဝိုက်ညွှန်းဆို၏ (ယောဘ ၃၃း၈-၁၃)။ ကျွန်ုပ်တို့သည်မဆိုလိုသောအရာများကို ပြောဆိုပုံမပေါ်ရလေအောင် ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့ပြောဆိုမှု၏သက်ရောက်မှုများကို သတိပြုရပါမည်။

နားထောင်လိုစိတ်နှင့်သင်ယူလိုစိတ်ရှိကြောင်း ဧလိဟုတွင်ကျွန်ုပ်တို့မြင်တွေ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားမှန်ကန်သောနည်းလမ်းဖြင့် သွန်သင်နိုင်စေရန်အတွက် ဖွင့်ထားသောစိတ်နှလုံးဖြင့် သမ္မာကျမ်းစာထံသို့ရောက်လာကြပါစို့။

**ဆင်ခြင်ရန်** - ဧလိဟုသည် ယောဘ၏အခြားသောသူငယ်ချင်းများနှင့် အဘယ်အရာက ကွာခြားစေသနည်း။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏ယုံကြည်ချက်များကို သမ္မာကျမ်းစာအပေါ် ခိုင်မြဲစွာ အခြေခံရန် ကူညီပေးတော်မူပါ။

တနင်္ဂနွေ နံနက်ပိုင်း၊ ဇွန် (၁၂)

**ယောဘ ၃၃း၁၄-၃၃**

ဆာလံ ၁၇း၁-၈

*"ငြိမ်ဝပ်စွာနေ၍ ငါသည်ဘုရားသခင် ဖြစ်ကြောင်းကိုသိမှတ်လော့. . . "*

## ဘုရားသခင်ကိုနားထောင်လော့

ဘုရားသခင်သည် သူ့ကိုစကားမပြောဘူးဟူ၍ ယောဘညည်းညူခဲ့၏။ ဘုရားသခင်သည် စကားပြောသော်လည်း လူသည်အမြဲတမ်းကြားနာရန် မရွေးချယ်ခဲ့ပါဟု ဧလိဟုဆိုခဲ့သည်။ ကောက်ချက်ချခြင်းမှာ ဘုရားသခင်သည်ယောဘအား စကားပြောဆိုခဲ့သော်လည်း၊ ယောဘ၏လက်ငင်းပြဿနာကို မိန့်ကြားပုံမပေါ်သောကြောင့် ယောဘနားမထောင်ခဲ့ပေ။ ဘုရားသခင်သည်သာ၍ ကြီးမြတ်သောအမှုန်တရားကို သွန်သင်ရန်ကြိုးစားသောအခါ၊ ကျွန်ုပ်တို့သည်လည်း ပြဿနာတစ်ခုခုကို အလွန်စိုးရိမ်တတ်ပြီး မကြားနိုင်သောသူဖြစ်တတ်ကြ၏(ယောဘ ၃၃း၁၄)။

အတိတ်ကာလ၌ ဘုရားသခင်သည်အိပ်မက်များနှင့် လည်ပတ်မှုများအားဖြင့် စကားပြောတော်မူခဲ့သည်။ ယနေ့တွင် သူ့နှုတ်ကပတ်တော်အားဖြင့် သူစကားပြော၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ့အသံကိုကြားရန်တိတ်ဆိတ်စွာနေပြီး တွေးတောဆင်ခြင်ရန်လိုအပ်သည် (ယောဘ ၃၃း၁၅၊ ဆာလံ ၄း၄၊ ၁၁၉း၁၁)။

ကျွန်ုပ်တို့သည် ဘုရားသခင်ကိုနားထောင်သောအခါ၊ သူသည် ကျွန်ုပ်တို့ကိုသွန်သင်ပေး၏။ သူ့နှုတ်ကပတ်တော်အားဖြင့်၊ ကျွန်ုပ်တို့၏အပြစ်သဘောသဘာဝ၏ မကောင်းသောအကြံအစည်များမှ ကာကွယ်ပေးပြီး ကျွန်ုပ်တို့အား ဒုစရိုက်အပြစ်မှကာကွယ်ပေး၏။ ဆာလံဆရာက "ဖျက်ဆီးတတ်သောသူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ရှောင်ပါပြီ" ဟုဆို၏ (ဆာလံ ၁၇း၄)။ ဘုရားသခင်သည် လူ၏အကြံအစည်မှလူကို နှုတ်ယူကြောင်း ဧလိဟုသဘောတူခဲ့သည် (ယောဘ ၃၃း၁၆-၁၇၊ သုတ္တံ ၃း၅-၆)။

ကျွန်ုပ်တို့သည် တမင်သက်သက်နာခံမှုမရှိပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားမှန်ကန်သောလမ်းသို့ ပြန်လည်ပို့ဆောင်ရန်အခက်အခဲများကို စေလွှတ်ပေလိမ့်မည်။ ယုံကြည်သူ၏အသက်တာ၌ရှိသောအပြစ်သည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့မှုကိုးပွဲ့ခြင်း၊ အမှုတော်လုပ်ငန်းဆုံးရှုံးခြင်းနှင့် ကောင်းကင်ဘုံအဖ၏ဆုံးမခြင်းတို့ သက်ရောက်စေ၏ (ယောဘ ၃၃း၁၉-၂၂၊ ဟေဗြဲ ၁၂း၆)။

လူသားသည် ရွေးနှုတ်သူ၏အသွေးတော်ကို အသနားခံရ၍ နောင်တဖြင့်ဖန်ဆင်းသူထံလာရောက်သောအခါ၊ သူ့ကိုလက်ခံ၍ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုပေးအပ်မည်ဖြစ်သည်။ ဤအရာက အပြစ်သားအတွက် ကယ်တင်ခြင်းနှင့်အပြစ်ထဲသို့ကျသော ခရစ်ယာန်အတွက် ပြန်လည်တည်ဆောက်ခြင်းနှစ်ခုလုံးအကြောင်းကို ပြောဆို၏ (ယောဘ ၃၃း၂၆-၂၈၊ ၁ ယော ၁း၉-၂း၂)။

ဧလိဟုသည် ယောဘအားပြန်ပြောရန် အခွင့်အရေးပေးသော်လည်း ဤငယ်ရွယ်သောဆရာ၏ဉာဏ်ပညာက ယောဘကိုနှုတ်ဆိတ်သွားစေ၏။ သူ၏ဆင်းရဲဒုက္ခတွင် ဘုရားသခင်သည် သူ့အားစကားပြောကောင်းပြောဆိုနိုင်ပြီး ဤအမှုန်တရားကိုသူစဉ်းစားရန်လိုအပ်ကြောင်း သူ့ကိုသတိပေးခဲ့သည် (ယောဘ ၃၃း၃၂-၃၃)။

ဒုက္ခရောက်နေချိန်များတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား စကားပြောနိုင်ကြောင်းကို သတိရှိပြီး၊ ကျွန်ုပ်တို့သည် သူ့နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကိုနှစ်သိမ့်၍ လမ်းပြနိုင်စေရန်အတွက် ကျွန်ုပ်တို့နားထောင်ကြပါစို့။

**ဆင်ခြင်ရန်** - ဒီအပိုင်းမှာ ဧလိဟု၏အဓိကအချက်မှာ အဘယ်နည်း။

**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်၏အပြစ်နှင့်ပတ်သက်၍ ကိုယ်တော်၏မေတ္တာတော်အားဖြင့်၊ အကျွန်ုပ်ကိုဆက်ဆံတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ ညနေပိုင်း၊ ဇွန် (၁၂)
**ယောဘ ၃၄း၁-၂၀**
ဆာလံ ၆၂း၁-၇

*" . . . သင်တို့စကားသည်ဆားအားဖြင့် ငန်သောအရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ"*

# သတိမမူသောစကား

ယောဘကို ဧလိဟုပြောသောကြမ်းတမ်းသောစကားအချို့ကို ဤအပိုင်းတွင်တွေ့နိုင်၏။ ဘုရားသခင်သည် သူ့ကိုကြမ်းတမ်းစွာဆက်ဆံခဲ့ကြောင်း ပြောဆိုခြင်းဖြင့်၊ ဘုရားသခင်နှင့်ကောင်းမွန်သောဆက်ဆံရေးရှိခြင်းသည် မြေကြီးပေါ်တွင် တန်ဖိုးအနည်းငယ်မျှသာရှိသည်ဟု ယောဘအရိပ်အမြွက်ပြောကြားခဲ့သည်။ ဤနေရာတွင် ယောဘသည်သူနှင့်စပ်ဆိုင်သောစကားများကို အမှန်တကယ်မပြောခဲ့ဘဲ လူကောင်းနှင့်လူဆိုးများကို ဆန့်ကျင်ဘက်ပြုသည့်သူ၏အချုပ်အခြာအာဏာတွင် ဘုရားသခင်၏အကြောင်းကို ပြောဆိုသောအခါ ကံကြမ္မာကိုယုံကြည်သည့် အယူဝါဒကို သူဖော်ပြခဲ့သည် (ယောဘ ၃၄း၁-၉၊ ၉း၂၂)။

ယောဘသည် သူ၏စိတ်ပျက်အားငယ်နေချိန်တွင် သူ၏အခြေအနေကိုအလွန်အလေးထားဖော်ပြကြောင်း ကျွန်ုပ်တို့ဝန်ခံရပါမည်။ သူသည် ဘုရားသခင်အကြောင်းကို သူအမှန်ရည်ရွယ်သည်ထက် ပို၍ပြင်းထန်စွာပြောဆိုသည်။ ဧလိဟု၏ စွပ်စွဲချက်မှာအလွန်ပြင်းထန်ကောင်းပြင်းထန်ခဲ့မည်။ "ငါ၏ရွေးနုတ်သောသခင်အသက်ရှင်ကြောင်းကိုငါသိ၏" (ယောဘ ၁၉း၂၅)ဟု အောင်ပွဲခံအော်ဟစ်သောအချိန်တွင် ယောဘသည်ဆင်းရဲဒုက္ခခံစားရသည်ဟူသောအချက်ကို သူလျစ်လျူရှုခဲ့သည်။ တဖက်တွင် ဧလိဟု၌အချက်တစ်ခုရှိသည်။

သူလုပ်ခဲ့ကြောင်း ယောဘပြောဆိုသောအခါ၊ ဤလောက၌ရှိသောလူဆိုးတို့ကဲ့သို့ သူ့ကိုထင်မှတ်ရ၏။ ဘဝ၏စိုးစမ်းနှောက်ယှက်မှုများနှင့်ပတ်သက်ပြီး ဘုရားသခင်နှင့်ကောင်းမွန်သောဆက်ဆံရေးသည် အထောက်အကူမဖြစ်ဟုသူတို့ပြောဆိုခဲ့သည် (ယောဘ ၃၄း၈-၉)။

ဧလိဟုသည် ဘုရားသခင်၏တရားမျှတမှုနှင့် ဂရုဏာတော်အကြောင်းကို ယောဘအားသတိပေးခဲ့သည်။ လူသည်ဘုရားသခင်၏လုပ်ရပ်များကို အမြဲနားမလည်သော်လည်း၊ သူ၏တရားမျှတမှုနှင့်ဂရုဏာတော်တို့ကို အမြဲတမ်းယုံကြည်စိတ်ချနိုင်၏ (ယောဘ ၃၄း၁၂၊ ဆာလံ ၈၉း၁၄)။

အရာခပ်သိမ်းကိုဖန်ဆင်းသောဘုရားသခင်သည် အမြင့်ဆုံးဖြစ်တော်မူ၏။ သူ့ကိုအဘယ်သူကမျှ တန်ခိုးတော်ကိုမပေးပါ (ဆာလံ ၈၉း၁၁၊ ဟေဗြဲ ၁း၂)။ သို့တိုင်အောင် ဤတန်ခိုးကြီးသောဘုရားသခင်သည် လူသားကိုအရေးစိုက်တော်မူ၏။ လူ၏အသက်ကိုပေး၍သူ့အတွက် သင့်လျော်သောနေရာအဖြစ် မြေကြီးကိုစောင့်ရှောက်ပေးသူမှာ သူ့တန်ခိုးတော်ဖြစ်သည်။

ဧလိဟုသည် ဤအမှန်တရားကိုအပျက်သဘောဖြင့် တင်ပြပြီး ဘုရားသခင်သည်လူကိုသတိမထားပါက သူသည်သူ၏တန်ခိုးကိုရုတ်သိမ်းပြီးလူသားမျိုးနွယ်သည် တည်ရှိတော့မည်မဟုတ်ဟုပြောဆိုခဲ့၏။ ဓမ္မသစ်ကျမ်းတွင် ဤသို့သောအမှန်တရားကို ကျွန်ုပ်တို့အားသတိရစေ၏ (ယောဘ ၃၄း၁၃-၁၅၊ ဟေဗြဲ ၁း၃)။

အခက်ခဲဆုံးအချိန်များတွင်ပင် ကျွန်ုပ်တို့သည်ဝိညာဉ်ရေးအောင်မြင်မှုဖြင့် ဤဘဝကို ဖြတ်သန်းရန်လိုအပ်သမျှကိုအသက်ပေး၍ ထောက်ပံ့ခြင်း၌ဘုရားသခင်၏ဂရုဏာတော်နှင့်ကျေးဇူးတော်ကို သတိပြုကြပါစေ။

**ဆင်ခြင်ရန်** - ဧလိဟုသည် ယောဘကိုအဘယ့်ကြောင့် ဤမျှလောက်ကြမ်းတမ်းခဲ့သနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏ဂရုမစိုက်သောစကားများသည် ကျွန်ုပ်၏ယုံကြည်ခြင်းသက်သေကို ထိခိုက်စေနိုင်ကြောင်းကို ကျွန်ုပ်သတိပြုမိပါစေ။

**ယောဘ ၃၄း၂၁-၃၇**

ဆာလံ ၆၉း၁-၆ *"ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ. . . "*

# ဘုရားသခင်၏ဂရုဏာတော်၌အနားယူခြင်း

ဘုရားသခင်သည် သူ၏အချုပ်အခြာအာဏာဖြင့် လူသား၏လုပ်ဆောင်မှုများအားလုံးကို သိတော်မူ၏။ ဘုရားသခင်၏အသိပညာသည် ပြည့်စုံပြီးကတည်းက သူ၏ပြီးပြည့်စုံသောတရားမျှတခြင်းကို ကျွန်ုပ်တို့စိတ်ချနိုင်သည်။ ကိုယ်တော်၏စုံလင်သောအကြံအစည်အတိုင်း တရားမျှတ၍ ဖြောင့်မတ်သည်ထက်ပို၍ ဆင်းရဲဒုက္ခခံရန် ကျွန်ုပ်တို့ကိုမည်သည့်အခါမျှ ခွင့်မပြုပါ (ယောဘ ၃၄း၂၁-၂၃၊ ဆာလံ ၆၉း၅)။

ဧလိဟု၏နိဂုံးချုပ်ချက်သည် ယောဘ၏သူငယ်ချင်းသုံးယောက်နှင့်တူသော်လည်း ကြီးမားသောကွာခြားချက်တစ်ခုရှိသည်။ ယောဘ၌ဝန်ခံခြင်းမရှိသောအပြစ်ရှိကြောင်း သူမစွပ်စွဲသော်လည်း ဆင်းရဲဒုက္ခခံရစဉ်အတွင်း အပြစ်ထဲသို့ကျရောက်သွားသည်ဟု စွပ်စွဲခဲ့သည်။ ယခုယောဘသည် ဘုရားသခင်၏ဆုံးမခြင်းကို လေးနက်စွာလက်ခံပြီး ဘုရားသခင်၏တရားမျှတမှုကို မေးခွန်းထုတ်ရာ၌ သူ၏အပြစ်အတွက် နောင်တရဖို့လိုအပ်၏။ သူ၏လက်ရှိအခက်အခဲများမှ သင်ယူရန်လိုအပ်သောအရာများကို သွန်သင်ပေးဖို့ဘုရားသခင်ထံတောင်းလျှောက်သင့်သည်။ ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်းကိုလက်ခံ၍ ၎င်းမှအကျိုးအမြတ်ရရှိသောခရစ်ယာန်မှာ ပညာရှိသူဖြစ်၏(ယောဘ ၃၄း၃၁-၃၇၊ သုတ္တံ ၆း၂၃၊ ဟေဗြဲ ၁၂း၇)။

နောင်တအတွက် ဤစိန်ခေါ်မှုသည်ယောဘအား ဘုရားသခင်လာရောက်လည်ပတ်ဖို့အတွက် စိတ်နှလုံးပြင်ဆင်ထားရန်ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ သူတို့၏စိတ်နှလုံးထဲ၌ ဝန်ခံခြင်းမရှိသောအပြစ်ရှိလျှင် ဘုရားသခင်သည်သူ၏လူတို့နှင့် တွေ့ဆုံမည်မဟုတ်ပေ (ဟေရှာ ၁း၁၅-၁၆)။

ဤအချိန်တွင် ယောဘရင်ဆိုင်ရမည့်အကြီးမားဆုံးပြဿနာမှာ သူ၏ခါးသီးမှုနှင့်ဒေါသဖြစ်သည်။ ဤအပြုအမူကိုအကြောင်းပြချက်များစွာနှင့် ကျွန်ုပ်တို့မြင်တွေ့နိုင်၏။ ယောဘသည် ကြီးမားသောရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ ဝေဒနာများကိုဖြတ်သန်းနေရသည်။ လူခံနိုင်ရည်စွမ်း၏အစွန်းသို့ သူတွန်းပို့ခံခဲ့ရသည်။ ဒုတိယအချက်တွင် ယောဘသည်ဘုရားသခင်ထံမှ သူ့မျက်စိကိုရုတ်သိမ်းပြီးသူ၏ဆင်းရဲဒုက္ခ၌ တဝဲလည်လည်စတင်ခံစားခဲ့သည်။ ဤအရာက ဘုရားသခင်၏မျက်နှာတော်နှင့်ယောဘကိုပေးမည့်ခွန်အားကို ဖုံးကွယ်ထားသည်။

ဤယောဘကျမ်းမှ ကျွန်ုပ်တို့သည်ယခုအချိန်ထိ သင်ခန်းစာများစွာကိုသင်ယူခဲ့ပြီးဖြစ်သည်။ တစ်ခုမှာပြင်းထန်သောဆင်းရဲဒုက္ခကို ကြုံတွေ့ရသူတို့အား ဂရုဏာနှင့်ကြင်နာမှုရှိဖို့ရန်ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်သည် ယုံကြည်ခြင်း၌ခိုင်ခံ့ပြီး ဒုက္ခရောက်ချိန်၌ဘုရားသခင်၏အသံတော်ကို တိတ်ဆိတ်စွာနားထောင်ရမည်ဖြစ်ပြီး သို့မှသာကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်ကို ဘုန်းထင်ရှားစေမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ဤအချက်တွင် ယောဘ၏အဓိကပြဿနာမှာအဘယ်နည်း။

**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်သည်ကိုယ်တော်၏အကြောင်းကို ပိုမိုသိရှိနိုင်စေရန်အတွက် အကျွန်ုပ်အား ကိုယ်တော်နှင့်နေ့စဉ်လျှောက်လှမ်းဖို့ရန် ကူညီတော်မူပါ။

အင်္ဂါ၊ ဇွန် (၁၄)
**ယောဘ ၃၅**
ဆာလံ ၁၃၈

*"ကျွန်ုပ်တို့၏စကားတို့သည် ကျွန်ုပ်တို့စိတ်နှလုံးသား အခြေအနေ၏ သက်သေများဖြစ်ကြ၏. . ."(JC Ryle)*

# ဧလိဟု၏တတိယမြောက်မိန့်ခွန်းစတင်၏

ယောဘ၏အခြေအနေမှာ ရှေ့နောက်မညီညွတ်မှုကို ဧလိဟုထောက်ပြခဲ့သည်။ တစ်ဖက်တွင် သူသည်ဘုရားသခင်၏တရားမျှတမှုကိုယုံကြည်ပြီး နောက်ဆုံးတွင်အမှန်သက်သေထူဖို့ မျှော်လင့်ခဲ့သည်။ အခြားတဖက်တွင်မူ ဘုရားသခင်သည် ထိုသို့သောလူကောင်းကိုအပြစ်ပေးပုံပေါ်သောကြောင့် ဖြောင့်မတ်သောအသက်တာဖြင့်အသက်ရှင်ရန် အကြောင်းမရှိဟုသူဆိုခဲ့သည်။ ဧလိဟုက ယောဘ၏ပုံမှန်မရှိသောအနေအထားကို ယခုအဖြေပေးမည်ဟုဆိုခဲ့သည် (ယောဘ ၃၅း၁-၄)။

ယောဘသည် ဧလိဟုကသူ့ကိုရည်ညွှန်းထားရသည့်အရာများမှ အချို့ကိုအမှန်မပြောခဲ့သော်လည်း၊ ယောသည်သူ၏ခါးသီးမှုဖြင့် ၎င်းတို့ကိုရည်ညွှန်းထားကြောင်း ကျွန်ုပ်တို့သတိပြုမိသည်။ ယောဘ၏ဖော်ပြချက်သည် တစ်ခါတစ်ရံတွင် သူ၏ဒုက္ခများကိုကျော်လွှန်၍ တသက်လုံးယုံကြည်ကိုးစားခဲ့သော တရားမျှတပြီးဂရုဏာတော်ရှိသောဘုရားသခင်ကို ကြည့်ရှု၍မြင်တွေ့ခဲ့ကြောင်းပြသခဲ့သည်။ အခြားအချိန်များတွင် သူသည်ဘုရားသခင်ကိုမျက်ကွယ်ပြုသောကြောင့် ဆင်းရဲဒုက္ခကသူ့ကို အနိုင်ယူခဲ့သည်။ ဤကဲ့သို့သောအချိန်များတွင် သူတကယ်မဆိုလိုသောအရာများကို သွယ်ဝိုက်ညွှန်းဆိုသည်။ ယခုတွင် ယောဘသည်ဤလောကကိုမကြည့်ဘဲ ကောင်းကင်ဘုံ၏ဘုရားသခင်ထံသို့ မျှော်ကြည့်ရန်စိန်ခေါ်ခံရသည်။ ထို့ကြောင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်၌ သူ၏ဒုက္ခများသည် သေးငယ်သွားလိမ့်မည်။

အကောင်းနှင့်အဆိုးသည် မိမိတို့၏ဆုလာဘ် (သို့) ပြစ်ဒဏ်ပေးဆောင်ကြသည်ဟု ဧလိဟုအခိုင်အမာပြောဆို၏။ ထို့ကြောင့် လူတို့သည်တစုံတခု (သို့) အခြားတစ်ခုခုကိုရွေးချယ်သောအခါ ဘုရားသခင်သည်ပြုမူလုပ်ဆောင်ရန် မလိုအပ်ပေ(ယောဘ ၃၅း၅-၈)။ သူတို့၏ဒုစရိုက်သည် ဒုက္ခရောက်စေ၍ ထိုဒုက္ခဆင်းရဲကြောင့် လူတို့သည်အော်ဟစ်သောအခါ မတရားသဖြင့်အပြစ်ဒဏ်ခံရသည်ဟု ခံစား၍ဒေါသမာန်မာနဖြင့် အော်ဟစ်သောကြောင့် ထိုအရာမှာဘုရားသခင်ထံအမှန်တကယ်တောင်းလျှောက်ခြင်းမဟုတ်ပေ။ ထိုအကြောင်းကြောင့် ဘုရားသခင်သည် တခါတရံအဖြေပေးလေ့မရှိပေ။ ဤအချက်ကြောင့် ဘုရားသခင်ကယောဘကိုပြန်မဖြေကြားဖြစ်နိုင်၏ဟု ဧလိဟုဆိုခဲ့သည်(ယောဘ ၃၅း၉-၁၆၊ ဆာလံ ၁၃၈း၆)။

ကျွန်ုပ်တို့သည်အခြားသူများကို ကူညီဖို့မကြိုးစားမီ သမ္မာကျမ်းစာကိုသိရှိခြင်း၏အရေးပါမှုကို ဤအပိုင်းမှသင်ယူသင့်ပါသည်။ နှုတ်ကပတ်တော်ကိုနေ့စဉ်လေ့လာခြင်းက ကျွန်ုပ်တို့အားယုံကြည်ခြင်း၌တည်စေမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာအသိပညာနှင့် ရင့်ကျက်မှုကိုပေးစွမ်းမည်ဖြစ်သည်။ သူတို့၏အထူးလိုအပ်နေသောအချိန်များ၌ အခြားသူများကိုစိတ်ပျက်အားလျော့စေမည့်အစား အားပေးဖို့ကဤနည်းသာဖြစ်သည်။

**ဆင်ခြင်ရန်** - ဧလိဟု၏စကားသည် အဘယ်အရာကမှန်ကန်သနည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည်မာနထောင်လွှားသောသူတို့၏ဆုတောင်းခြင်းကို နားမထောင်ကြောင်း အောက်မေ့ဖို့ရန်ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၁၅)
**ယောဘ ၃၆း၁-၁၇**
ဆာလံ ၉၄း၁၂-၁၉

*"ကျေးဇူးတော်သည် အခြေအနေများထက် သာ၍ အားကောင်း၏"(JC Ryle)*

# ဘုရားသခင်သည်အမှန်တကယ်နားထောင်၍ ဂရုစိုက်၏

ယခုတွင် ဧလိဟုသည် ယောဘအားစိတ်ရှည်သည်းခံပြီး နားထောင်ရန်တောင်းဆိုသည့် စတုတ္ထအကြိမ်နှင့်နောက်ဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ သူ၏အသိပညာမှာ ဘုရားသခင်ထံမှလာပြီး မှန်ကန်ကြောင်းနှင့် ယောဘ၏လိုအပ်ချက်များကို ဖြည့်ဆည်းလိမ့်မည်ဟု ဧလိဟုဆို၏(ယောဘ ၃၆း၁-၄)။

ဘုရားသခင်သည်တန်ခိုးကြီးပြီး အရာအားလုံး၏အထက်တွင် ဝေးကွာစွာရှိသော်လည်း သူသည်လူသားကိုအမြဲတမ်းအောက်မေ့၏။ သူသည်တရားစီရင်ခြင်းတွင် ဘက်မလိုက်ဘဲအားနည်းသောသူတို့ကို ကြီးမြတ်သောသူတို့ကဲ့သို့ ထပ်တူစွာဂရုစိုက်တော်မူ၏။ သူသည်တခါတရံတွင် လူဆိုးတို့၏မကောင်းမှုများကို မေ့လျော့ပုံပေါက်သော်လည်း သူမေ့လျော့ပါ။ လူဆိုးတို့သည် ထာဝရအတွက် ဘုရားသခင်၏အမျက်တော်တည်းဟူသော သူတို့၏ဘဏ္ဍာတော်ကို သူတို့၏ဘဝတစ်လျှောက်စုဆောင်းသွားလာကြ၏ (ရောမ ၂း၅)။ ဘုရားသခင်သည် ဖြောင့်မတ်သူများကိုစောင့်ကြည့်ပြီး တခါတရံတွင် သူတို့ကိုခေါင်းဆောင်နေရာတွင် ချီးမြှောက်လေ့ရှိသည်။ ဖြောင့်မတ်သောသူတို့သည် အပြစ်ထဲသို့ကျလျှင်ဘုရားသခင်သည် သူတို့ကိုမှန်ကန်သောလမ်းသို့ ပြန်လည်ပို့ဆောင်၍သူ၏သမ္မာတရားကိုသွန်သင်စေဖို့ရန် သူတို့ထံဆင်းရဲဒုက္ခကိုစေလွှတ်တော်မူ၏။ မိမိတို့၏အပြစ်အတွက် နောင်တရသောအခါ ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာကိုခံစားရသော်လည်း၊ နားထောင်ရန်ငြင်းဆိုပါက ဘုရားသခင်၏သွန်သင်ခြင်းမှ အကျိုးအမြတ်မရရှိဘဲ သူတို့၏ထိရောက်သောအမှုတော်လုပ်ငန်းလုပ်ဆောင်မှုနေ့ရက်များ အဆုံးသတ်လိမ့်မည် (ယောဘ ၃၆း၅-၁၂၊ ဆာလံ ၉၄း၁၂)။

ဘုရားသခင်သည်ဆင်းရဲသားတို့ကို သူတို့၏ပူပင်သောကထဲမှ ကယ်လွှတ်လိမ့်မည် (ယောဘ ၃၆း၆၊ ၁၅)။ ယောဘ ၃၆း၆ တွင် "ဆင်းရဲ" ဟူသောစကားလုံးသည် စည်းစိမ်ဥစ္စာမရှိခြင်းကို ရည်ညွှန်းသည်မဟုတ်ဘဲ စိတ်နှလုံးနှိမ့်ချ၍ဘုရားသခင်ရှေ့တော်တွင် ငြိမ်သက်စွာနေသောသူဖြစ်သည်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။ ယောဘသည် ဘုရားသခင်၏လုပ်ဆောင်ချက်များကို ဝေဖန်စီရင်ခြင်းကိုရပ်တန့်၍ ဘုရားသခင်၏အချုပ်အာဏာကို လက်ခံလျှင် ဘုရားသခင်သည်သူ့အား ဆင်းရဲဒုက္ခမှကယ်နှုတ်မည်ဟု ဧလိဟုဆိုခဲ့သည်။ ဘုရားသခင်၏ဆက်ဆံပုံများကို မေးခွန်းထုတ်ရာ၌ ယောဘသည်ဆိုးသွမ်းသူတို့ကဲ့သို့ တုန့်ပြန်ပြုမူခဲ့သည်(ယောဘ ၃၆း၁၅-၁၇)။

ဧလိဟုသည် လူသားနှင့်ဘုရားသခင်ဆက်ဆံပုံဆိုင်ရာ အမှန်တရားကို အကြမ်းဖျင်းဖော်ပြရန်အတွက် ယခင်စကားများအားလုံးကို ဖြတ်တောက်ခဲ့သည်။ ထို့ပြင် ဘုရားသခင်အပေါ် ဆန့်ကျင်သောခါးသီးမှုနှင့်အမျက်ဒေါသတည်းဟူသော ယောဘ၏လက်ရှိအပြစ်ပြဿနာကို သူထောက်ပြခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်လုပ်ဆောင်သောအရာကိုမကြာခဏနားမလည်နိုင်ကြသော်လည်း ကျွန်ုပ်တို့အတွက် မှန်ကန်သောအရာနှင့် အကောင်းဆုံးသောအရာတို့ကိုလုပ်ဆောင်နေကြောင်းကို သတိရကြရမည်။ သူ့ရှေ့တော်၌ ကျွန်ုပ်တို့သည် နှိမ့်ချပြီးသူ၏လုပ်ဆောင်မှုများနှင့် အစီအစဉ်များကို လက်ခံနိုင်ကြပါစေ။ ထို့နောက် ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကောင်းကြီးမင်္ဂလာပေးရုံသာမက ဒုက္ခကြုံသည့်အချိန်တွင် ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - အပြစ်ထဲကျနေသောဖြောင့်မတ်သူတို့ကို ဘုရားသခင်မည်သို့ဆက်ဆံသနည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်အသိအမှတ်ပြုပါ၏။ ကောင်းကြီးမင်္ဂလာလမ်းတွင် ကျွန်ုပ်၏လမ်းကိုညွှန်ပြတော်မူပါ။

ကြာသပတေး၊ ဇွန် (၁၆)
**ယောဘ ၃၆း၂၀-၃၃**
ဆာလံ ၁၄၇း၁-၇

*"ချီးမွမ်းခြင်းသည် ယဇ်ပူဇော်ခြင်းအားလုံး၏ အကောင်းဆုံးဖြစ်၍ ဘုရားဝတ်၌မွေ့လျော်ခြင်းကို ပြသသည့်စစ်မှန်သောသက်သေဖြစ်၏"(J Calvin)*

# ကိုယ်တော်ကိုချီးမွမ်းကြပါစို့

ယောဘ၏ခါးသီးမှုသည် ဘုရားသခင်ကိုပုန်ကန်စေမည်ကို ဧလိဟုစိုးရိမ်ခဲ့သည်။ တခါတရံတွင် ကျွန်ုပ်တို့၏ကိုယ်ပိုင်အစီအစဉ်များကျရှုံးပြီး ၎င်းကြောင့် အရှက်ရစေသောအခါ ထိုကျဆုံးရခြင်းအကြောင်းအရင်းအတွက် ဘုရားသခင်ကိုမျှော်ကြည့်ရမည့်အစား ကျွန်ုပ်တို့သည်ခါးသီးလာပြီး ကိုယ် တော်ကိုမနာခံဘဲနေကြသည်။ ဘုရားသခင်၏လူများသည် အသင်းတော်နှင့်ဘုရားကိုချစ်သောသူတို့ နှင့် မိဿဟာယဖွဲ့ရန်လိုအပ်နေသည့်အချိန်တွင် သူတို့သည်ဤမိဿဟာယမှ နုတ်ထွက်ကြသည်မှာ ဝမ်းနည်းစရာကောင်းသည့်အချက်ဖြစ်သည်။ ယောဘသည်ဤပြဿနာမျိုးကို ရင်ဆိုင်ခဲ့ရသည်။ ဧလိဟုကသူ့ကိုသတိပေးခဲ့သည်(ယောဘ ၃၆း၂၀-၂၁)၊ ဒုက္ခရောက်ချိန်များတွင် ဘုရားသခင်သည် အရာအားလုံးထက်မြင့်မြတ်ပြီး အသိပညာနှင့်ပြည့်စုံကြောင်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ကိုယ်တော်ကိုသွန်သင်နိုင်သူမရှိသော်လည်း သူသည်ကျွန်ုပ်တို့အားအရာခပ်သိမ်းကိုသွန်သင်ပေးနိုင်ပါသည်။ သူ၏လမ်းစဉ်များကိုသွန်သင်ပေးရန် ဘုရားသခင်ထံအသနားခံခဲ့သောဆာလံဆရာကို ကျွန်ုပ်တို့စဉ်းစားသင့်ပါသည် (ယောဘ ၃၆း၂၂-၂၃၊ ဆာလံ ၂၅း၄-၅)။

ယခုတွင် ဧလိဟုသည်ယောဘအား ဘုရားသခင်ကိုချီးမွမ်းရန်စိန်ခေါ်ခဲ့သည်။ အကြောင်းမှာ ဤအရာက သူ့ဒုက္ခကိုကြည့်နေသောသူ့မျက်စိကိုဖယ်ရှားစေပြီး အပြစ်မှသူ့ကိုစောင့်ရှောက်ပေးမည်ဖြစ်သည်။ ယနေ့အသင်းတော်သည် ဘုရားသခင်ကိုချီးမွမ်းခြင်းသင်ခန်းစာကို သင်ယူရန်လိုအပ်သည်ဟုဆိုခြင်းသည် မှန်ကန်ပါ၏။ သူ့အတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သည့်အရာများအတွက် ယောဘကိုဘုရားသခင်အား ချီးမွမ်းဖို့ရန် ဧလိဟုတိုက်တွန်းခြင်းမဟုတ်ဘဲ ဘုရားသခင်သည်အဘယ်သူဖြစ်ကြောင်းကိုသိ၍ ချီးမွမ်းဖို့ရန်ပြောထားသည်ကို သတိပြုရသည်။ ဘုရားသခင်၏လုပ်ဆောင်ချက်များ ကြီးမြတ်မှုနှင့် ထာဝရတည်ရှိခြင်းတို့အတွက် ချီးမွမ်းသင့်သည်(ယောဘ ၃၆း၂၂-၂၆၊ ဆာလံ ၁၃၄း၁-၃)။

သူ၏တန်ခိုးတော်အကြောင်းကို ဖော်ပြသောဖန်ဆင်းခြင်းဘုန်းအသရေအတွက် ဘုရားသခင်ကိုလည်းချီးမွမ်းသင့်သည်။ လူသားတို့၏အမှု၌ထိန်းကျောင်းပေးသောလက်တော်နှင့် လူသားတို့အတွက် အကောင်းအဆိုးနှစ်ရပ်လုံးကို ထောက်ပံ့ပေးခြင်းအတွက်သူသည်ချီးမွမ်းခြင်းခံသင့်၏ (ယောဘ ၃၆း၂၇-၃၃)။

ရှေးလူတို့ပြုသကဲ့သို့ ဘုရားသခင်ချီးမွမ်းခြင်းငါ့သင်ယူကြပါစို့။ ကျွန်ုပ်တို့ကို သူအရင်ချစ်၍သာ သူ့ကိုကျွန်ုပ်တို့ချစ်နိုင်ကြောင်းကို အောက်မေ့ပြီးသူ့ကိုချီးမွမ်းကြပါစို့။ ကျွန်ုပ်တို့၏နှုတ်ဖျား၌ သူ့ကိုအစဉ်အမြဲချီးမွမ်းလျက် သူ့ဘုန်းတန်ခိုးတော်နှင့်ကျေးဇူးတော်တို့၌ အနားယူနိုင်ကြပါစေ။ ဤအရာသည် ကျွန်ုပ်တို့အားအပြစ်မှကာကွယ်ပေးမည်ဖြစ်ပြီး ကျွန်ုပ်တို့ကိုချစ်၍ သူ၏ကျေးဇူးတော်အားဖြင့် ကယ်တင်ပေးသော အရှင်ကိုနာခံခြင်း၌ ကျွန်ုပ်တို့အား ကျင်လည်စေမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ဧလိဟု၏စိုးရိမ်မှုကား အဘယ်နည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည်မည်သူဖြစ်တော်မူသည့်အချက်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ ကိုယ်တော်ကိုချီးမွမ်းခြင်းသည် အကျွန်ုပ်နှုတ်ခမ်း၌အစဉ်အမြဲရှိပါစေ။

သောကြာ၊ ဇွန် (၁၇)
**ယောဘ ၃၇**
ဆာလံ ၁၄၈း၁-၆

*"လူတစ်ဦးသည် အချည်းနှီးမဖြစ်မီတိုင်အောင် ဘုရားသခင်သည် ထိုသူကိုအဘယ်အရာကိုမျှ မပြုလုပ်ပေးနိုင်ပါ"(M Luther)*

# ဘုရားသခင်၏ကြီးမြတ်မှုကိုဆင်ခြင်လော့

ဧလိဟုသည် သဘာဝတရားတွင်ပြသထားသည့်ဘုရားသခင်၏တန်ခိုးတော်ကို စဉ်းစား ဆင်ခြင်သောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်အတူ တုန်လှုပ်ခဲ့သည်။ မိုးကြိုး၊ ဆီးနှင်းနှင့်မိုးရွာခြင်း တို့သည် ဖြောင့်မတ်၍သန့်ရှင်းပြီး တန်ခိုးကြီးသောဘုရားသခင်တည်ရှိခြင်းအကြောင်းကို လူတို့အား ပြောဆိုကြသည်(ယောဘ ၃၇း၁-၁၃၊ တမန် ၁၄း၁၇၊ ရောမ ၁း၁၉-၂၀)။

ဖန်ဆင်းခြင်းအမှုတွင်ပြသထားသည့်ဘုရားသခင်၏ကြီးမြတ်မှုကို ထည့်သွင်းစဉ်းစားရန် ယောဘအားဧလိဟုစိန်ခေါ်ခဲ့သည်။ သဘာဝတရား(သို့)စကြဝဠာရှိ ဘုရားသခင်၏လုပ်ဆောင်ချက် များကို လူသည်နားမလည်နိုင်ကတည်းက လူသား၏ဆင်းရဲဒုက္ခနှင့်ပတ်သက်၍ ဘုရားသခင်၏ လုပ်ဆောင်ချက်များကိုနားလည်ရန် မည်သို့မျှော်လင့်နိုင်မည်နည်း။ သူ၏ဖန်ဆင်းမှုလက်ရာတွင် ဘုရားသခင်၏ကြီးမြတ်မှုကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီး ထိုအချက်အပေါ် ကျွန်ုပ်တို့မေးခွန်းမထုတ်ကြပါ။ ထို့ကြောင့် အခြားမည်သည့်ကိစ္စတွင် ကိုယ်တော်အားမေးခွန်းထုတ်ရန် ကျွန်ုပ်တို့၌အဘယ်အခွင့် အရေးရှိသနည်း(ယောဘ ၃၇း၁၄-၂၀)။ ကျွန်ုပ်တို့သည်ဘုရားသခင်၏အကြံအစည်၊ တန်ခိုးတော် (သို့) လုပ်ဆောင်မှုပုံစံကိုနားမလည်နိုင်ပေ။ သူသည်လူ့စိတ်ဖြင့် နားမလည်နိုင်ရန်အလွန်ကြီးမြတ် လွန်းသည် (ရောမ ၁၁း၃၃)။ သို့သော်လည်း ဘုရားသခင်သည်တရားမျှတပြီး သူ၏ဂရုဏာတော်နှင့် အညီ လူသားကိုဆက်ဆံလိမ့်မည်။ လူသည်ယုံကြည်ခြင်းအားဖြင့် သူ့အားတွေ့ဆုံမည်ဆိုပါက ခွင့် လွှတ်ခြင်းကိုရနိုင်၏(ဟေဗြဲ ၁၁း၆)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကိုနာခံခြင်းဖြင့် ကိုးကွယ် ရမည်(ယောဘ ၃၇း၂၃-၂၄၊ ဆာလံ ၁၃၄)။

ဤအခန်းငယ်များဖြင့် ဧလိဟု၏မိန့်ခွန်းများပြီးဆုံးသွားသည်။ ယောဘ၏သူငယ်ချင်းသုံး ယောက်ကဲ့သို့မဟုတ်၊ ဧလိဟုသည် လျို့ဝှက်သောအပြစ်ကြောင့် ယောဘ၏ဆင်းရဲဒုက္ခရောက်လာ သည်ဟု ပြောဆိုခြင်းမပြုခဲ့ပေ။ ယောဘသည် နှိမ့်ချမှုမရှိခြင်းကြောင့် သူ၏ဒုက္ခကိုရှည်ကြာစေသည် ဟု ဧလိဟုဆိုခဲ့သည်။ ယောဘသည် သူ၏ဆင်းရဲဒုက္ခများကိုလက်မခံဘဲ ဘုရားသခင်ကိုအလွန် ကြမ်းတမ်းစွာစွပ်စွဲခြင်းတွင် အပြစ်ရှိခဲ့သည်။ သူသည်ယောဘအား နောင်တရပြီး သူ့ကိုသွန်သင်ရန် ဘုရားသခင်၏အားထုတ်မှုကိုလက်ခံဖို့ စိန်ခေါ်ခဲ့သည်။ ထိုသို့ပြုလျှင် ဘုရားသခင်ထံမှပြန်လည် ထူထောင်ခြင်းနှင့်ကောင်းကြီးမင်္ဂလာများရှိလိမ့်မည်။ ဧလိဟုသည် ယောဘ၏ဆင်းရဲဒုက္ခရောက်ရ ခြင်း၏အကြောင်းအရင်းကို မဖြေရှင်းဘဲ ဘုရားသခင်သည်အမြဲတရားမျှတပြီး သူ့လူမျိုးကောင်းဖို့ အတွက် အရာရာတိုင်းကိုလုပ်ဆောင်ပေးကြောင်းကို ယောဘအားအာမခံပေးခဲ့သည်(ဟေဗြဲ ၁၂း၁၁)။

ယောဘ၏အပြစ်ကိုထောက်ပြခြင်းဖြင့် ဧလိဟုသည် ယောဘကိုနောင်တရစေခဲ့သည်။ ယောဘသည် ဧလိဟုအားတုန့်ပြန်မှုမရှိခြင်းကြောင့် သူ၏အမှားကိုမြင်ပြီး ဘုရားသခင်၏အသံတော် ကို ကြားရန်ပြင်ဆင်ထားကြောင်း ကျွန်ုပ်တို့သံသယရှိသည်။

**ဆင်ခြင်ရန်** - ယောဘအတွက် ဧလိဟု၏အဓိကစိန်ခေါ်မှုကအဘယ်နည်း။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏လမ်းတော်သည် အကောင်းဆုံးနည်းလမ်းဖြစ်သောကြောင့် ကိုယ်တော်၏အလိုတော်ကိုနာခံရန်ကူညီပေးတော်မူပါ။

စနေ၊ ဇွန် (၁၈)
**ယောဘ ၃၈း၁-၁၁**
ဆာလံ ၇၃း၂၄-၂၈

*"ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၏ဝိညာဉ်ဖြစ်သည်"(J Murray)*

## ဘုရားသခင်ကိုစကားပြော၏

ယောဘဝတ္ထုတစ်အုပ်လုံးနီးပါးတွင် အမျိုးသားများသည် ၎င်းတို့၏ရပ်တည်ချက်များအား ငြင်းခုံဆွေးနွေးကြသည်ကိုတွေ့ရသည်။ ယောဘ၏သူငယ်ချင်းသုံးယောက်တို့သည် ၎င်းတို့၏ရပ်တည်ချက်မှန်ကန်သည်ဟု စိတ်ချသောကြောင့် သူတို့နှင့်မတူညီသောရပ်တည်ချက်ရှိသူများကို ဘုရားသခင်တရားစီရင်ရန်တောင်းဆိုခဲ့သည် (ယောဘ ၁၁း၅)။ ယောဘသည် သူမှန်သည်ဟုစိတ်ချသောကြောင့် ဘုရားသခင်၏လုပ်ရပ်များကိုအမှန်တကယ် သူမေးခွန်းထုတ်ခဲ့သည်။

ဘုရားသခင်သည်သူ့ကိုစကားပြောရန် ယောဘတောင့်တခဲ့သော်လည်း၊ ယခုသူပြုမူသည့်အတိုင်း ယောဘမျှော်လင့်သောအရာကို သူမပြုခဲ့ပေ။ သူ၏ဖြောင့်မတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ သူဘာမှမပြောခဲ့ပါ(သို့) ယောဘ၏ဆင်းရဲဒုက္ခခံခြင်းနှင့်ပတ်သက်၍ ယောဘအားကိုယ်တော်ကို မေးခွန်းထုတ်ရန် ခွင့်ပြုခဲ့သည်။ ထိုအစား ဘုရားသခင်၏အသံတော်သည် လေပွေထဲကနေ မိုးချုန်းပြီး ယောဘ၏ပညာမဲ့သောစကားများကို မေးခွန်းထုတ်ခဲ့၏။ ယောဘအတွက် သူမေးခဲ့သောမေးခွန်းများကို ဖြေဆိုဖို့ပြင်ဆင်ထားရန် ဘုရားသခင်က ယောဘကိုတောင်းဆို၏ (ယောဘ ၃၈း၁-၃)။

ယောဘတွင် သူ၏ကိုယ်ပိုင်ဉာဏ်ပညာနှင့် သူ့မိတ်ဆွေများ၏ဉာဏ်ပညာရှိသော်လည်း ထာဝရသမ္မာတရားဆီသို့သွားရာတစ်ခုတည်းသောလမ်းဖြစ်သည့် ဘုရားသခင်၏အကြံဉာဏ်များမှာ ချို့တဲ့ခဲ့သည်။ ကျွန်ုပ်တို့သည် သူ့စကားကိုနားထောင်လျှင် အကြံဉာဏ်ကိုဘုရားသခင်ပေးလိမ့်မည် (သုတ္တံ ၁၉း၂၀)။

အနန္တတန်ခိုးရှင်ဘုရားသခင်က ယောဘကိုမေးခွန်းနှစ်ခုညွှန်ကြားခဲ့သည်။ ပထမအချက်မှာ - ယောဘ၊ မြေကြီးကိုတည်သောအခါ သင်သည်အဘယ်မှာရှိခဲ့သနည်း။ ဒုတိယအချက်မှာ - ယောဘ၊ သမုဒ္ဒရာ၏နယ်နိမိတ်ကိုပိုင်းခြား၍သူတို့၏နေရာ၌ ချုပ်ကိုင်ထားသူကား မည်သူနည်း (ယောဘ ၃၈း၄-၁၁)။ သမုဒ္ဒရာတို့ကို သူတို့၏နေရာ၌ သော့ခတ်စေသောအရာမှာ ဘုရားသခင့်အသံတော်၏တန်ခိုးတော်ဖြစ်ကြောင်းကို သမ္မာကျမ်းစာမှကျွန်ုပ်တို့သိရှိရ၏ (ကမ္ဘာ ၁း၉)။ ဤကြီးမားသောတန်ခိုးတော်ကိုသိရှိနားလည်ခြင်းက လူတို့ကိုကြောက်ရွံ့ရိုသေစေပြီး အနန္တတန်ခိုးရှင်ဘုရားသခင်ကို ကိုးကွယ်သင့်၏။ ဘုရားသခင်ကယေရမိကို "ငါ့ကိုမကြောက်ဘူးလား" ဟုမေး၏ (ယေရမိ ၅း၂၂)။ ယောဘနှင့်သူ့သူငယ်ချင်းတို့သည် ဘုရားသခင်ကိုရိုသေလေးစားခြင်းပျောက်ဆုံးကြ၏။ ဉာဏ်ပညာ၏အစကို ကျွန်ုပ်တို့ရှာတွေ့ခြင်မှာ ဤကြောက်ရွံ့ကခြင်းမှပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘဝလမ်းစဉ်အတိုင်းလျှောက်လှမ်းရာတွင် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ရိုသေလေးမြတ်သောယုံကြည်ကိုးစားမှုကို မဆုံးရှုံးစေရန်သတိပြုနိုင်ကြပါစေ။ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်း၌ သူပြုသောကြီးမားသည့်တန်ခိုးတော်အကြောင်းကို အမြဲတွေးတောပြီးဤတန်ခိုးတော်သည် ကျွန်ုပ်တို့အတွက်လုပ်ဆောင်နေကြောင်း သတိရနိုင်ကြပါစေ။ ကျွန်ုပ်တို့သည်ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်မှ သင်ယူနိုင်ကြဖို့အတွက် ၎င်းကကျွန်ုပ်တို့အား နှိမ့်ချသောစိတ်ဓာတ်ဖြစ်စေသင့်ပါသည်။

**ဆင်ခြင်ရန်** - ယောဘကို ဘုရားသခင်မေးခဲ့သည့်မေးခွန်းနှစ်ခုမှာ အဘယ်နည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်အပေါ် ထားရှိသော ကျွန်ုပ်၏ရိုသေကိုးစားမှုကို စောင့်ရှောက်တော်မူပါ။ ၎င်းကိုဘယ်တော့မှအကျွန်ုပ်မဆုံးရှုံးရပါစေနှင့်။

တနင်္ဂနွေ မနက်ပိုင်း၊ ဇွန် (၁၉)
**ယောဘ ၃၈း၁၂-၄၁**
ဆာလံ ၁၃၅း၁-၇

*"ဘုရားသခင်၏အမြင့်သည်လူကို နှိမ့်စေရမည်" (G Swinnock)*

# ဘုရားသခင်၏ဘုန်းအာနုဘော်

ဘုရားသခင်သည် သူ၏ဘုန်းအာနုဘော်၌ ယောဘ၏အရေးပါမှုကိုထုတ်ဖော်ပြရန်အတွက် ယောဘအား ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ဆက်လက်မေးမြန်းခဲ့သည်။ ဘုရားသခင်က ယောဘအား နေ၏အလင်းကလူဆိုးကို နှောင့်ယှက်ဖို့ရန် နေကိုစေလွှတ်ဖူးသလားဟု မေးခဲ့သည်။ သို့မဟုတ် ရွှံ့စေးအပေါ် ထိုးထားသောတံဆိပ်ကဲ့သို့ ကမ္ဘာမျက်နှာအနှံ့ နေ၏အလင်းရောင်ကိုထွန်းလင်းစေခဲ့သလားဟု မေးခဲ့သည်။ ဤစကားပုံများသည် ကောင်းကင်ကိုဖြတ်ကာ ရွေ့လျားသောနေ၏အကျိုးသက်ရောက်မှုကိုဖော်ပြပြီး ကမ္ဘာကြီးကိုတံဆိပ်တစ်ခုကဲ့သို့ အမှတ်အသားပြုကာ အဝတ်အထည်ပေါ်ရှိ ရုပ်ပုံများကဲ့သို့ထင်ရှားပေါ်လွင်စေသည်။

နေရောင်ခြည်သည် လူဆိုးတို့၏အလင်းကိုလုယူခြင်းတွင် အခြားအကျိုးသက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့သတိပြုမိပါသည်။ သမ္မာကျမ်းစာပြောသောသူတို့၏အလင်းမှာ အမှန်စင်စစ်သူတို့၏မကောင်းမှုတို့ကိုဖုံးကွယ်ထားသည့်အမှောင်မိုက်ကိုဆိုလို၏။ လူတို့သည် မိမိတို့၏မကောင်းသောလုပ်ရပ်တို့ကြောင့် အလင်းထက်မှောင်မိုက်ကိုနှစ်သက်ကြသည်(ယောဘ ၃၈း၁၂-၁၅၊ ၂၄း၁၆-၁၇၊ ယောဟန် ၃း၁၉)။

ဘုရားသခင်က"ယောဘသည် မြေကြီး၏အရွယ်အစားကိုနားလည်သလော သို့မဟုတ် နေ့နှင့်ညကိုပိုင်းခြားပေးသော ဘုရားသခင်၏တန်ခိုးတော်ကိုနားလည်သလော"ဟူ၍ အခြားမေးခွန်းကိုမေး၏(ယောဘ ၁၈း၂၁၊ ကမ္ဘာ ၁း၁၆-၁၈)။

ဘုရားသခင်သည်ယောဘအား သဘာဝ၏လည်ပတ်မှုကိုဆင်ခြင်ရန်တောင်းဆိုခဲ့သည်။ ဤရှေးဟောင်းကျမ်းစာသည် သိပ္ပံပညာရှင်များအားမရေတွက်နိုင်သောရာစုနှစ်များစွာကြာအောင်မရှာတွေ့နိုင်သည့်မြေကြီးရေလောင်းပုံအကြောင်းကို အသေးစိတ်ဖော်ပြချက်ပေးထားပြီး နှုတ်ကပတ်တော်မှာ ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအကြောင်းကို တဖန်ပြသခြင်းဖြစ်သည်(ယောဘ ၃၈း၂၂-၃၀)။

ဘုရားသခင်သည်ယောဘအား ကောင်းကင်ဘုံနှင့်ပတ်သက်၍မေးခွန်းထုတ်ခဲ့သည်။ စကြဝဠာကြီးကိုထိန်းချုပ်ထားသည့်အံ့သြဖွယ်စွမ်းအားကို သူနားလည်နိုင်ပါသလား။ ယနေ့တွင် ခေတ်အမီဆုံး နည်းပညာဆိုင်ရာကိရိယာများတပ်ဆင်ထားသော သိပ္ပံပညာရှင်များသည် မရေတွက်နိုင်သောများပြားလွန်းသည့် နေ၊ လ၊ ကြယ်များနှင့် ဂြိုဟ်များကိုအံ့အားသင့်နေကြသည်။ သို့သော် ဘုရားသခင်သည် အရေအတွက်မည်မျှရှိသည်ကိုသိရုံသာမက တစ်ဦးစီတိုင်းကို နာမည်ဖြင့်သိသည်(ယောဘ ၃၈း၃၁-၃၃၊ ဆာလံ ၁၄၇း၄)။ ဘုရားသခင်သည် တိရစ္ဆာန်များတွင်သူဖန်ဆင်းထားသောဇီဇနှင့်စပ်လျဉ်းသည့်နောက်ထပ်မေးခွန်းများကို ဆက်လက်မေးမြန်းခဲ့သည်။ ထိုကဲ့သို့သောဉာဏ်ပညာကိုတစ်စုံတစ်ဦးသည် စိတ်ကူးပေါက်နိုင်သလော(ယောဘ ၃၈း၃၉-၄၁၊ ဆာလံ ၁၄၇း၉)။

ယောဘသည် ဘုရားသခင်၏ဘုန်းအာနုဘော်နှင့်တန်ခိုးကို တွေးတောနေစဉ်တွင် အလွန်နှိမ့်ချမှုကိုခံစားရသည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ဘုန်းအာနုဘော်နှင့် ကျွန်ုပ်တို့ကဲ့သို့သော သတ္တဝါများအပေါ် သူ့ချစ်ခြင်းမေတ္တာကို ကြောက်ရွံ့ရိုသေခြင်းစိတ်ကိုခံစားသင့်သည်(ဆာလံ ၈း၄)။

**ဆင်ခြင်ရန်** - ဘုရားသခင်က ယောဘကိုဘာကြောင့်ဤမေးခွန်းများကို မေးပါသနည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ဘုန်းအာနုဘော်တော်၌ အကျွန်ုပ်သည်အချိန်ပို၍နေနိုင်ပါစေ။

တနင်္ဂနွေ ညနေပိုင်း၊ ဇွန် (၁၉)

**ယောဘ ၃၉**

ဆာလံ ၈း၁-၉

*"ဖန်ဆင်းရှင် အနန္တတန်ခိုးလိုအပ်၏။ တစ်ကမ္ဘာလုံးက ပုံသန်းလို့မရနိုင်ပါ" (T Watson)*

# သဘာဝတရား၏အံ့သြဖွယ်ရာများ

အခန်းသုံးဆယ့်ကိုးခုလုံးတွင် တောရိုင်းတိရစ္ဆာန်များ၏စရိုက်လက္ခဏာများ၊ ဖော်ပြချက်များ ပါရှိသည်။ သူတို့မည်ကဲ့သို့ပြုမူမည်ကို မည်သူသင်ပေးသနည်း။ ဘုရားသခင်သည်ယောဘအား ထိုသို့သောအရာများ၌ သူ၏အသိတရားနှင့်ပတ်သက်၍ ပြောဆိုဖို့တောင်းဆိုခဲ့သည်။ ထိုသို့သော သတ္တဝါများအပေါ်တွင် တစုံတယောက်သောလူသည် ဂရုတစိုက်နှင့်နူးညံ့သိမ်မွေ့စွာ အုပ်ချုပ်နိုင်သလော။ ငှက်သိုက်များ၏ရှုပ်ထွေးမှုများသည် သိပ္ပံပညာရှင်များအတွက် အဆုံးမရှိသောအံ့အားသင့်စရာအရင်းအမြစ်တစ်ခုဖြစ်သည်။ တိရစ္ဆာန်များ၏လုပ်ဆောင်မှုတူညီမှုအတွက် အကြောင်းပြချက်အမျိုးမျိုးကိုရှာဖွေကြ၏။ သမ္မာကျမ်းစာက ဤသတ္တဝါများသည် ၎င်းတို့ပြုမူသည့်အတိုင်းလုပ်ဆောင်ရန် ဖန်ဆင်းထားသည့်ဘုရားသခင်နှင့်သက်ဆိုင်သည်ဟုဆိုသည်။ ယောဘသည် သူ၏ဖန်ဆင်းရှင်ကို ရင်ဆိုင်ရစဉ်တွင်ထည့်သွင်းစဉ်းစားဖို့ ဤအချက်များကိုသူ့ရှေ့တွင် ယူဆောင်လာခဲ့သည်။

ဘုရားသခင်စကားပြောသောအခါတွင် ယောဘသည်အသစ်သောအရာကို ကြားရန်မျှော်လင့်နေပေမည်။ ဘုရားသခင်က ယောဘပိုင်ဆိုင်ထားပြီးဖြစ်သော သူ့အကြောင်းအသိပညာကို ဖွင့်ဟသောအခါတွင် ယောဘစိတ်ပျက်နေမည်မှာ သေချာသည်(ယောဘ ၉း၄-၁၀၊ ၁၂း၇-၂၅)။

ထိုကိစ္စ၏အမှန်တရားမှာ ယောဘသည်သူရှိထားပြီးသောအရာကို လက်တွေ့ကျင့်သုံးရန် လိုအပ်သောကြောင့် အသိပညာအသစ်များစွာ မလိုအပ်သောကြောင့်ဖြစ်သည်။ ယောဘ၏ရှုံးနိမ့်မှုများမှာ ယနေ့ခေတ်ဘုရားသခင်၏လူများစွာအတွက် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ ဘုရားသခင်၏အကြောင်းကို ပိုမိုသိရှိရန် ကျွန်ုပ်တို့သည်သမ္မာကျမ်းစာတော်များကိုလေ့လာရမည်မှာ မှန်သော်လည်း လက်တွေ့မလုပ်ဆောင်ပါက ထိုလေ့လာမှုသည်အနည်းငယ်သာတန်ခိုးရှိသည်မှာလည်း မှန်ပါ၏။

ယောဘသည် ဘုရားသခင်၏တန်ခိုးအာနုဘော်ကိုအပြည့်အဝအသိအမှတ်ပြုခဲ့သည်။ လူသည်ဘုရားသခင်နှင့်ငြင်းခုန်မည်ဆိုပါက မေးခွန်းပေါင်းတစ်ထောင်တွင် တစ်ခုတည်းပင်မဖြေနိုင်ဟု ယောဘဆိုခဲ့သည်(ယောဘ ၉း၃-၄)။ ယောဘသည် ဘုရားသခင်၏ကြီးမြတ်မှုကိုသိသော်လည်း ဘုရားသခင်၏ဆက်ဆံမှုများကို မေးခွန်းထုတ်နေဆဲဖြစ်သည်။ သူနှင့်ဘုရားသခင်၏ဆက်ဆံရေး၌ သူ့ကိုယုံကြည်စိတ်ချမှုပေးဖို့ရန်အတွက် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ဆိုင်ရာ သူ့အသိပညာကို အသုံးပြုရန်ပျက်ကွက်ခဲ့သည်။ ယောဘသည် ဘုရားသခင်နှင့်ပတ်သက်သောသူ့အသိပညာကို သူ့အသက်တာတွင် စတင်ကျင့်သုံးသည့်အချိန်အထိ ဝိညာဉ်ရေးတွင်မကြီးထွားနိုင်ပေ။ ကျွန်ုပ်တို့သည်လည်း သင်ယူထားသောအရာကို လက်တွေ့အသုံးပြုရပါမည် (သို့) ကျွန်ုပ်တို့သည် နောက်ထပ်သင်ယူရလိမ့်မည်မဟုတ်ပါ။ ဝိညာဉ်ရေးကြီးထွားမှုသည် ကျွန်ုပ်တို့သိသောအရာကိုမျှဝေခြင်းနှင့် ကျွန်ုပ်တို့နားလည်သောအရာကို နာခံခြင်းအပေါ်မူတည်သည်။ ဤအရာတို့၌ ဘုရားသခင်အပေါ် သစ္စာစောင့်သိကြပါစို့(ဟေဗြဲ ၅း၁၁-၁၄)။

**ဆင်ခြင်ရန်** - ယောဘသိပြီးသားအရာများကို အဘယ့်ကြောင့် ဘုရားသခင်ထပ်ပြောသနည်း။

**ဆုတောင်းချက်-** အဖ၊ နှုတ်ကပတ်တော်ကိုနားထောင်သူမျှသာမဟုတ်ဘဲ ကျင့်ဆောင်သောသူဖြစ်ရန် ကူညီပေးတော်မူပါ။

တနင်္လာ၊ ဇွန် (၂၀)
**ယောဘ ၄၀**
ဆာလံ ၇၇း၂၃-၃၁

*“နှိမ့်ချမှုမရှိဘဲ စစ်မှန်သောသန့်ရှင်းမှုမရှိပါ”(T Fuller)*

# မနာခံမှု၏အန္တရာယ်

သူ၏အပြုအမူအတွက် ရှင်းလင်းချက်ပေးရန်ယောဘကို ယခုဘုရားသခင်တောင်းဆိုခဲ့သည်။ ယောဘ ၄၀း၁-၂ တွင် “ဆန့်ကျင်ဘက်” ဟူသောစကားလုံးသည် အပြစ်ရှာခြင်းကိုဆိုလိုပြီး “ဆုံးမသွန်သင်” ဟူသောစကားလုံးသည် ဆက်လက်၍ငြင်းခုံခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ယောဘအား သူ၏ဘုန်းတန်ခိုးအာဏာကိုတစေ့တဆောင်းသိမြင်ပြီးနောက် သူသည်မတရားသည်ဟု ဆက်လက်စွပ်စွဲမည်လောဟု ဘုရားသခင်မေးတော်မူ၏။ ယောဘသည် သူ၏ယုံကြည်ကိုးစားမှုနှင့် နှိမ့်ချမှုကင်းမဲ့ခြင်းအတွက် ဖြေရှင်းချက်ပေးရန်ဘုရားသခင်တောင်းဆိုခဲ့သည်(ယောဘ ၄၀း၁-၂)။ ယောဘသည် ဆိုးရွားသောနှိမ့်ချမှုနှင့်ရှက်ရွံ့မှုဖြင့် ငြိမ်သက်စွာရပ်နေစေ၏။ ယခု ဘုရားသခင်က သူ့ကိုအပြစ်ဝန်ခံရန်အလိုတော်ရှိ၏(ယောဘ ၄၀း၃-၅၊ ဆာလံ ၃၂း၈)။

ယောဘသည် ဘုရားသခင်ရှေ့တော်တွင် နှိမ့်ချစွာနှုတ်ဆိတ်နေသောအခါတွင် ဘုရားသခင်သည် ယောဘနှင့်ထပ်မံစကားပြောဆိုခဲ့သည်။ ဘုရားသခင်က “သင်သည် ကိုယ်တိုင်ဖြောင့်မတ်ဟန်ရှိစေခြင်းငှါ ငါ့ကိုအပြစ်ရှိသည်ဟုစီရင်မည်လော” (ယောဘ ၄၀း၈)ဟု အမိန့်ပေး၏။ “ထူးဆန်းသောဘုန်းတန်ခိုးအာနုဘော်ကို ဝတ်ဆောင်လော့။ တင့်တယ်သောဂုဏ်အသရေနှင့်တန်ဆာဆင်လော့” (ယောဘ ၁၀း၄၀)။ သို့သော် ယောဘသည်စာတန်ကဲ့သို့ ဘုရားသခင်နေရာကို ရယူလိုသောဆန္ဒမရှိပေ။ ယောဘသည် ဘုရားသခင်ကိုတစ်ခုတည်းသောအချက်ဖြင့် မေးခွန်းထုတ်ခဲ့သော်လည်း ထိုသို့သောအပြစ်၏ကြီးလေးမှုနှင့် ဘုရားသခင်၏မေးခွန်းထုတ်ဖူးခြင်း၏မိုက်မဲမှုကို သိရှိလာစေရန် ယောဘကိုဖြည်းဖြည်းချင်းခေါ်ဆောင်လာခဲ့သည်။ ကျွန်ုပ်တို့လဲကျသောအခါတွင် ကျွန်ုပ်တို့သည် နားထောင်၍နာခံမည်ဆိုပါက ဘုရားသခင်သည် ကျွန်ုပ်တို့၏ခြေလှမ်းများကို လမ်းညွှန်ရန်ဆန္ဒရှိကြောင်း သတိရရန်လိုအပ်သည် (ဆာ ၃၇း၂၃-၂၄၊ ၁၁၉း၁၃၃)။

သဘာဝတရား၏စွမ်းအားများဖြင့် ပြသထားသည့်အတိုင်း သူ၏ကြီးမြတ်ခြင်းအကြောင်းကို မိန့်တော်မူပြီးနောက် ဘုရားသခင်သည်သူ၏ဘုန်းအာနုဘော်ကို နောက်ဆုံးတင်ပြခြင်းစတင်ခဲ့သည်။ ယောဘခေတ်တွင် အကြီးမားဆုံး၊ ကြောက်စရာအကောင်းဆုံး သားရဲများထဲမှတစ်ကောင်ဖြစ်သည် “ဗေဟမုတ်” (ယောဘ ၄၀း၁၅) ကိုမိန့်ဆိုခဲ့သည်။

ဘုရားသခင်သည် သူ၏ကြီးမားလှသောဖန်ဆင်းခြင်း၏ အလွန်သေးငယ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည့် ဤအံ့ဩဖွယ်သတ္တဝါကို ရှင်းလင်းစွာဖော်ပြရန် အချိန်ယူခဲ့သည်။ ဘုရားသခင်၏တန်ခိုးတော်၏အံ့ဩဖွယ်ရာများကိုကြည့်ပြီး ဘုရားသခင်သည်လူကိုပင်အောက်မေ့တော်မူသည်မှာ သူ့ကိုအံ့ဩစေကြောင်း ဆာလံစရာပြောဆိုသည့်အရာက ကျွန်ုပ်တို့ကိုအမှတ်ရစေ၏(ဆာလံ ၈း၄)။ သို့သော် ဘုရားသခင်သည်လူသားကို အာရုံစိုက်ခဲ့ပြီး သူ့ချစ်ခြင်းမေတ္တာဖြင့်သူ၏သားသမီးများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသောကြောင့် ကျွန်ုပ်တို့သည် ဘဝတွင်ပျော်ရွှင်မှု၊ ပြည့်စုံမှုနှင့် ရည်ရွယ်ချက်ရှိနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မကြာမီကိုယ်တော်ပြန်ကြွလာမှုကိုစောင့်မျှော်လျက်နေစဉ် လိုအပ်သောခွန်အားအတွက် ကိုယ်တော်ထံကျွန်ုပ်တို့အမြဲမပြတ်ကြည့်ရှုနိုင်ကြပါစေ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဘုန်းအာနုဘော်ကိုမြင်ပြီးနောက် ယောဘ၏အခြေအနေသည် အဘယ်သို့နည်း။

**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်သည် ကိုယ်တော်၏ရှေ့တော်၌အမြဲတမ်းနှိမ့်ချစွာ ရပ်တည်နိုင်ပါစေ။

အင်္ဂါ၊ ဇွန် (၂၁)
**ယောဘ ၄၁**
ဆာလံ ၁၄၅း၁-၉

*“သန့်ရှင်းသောဘုရားသခင်သည်သူ၏လူတို့ကို သန့်ရှင်းစွာအသက်ရှင်ရန်ခေါ်တော်မူ၏”*

# ဘုရားသခင်၏လေဝိသန်

ဘုရားသခင်သည် ဖန်ဆင်းခြင်းတွင်ပြသခဲ့သောသူ၏တန်ခိုးတော်နှင့်ပတ်သက်၍ ယောဘအား ဆက်လက်မိန့်ဆိုခဲ့သည်။ ဘုရားသခင်က ယခုတွင်ဗေဟမုတ်ထက်ပင် ပို၍ကြောက်စရာကောင်းသောတိရစ္ဆာန် “လေဝိသန်” (ယောဘ ၄၁း၁) အကြောင်းကို မိန့်ဆို၏။ “လေဝိသန်” ဟူသောစကားလုံးသည် “အမြီးရှည်လိမ်ပိန်ထားသောဧရာမသတ္တဝါ” ဟုဆိုလို၏။ တခါတရံတွင် ၎င်းက ဒဏ္ဍာရီလာတိရစ္ဆာန်များကို ရည်ညွှန်းလေ့ရှိသည်။ အခြားအချိန်များတွင် ဆက်စပ်အကြောင်းအရာက ဝေလငါး (သို့) မိကျောင်းဟုဘာသာပြန်ဖို့ တောင်းဆို၏။ ဤနေရာတွင် ဖော်ပြချက်မှ ဧရာမပင်လယ်သွားမိကျောင်းကို ညွှန်းဆိုနိုင်သည်။ ၎င်းကို အဲဂုတ္တုပြည်တွင်လူသိများပြီး ဖာရောဘုရင်၏တန်ခိုးတော်၏လက္ခဏာတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ ဤတိရစ္ဆာန်သည်ဖမ်းဖို့ရန်အန္တရာယ်များပြီး အရွယ်ရောက်ပြီးပါက ယဉ်ပါးစေရန်မဖြစ်နိုင်ပေ။ လူတို့သည် ၎င်းတို့ကိုပင် မထိဝံ့ဘဲ နေကြစဉ်ဘုရားသခင်သည် ဤသတ္တဝါကြီးမျိုးကို ဖန်ဆင်း၍ဂရုစိုက်၏။

ဘုရားသခင်သည် သူ၏ဘုန်းအာနုဘော်နှင့်တန်ခိုးကို ယောဘအားအသစ်တဖန် နားလည်သဘောပေါက်စေရန် တင်ပြသောအခါ ယောဘသည်တိတ်ဆိတ်နေခဲ့သည်။ ဘုရားသခင်သည် ယောဘ၏ပြဿနာများအကြောင်းကို သူ့အားမပြောဆိုခဲ့ပေ။ အမှန်မှာ ယောဘသည်မိမိ၏အပြစ်အတွက် နောင်တရသည်အထိ သူ့အကြောင်းကိုဘုရားသခင်ပြောဆိုမည်မဟုတ်ပေ။ ဆာလံဆရာက “ငါသည် စိတ်နှလုံးထဲ၌ဒုစရိုက်ကို ငဲ့ကွက်လျှင်ထာဝရဘုရားသည် နားထောင်တော်မမူ” ဟူ၍ ပြောဆိုခဲ့သည် (ဆာလံ ၆၆း၁၈)။ ယောဘက သက်သေပြန်ရန်တောင်းခဲ့သည်မှာ အပြစ်မဟုတ်ပါ။ အမှန်မှာ ၎င်းသည်ကယ်တင်ရှင်ဘုရားသခင်ကို ယောဘယုံကြည်ခြင်း၏သက်သေအထောက်အထားဖြစ်သည်။ ယောဘ၏ပြဿနာမှာ ဆင်းရဲဒုက္ခကိုအပြစ်၏ရလဒ်အဖြစ်သာ မြင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် သက်သေပြရန်တောင်းဆိုရာတွင် သူ၏ဆင်းရဲဒုက္ခသည်တရားမျှတမှုမရှိကြောင်း အမှန်တကယ်သက်သေပြရန် ကြိုးစားနေ၏။ ယောဘသည်သူ့တွင်အပြစ်မရှိကြောင်း မှန်ကန်စွာပြောနိုင်သော်လည်း ဘုရားသခင်ကသူ့ကိုအပြစ်ပေးဆဲဖြစ်ကြောင်း ပြောဆိုသောအခါ ၎င်းမှာ ဘုရားသခင်၏တရားမျှတမှုကို မေးခွန်းထုတ်ခြင်းဖြစ်သောကြောင့် အပြစ်ဖြစ်သည်။

ဘုရားသခင်သည် ယခုတွင်ယောဘအားသူ၏ကြီးမြတ်ခြင်းကို ပြသခြင်းဖြင့် နောင်တရပြီး ပြန်လည်ထူထောင်ရာနေရာသို့ ပို့ဆောင်ပေးခဲ့သည်။ ယောဘသည် ဘုရားသခင်၏တန်ခိုးတော်နှင့်တရားမျှတမှုကို သူ၏ပုဂ္ဂိုလ်ရေးဘဝ၌ အသုံးပြုရာတွင်အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ မှန်ကန်သောကျမ်းစာအယူဝါဒသည် မှန်ကန်သောလုပ်ဆောင်မှုကိုဖြစ်စေတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုအမှန်ကတယ်ယုံကြည်ပြီး သူ၏ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရပါက ၎င်းသည် ကျွန်ုပ်တို့နေထိုင်ပုံ၊ တွေးခေါ်မှုနှင့်ပြုမူပုံတို့တွင် ထင်ဟပ်စေမည်ဖြစ်သည်။ ထိုသို့မဖြစ်သောအခါ ဘုရားသခင်ရှေ့တော်၌ကိုင်တွယ်ဖြေရှင်းရမည့်အပြစ်၏ပြဿနာရှိနေ၏။

**ဆင်ခြင်ရန်** - မှန်ကန်သောအယူဝါဒက ဘာကိုထုတ်လုပ်သနည်း။
**ဆုတောင်းချက်-** အဖ၊ကိုယ်တော်သည် သန့်ရှင်းတော်မူသောကြောင့် အကျွန်ုပ်၏အသက်တာ သန့်ရှင်းစေပါ။

*"လူတို့ကို ကောင်းကင်တမန်ကဲ့သို့ဖြစ်စေသည့် အရာမှာ နှိမ့်ချခြင်းဖြစ်သည်"(Augustine)*

# ဘုရားသခင်ကို့ယောဘကိုးကွယ်ခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသူ့ဘုန်းအသရေဖြင့် မြင်တွေ့သောအခါ၊ ကျွန်ုပ်တို့မထိုက်တန်ကြောင်း မလွဲမသွေခံစားရသည်။ ယောဘသည် ဖန်ဆင်းခြင်းဆီသို့ အာရုံစိုက်စေခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်အကြောင်း သတိပြုစေခြင်းခံရသောအခါ ၎င်းအရာမှာအမှန်ဖြစ်သည်။ အထူးအမှုတော်အတွက် သူပြင်ဆင်ခြင်းခံရချိန်တွင် ပရောဖက်ဟေရှာယသည် ထာဝရအရှင်ဘုရားသခင်ကိုမြင်တွေ့ခဲ့သည် (ဟေရှာ ၆:၉)။ ဗျာဒိတ်ကျမ်းကိုမှတ်တမ်းတင်ရန် ပြင်ဆင်ခြင်းခံချိန်တွင် ယောဟန်သည် ကိုယ်တော်ကိုမြင်တွေ့ခဲ့၏(ဗျာ ၁:၁၇)။ သူ၏ဖြောင့်မတ်ခြင်းကိုနားလည်ပြီး သူ၏နာခံမှုရှိသောသားသမီးများသည် မိမိတို့၏အပြစ်ကိုမြင်သောအခါတွင် ဘုရားသခင်သည်ခွင့်လွှတ်ဖို့ အမြဲဆန္ဒရှိ၏။ ထို့ကြောင့် ပရောဖက်ဟေရှာယနှင့်ယောဟန်တို့သည် သန့်ရှင်းစေခြင်းခံရပြီး အထူးအမှုတော်၌ နေရာချထားခံရသည် (ဟေရှာ ၆:၆-၇၊ ဗျာ ၁:၁၉)။ ယောဘသည် နောင်တရဖို့ရန် ဆန္ဒရှိပြီး ဘုရားသခင်၏ဂရုဏာတော်ကိုတောင်းဆိုသောကြောင့် ဘုရားသခင်သည်သူ့ကိုသန့်ရှင်းစေခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတို့အနေဖြင့်လဲကျသောအခါ ကျွန်ုပ်တို့နောင်တရ၍ သူ့ကိုခေါ်လျှင်ကျွန်ုပ်တို့ခေါ်သံကို ကိုယ်တော်ကြားတော်မူမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်၍ မိဿဟာယဖွဲ့ဖို့ရန် နောက်တဖန်ပြန်တည်ဆောက်ပေးမည်(၁ ယော ၁:၉)။

လူသားအတွက် မည်မျှပင်ခက်ခဲပုံပေါက်စေကာမူ ဘုရားသခင်သည်မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်ကြောင်း၊ ယခုယောဘအသိအမှတ်ပြုခဲ့သည်။ ဘုရားသခင်၏အသိပညာသည် အကန့်အသတ်မရှိသောကြောင့် လူတိုင်း၏အတွေးအခေါ်ကို သူသိရှိတော်မူ၏။ ဖန်ဆင်းခြင်းတွင် ဘုရားသခင်ထုတ်ပြခဲ့သောတန်ခိုးတော်ထက် သူမသိခဲ့သောအရာများကို သူမေးမြန်း၍ရှင်းပြခဲ့ကြောင်းကို သူရှင်းပြခဲ့သည်(ယောဘ ၄၂:၂-၃)။

မေးခွန်းများမေးပြီး ညွှန်ကြားခံရဖို့အတွက် ယခုတွင်ဘုရားသခင်အားသူ့စကားကို ကြားနာဖို့တောင်းဆိုခဲ့သည်။ ဤနေရာတွင် "တောင်းဆိုသည်" (ယောဘ ၄၂:၄) ဟူသောစကားလုံးမှာ "မေတ္တာရပ်ခံသည်" ဟုဆိုလိုခြင်းဖြစ်သည်။ ယောဘသည် ဘုရားသခင်နှင့်ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးအသစ်သို့ ဝင်ရောက်လာခဲ့သည်။ သူသည်ကိုယ်တော်အကြောင်းကို အရင်ကကြားဖူးသော်လည်း ယခုမြင်ခဲ့သည်။ စစ်မှန်သောနောင်တသည် အလွန်ဝမ်းနည်းခြင်းနှင့်သဘောထားပြောင်းလဲခြင်းတို့ဖြင့် လိုက်ပါလာပြီး၊ ဘုရားသခင်နှင့်သူတွေ့ဆုံချိန်မှစ၍ ယောဘ၏အသက်တာ၌ ဤအရာကို ကျွန်ုပ်တို့ရှင်းရှင်းလင်းလင်းမြင်ရသည်(ယောဘ ၄၂:၄-၆၊ ၂ ကော ၇:၉)။

ဘုရားသခင့်လူတို့အနေဖြင့် ကျွန်ုပ်တို့သည်အပြစ်အတွက် သာ၍ကြီးစွာသောဝမ်းနည်းမှုကို ခံစားရမည်ဖြစ်သည်။ အပြစ်အကြောင်းကိုအမှန်အလေးထားခြင်းက ကျွန်ုပ်တို့အား သခင်ဘုရားအပေါ် ပိုမိုရှင်းလင်းသောအမြင်ရှိစေ၏။ ၎င်းကဝိညာဉ်ရေးခွန်အားနှင့် ဘုရားသခင်ကိုပိုမိုယုံကြည်ခြင်းတို့ကိုဖြစ်ပေါ်စေ၏။ ထို့နောက်၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကိုပိုမိုကောင်းမွန်စွာအစေခံနိုင်မည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ယောဘ၏အလိုအပ်ဆုံးကအဘယ်နည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် ကိုယ်တော်ကိုပို၍ယုံကြည်နိုင်စေရန်အတွက် ကျွန်ုပ်၏ယုံကြည်ခြင်းကို တိုးပွားစေပါ။

ကြာသပတေး၊ ဇွန် (၂၃)
**ယောဘ ၄၂း၇-၉**
ဆာလံ ၁၁၉း၁၆၉-၁၇၆

*"ဘုရားသခင်က သူ၏ဒေါသကိုအလေးချိန်အားဖြင့်ပေးသော်လည်း သူ၏ဂရုဏာတော်မှာ အတိုင်းအတာမရှိပါ"(Anon)*

# ပြစ်ဒဏ်စီရင်ခံရမည့်နေ့

ယောဘသည် သူ၏ကျရှုံးမှုများနှင့်ပတ်သက်၍ ဘုရားသခင်ကိုင်တွယ်ဖြေရှင်းသောအခါတွင် သူ့သူငယ်ချင်းများက သူ့အနားမှာရှိနေကြောင်း ထင်ရှားလှ၏။ ယခု ဘုရားသခင်သည် ဧလိဖက်နှင့်သူ၏အခြားသူငယ်ချင်းနှစ်ဦးထံ လှည့်လာပြီး သူတို့ပြုခဲ့သောအမှုကို အမျက်ထွက်ကြောင်းဖော်ပြခဲ့သည်။ သူတို့သည် ဘုရားသခင်၏တရားမျှတမှုကို ခုခံကာကွယ်ရန်ကြိုးစားသော်လည်း မှားယွင်းသောထွက်ဆိုချက်များဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ထိုယောဘခံရသောဆင်းရဲဒုက္ခသည် အပြစ်၏ရလဒ်မဟုတ်ကြောင်း သူတို့နားမလည်ကြသောကြောင့် ဘုရားသခင်နှင့်ယောဘ၏ဆက်ဆံရေးနှင့်ပတ်သက်၍အမှန်တရားကိုသူတို့မပြောဆိုခဲ့ပေ (ယောဘ ၄၂း၇)။

အမှန်တရား၏ ဆရာတစ်ယောက်လို ဟန်ဆောင်သော်လည်း ထိုအမှန်တရားကို မသိခြင်းမှာ အလွန်အရေးကြီးသောကိစ္စဖြစ်သည်။ မျက်စိကန်းသောဆရာသည် သူတစ်ပါးကိုရေမြောင်းထဲသို့ လမ်းပြပို့ဆောင်ကြောင်း သခင်ယေရှုသတိပေးတော်မူ၏ (လုကာ ၆း၃၉)။ သမ္မာတရားကိုမသိဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလွဲသုံးစားပြုသောကြောင့် ဣသရေလဆရာများကို သခင်ယေရှုပြစ်တင်ရှုတ်ချခဲ့သည် (မဿဲ ၂၃း၁၆)။

ဆရာဖြစ်လိုစိတ် အမြန်မဖြစ်ရန် အသင်းတော်အတွင်းရှိသူများကိုလည်း သတိပေးချက်လည်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်မှုများသည် အခြားသူတို့ထက် တင်းကြပ်သောစံနှုန်းများအောက်တွင် ကျရောက်ကြသည်(ယာကုပ် ၃း၁)။ ဘုရားသခင်အကြောင်းကို ကျွန်ုပ်တို့ပြောကြားသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်းပြသောကျမ်းစာမှ သမ္မာတရားကိုအချိန်တိုင်းပြောဆိုကြောင်း သေချာစေဖို့သတိထားကြပါစို့။ ထို့အပြင်၊ ဆရာများအားလုံးအရည်အချင်းပြည့်မီစွာ ဆက်လက်သင်ကြားနိုင်ရန် ဘုရားသခင့်နှုတ်ကပတ်တော်ကိုအစဉ်မပြတ်လေ့လာပြီး နာခံမှုရှိရန်လိုအပ်ကြောင်းကို သတိရကြပါစေ။

ယောဘ၏သူငယ်ချင်းများသည် မှန်ကန်သောစကားမပြောခဲ့ကြသော်လည်း ဘုရားသခင်သည် ယုံကြည်ခြင်းဖြင့် သူ့ထံလာသူတိုင်းအတွက်ဖြစ်သကဲ့သို့ သူသည်ထိုသူတို့ကိုသနားကြင်နာကာ ခွင့်လွှတ်ရန်ဆန္ဒရှိတော်မူသည်။ ယောဘသည် လုံးဝသက်ာရှင်း၏။ ယုံကြည်ခြင်းနှင့်နာခံခြင်းအားဖြင့် သူသည်ဘုရားသခင်နှင့်သင့်လျော်သောဆက်ဆံရေးရှိခဲ့သည်။ သူ၏သူငယ်ချင်းများသည် သမ္မာတရားကိုငြင်းဆိုသောအခါ၊ အပြစ်အတွက်ယဇ်ပူဇော်ခြင်းဖြင့် ဘုရားသခင်ထံချဉ်းကပ်ရပေမည်။ ယောဘ၏သူငယ်ချင်းများသည် ထိုသူတို့၏ယဇ်ကောင်များကို ယူဆောင်လာနိုင်ပြီး သူတို့၏အပြစ်များ ကြီးမားနေသော်လည်း ဘုရားသခင်ရှေ့တော်၌ခွင့်လွှတ်ခြင်းခံရမည်ကို စိတ်ချနိုင်ခဲ့ကြရခြင်းမှာ အလွန်အံ့သြစရာကောင်းလှသည်တကား(ယောဘ ၄၂း၈-၉)။

ကျွန်တော်တို့လည်း လိုအပ်ချိန်များတွင် ဘုရားသခင်၏သနားကြင်နာသောခွင့်လွှတ်ခြင်း၌ အနားယူနိုင်ကြပါစေ။

**ဆင်ခြင်ရန်** - ယောဘ၏သူငယ်ချင်းများကို ဘုရားသခင်အဘယ့်ကြောင့် အမျက်ထွက်သနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို လုံ့လဝီရိယရှိရှိသင်ကြားပြီး ၎င်းကိုနာခံနိုင်ပါစေ။

သောကြာ၊ ဇွန် (၂၄)
**ယောဘ ၄၂း၁၀-၁၇**
ဆာလံ ၁၃၆း၁-၉

*“တိုက်ပွဲဆင်နွဲခြင်းမရှိဘဲ သန့်ရှင်းခြင်းမရှိပါ”(JC Ryle)*

# သူ၏အစေခံကိုဘုရားသခင်ကောင်းကြီးပေး၏

ထိုအချိန်တွင် ယောဘသည်၎င်းကိုနားမလည်ခဲ့သော်လည်း ဘုရားသခင်နှင့်စာတန်ကြားရှိ ကမ္ဘာတစ်ဝန်းနှင့်ဆိုင်သောတိုက်ပွဲထဲသို့ ဆွဲသွင်းခံခဲ့ရသည်။ ဤအရာဖြစ်ပေါ်ရခြင်းမှာ သူ၏ဘုရားသခင်ထံတော်သို့ဆက်ကပ်အပ်နှံထားမှုကြောင့်ဖြစ်သည်။ သူသည် စာတန်ကြောင့်ဖြစ်ပေါ်ခဲ့သော ဆင်းရဲဒုက္ခများနှင့်စမ်းသပ်မှုများ၏ သံ့ပန်းဖြစ်ခဲ့သော်လည်း ဘုရားသခင်သည်ယောဘအားသစ္စာရှိကြောင်း သက်သေပြခဲ့ပြီး ယခုအခါတွင် သူ၏ဒုက္ခများမှလွတ်မြောက်စေခဲ့သည်။ ဘုရားသခင်၏လူများကို နှိပ်စက်ညှင်းပန်းရန် စာတန်၏လုပ်ဆောင်ချက်မှာအကန့်အသတ်ရှိသည်။ ယောဘသည် မိမိ၏ဒုက္ခဆင်းရဲများမှလွတ်မြောက်စေဖို့ သူ့သူငယ်ချင်းများအတွက် ဆုတောင်းနေချိန်ဖြစ်သည်။ သူသည် ဘုရားသခင်နှင့်အပြည့်အဝ မိဿဟာယဖွဲ့နေစဉ်တွင် သူ၏ဆင်းရဲဒုက္ခစတင်ခဲ့သည်။ ယခုတွင် ယောဘသည်ယခင်ကထက် ဘုရားသခင်ကိုနားလည်သဘောပေါက်ခြင်းနှင့်အတူ ထိုဆင်းရဲဒုက္ခပြီးဆုံးသွားသည် (ယောဘ ၄၂း၁၀)။

ဘုရားသခင်၏ကောင်းကြီးမင်္ဂလာက ယောဘကိုစွန့်ခွာသွားပုံပေါ်သောအခါ၊ သူ့သူငယ်ချင်းများနှင့်ဆွေမျိုးများလည်း သူ့ကိုစွန့်ခွာသွားကြ၏။ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာပြန်လာသောအခါ သူ၏သူငယ်ချင်းများလည်း ပြန်လာကြသည်။ စည်းစိမ်ဥစ္စာသည် မိတ်ဆွေများစွာကိုဖြစ်စေသော်လည်း၊ ဆင်းရဲခြင်းက သူငယ်ချင်းများစွာကိုခွဲခွာသွားစေသည်ဟု သမ္မာကျမ်းစာကဆိုထား၏။ ယောဘသည် သူ၏သူငယ်ချင်းများနှင့်ဆွေမျိုးများ ပြန်လည်ရရှိခြင်းကို ဝမ်းသာပျော်ရွှင်သော်လည်း ယခုတွင် ဘုရားသခင်သည် အမှန်တကယ်မှီခိုအားထားနိုင်သည့် တပါးတည်းသောပုဂ္ဂိုလ်ဖြစ်ကြောင်းကို သူသိခဲ့သည်(ယောဘ ၄၂း၁၁၊ သုတ္တံ ၁၉း၄)။

ဘဝနယ်ပယ်တိုင်းတွင် ယောဘသည်ယခင်ကထက်များစွာ ကောင်းကြီးမင်္ဂလာများစွာခံစားရ၏။ ဤကောင်းကြီးမင်္ဂလာမှာ ယောဘသည်သူ့အမှုတော်ကို ထမ်းဆောင်ခဲ့ပြီး ကြီးစွာသောအောင်ပွဲရရှိခဲ့ကြောင်း ဘုရားသခင်၏သက်သေခံချက်ဖြစ်သည်။ ၎င်းမှာ ယောဘသည်သူ၏ကယ်တင်ရှင်၌ သူ၏ယုံကြည်စိတ်ချမှုကို ကမ္ဘာအားသက်သေထူခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ကျွန်ယောဘကို သူ့အားအစေခံဖို့ပြည့်ဝသောအသက်တာဖြင့် ဆုချခဲ့သည်။ သူသည်ဤကမ္ဘာမြေပေါ်တွင် ကောင်းကြီးခံစားရုံသာမက လူ့စိတ်ကနားမလည်နိုင်သော ကောင်းကင်ဘုံ၌လည်း ဆုလာဘ်များကို ရရှိလိမ့်မည် (ယောဘ ၄၂း၁၂-၁၆)။

ဘုရားသခင်အပေါ် သူ၏ယုံကြည်ခြင်းသည် လိုအပ်မှုတိုင်းအတွက် လုံလောက်သည်ဟု ယောဘသည်ယုံကြည်စိတ်ချကြောင်း ပြသခဲ့ပြီ။ ဤသစ္စာရှိမှုသည် ကမ္ဘာတစ်ဝန်းနှင့်ဆိုင်သောတိုက်ပွဲတွင် အောင်ပွဲယူဆောင်လာခဲ့ပြီး ဘုရားသခင်သည်စစ်မှန်ကြောင်းနှင့် စာတန်သည် ရှုံးနိမ့်သောရန်သူဖြစ်ကြောင်း သက်သေထူခဲ့သည်။ ဘုရားသခင်အပေါ် ယောဘ၏ယုံကြည်ကိုးစားခြင်းက ယောဘမမြင်နိုင်(သို့)နားမလည်နိုင်လောက်အောင် အောင်ပွဲရစေခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် ယောဘကဲ့သို့ ယုံကြည်စိတ်ချမှုကိုပြသနိုင်ပါစေ။ ဤနည်းအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကောင်းကြီးပေး၍ သူ၏သစ္စာရှိသောအစေခံများအဖြစ် ကျွန်ုပ်တို့ကိုမှတ်ယူမည်။

**ဆင်ခြင်ရန်** - ယောဘသည်အဘယ့်ကြောင့် ဘုရားသခင်နှင့်အထူးကောင်းမွန်သော ဆက်ဆံရေးရှိသနည်း။

**ဆုတောင်းချက်-** အဖ၊ ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်အားအောင်ပွဲများပေးသနားတော်မူသောကြောင့် ချီးမွမ်းခြင်းနှင့် ကျေးဇူးချီးမွမ်းခြင်းအားလုံး ကိုယ်တော်၌ရှိစေသတည်း။

စနေ၊ ဇွန် (၂၅)
**ယောဘ ၁၅း၂၀-၂၅**
ဆာလံ ၁၀၈း၁-၆

*"လောကီသားတို့သည် ရွှေကိုမိမိတို့၏ဘုရားသခင်ဖြစ်စေ၍၊ သန့်ရှင်းသူတို့သည် ဘုရားသခင်ကို မိမိတို့၏ရွှေဖြစ်စေကြ၏"(M Henry)*

# မတရားသောသူတို့၏ကြီးပွားချမ်းသာခြင်း

ယောဘ၏သူငယ်ချင်းများက ဖြောင့်မတ်သောသူတို့သည် အမြဲတမ်းကြီးပွားချမ်းသာနေကြစဉ်တွင် မတရားသောသူတို့မှာ မည်သည့်အခါမှမကြီးပွားကြကြောင်း ပြောဆိုကြ၏။ သို့သော် ဤအတွေးအခေါ်မှာ ဘဝ၏ထင်ရှားသောအမှန်တရားမှ မွေးဖွားလာခြင်းမဟုတ်ကြောင်း ယောဘပြောဆိုခဲ့သည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် လက်တွေ့ကျ၏။ ကျွန်ုပ်တို့ဆင်းရဲလျှင် ချမ်းသာသလိုဟန်ဆောင်ခြင်းမပြုကြပါ။ ခရစ်ယာန်များစွာသည် ဆင်းရဲနွမ်းပါးကြ၏။ ကျွန်ုပ်တို့ဖျားနာလျှင် နေကောင်းသလိုဟန်မဆောင်ကြပါ။ သမ္မာကျမ်းစာထဲ၌ပါရှိသော ခရစ်ယာန်တို့သည်မကြာခဏ ရောဂါဝေဒနာများ ခံစားရကြသည်။ ဘုရားသခင်သည် ခရစ်ယာန်တစ်ဦးဦးကို စည်းစိမ်ဥစ္စာဖြင့် ကောင်းကြီးပေးလျှင် သူတို့သည်မိမိတို့၏ကြီးပွားချမ်းသာခြင်းကြောင့် ရှက်ကိုးရှက်ကန်း (သို့) ဆင်းရဲသောသူကဲ့သို့ ဟန်မဆောင်ကြပေ။ ဘုရားသခင်၏ဤကောင်းကြီးမင်္ဂလာကို သူ၏ဘုန်းအသရေအတွက် အသုံးပြုကြသည်။

ထို့နည်းတူ ဘုရားသခင်သည်အပြစ်သားများကို အမြဲတမ်းဆင်းရဲစေသည်ဟု ကျွန်ုပ်တို့မဟန်ဆောင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ယောဘ၏သူငယ်ချင်းများငြင်းခုံကြသော်လည်း၊ အချို့သောလူဆိုးများသည် အလွန်ချမ်းသာကြ၏။ ဤအချက်သည် ခေတ်ကာလတစ်လျှောက်လုံး ဘုရားသခင့်လူမျိုးတို့ကို အနှောက်အယှက်ဖြစ်စေ၏(ယေ ၁၂း၁၊ ဆာလံ ၇၃း၂-၃)။

ဤလောက၌ ကြီးပွားချမ်းသာသောလူဆိုးများကို အခြေအနေသုံးမျိုးဖြင့် ကျွန်ုပ်တို့မြင်တွေ့ရ၏။ ပထမအချက်မှာ ချမ်းသာပြီးဘဝကိုအမှန်ပျော်နေပုံပေါ်သည့်သူရှိ၏။ ၎င်းတို့သည် ဤမြေကြီးပေါ်တွင် ဆင်းရဲဒုက္ခမခံရသော်လည်း၊ သူတို့၏ဝိညာဉ်ကို ဘုရားသခင်တောင်းဆိုသောအချိန်သည် ထိုသူတို့အတွက် ပြစ်ဒဏ်စီရင်ရမည့်အချိန်ဖြစ်၏။ ထိုအချိန်တွင် သူတို့သည် သူ၏ကယ်တင်ခြင်းကို ငြင်းပယ်ခြင်းကြောင့်သူတို့ပေးဆောင်ရမည်(လုကာ ၁၂း၁၆-၂၀)။ ဒုတိယအချက်မှာ စည်းစိမ်ချမ်းသာသောလူဆိုးတို့ရှိကြသော်လည်း၊ သူတို့၏ချမ်းသာခြင်း၌ပင် စိတ်ဝိညာဉ်၌ဝေဒနာကိုခံစားကြ၏။ ဤလောကပေးသောစည်းစိမ်ဥစ္စာကြွယ်ဝခြင်းနှင့် ဩဇာအာဏာကိုမိမိတို့အတွက် စုဆောင်းထားကြသည်။ သူတို့စိတ်ကျေနပ်မှုမရကြကြောင်း တွေ့ရှိလာကြသည်။ ဤအချက်ကို သက်သေပြနိုင်သူမှာ ဩဇာကြီးမား၍ ချမ်းသာပြီးကျော်ကြားသော လူများစွာတွင် တစ်ကမ္ဘာလုံးနီးပါးပိုင်ဆိုင်သောအချိန်မှာ ကိုယ့်ကိုကိုယ်သက်သေရန်တွန်းအားပေးခံရသည်ကို မြင်တွေ့ရသည်။

ထို့နောက် မိမိတို့မတရား မမှန်ကန်ရထားသောအချက်ကို ဆုံးရှုံးသောလူဆိုးတို့လည်း ရှိကြသည်။ သူတို့၏အပြစ်နှင့်အဖမ်းခံရပြီး သူတို့၏စည်းစိမ်ဥစ္စာများဆုံးရှုံးပြီး ထောင်ထဲ၌သာ မကြာခဏအချိန်သုံးနေရ၍ ခန္ဓာနှင့်စိတ်၌ ကျိုးပဲ့ခြင်းသာဖြစ်ပေါ်နေကြသည်ကို မြင်တွေ့ရသည်။

**ဆင်ခြင်ရန်** - ကြီးပွားချမ်းသာသောလူဆိုးများကို အဘယ်အခြေအနေမျိုးတွင် ကျွန်ုပ်တို့တွေ့နိုင်မည်နည်း။

**ဆုတောင်းချက်-** အဖ၊ ထာဝရတန်ဖိုးမရှိသောအရာများအတွက် ကျွန်ုပ်သည်ကြိုးစားအားထုတ်ခြင်းမပြုရပါစေနှင့်။

တနင်္ဂနွေ၊ ဇွန် (၂၆)
**လုကာ ၁၂း၁၆-၂၁**
ဆာလံ ၇၃း၁-၁၂

*"အကျင့်စာရိတ္တဆိုင်ရာစမ်းသပ်မှုကြီးနှစ်ခုမှာ ချမ်းသာခြင်းနှင့်ဆင်းရဲခြင်းဖြစ်သည်"(Anon)*

## မဖော်ပြသောအမှန်တရားတစ်ခု

ဘုရားသခင်သည် အဘယ့်ကြောင့်လူဆိုးအချို့ကို မြေကြီးပေါ်၌တစ်သက်တာလုံး ကြီးပွားချမ်းသာခွင့်ပြုကာ အခြားသူများကိုဆင်းရဲဒုက္ခဖြစ်စေသည်မှာ သူ၏ထာဝရဉာဏ်ပညာဖြင့် ထုတ်ဖော်မပြသရန်သူရွေးချယ်ခဲ့သော အမှန်တရားတစ်ခုဖြစ်သည်။ သို့သော်လည်း၊ ဆိုးသွမ်းသောချမ်းသာသူတိုင်းကို သူတို့ပျော်ရွှင်နေပုံရသည်ဖြစ်စေ (သို့) ဒုက္ခခံစားရသည်ဖြစ်စေ၊ ခရစ်ယာန်တို့အနေဖြင့် သူတို့ကိုသနားရပါမည်။

ဆာလံဆရာက ဆင်းရဲဒုက္ခခံရစဉ်၊ ချမ်းသာကြွယ်ဝသောလူဆိုးတို့ကို မနာလိုခြင်းကြောင့် အပြစ်သို့လဲလုနီးပါးပင်ဖြစ်သည်ဟု ဆိုခဲ့သည်(ဆာလံ ၇၃း၂-၃)။ သို့ရာတွင် သူသည်ထိုကိစ္စနှင့်ပတ်သက်၍ ဘုရားသခင်နှင့်မိဿဟာယဖွဲ့သောအခါတွင် သူတို့၏နောက်ဆုံးကံကြမ္မာ၏ထိတ်လန့်စရာကို နားလည်ခဲ့သည်။ လူဆိုးတို့သည် ထာဝရကာလပတ်လုံးဘုရားသခင်၏မျက်နှာတော်မှ ပိတ်ထားခံရလိမ့်မည် (ဆာလံ ၇၃း၁၇-၁၉၊ ၃၇း၁၆)။ ဤအချက်တွင်၊ ဆာလံဆရာတွင် နောက်ပိုင်းဓမ္မသစ်ကျမ်းတွင် ရှင်းလင်းစွာသင်ကြားရမည့်စစ်မှန်သောဝိညာဉ်ရေးရောင့်ရဲခြင်း၏ သင်ခန်းစာကို စတင်သင်ယူခဲ့သည် (၁ တိ ၆း၆-၈)။

ကျွန်ုပ်တို့သည် ဘဝတစ်လျှောက်လုံးတွင် ပညတ်ကျမ်း၏စကားတော်များကိုစိတ်ထဲ၌ မှတ်သားထားကြပါစို့။ ကြီးစွာသောဘဏ္ဍာနှင့် ဘုရားသခင်မရှိခြင်းမှဖြစ်ပေါ်လာသော ဝမ်းနည်းခြင်းထက် ဤဘဝ၌အနည်းငယ်သာရှိ၍ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းကို ရှိခြင်းသည် သာ၍ကောင်း၏ဟု စာရေးဆရာကဆို၏(သုတ္တံ ၁၅း၁၆)။

ကျွန်ုပ်တို့သည် ဤလောကသို့အဘယ်အရာမှမပါဘဲ ရောက်လာကြပြီး ထိုနည်းအတိုင်းသာ ထားရစ်ခဲ့ကြလိမ့်မည် (ယောဘ ၁း၂၁)။ ထာဝရတန်ဖိုးရှိသောရတနာများသာလျှင် နောက်ဆုံးစာရင်းရှင်းသည့်နေ့တွင် တန်ဖိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မတည်မြဲမည့်အရာများအတွက် မြေကြီးပေါ်၌ကျွန်ုပ်တို့ရရှိထားသည့်အချိန်ကို မဖြုန်းကြပါစို့ (ယောဟန် ၆း၂၇)။ ၎င်းအစား၊ ကျွန်ုပ်တို့သည် ထာဝရတည်မြဲမည့်ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ဘဏ္ဍာကို သိုထားကြပါစို့ (မဿဲ ၆း၁၉-၂၁)။

ဤအရာကို စိတ်စွဲမှတ်လျက် ကောင်းကင်ဘုံ၌စည်းစိမ်ရှိသမျှသည် ကျွန်ုပ်တို့၏ဥစ္စာဖြစ်လတံ့သောဘုန်းကြီးသောနေ့ကို စောင့်မျှော်လျက် အဘယ်အခြေအနေမျိုးတွင်မဆို ဘုရားသခင်၏ကောင်းကြီးများအတွက် ချီးမွမ်းပြီးရွှင်လန်းစွာနေကြပါစို့ (သုတ္တံ ၁၅း၁၆)။

**ဆင်ခြင်ရန်** - ဘဝတွင် အရေးကြီးဆုံးက အဘယ်အရာဖြစ်သနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏သခင်နှင့်ကယ်တင်ရှင် ယေရှုခရစ်သည် ကျွန်ုပ်တို့အား ကယ်တင်ရန်အရာအားလုံးကိုစွန့်တော်မူသောကြောင့် ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ရန် အရာအားလုံးကိုထားခဲ့လိုစိတ်ရှိရန် အကျွန်ုပ်ကိုကူညီတော်မူပါ။

တနင်္လာ၊ ဇွန် (၂၇)
**ယောဘ ၁း၆-၁၂**
ရောမ ၈း၂၈-၃၂

*"သင်၏ဝမ်းနည်းမှုက သင့်ကိုယူဆောင်သွားရာအရပ်၌ သင်းရဲ့မွေပညာကို အများဆုံးပင် လေ့လာကြ၏" (M Luther)*

## ကောင်းကြီးမင်္ဂလာယူဆောင်လာသောဆင်းရဲဒုက္ခ

အခြေခံအကြောင်းအရင်းသုံးခုကြောင့် ဆင်းရဲဒုက္ခသည်ကျွန်ုပ်တို့အသက်တာထဲသို့ ဝင်လာနိုင်သည်။ ယနေ့ ကျွန်ုပ်တို့၏ဘုရားဝတ်ပြုမှုတွင်၊ ဤအရာများထဲမှ တစ်ခုကိုသုံးသပ်ဆင်ခြင်ကြမည်။

ဘုရားသခင်နှင့်စာတန်တို့၏တိုက်ပွဲကြောင့် ဘုရားသခင်အတွက် အသက်ရှင်သောခရစ်ယာန်တစ်ဦးထံသို့ ဆင်းရဲဒုက္ခရောက်လာနိုင်၏။ ထိုသို့သော ဆင်းရဲဒုက္ခကို ယောဘကျမ်းတွင် မြင်ရသည်။ ဘုရားသခင်သည်အပြစ်သားကိုကယ်တင်ရန်သာမက သန့်ရှင်းသောအသက်တာဖြင့်ပါ သန့်ရှင်းနိုင်စေရန်အတွက် စွမ်းဆောင်နိုင်ကြောင်း သူ၏တန်ခိုးတော်၏သက်သေအဖြစ် ယောဘကိုညွှန်ပြတော်မူ၏(ယောဘ ၁း၈၊ ၂း၃)။ ဤကောင်းကင်ဘုံမြင်ကွင်းကို သတိမထားမိသောယောဘသည် စာတန်၏တိုက်ခိုက်ခြင်းကိုခံခဲ့ရသည်(ယောဘ ၁း၁၂၊ ၂း၆)။ ဘုရားသခင်သည်အပြစ်သားကို ခံရသောယုံကြည်ခြင်းရှိသည့် သူ့သားသမီးဖြစ်စေဖို့ အမှန်တကယ်တန်ခိုးရှိကြောင်း သက်သေပြရန် ယောဘကိုစာတန်အားစမ်းသပ်ခွင့်ပြုခဲ့သည်။ သို့သော်၊ ဤအချိန်တစ်လျှောက်လုံးတွင် ဘုရားသခင်၏လက်တော်သည် ယောဘထံတွင်ရှိနေခဲ့သည်။ ဦးတည်ချက်ရှင်းလင်းစွာသက်သေပြသောအခါ ယောဘသည်စာတန်၏တိုက်ခိုက်ခြင်းမှ လွတ်မြောက်ခဲ့သည် (ယောဘ ၄၂း၁၀)။

ဤဆင်းရဲဒုက္ခတို့သည် ယုံကြည်သူအတွက်နားလည်ရန်ခက်ခဲသည်။ ကျွန်ုပ်တို့၏အသက်တာကိုကြည့်ခြင်းအားဖြင့် ၎င်း၏အကြောင်းအရင်းကို ကျွန်ုပ်တို့မမြင်နိုင်ပါ။ ထိုကဲ့သို့ခက်ခဲသောအကြောင်းအရင်းအတွက် ကျွန်ုပ်တို့ပြင်ဆင်ထားရန်မှာ သမ္မာကျမ်းစာကိုလေ့လာခြင်းအားဖြင့်သာဖြစ်သည်။ ကျွန်ုပ်တို့၏တိုက်ပွဲမှာ အသွေးအသားရှိသောသူနှင့်ဆန့်ကျင်ရသည်မဟုတ်ဘဲ မမြင်နိုင်သောဝိညာဉ်စွမ်းအားများကို ဆန့်ကျင်ရကြောင်းကို သတိပြုကြရမည် (ဧဖက် ၆း၁၂)။ ဤတိုက်ပွဲသည် ကျွန်ုပ်တို့ပတ်လည်တွင် ထန်နေသောကြောင့် ခရစ်ယာန်တို့သည် ၎င်း၏အစိတ်အပိုင်းဖြစ်ရန် ပြင်ဆင်ထားရပါမည်။

ဘုရားသခင်နှင့်စာတန်တို့တိုက်ပွဲကြောင့် ဖြစ်ပေါ်လာသောဆင်းရဲဒုက္ခသည် ယုံကြည်သူ၏အသက်တာတွင် ဝိညာဉ်ရေးကြီးထွားမှုနှင့် ကောင်းကြီးမင်္ဂလာများဆောင်ကျဉ်းရန် ဘုရားသခင်အသုံးပြု၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုနာခံလျက် လျှောက်လှမ်းနေစဉ်ကျွန်ုပ်တို့အပေါ် ဖြစ်ပျက်သမျှသောအရာတို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးကောင်းကျိုးအတွက် လုပ်ဆောင်ကြကြောင်းကို သတိပေး၏ (ရောမ ၈း၂၈)။ ယောဘသည် ဘုရားသခင်နှင့်စာတန်တိုက်ပွဲသို့ ဆွဲသွင်းမခံရမီတွင် ဘုရားသခင်ကိုသူသိခဲ့၏။ သို့ရာတွင် သူ၏ဆင်းရဲဒုက္ခအားလုံး၏ရလဒ်မှာ သူသည်ဘုရားသခင်ကို ပိုမိုသိလာခဲ့သည် (ယောဘ ၄၂း၅)။

နာခံခြင်းဖြင့် လျှောက်လှမ်းပြီး ထိုကဲ့သို့သောဆင်းရဲဒုက္ခများကို ဖြတ်သန်းကြသော ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကိုပို၍သိလာပါလိမ့်မည်။ ထိုအသိပညာသည် ကျွန်ုပ်တို့အား ကိုယ်တော်အတွက် အသက်ရှင်နေထိုင်ရန်ခွန်အားနှင့်အခြားခရစ်ယာန်များ ဆင်းရဲဒုက္ခရောက်နေစဉ်တွင် နှစ်သိမ့်ခွန်အားပေးသင့်ပါသည်။ ထိုကဲ့သို့သော ကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့ထံတွင် ဆောင်ယူလာဖို့အလို့ငှါ ကျွန်ုပ်တို့သည်ဘုရားသခင်အပေါ် သစ္စာရှိနိုင်ကြပါစေ။

**ဆင်ခြင်ရန်** - ယောဘ၏ဆင်းရဲဒုက္ခမှာ အဘယ်ကြောင့်နားလည်ရခက်သနည်း။
**ဆုတောင်းချက်-** အဖ၊ နာခံမှုရှိသောခရစ်ယာန်ကို ကိုယ်တော်အမြဲကောင်းကြီးမင်္ဂလာပေး၏။ ထိုအထဲမှ တစ်ဦးဖြစ်ဖို့ရန် ကျွန်ုပ်ကိုကူညီတော်မူပါ။

အဂ်ါ၊ ဇွန် (၂၈)
**၁ ပေ ၄း၁၂-၁၆**
ယာကုပ် ၁း၁-၅

*ကျေးဇူးတော်သည် ဆောင်းရာသီတွင်*
*အကောင်းဆုံးကြီးထွားသည် (S Rutherford)*

# ဆင်းရဲဒုက္ခသည်ဝိညာဉ်ရေးကြီးထွားမှုကိုဖြစ်ပေါ်စေ၏

ဆင်းရဲခံရခြင်း၏ ဒုတိယအကြောင်းအရင်းမှာ အပြစ်ရှိသောကမ္ဘာတွင် ဘုရားသခင်အတွက်အသက်ရှင်ခြင်း၏ ပုံမှန်ရလဒ်သာဖြစ်သည်။ မကောင်းမှုကိုပြုသောသူတို့သည် အလင်းကိုမုန်းတီးကြ၏ (ယောဟန် ၃း၂၀)။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် ဤလောက၏အလင်းဖြစ်ရမည်(မသဲ ၅း၁၄)။ ထို့ကြောင့် လူဆိုးတို့သည် ငါတို့ကိုယ်စားပြုသောအလင်းကိုမုန်းလျှင် ငါတို့ကိုလည်း မုန်းကြလိမ့်မည်ဟူသောအကြောင်းပြရန် ရပ်တည်၏။ ဤလောကသည် ကျွန်ုပ်တို့ကိုမုန်းသောအခါ ကိုယ်တော်ကိုဦးစွာမုန်းတီးကြောင်း ကျွန်ုပ်တို့အားဘုရားသခင်ဂတိပေးထားသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုသိ၍ချစ်သောကြောင့် ဖြစ်ပေါ်လာသောနှိပ်စက်ညှင်းပန်းမှုနှင့် ဆင်းရဲဒုက္ခကိုကျွန်ုပ်တို့မအံ့ဩသင့်ပါ (၁ ယော ၃း၁၃)။

ခရစ်ယာန်တစ်ဦး၏အသက်တာထဲသို့ ရောက်ရှိလာသော ဤဆင်းရဲဒုက္ခကိုယုံကြည်ခြင်း၌ ကျွန်ုပ်တို့ကိုခိုင်ခံ့စေရန် ဘုရားသခင်အသုံးပြုသည်။ ဘုရားသခင်၏အမှုတော်တွင် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏အလုပ်အထူးကောင်းကြီးပေးခြင်းခံရသောအခါတွင် ဤဆင်းရဲဒုက္ခများရောက်လာသည်ကို တွေ့ရတတ်သည်။ စမ်းသပ်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုခိုင်ခံ့စေရန် ရည်ရွယ်ထားသည်ကို သိရှိလာသောအခါတွင် စမ်းသပ်ခြင်းသည်အမှန်တကယ်ပင် ဝမ်းမြောက်ခြင်းတွေ့နိုင်သောကြောင့် စိတ်ဓာတ်မကျသင့်ပါ (ယာကုပ် ၁း၂-၄)။ တစုံတဦးသည် "စုံစမ်းနှောက်ယှက်ခြင်း" (ယာကုပ် ၁း၂၊ ၁၂) (သို့) စမ်းသပ်ခြင်းကိုသည်းခံသောအခါ သူ့ကိုဘုရားသခင်သည်ကောင်းကြီးပေး၍ ဆုချတော်မူ၏ (ယာကုပ် ၁း၁၂)။

တခါတရံတွင် ဘဝ၏စမ်းသပ်မှုများသည် ကျွန်ုပ်တို့ကိုအောင်နိုင်လုနီးပါး ဖြစ်ပုံပေါ်၏။ သို့သော် ကျွန်ုပ်တို့ခံရသောစမ်းသပ်မှုသည် မည်သည့်အခါမျှအလွန်ခက်ခဲမည်မဟုတ်ကြောင်းနှင့် ဘုရားသခင်သာလွတ်မြောက်ရာလမ်းကို ပေးကြောင်း အာမခံထားသည်။ ၁ ကော ၁၀း၁၃ တွင် "လွတ်မြောက်ခြင်း" ဆိုသည်မှာ "ဝေးရာကိုရှောင်ခြင်း" ဆိုသည်ထက် "ဘေးကင်းစွာဖြတ်သန်းခြင်း" ဟုဆိုလို၏။ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားတို့၏ကန့်သတ်ချက်များကို နားလည်ပြီး စုံစမ်းနှောင့်ယှက်ခြင်းခံရချိန်တွင် ကျွန်ုပ်တို့ကိုကူညီပေး၏ (ဟေဗြဲ ၄း၁၅-၁၆)။

ထို့ကြောင့် ဘုရားသခင်အား နာခံမှုနှင့်မေတ္တာပါသောအမှုတော်ကြားမှ ဆင်းရဲဒုက္ခသည် ခရစ်ယာန်တစ်သက်တာထဲသို့ ဝင်လာနိုင်၏။ သို့ရာတွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စမ်းသပ်နိုင်ပြီး ကိုယ်တော်နှင့်ပို၍တူလာကြဖို့ရန်အတွက် ဆင်းရဲဒုက္ခရောက်လာခြင်းကို ဘုရားသခင်ခွင့်ပြု၏။ နောက်ဆုံးအောင်ပွဲသည် ဘုရားသခင်လက်တော်၌လုံးလုံးလျားလျားရှိသည်ဟူသောအချက်ဖြင့် ကျွန်ုပ်တို့ကိုခွန်အားပေးနိုင်၏။ ထို့ပြင်၊ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် စိတ်ပျက်အားလျော့ခြင်းမရှိပါက သစ္စာစောင့်သိမှုဆုလာဘ်များကိုရရှိကြမည်ဟု ကျွန်ုပ်တို့ကိုအာမခံ၏ (၂ ပေ ၂း၉၊ ၂ ကော ၄း၁၆-၁၇)။

**ဆင်ခြင်ရန်** - ဒုက္ခရောက်နေချိန်တွင် အဘယ်အရာကိုသတိရကြမည်နည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ကျေးဇူးတော်သည် ကျွန်ုပ်၏လိုအပ်ချက်အတိုင်းအတွက် လုံလောက်ပါ၏။ ကိုယ်တော်၏ကျေးဇူးတော်အပေါ် အမှီပြုဖို့ကျွန်ုပ်ကို ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၂၉)
**ဟေဗြဲ ၁၂း၆-၁၁**
ဆာလံ ၉၃

*“ဘုရားသခင်သည် ကျွန်ုပ်တို့အား ပိုဆိုးစေရန်အတွက် မဟုတ်ဘဲ ပိုကောင်းလာစေရန်အတွက် ဆင်းရဲဒုက္ခများကို စေလွှတ်တော်မူ၏” (T Manton)*

# ဆင်းရဲဒုက္ခသည်နာခံခြင်းကိုဖြစ်စေ၏

ကျွန်ုပ်တို့၏နောက်ဆုံးဝတ်ပြုမှုနှစ်ခုတွင် ခရစ်ယာန်များဆင်းရဲဒုက္ခခံစားရသည့် အကြောင်းအရင်းနှစ်ခုကို ကျွန်ုပ်တို့သုံးသပ်ခဲ့သည်။ ဆင်းရဲဒုက္ခဖြစ်စေသော တတိယအကြောင်းအရင်းမှာ ကျွန်ုပ်တို့၏တမင်တကာဝန်ခံခြင်းမရှိသောအပြစ်ကြောင့် ဖြစ်သည်။ ထိုသို့သောအပြစ်သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏မိဿဟာယကိုပျက်ပြားစေ၏။ ထိုသို့သောအပြစ်များ ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် ရှိနေပါက ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ဘုရားသခင်ဦးစားပေးမည်မဟုတ်ပေ (ဆာလံ ၆၆း၁၈)။ ထို့ပြင်၊ ဝန်ခံခြင်းမရှိသောအပြစ်သည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များကို ဖျက်ဆီးပစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏သုခချမ်းသာနှင့်ပြီးမြောက်ခြင်းစိတ်သဘောကို ပယ်ရှားစေသည်။ စိတ်နှလုံးအတွင်း၌ ငြိးတွားမြည်တမ်းလျက်၊ ဘုရားသခင်၏လေးနက်သောလက်တော်သည် သူ့အပေါ်၌ရှိနေသည်ဟု ဆာလံဆရာဆိုထားသည်။ သူ၏အပြစ်ကို ဝန်မခံသောကြောင့် ရွှင်လန်းခြင်းအလုံးစုံပျောက်ကွယ်သွားသည်(ဆာလံ ၃၂း၃-၄၊ ၁ ပေ ၂း၁၁)။

နောက်ဆုံးတွင်၊ အပြစ်သည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားသခင်၏လူတို့နှင့် မိဿဟာယဖွဲ့ခြင်းတို့ကို လျစ်လျူရှုစေ၏။ ကျွန်ုပ်တို့၏အပေါင်းအဖော်များသည် ခရစ်ယာန်မဟုတ်သူများဖြစ်ပြီး ကျွန်ုပ်တို့ယုံကြည်ခြင်း၏ရွှင်လန်းမှုကို ဆုံးရှုံးရသည့်အခြေအနေတစ်ခုသို့ တဖြည်းဖြည်းရွေ့လျားသွားကြသည် (ဆာလံ ၁း၁)။

ဘုရားသခင်က နာခံမှုမရှိသောခရစ်ယာန်များ၏အသက်တာထဲသို့ ဆင်းရဲဒုက္ခကို ယူဆောင်လာ၏။ အကြောင်းမှာ သူတို့ကိုမှန်ကန်သောလမ်းသို့ ပြန်လည်ရောက်ရှိစေရန်နှင့် သူတို့ကယ်တင် ခြင်း၏ရွှင်လန်းမှုကိုပြန်လည်ရရှိစေရန်ဖြစ်သည် (ဟေဗြဲ ၁၂း၆)။ ဘုရားသခင်၏ ပြစ်ဒဏ်ပေးခြင်းသည် ဘယ်သောအခါမျှ ပြောင်းလဲလွယ်သောအရာမဟုတ်ပါ။ လူ့မိဘများသည် တခါတရံတွင် မိမိတို့ကိုယ်ကို ဖြောင့်မတ်ရန်လိုအပ်သည်ဟု ခံစားမိသောကြောင့် သားသမီးတို့ကို အပြစ်ဒဏ်မပေးဘဲ ရှိနေကြသကဲ့သို့ ဘုရားသခင်သည်သူ့သားသမီးတို့အပေါ်သို့ အပြစ်ဒဏ်မပေးပါ (ဟေဗြဲ ၁၂း၁၀)။ ယောဘသည် အပြစ်ကိုဖုံးကွယ်ထားသောကြောင့် ဘုရားသခင်ဒဏ်ခတ်ခြင်းဖြစ်သည်ဟု ယောဘ၏ သူငယ်ချင်းများက ယုံကြည်ထား၏။ ယောဘသည် သူ၏စိတ်နှလုံးထဲတွင် ဝန်ခံခြင်းမပြုထားသော အပြစ်ကိုမသိသောကြောင့် သူ၏ပြစ်ဒဏ်မှာ အပြစ်ကြောင့်မဟုတ်ကြောင်း စိတ်ချယုံကြည်ထား၏။ ဝန်ခံခြင်းမရှိသောအပြစ်က ဒုက္ခများကိုဖြစ်ပေါ်စေလျှင်၊ ဘုရားသခင်သည် အဘယ့်ကြောင့်ဆင်းရဲဒုက္ခကိုဖြစ်ပေါ်စေသည့်အချက်ကို ကျွန်ုပ်တို့သေချာစွာပြောဆိုနိုင်သည်။

အပြစ်ပေးခံရခြင်းသည် ဘယ်သောအခါမျှ သာယာမှုမရှိပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်းကို လက်ခံပါက နာခံခြင်းနှင့်ကောင်းကြီးမင်္ဂလာလမ်းသို့ ပြန်သွားစေလိမ့်မည် (ဟေဗြဲ ၁၂း၁၁၊ သုတ္တံ ၃း၁၁-၁၂)။ ခရစ်ယာန်တိုင်း၏အသက်တာ၌ရှိဖို့ရန် ဘုရားသခင်အလိုရှိသည့်ပျော်ရွှင်မှုနှင့် ကျေနပ်မှုအပြည့်ရရှိစေရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့၏အာရုံစိုက်မှုကို ဖြစ်ပေါ်စေသောကျွန်ုပ်တို့အပြစ်ကို ဝန်ခံရန်သတိပြုနိုင်ကြပါစေ။

**ဆင်ခြင်ရန်** - ခရစ်ယာန်များဒုက္ခရောက်သည့်အကြောင်းအရင်းသုံးချက်က အဘယ်အရာများနည်း။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်ကို ဆက်ဆံတော်မူခြင်းအတွက် ကျေးဇူးတင်ပါ၏။ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်အပေါ်ထားရှိသော ကိုယ်တော်၏ချစ်ခြင်းမေတ္တာကိုပြသပေး၏။

ကြာသပတေး၊ ဇွန် (၃၀)
**ယောဘ ၄၂း၁-၅**
ဆာလံ ၃၁း၁-၅

*“ဖြောင့်မတ်ခြင်းတရားကို ကြည့်ရှုဆင်ခြင်လော့။
ထိုသို့ပြုသောသူသည်အဆုံး၌ငြိမ်သက်ခြင်းကိုခံစားရလိမ့်မည်”*

# ယောဘ၏အဓိကသင်ခန်းစာ

ယောဘဝတ္ထု၏အကြီးမားဆုံးသင်ခန်းစာမှာ ဘုရားသခင်ကိုလုံးလုံးလျားလျားယုံကြည်ကိုးစားခြင်းပင်ဖြစ်သည်။ ယောဘနှင့်သူ၏သူငယ်ချင်းများသည် ပြဿနာတစ်ခုတွင် နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်ခဲ့ကြသည်။ သူတို့၏အကြီးမားဆုံးလိုအပ်ချက်မှာ ဤပြဿနာ၏အကြောင်းအရင်းကိုနားလည်ဖို့ရန်ဖြစ်ကြောင်း ထင်မှတ်ခဲ့ကြသည်။ သို့သော် ဘုရားသခင်မိန့်တော်မူသောအခါ ထိုပြဿနာကိုပင် မပြောဆိုခဲ့ပေ။ သူတို့၏အကြီးမားဆုံးလိုအပ်ချက်မှာ ပြဿနာတစ်ခုခုကိုဖြေရှင်းခြင်းမဟုတ်ဘဲ သူနှင့်ကောင်းမွန်စွာဆက်ဆံခြင်းဖြစ်ကြောင်း ဘုရားသခင်မြင်တွေ့တော်မူ၏။ ၎င်းက သူတို့သည်ကိုယ်တော်ကိုပိုမိုယုံကြည်ခြင်းနှင့် ကိုးစားခြင်းရှိလာစေလိမ့်မည်။ ဤအရာကား ဘုရားသခင်၏အကြီးမားဆုံးသောအမှုကိစ္စဖြစ်သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်းဖြစ်သင့်ပါသည်။

ဘုရားသခင်သည် ယောဘ၏စိတ်ကိုဖန်ဆင်းခြင်း၏အံ့ဘွယ်အမှုများဆီသို့ လှည့်စေပြီး သူ၏အရေးမပါမှုကိုအသိအမှတ်ပြုစေခဲ့သည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်ခုလုံးသည် ဘုရားသခင်၏ကြီးမြတ်ခြင်းအကြောင်းကို ပြောဆိုကြပြီး ဤမှတ်သွင်းခံသတင်းစကားသည် ဝတ်ပြုရာတွင်ကျွန်ုပ်တို့အားယောဘကဲ့သို့ ဒူးထောက်စေသင့်၏။ ဘုရားသခင့်အပေါ် ကျွန်ုပ်တို့၏သဘောထားနှင့်သူနှင့်ကျွန်ုပ်တို့၏ဆက်ဆံရေးသည် ကောင်းမွန်သောအခါတွင် သူသည်ကျွန်ုပ်တို့လိုအပ်သောအရာအားလုံးကို ဂရုစိုက်ပေးလိမ့်မည် (မဿဲ ၆း၃၃)။ သမ္မာကျမ်းစာက မကြာခဏဘုရားသခင်၏လူတို့သည် ကိုယ်တော်ရှေ့၌ ရိုသေခြင်းနှင့်ယုံကြည်ကိုးစားခြင်းဖြင့် ရပ်တည်ဖို့ရန်ပြောဆို၏။ ဤရိုသေလေးစားသောသဘောထားသည် ဘုရားသခင်ကိုကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာနှင့် လေးစားမှုကိုဖော်ပြပြီး၊ ယုံကြည်ခြင်းနှင့်နာခံမှုကို ဖြစ်ပေါ်စေ၏။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ဝိညာဉ်ရေးရာပညာအားလုံးအတွက် အခြေခံဖြစ်သည် (သုတ္တံ ၉း၁၀)။

ယောဘသည် ကိုယ်တော်၏ဘုန်းအာနုဘော်ကို မျက်မှောက်ပြုမည်ဆိုလျှင် သူသည်နောင်တတရား၊ နှိမ့်ချမှုနှင့် လုံးလုံးကိုးစားခြင်းထဲသို့ ဝင်ရောက်လာမည်ကို ဘုရားသခင်သိတော်မူ၏။ ၎င်းက ယောဘကို မည်သည့်စမ်းသပ်မှုမျိုးကိုမဆို ရင်ဆိုင်နိုင်စေမည့်ဝိညာဉ်ရေးရင့်ကျက်မှုကိုဖြစ်ပေါ်စေလိမ့်မည် (ဆာလံ ၃၄း၉)။ ဘုရားသခင်ကို သူ၏ကြီးမြတ်ခြင်းဖြင့် မြင်တွေ့သောအခါ ကျွန်ုပ်တို့၌အလုပ်လုပ်သော သူ၏တန်ခိုးတော်ကိုကျွန်ုပ်တို့သိရှိလာကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘဝ၏ပြဿနာများကိုရင်ဆိုင်နိုင်မည်ဟု အာမခံချက်ရှိသည်။ ဤအချက်ကိုစွဲလန်းစွာဖြင့်ယုံကြည်သူများသည် ဘုရားသခင်၏ကြီးမြတ်မှုကို အပြည့်အဝနားလည်နိုင်စေရန် တမန်တော်ပေါလုက ဆုတောင်းခဲ့သည် (ဧဖက် ၁း၁၈-၂၀)။

ထို့ကြောင့် ယောဘသည်လိုအပ်ချက်တိုင်းကို ဖြည့်ဆည်းပေးနိုင်သော ဘုရားသခင်၏တန်ခိုးတော်ကို နားလည်နိုင်ခဲ့သည်။ ယနေ့တွင် ဘုရားသခင်သည်သူ့နှုတ်ကပတ်တော်အားဖြင့်ထိုကဲ့သို့သော အနန္တတန်ခိုးရှင်၊ ဖန်ဆင်းရှင်အဖြစ် မိမိကိုယ်ကိုကျွန်ုပ်တို့အားပြတော်မူ၏။ ကျွန်ုပ်တို့သည် သူ့အရှေ့၌ ဦးညွှတ်ထားစဉ်တွင် ကိုယ်တော်သည်လိုအပ်ချက်တိုင်းကို ဖြည့်ဆည်းပေးကာကျွန်ုပ်တို့အား ဝိညာဉ်ရေးအောင်ပွဲများ ပေးဆောင်ရန်အသင့်ရှိပါသည်။

**ဆင်ခြင်ရန်** - ယောဘဝတ္ထု၏အကြီးမြတ်ဆုံးသင်ခန်းစာမှာ အဘယ်နည်း။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည်ကျွန်ုပ်နှင့်အတူ ရှိတော်မူသောကြောင့် ကျွန်ုပ်တစ်ဖက်၌အဘယ်သူမျှမရပ်နိုင်ပါ။